စိတ်ကူးချိုချိုအနုပညာ

မောင်ပေါ်ထွန်း

# လူဝင်စားသစ်သားရုပ်ကလေး ပီနိုချီယို



ဒုတိယအကြိမ်

PINOCCHIO by COLLODI

| | |
|---|---|
| စာမူခွင့်ပြုချက် | ၁၁၁၉/၂၀၀၂(၁၂) |
| မျက်နှာဖုံးခွင့်ပြုချက် | ၁၂၅/၂၀၀၃ (၂) |


| | |
|---|---|
| မျက်နှာဖုံးဒီဇိုင်း | က.ဒ.ဝ |
| စာအုပ်ချုပ် | ဦးမြင့် |
| ပုံနှိပ်သူ | ဦးထွန်းထွန်းဦး<br>အင်ကြင်းဦးပုံနှိပ်တိုက်<br>ကျွန်းတောလမ်း ရန်ကုန်။ |
| ထုတ်ဝေသူ | ဦးထွန်းထွန်းဦး<br>နင်းဦးလွင်စာပေ<br>ပြည်လမ်း ကမာရွတ်<br>ရန်ကုန်။ |
| ပုံနှိပ်ခြင်း | ဒုတိယအကြိမ် |
| အုပ်ရေ | ၅၀၀ |
| ထုတ်ဝေသည့်ကာလ | မေလ၊ ၂၀၀၃ |
| တန်ဖိုး | ၁၀၀၀ ကျပ် |


# မာတိကာ


| | | |
|---|---|---|
| ၁။ | စကားပြောတတ်သော သစ်ချောင်းကလေး | ၇ |
| ၂။ | ရုပ်သေးဆရာထံ ရောက်သွားခြင်း | ၁၁ |
| ၃။ | [illegible] ရုပ်သေးရုပ်ကလေး | ၁၇ |
| ၄။ | ပရစ်ကလေးနှင့် တွေ့ဆုံခြင်း | ၂၄ |
| ၅။ | [illegible] ကြက်ကလေး ပျံထွက်သွားခြင်း | ၂၈ |
| ၆။ | ခြေထောက် [illegible] | ၃၂ |
| ၇။ | [illegible] ကျွေးခြင်း | ၃၆ |
| ၈။ | ခြေထောက်သစ် ပြန်တပ်ခြင်း | ၄၂ |
| ၉။ | ဖတ်စာအုပ်ရောင်းပြီး ပွဲကြည့်ခြင်း | ၄၇ |
| ၁၀။ | သေဘေးနှင့် ကြုံရခြင်း | ၅၂ |
| ၁၁။ | သေကာမရောက် သက်မပျောက် | ၅၇ |
| ၁၂။ | ခြေကျိုးမြေခွေးနှင့် မျက်ကန်းကြောင် | ၆၂ |
| ၁၃။ | ကဏန်းနီ တည်းခိုရိပ်သာ | ၆၉ |
| ၁၄။ | လူဆိုးတွေနှင့် တွေ့ရခြင်း | ၇၄ |
| ၁၅။ | သစ်ပင်တွင် တွဲလောင်းဆွဲခံရခြင်း | ၈၀ |
| ၁၆။ | နတ်သမီးကလေးက ကယ်တင်ခြင်း | ၈၅ |
| ၁၇။ | အသက်ဘေးမှ လွတ်မြောက်ခြင်း | ၉၀ |

၁၈။ လိုဘရကွင်းသို့ ရောက်သွားခြင်း ၉၈
၁၉။ ထောင်နန်းစံရခြင်း ၁၀၅
၂၀။ ထောင်ချောက်မိခံရခြင်း ၁၁၀
၂၁။ ကြက်ခြံစောင့်ခွေးဖြစ်ရပုံ ၁၁၄
၂၂။ လွတ်ပြီ ကျွတ်ပြီ ၁၁၈
၂၃။ ပင်လယ်ထဲ ခုန်ချခြင်း ၁၂၄
၂၄။ နတ်သမီးကလေးနှင့် ပြန်လည်တွေ့ဆုံခြင်း ၁၃၂
၂၅။ ကျောင်းတက်ပါတော့မည်ဟု ကတိပေးခြင်း ၁၄၁
၂၆။ တောင်လောက်ကြီးသော ငါးမန်းကြီး ၁၄၆
၂၇။ ခွေးဘီလူးကြီး အလိုက်ခံရခြင်း ၁၅၁
၂၈။ ငါးဖမ်းပိုက်တွင် အမိခံရပြီ ၁၆၀
၂၉။ ခွေးဘီလူးကြီးက အသက်ကယ်ခြင်း ၁၆၇
၃၀။ မြားယောင်းခံရပြန်ခြင်း ၁၇၈
၃၁။ ပျော်လို့မဆုံး တပြုံးပြုံး ၁၈၇
၃၂။ မြည်းဘဝရောက်သွားခြင်း ၁၉၆
၃၃။ ပင်လယ်ထဲပစ်ချခံရခြင်း ၂၀၄
၃၄။ ငါးမန်းကြီး အမျိုခံရခြင်း ၂၁၅
၃၅။ ဖခင်နှင့် ပြန်လည်တွေ့ဆုံခြင်း ၂၂၄
၃၆။ လူသားကလေးဘဝသို့ ၂၃၂


ပုံဝတ္ထုများ အမြဲမပြတ် ပြောပြခဲ့ကြသော
အဘွား ဒေါ်လှသွင်ဖြူနှင့် အဘွား ဒေါ်မရွှေဦး
တို့အား ဤစာအုပ်ဖြင့် ကန်တော့ပါ၏။

မောင်ပေါ်ထွန်း

# ဘာသာပြန်သူ၏ အမှာ

ဤစာအုပ်သည် အီတာလျံစာရေးဆရာ၊ သတင်းစာဆရာကြီး ကာလိုကော်လိုဒီ (၁၈၂၆–၁၈၉၀)၏ ဆန်းကြယ်သော စိတ်ကူးဉာဏ်မှ ပေါက်ဖွားလာသည့် ကမ္ဘာကျော် ကလေးစာပေ ဂန္ထဝင်ပုံပြင်ဝတ္ထုတစ်ပုဒ် ဖြစ်သည်။

ကလေးပုံပြင်ဝတ္ထုဆိုသော်လည်း ဤဝတ္ထု၏ အဓိကဇာတ်ဆောင်မှာ လူသားကလေးတစ်ယောက်မဟုတ်။ သစ်သားရုပ်ကလေးတစ်ရုပ်မျှသာ ဖြစ်သည်။ သူ့နာမည်က 'ပီနိုချိယို'။

သို့သော်လည်း သစ်သားရုပ်ကလေး ပီနိုချိယိုသည် လူသားကလေးတစ်ယောက်လိုပင် လူစကားပြောသည်။ ကျောင်းတက်ရင်း စာသင်သည်။ ကလေးအပေါင်းအဖော်များနှင့် ဆော့ကစားသည်။ ကောင်းတာတွေရော မကောင်းတာတွေပါ အကုန်လုပ်သည်။

ပီနိုချိယိုကလေးသည် လူပေလူတေကလေးတစ်ယောက်ဖြစ်သည်။ သို့သော် စိတ်ကောင်းစေတနာကောင်းရှိသည်။

သူသည် ပညာတတ်ချင်သောကြောင့် ကျောင်းတက်၍ စာသင်သည်။ စာသင်နေရင်းမှ အပေါင်းအသင်းမျိုးစုံနှင့် တွေ့ဆုံဆက်ဆံရသည်။ ပင်ကိုဗီဇအားဖြင့် လူတေလူပေကလေးဖြစ်သော ပီနိုချိယိုသည် အပေါင်းအသင်းစုံနှင့် တွေ့ဆုံရသောအခါ ကလေးသဘာဝအတိုင်း လူကြီးမိဘ ဆရာသမားများ မကြိုက်သည့် အလုပ်များကို အစုံလုပ်တော့သည်။

သစ်သားရုပ်ကလေး ပီနိုချိယို၏ စွန့်စားခန်းများသည် လူသားဆန်လှပြီး သဘာဝလည်း အလွန်ကျသည်။ သူ၏ စွန့်စားခန်းများကို ဖတ်ရသည်မှာ ရယ်စရာလည်းကောင်းသည်၊ ကြည်နူးစရာလည်းကောင်းသည်၊ နောင်တရစရာလည်းကောင်းသည်၊ ကြေကွဲစရာလည်းကောင်းသည်။

ဤဝတ္ထု၏သက်တမ်းသည် နှစ်ပေါင်း ၁၀၈ နှစ်ရှိခဲ့ပြီ။ သို့သော်လည်း ဝတ္ထုပါဖြစ်ရပ်များသည် ယနေ့တိုင် ခေတ်မီနေဆဲဖြစ်သည်။ ကမ္ဘာအရပ်ရပ်မှ ကလေးသူငယ် စာဖတ်ပရိသတ်များကသာမက လူကြီး စာဖတ်ပရိသတ်များကပင် စွဲစွဲလမ်းလမ်း အမြတ်တနိုး ဖတ်ရှုနေကြဆဲဖြစ်သည်။

ဤဝတ္ထုကိုရေးသားသူ စာရေးဆရာကြီး ကာလိုကော်လိုဒီသည် အီတလီနိုင်ငံ၊ ဖလောရင့်မြို့သားဖြစ်သည်။ အမည်ရင်းမှာ ကာလိုလိုရင်ဇီနီ

(Carlo Lorenzini)ဖြစ်သော်လည်း သူ့မိခင်၏ ဇာတိရပ်ရွာအမည်ကို ဂုဏ်တင်လိုသောကြောင့် 'ကော်လိုဒီ'ဟူသော ကလောင်အမည်ကိုယူခဲ့သည်။

ဆရာကြီးသည် အစိုးရဌာနတွင် စာရေး ဝင်လုပ်ခဲ့သည်။ ဝမ်းရေးမဝသောကြောင့် ပြင်သစ်ပုံပြင် ဘာသာပြန်တစ်အုပ်၊ ကျောင်းသုံး သဒ္ဒါစာအုပ်တစ်အုပ်၊ သင်္ချာစာအုပ်တစ်အုပ်နှင့် ပထဝီဝင်စာအုပ် လေးအုပ်တို့ကို ရေးသားခဲ့ဖူးသည်။ နောက်ပိုင်းတွင် ကိုယ်ပိုင်ဂျာနယ်နှင့် သတင်းစာများကိုလည်း တည်းဖြတ်ထုတ်ဝေခဲ့သည်။

၁၈၈၁ ခုနှစ်တွင် ဖလောရင့်မြို့ 'ပဂ္ဂီ' (Paggi)စာအုပ်တိုက်၏ တိုက်တွန်းချက်အရ အပတ်စဉ်ကလေးဂျာနယ် (Giornale peribambini) အတွက် အခန်းဆက်ပုံဝတ္ထု ရေးသားရာမှ ဤစာအုပ် ထွက်ပေါ်လာခြင်းဖြစ်သည်။

သို့သော် ဆရာကြီးသည် ဤဝတ္ထုကို အပတ်စဉ် ဆက်တိုက် မရေးဖြစ်ဘဲ ထုံ့ပိုင်းထုံ့ပိုင်းသာ ရေးသားဖော်ပြနေသောကြောင့် စာဖတ်ပရိသတ်များက မချင့်မရဲဖြစ်ပြီး ဆက်တိုက်ရေးသားဖော်ပြပေးရန် တောင်းဆိုစာပေါင်း ထောင်ပေါင်းများစွာ ရေးသားပေးပို့ခဲ့ကြသည်။

သို့ဖြင့် ထုတ်ဝေသူက စာဖတ်ပရိသတ်ကိုရော စာရေးဆရာကိုပါ တောင်းပန်စာ ရေးခဲ့ရသည်။ သည်တော့မှ ဤဝတ္ထုကို ကလေးဂျာနယ်တွင် အပတ်စဉ်မှန်မှန် ဆက်လက်ရေးသားဖော်ပြနိုင်ခဲ့သည်ဟုဆိုသည်။

ဤဝတ္ထုကို ၁၈၈၃ ခုနှစ်တွင် စာအုပ်အဖြစ် စတင်ထုတ်ဝေခဲ့သည်။ ၁၈၉၂ ခုနှစ်တွင် အင်္ဂလိပ်ဘာသာပြန်စာအုပ် ထွက်လာသည်။

ထိုအချိန်မှစ၍ ဘာသာစကားမျိုးစုံဖြင့် အကြိမ်ကြိမ်ထုတ်ဝေခဲ့ရသည်။ ယနေ့အထိ နိုင်ငံတကာ ဘာသာစကားပေါင်း ၂၀ ကျော်ဖြင့် အကြိမ်ပေါင်း ၁၀၀၀ ကျော် ပုံနှိပ်ထုတ်ဝေခဲ့ရပြီးဖြစ်သည်။

၁၉၃၈ ခုနှစ်တွင် ကမ္ဘာကျော် အမေရိကန် ကာတွန်းရုပ်ရှင် ဒါရိုက်တာကြီး ဝေါ့ဒစ္စနေက ပီနိုချီယိုဇာတ်လမ်းအပြည့်အစုံကို ကာတွန်းရုပ်ရှင်ရိုက်ကူးခဲ့သည်။ အီတလီ ကာတွန်းရုပ်ရှင်ကားကိုလည်း ၁၉၇၁ ခုနှစ်တွင် ရိုက်ကူးခဲ့လေသည်။

**မောင်ပေါ်ထွန်း**

[၁]

# စကားပြောသော သစ်ချောင်းကလေး

'ဟိုရှေးရှေးတုန်းက ... '

ပုံပြင်ကလေးကို ဒီလို စတင်ပြောလိုက်တော့ ကလေးတို့က **'ဘုရင်ကြီးတစ်ပါး** ရှိခဲ့သတဲ့'လို့ ဆက်ပြီး ပြောလိမ့်မယ်လို့ တွေးထင်ကြလိမ့်မယ်။

ဒါပေမယ့် ကလေးတို့ တွေးထင်သလို မဟုတ်ပါဘူး။

တကယ်တော့ ဟိုးရှေးရှေးတုန်းက သစ်ချောင်းကလေး တစ်ချောင်း ရှိခဲ့သတဲ့။

အဲဒီသစ်ချောင်းကလေးက အကောင်းစား သစ်ချောင်းကလေး မဟုတ်ပါဘူး။ ရိုးရိုးသစ်ချောင်းကလေး တစ်ချောင်းပါ။ ထမင်းဟင်းချက်တဲ့အခါ မီးဖိုမှာ ထင်းအဖြစ်အသုံးပြုဖို့၊ ဆောင်းတွင်းမှာ မီးလှုံတဲ့အခါ ထင်းဆိုက်ဖို့လောက်သာ အသုံးဝင်တဲ့ သာမန်သစ်ချောင်းကလေးပါ။

ဘယ်လိုကဘယ်လိုဖြစ်မှန်းတော့ မပြောတတ်တော့ဘူး။ တစ်နေ့မှာ အဲဒီသစ်ချောင်းကလေးဟာ လက်သမားဆရာကြီး တစ်ယောက်ရဲ့ အလုပ်ရုံထဲ ရောက်နေသတဲ့။ လက်သမားဆရာကြီးနာမည်က အဘ အန်တိုနီယိုလို့ခေါ်တယ်။ ဒါပေမယ့် သူ့နှာခေါင်းဟာ ချယ်ရီသီး အမှည့်လို အမြဲတမ်း နီရဲပြီး ရွှန်းပြောင်နေတာကြောင့် သူ့ကို လူတွေက အဘ ချယ်ရီလို့ နောက်ပြောင်ပြီး ခေါ်ကြသတဲ့။

အဘချယ်ရီဟာ အဲဒီသစ်ချောင်းကလေးကို တွေ့လိုက်ရတော့ သိပ်ဝမ်းသာသွားတယ်။ ဒါနဲ့ သူက လက်ဝါးနှစ်ဖက်ကို ပွတ်သပ်ပြီး 'အင်း…ဟန်ကျတာပဲ၊ ငါ့စားပွဲကလေးမှာ ခြေထောက်တစ်ချောင်း လိုနေတာနဲ့တော့ အတော်ပဲ' ဆိုပြီး သူ့ကိုယ်သူ ပြောလိုက်တယ်။

အဲဒီနောက်တော့ အချိန်ဖြုန်းမနေတော့ဘဲ ရဲတင်းကိုယူပြီး သစ်ချောင်းကလေးကို ခုတ်ထစ်မယ်လို့ ရဲတင်းကို ရွယ်မြှောက်လိုက်တယ် ဆိုရင်ပဲ…

'အို… ကျွန်တော့်ကို မခုတ်ပါနဲ့၊ ကျွန်တော့်ကို မခုတ်ပါနဲ့ 'ဆိုတဲ့ အသံသေးသေးကလေးတစ်သံ ထွက်ပေါ်လာသတဲ့။

ဒီအသံကလေးကို ရုတ်တရက် ကြားလိုက်ရတော့ အဘချယ်ရီဟာ ဘယ့်ကလောက် အံ့သြသွားမယ်ဆိုတာ ကလေးတို့သာ တွေးကြည့်ကြပါတော့။

ဒါနဲ့ အဘချယ်ရီဟာ ဒီအသံ ဘယ်က လာတာပါလိမ့် ဆိုပြီး အလုပ်ရုံထဲကို မျက်လုံးကစားကြည့်လိုက်တယ်။ ဒါပေမယ့် ဘာကိုမှ မတွေ့ရပါဘူး။ သူထိုင်နေတဲ့ ထိုင်ခုံအောက် ငုံ့ကြည့်ပြန်တော့လည်း ဘာမှ မတွေ့ဘူး။ ဒါနဲ့ သူ အမြဲတမ်းသော့ခတ်ထားတဲ့ ဗီရိုကို ဖွင့်ကြည့်ပြန်တယ်။ ဒါလည်း ဘာမှ မတွေ့ဘူး။ တစ်ခါ သစ်တိုသစ်စနဲ့ ရွှေဘော်စာတွေထည့်တဲ့ ခြင်းတောင်းထဲ ရှာကြည့်ပြန်တော့လည်း ဘယ်သူ့ကိုမှ မတွေ့ရဘူး။

အဲဒီနောက်တော့ စိတ်ထဲမှာ မချင့်မရဲနဲ့ အလုပ်ရုံတံခါးကို ဖွင့်ပြီး အပြင်ဘက် လမ်းမပေါ် လှမ်းကြည့်လိုက်တယ်။ ဒါပေမယ့် လမ်းပေါ်မှာလည်း ဘာကိုမှ မတွေ့ရပါဘူး။ ကဲ…ဘယ့်နှယ်ပါလိမ့်၊ ဒီအသံ ဘယ်ကလာတဲ့အသံလဲ။





နောက်ဆုံးတော့ အဘချယ်ရီဟာ သူ့ခေါင်းပေါ်က အတုတပ်ထားတဲ့ ဆံပင်ကို ကုတ်ခြစ်ရင်း ရယ်လိုက်ပြီး 'ဟုတ်ပါပြီ။ တကယ်တော့ ဘယ်ကလာတဲ့ အသံမှ မဟုတ်ပါဘူး၊ ငါ့စိတ်ထဲက ထင်မိတာပါ။ ကဲ… အဲဒီတော့ ကိုယ့်အလုပ်ကိုယ်ဆက်လုပ်တာပဲ ကောင်းပါတယ်'

အဲဒီလိုပြောပြီး သူဟာ ရဲတင်းကို ပြန်ကောက်ပြီးတော့ သစ်ချောင်းကလေးကို တစ်ချက်ခုတ်လိုက်တယ်။

အဲဒီအခါမှာ…

'အမယ်လေး နာလိုက်တာ၊ နာလိုက်တာ' ဆိုပြီး အော်ညည်းသံကလေး ထွက်ပေါ်လာပြန်တယ်။

ဒီတစ်ကြိမ်မှာတော့ အဘချယ်ရီဟာ အံ့အားကြီးသင့်ပြီး ပါးစပ်ဟောင်းလောင်း လျှာတစ်လစ်နဲ့ ကြက်သေ သေနေမိတယ်။ ကြောက်စိတ်ကြောင့် မျက်လုံးတွေကလည်း ပြူးထွက်လာကြတယ်။

သူက ကြောက်ကြောက်လန့်လန့် တုန်တုန်ယင်ယင်နဲ့ သူ့ကိုယ်သူ ပြောလိုက်တယ်။

'ဘယ့်နှယ် မဟုတ်သေးပါဘူး၊ ဒီအသံ ဘယ်က ထွက်လာတာပါလိမ့်၊ ဒီအနားမှာလည်း ဘယ်သူမှ မရှိပါဘူး။ ဒါနဲ့ ဒီသစ်ချောင်းကလေးက ပြောတဲ့ အသံများလား။ ဒါလည်း လုံးဝမဖြစ်နိုင်ပါဘူး၊ ကြည့်ပါဦး၊ ဒါက သာမန်သစ်ချောင်းကလေး တစ်ချောင်းပါ။ ရေနွေးအိုး တည်ဖို့လောက်သာအသုံးဝင်တဲ့ သစ်ချောင်းကလေးပါ။ ဒါဖြင့် အဲဒီအသံ ဘယ်ကလာတာလဲ။ ဒီသစ်ချောင်းကလေးထဲမှာ တစ်ယောက်ယောက်များ ပုန်းနေတာလား။ ဒါဆိုရင်တော့ မလွယ်ဘူး၊ ကဲ… ငါစမ်းကြည့်ဦးမှပဲ'

သူက အဲဒီလိုပြောပြီး သစ်ချောင်းကလေးကို ပြန်ကောက်လိုက်တယ်။ ပြီးတော့ လက်နှစ်ဖက်နဲ့ တင်းတင်းဆုပ်ကိုင်ပြီး နံရံမှာ တအားရိုက်လိုက်တယ်။

အဲဒီနောက် သူက အရိုက်ရပ်ပြီး အသံကို နားစွင့်လိုက်တယ်။ နှစ်မိနစ်လောက် ကြာသွားတယ်။ ဘာသံမှ မကြားရဘူး။ ထပ်ပြီး နားစွင့်နေလိုက်တယ်။ ငါးမိနစ်ကြာသွားတယ်။ ဘာသံမှပေါ်မလာဘူး။ နောက်ထပ် ဆယ်မိနစ်ကြာသွားတယ်။ ဒီတော့လည်း ဘာသံမှ ထွက်မလာဘူး။ ငြိမ်ချက်သားကောင်းလို့ပဲ။

အဘချယ်ရီက ဆံပင်ကိုပွတ်သပ်ပြီး ရယ်လိုက်ပြန်တယ်။ ပြီးတော့...

'ဟုတ်ပါတယ်၊ ငါ့စိတ်ထဲက ထင်နေတာပါ၊ ဘာအသံမှ မဟုတ်ပါဘူး။ ဒီတော့ လုပ်စရာရှိတာ ဆက်လုပ်တာပဲ ကောင်းပါတယ်'

ပြောသာပြောရပေမယ့် သူ့စိတ်ထဲကတော့ ကြောက်ချင်ချင်ပဲ။ ဒါနဲ့ ကြောက်စိတ်ပြေအောင် သီချင်းကလေးညည်းလိုက်တယ်။

အဲဒီနောက် လက်ထဲက ရဲတင်းကို ပြန်ချပြီး ရွှေဘော်ကို ကောက်ကိုင်လိုက်တယ်။ သစ်ချောင်းကလေးကို ရွှေဘော်ထိုးပြီး အချောကိုင်မလို့ပါပဲ။

ဒါပေမယ့် ရွှေဘော်ကို တစ်ချက်နှစ်ချက် ထိုးလိုက်တယ် ဆိုရင်ပဲ...

'အဟိ အဟိ ယားလိုက်တာ ယားလိုက်တာ၊ ကျွန်တော့်ကို ကလိမထိုးပါနဲ့၊ ကလိမထိုးပါနဲ့'ဆိုပြီး ရယ်ပြောသံကလေး ပေါ်ထွက်လာပြန်တယ်။

ဒီအခါမှာ အဘချယ်ရီဟာ အလန့်တကြားဖြစ်သွားပြီး လက်ထဲက ရွှေဘော်တောင် လွတ်ကျတယ်။ သူ့မျက်လုံးတွေလည်း မှိတ်ပြီး ငြိမ်နေလိုက်တယ်။

ခဏကြာလို့ မျက်လုံးပြန်ဖွင့်လိုက်တဲ့အခါမှာ သူဟာ ကြမ်းပြင်ပေါ်မှာ ငုငုကြီးထိုင်လျက်သားဖြစ်နေတာ တွေ့ရတယ်။

သူ့ရုပ်သွင်ကလည်း မြင်ရသူ မမှတ်မိလောက်အောင် ပြောင်းလဲသွားတယ်။ အမြဲတမ်း နီရဲပြီး ရွှန်းပြောင်နေတဲ့ သူ့နှာခေါင်းဟာ ကြောက်စိတ်ကြောင့် ပြာနှမ်းသွားတော့တယ်။



[၂]

## ရုပ်သေးဆရာထံ ရောက်သွားခြင်း

အဲဒီအချိန်မှာ တစ်စုံတစ်ယောက်က အခန်းတံခါးကို လာခေါက်တယ်။

'ဘယ်သူလဲ အထဲဝင်လာခဲ့ပါ'လို့ အဘချယ်ရီက ပြန်ပြောလိုက်တယ်။ သူကတော့ ထိုင်ရာက မထနိုင်အောင် ဖြစ်နေသတဲ့။

ဒါနဲ့ အလုပ်ခန်းထဲကို သေးသေးညှက်ညှက် အဘိုးအို တစ်ယောက် ဝင်လာခဲ့တယ်။ သူ့နာမည်က ဂက်ပက်တိုလို့ ခေါ်တယ်။ ဒါပေမယ့် အိမ်နီးချင်း ကလေးတွေကတော့ သူ့ကို ပြောင်နောက်ပြီး 'ပိုပင်ဒီနာ'လို့ ခေါ်ကြသတဲ့။ အဲဒီလိုခေါ်တာက တခြားကြောင့်မဟုတ်ဘူး။ အဘ ဂက်ပက်တိုရဲ့ ဆံပင်တွေက ပူတင်းအရောင်လို အဝါရောင်ဖြစ်နေလို့ပဲ။

အဘ ဂက်ပက်တိုဟာ သိပ်ပြီး စိတ်တိုတတ်တယ်တဲ့။ သူ့ကို ပိုပင်ဒီနာလို့ ခေါ်ရင်လည်း အလွန်စိတ်ဆိုးတတ်တယ်။ သူဟာ စိတ်တိုပြီး ဒေါသကြီးတဲ့အတွက် ဘယ်သူနဲ့မှ မတည့်ဘူးတဲ့။

ဒါနဲ့ အဘ ဂက်ပက်တိုက အလုပ်ခန်းထဲဝင်လာပြီး အဘ အန်တိုနီယိုကို နှုတ်ဆက်လိုက်တယ်။

'မင်္ဂလာရှိတဲ့ နံနက်ခင်းပါ မစ္စတာ အန်တိုနီယို၊ ဒါနဲ့ ခင်ဗျား က ဒီမှာလာပြီး ဘာတွေ လုပ်နေသလဲဗျ'

'အို…ကျုပ်က ပုရွက်ဆိတ်ကလေးတွေကို စာသင်ပေးနေတာ ပါဗျာ'လို့ အဘ အန်တိုနီယိုက နောက်ပြောင်ပြီး ပြောလိုက်တယ်။

'ဩော်… ဟုတ်လား၊ သိပ်ကောင်းတာပေါ့ဗျာ'

'ခင်ဗျား ဒီကိုဘယ်လိုရောက်လာတာလဲ မစ္စတာဂက်ပက်တို'

'ကျုပ်ခြေထောက်တွေက ဆွဲခေါ်လာလို့ ရောက်လာတာပေါ့ဗျ။ ဟဲဟဲ။ အလကား ရယ်စရာပြောတာပါဗျာ၊ ခင်ဗျားဆီက အကူအညီ တစ်ခု တောင်းချင်လို့ လာခဲ့တာပါ'

အဲဒီအခါမှာ အဘ အန်တိုနီယိုက ဆောင့်ကြောင့်ပြင်ထိုင်ပြီး၊

'ဘာများ ကူညီရမှာလဲဗျာ၊ ပြောစမ်းပါဦး၊ တတ်နိုင်တာဆိုရင် ကူညီဖို့ အဆင်သင့်ပါပဲ'

'ဒီနေ့မနက် ကျုပ် အကြံတစ်ခုရတယ်ဗျ'

'အင်း ဆိုစမ်းပါဦး'

'ကျုပ်ရုပ်သေးရုပ်ကလေးတစ်ရုပ် လုပ်ရကောင်းမလားလို့ စိတ်ကူးမိတယ်။ ရုပ်သေးရုပ်ကလေးက သာမန်အရုပ်ကလေးမျိုး မဟုတ်ဘူး။ အကလည်းကောင်းကောင်းကတတ်ရမယ်၊ အထိုးအခုတ် အသတ် အပုတ်လည်း တော်ရမယ်၊ လေထဲမှာ ခုန်ပျံကျော်လွှားတဲ့အလုပ်ကို လည်း ကျွမ်းကျင်ရမယ်။ အဲဒီလို အရုပ်ကလေးတစ်ရုပ်သာရမယ်ဆိုရင် ကျုပ်အနေနဲ့ ကမ္ဘာပတ်ပြီး ပိုက်ဆံရှာနိုင်မယ်၊ ဝမ်းရေးအတွက် ဘာမှပူစရာမရှိတော့ဘူး။ ကျုပ်က အဲဒီလိုစိတ်ကူးမိတယ်ဗျ၊ ကျုပ် အကြံ ဘယ့်နှယ်လဲ၊ ခင်ဗျား ဘယ်လိုသဘောရသလဲ'





သူက အဲဒီလို ပြောလိုက်တော့ အဘ အန်တိုနီယိုက ဘာမှ ပြန်မပြောရသေးခင်မှာပဲ…

'ဟာ အလွန်ကောင်းတဲ့ အကြံဉာဏ်ပေါ့ ပိုပင်ဒီနာရာ'ဆိုပြီး အသံသေးသေးကလေးတစ်သံ ထွက်ပေါ်လာတယ်။

သူ့ကို ပိုပင်ဒီနာလို့ ခေါ်သံကြားလိုက်တယ်ဆိုရင်ပဲ အဘ ဂက်ပက်တိုဟာ ယမ်းပုံမီးကျ ဒေါသအိုးပေါက်ကွဲပြီး မျက်နှာတစ်ပြင် လုံး ငရုတ်သီးမှည့်လို နီရဲသွားတယ်။ သူက အဘ အန်တိုနီယိုကို ထိုးတော့ကြိတ်တော့မည့်အတိုင်း အနားကပ်သွားပြီး ဒေါသနဲ့ အော် ပြောလိုက်တယ်။

'ကျုပ်ကို မစော်ကားပါနဲ့ဗျ'

'ခင်ဗျားကို ဘယ်သူက စော်ကားလို့လဲ'

'ခင်ဗျား စော်ကားတာပေါ့၊ ကျုပ်ကို ဘာလို့ ပိုပင်ဒီနာလို့ ခေါ်တာလဲ'

'အလို ကျုပ် မခေါ်ရပါဘူးဗျာ'

'ခင်ဗျားခေါ်ပါတယ်၊ ကျုပ်နားနဲ့ဆတ်ဆတ်ကြားလိုက်ရတယ်'

'ကျုပ် လုံးဝမခေါ်ပါဘူးဗျာ'

'ခေါ်ပါတယ်'

'မခေါ်ပါဘူး'

'ခေါ်တယ်'

'မခေါ်ဘူး'

ဒီလိုနဲ့ တစ်ယောက်တစ်ပြန် အကျောက်အကန်ငြင်းကြရင်းက နှစ်ယောက်သား ဝင်လုံးပြီး တစ်ယောက်ကိုတစ်ယောက် ထိုးသတ် ကြတော့တယ်။ တစ်ယောက်ဆံပင်ကို တစ်ယောက်ကဆွဲပြီး ပါးရိုက်၊ နားရိုက်နဲ့ နှစ်ယောက်သား လုံးထွေး ကုတ်ခြစ် သတ်ပုတ်ကြတယ်။

နောက်ဆုံး လူချင်းကွဲသွားကြတဲ့အခါမှာ အဘ ဂက်ပက်တိုရဲ့ အဝါရောင် ဆံပင်တုဟာ အဘ အန်တိုနီယိုလက်ထဲ ရောက်နေပြီး

အဘ အန်တိုနီယိုရဲ့ ဆံပင်ဖြူတွေကတော့ အဘ ဂက်ပက်တိုရဲ့ ပါးစပ်ထဲ ရောက်နေတာ တွေ့ကြရတယ်။

'ငါ့ဆံပင်ပြန်ပေး'

အဘ အန်တိုနီယိုက တောင်းလိုက်တယ်။

'ငါ့ဆံပင်လည်းပြန်ပေး၊ ကဲ...ကျုပ်တို့နှစ်ယောက် ကိုယ့်ဆံပင်ကိုယ်ပြန်ယူပြီး ငြိမ်းချမ်းရေးလုပ်ကြစို့'

ဒီလိုနဲ့ အဘိုးအိုနှစ်ယောက်တို့ အချင်းချင်း ဆံပင်အလဲအလှယ် လုပ်ကြတယ်။ ကိုယ့်ဆံပင် ကိုယ်ပြန်တပ်ကြတယ်။ ပြီးတော့ နှစ်ယောက်သား လက်ဆွဲနှုတ်ဆက်ကြပြီးတော့ နောင်အခါ ဘယ်တော့မှ ရန်မဖြစ်ကြတော့ဘဲ မိတ်ဆွေကောင်းတွေအနေနဲ့ တစ်သက်လုံး ပေါင်းသင်းနေထိုင်သွားကြမယ်လို့ အပြန်အလှန် ကတိပြုကြတယ်။

အဲဒီနောက် အဘ အန်တိုနီယိုက...

'ကိုင်း... မိတ်ဆွေကြီး၊ ကျုပ် ဘယ်လိုကူညီရမှာလဲ ပြောပါ'လို့ ပြောလိုက်တယ်။

ဒီတော့ အဘ ဂက်ပက်တိုက...

'တခြားအကူအညီမဟုတ်ပါဘူးဗျာ၊ ရုပ်သေးရုပ်ကလေးလုပ်ဖို့ သစ်သားချောင်းကလေး တစ်ချောင်းလောက် လိုချင်လို့ပါ။ အဲဒါ ခင်ဗျားမှာရှိရင် ကျေးဇူးပြုပြီး ပေးစေချင်ပါတယ်'

'ရပါတယ်ဗျာ၊ ရပါတယ်'

အဘ အန်တိုနီယိုဟာ ပြောပြောဆိုဆို သူ့ထိုင်ခုံဆီကို သုတ်သုတ်ကလေး ထသွားပြီး စောစောကသစ်ချောင်းကလေးကို ယူလာတယ်။ သူက သစ်ချောင်းကလေးကို အဘ ဂက်ပက်တိုကို ကမ်းပေးတုန်းမှာ သစ်သားချောင်းကလေး ရုတ်တရက် တအားလှုပ်ခါလိုက်တာကြောင့် လက်ထဲက လွတ်ထွက်သွားပြီးတော့ အဘ ဂက်ပက်တိုရဲ့ ညို့သကျည်းကို သွားရိုက်မိတယ်။

'အားပါးပါး၊ နာလိုက်တာ သေပါပြီဗျာ၊ ခင်ဗျား ဘယ်လိုလုပ်လိုက်တာလဲဟင်၊ မိတ်ဆွေတစ်ယောက်ကို ဒီလိုပဲဆက်ဆံရသလားဟင်၊ ခင်ဗျားလုပ်လို့ ဒီမှာ ကျုပ်ခြေထောက် နာသွားပြီဗျ'





'ဘုရားစူးရပါစေရဲ့ ကျုပ် လုံးဝ မလုပ်ရပါဘူးဗျာ'

'ဟင်... ခင်ဗျားမလုပ်ရင် ဘယ်သူ လုပ်ရမှာလဲ၊ ကျုပ်ဟာကျုပ် လုပ်တယ်လို့ ပြောချင်သပေါ့ ဟုတ်လား'

'မပြောချင်ပါဘူးဗျာ၊ အမှန်ကတော့ ဒီသစ်ချောင်းကလေးကြောင့် ဖြစ်ရတာပါ'

'ဟုတ်ပါတယ်၊ အဲဒါတော့ ကျုပ်လည်းသိတာပေါ့ဗျ၊ ဒီသစ်ချောင်းကလေးက ကျုပ်ခြေထောက်ကိုလာထိတာ ခင်ဗျား တမင်ထိအောင် ပစ်ထည့်လိုက်လို့ လာထိတာပေါ့'

'ကျုပ် မပစ်ရပါဘူးဗျာ'

'ပစ်တယ်၊ ခင်ဗျားလူညာပဲ'

'ကျုပ်ကို မစော်ကားပါနဲ့ ဂက်ပက်တို၊ ခင်ဗျား ကျုပ်ကို စော်ကားရင် ကျုပ်က ခင်ဗျားကို ပိုပင်ဒီနာလို့ ခေါ်မိလိမ့်မယ် သိရဲ့လား'

'ဟေ့ ငတုံး'

'ဟေ့ ပိုပင်ဒီနာ'

'ဟေ့ ငအ'

'ဟေ့ ပိုပင်ဒီနာ'

'ဟေ့ မျောက်လောင်း'

'ဟေ့ ပိုပင်ဒီနာ'

ဒီလိုနဲ့ တစ်ယောက်တစ်ခွန်းနဲ့ ရန်စကြရင်က စကားတွင်မက တော့ဘဲ လက်ပါ ပါလာပြီး အဘ ဂက်ပက်တိုက အဘ အန်တိုနီယိုကို ဒေါသတကြီးနဲ့ အတင်းဝင်လုံးတော့တယ်။ ဒါနဲ့ပဲ အဘိုးကြီးနှစ်ယောက် ဒုတိယအကြိမ် အကြိတ်အနယ် ထိုးကြိတ်ပွဲကြီး ဖြစ်ကြပြန်တော့တာပေါ့။

နောက်ဆုံး ရန်ပွဲပြီးလို့ ကိုယ့်ကိုယ်ကို ပြန်ကြည့်လိုက်ကြတဲ့ အခါမှာ အဘ အန်တိုနီယိုက နှာခေါင်းမှာ ဒဏ်ရာ နှစ်ချက် ရသွား

တယ်။ အဘ ဂက်ပက်တိုကတော့ အကျီကြယ်သီးနှစ်လုံး ပြုတ်ထွက်သွားတယ်။

ပထမအကြိမ်တုန်းကလိုပဲ နှစ်ယောက်သား ရန်ပွဲပြေငြိမ်းကြပြီးတော့ လက်ဆွဲနှုတ်ဆက်ကြပြန်တယ်။ နောင်အခါ ဘယ်တော့မှ ရန်မဖြစ်ကြတော့ဘဲ တစ်ယောက်နဲ့တစ်ယောက် ချစ်ချစ်ခင်ခင် တစ်သက်လုံး ပေါင်းဆင်းဆံသွားကြတော့မယ်လို့ပဲ ကတိပြုကြတယ်။

အဲဒီနောက်တော့ အဘ ဂက်ပက်တိုဟာ စောစောက သစ်ချောင်းကလေးကို ကောက်ယူလိုက်တယ်။ ပြီးတော့ အဘ အန်တိုနီယိုကို ကျေးဇူးတင်စကားပြောပြီးတော့ ခြေထောက် ထော့နဲ့နဲ့ ပြန်ထွက်လာခဲ့တယ်။

[၃]

# ဆိုးတေသော ရုပ်သေးရုပ်ကလေး

အဘ ဂက်ပက်တိုဟာ တိုက်တစ်တိုက်ရဲ့ အောက်ထပ် လှေကားခြေရင်းက အခန်းကလေးတစ်ခန်းမှာနေတယ်။ သူ့အခန်းမှာ အလင်းရောင် ဝင်နိုင်တဲ့ ပြတင်းပေါက်လည်း တစ်ပေါက်တည်းရှိတယ်။ အိမ်ထောင်ပရိဘောဂဆိုလို့လည်း ခြေထောက်ကျိုးနေတဲ့ စားပွဲကလေးတစ်လုံး၊ ခနော်ခနဲ့ ကုလားထိုင်ဟောင်းကလေးတစ်လုံးနဲ့ ယိုင်နဲ့နေတဲ့ ခုတင်ကလေးတစ်လုံးပဲ ရှိတယ်။

အခန်းနောက်ဘက်မှာတော့ မီးဖိုတစ်ဖိုကို မြင်ရတယ်။ မီးဖိုမှာ မီးတောက်နေတယ်။ ဒါပေမယ့် မီးဖိုက တကယ့်မီးဖိုမဟုတ်ဘူး။ ပန်းချီဆွဲထားတဲ့ မီးဖို ဖြစ်နေတယ်။ မီးဖိုပေါ်မှာ ပွက်ပွက်ဆူနေတဲ့ ရေနွေးအိုးတစ်လုံး တည်ထားတယ်။ ရေနွေးအိုးက အငွေ့တထောင်းထောင်း ထွက်နေပုံကတော့ တကယ့်ရေနွေးအိုး ဆူနေသလို ထင်ရတယ်။ အလွန်လက်ရာမြောက်တဲ့ ပန်းချီကားတစ်ချပ်ပါပဲ။

အဘ ဂက်ပက်တိုဟာ သူ့အခန်းကို ပြန်ရောက်ရောက်ချင်းပဲ စုး၊ ဆောက် တန်ဆာတွေထုတ်ပြီး ရုပ်သေးရုပ်ကလေးကို စတင် ထုလုပ်တော့တယ်။

'အရုပ်ကလေးပြီးတဲ့အခါ ဘယ်လိုနာမည်ပေးရမလဲ၊ ပီနိုချီယို လို့ပေးရင် ကောင်းမယ်ထင်တယ်။ ဒီနာမည်ပေးရင် ကံကောင်းလိမ့် မယ်။ တစ်ခါတုန်းက ပီနိုချီယိုမိသားစုဆိုတာ ရှိခဲ့ဖူးတယ်။ အဖေ့ နာမည်က ပီနိုချီယို၊ အမေ့နာမည်က ပီနိုချီယာ၊ သားသမီးတွေ နာမည်က ပီနိုချီယီတဲ့။ သူတို့မိသားစုအားလုံးလိုလို ချမ်းသာကြတယ်။ ဒါပေမယ့် အချမ်းသာဆုံးတစ်ယောက်ကတော့ သူတောင်းစား ဖြစ် သွားတယ်။

အဘ ဂက်ပက်တိုဟာ သူ့ဘာသာသူ အဲဒီလိုပြောရင်းနဲ့ ရုပ်သေး ရုပ်ကလေးကို ထုလုပ်နေတယ်။ ပထမ ဦးခေါင်းကို ထုလုပ်တယ်၊ ဆံပင်တွေ ဖော်တယ်၊ ပြီးတော့ မျက်လုံးတွေ ထုတယ်။

မျက်လုံးတွေထုပြီးသွားတဲ့အခါ ရုပ်သေးရုပ်ကလေးဟာ သူ့ မျက်လုံးတွေကို မျက်တောင်ကလေး ပုတ်ခတ်ပုတ်ခတ်လုပ်ပြပြီး အဘ ဂက်ပက်တိုကိုစိုက်ကြည့်နေတယ်။ အဲဒီအခါမှာ အဘဂက်ပက်တို ဟာ အလွန်အံ့သြသွားတယ်။ ရုပ်သေးရုပ်ကလေးရဲ့ သစ်သားမျက်လုံး တွေက သူ့ကို စိုက်ကြည့်နေတာကို သူက သဘောမကျဘူး။ ဒါနဲ့ သူက စိတ်ပေါက်ပေါက်နဲ့ ပြောလိုက်တယ်။

'ဟေ့...သစ်သားမျက်လုံး လူမိုက်ကလေးတွေ၊ မင်းတို့က ငါ့ ကို ဘာကြောင့် ဒီလောက်စိုက်ကြည့်နေရတာလဲ'

ဒါပေမယ့် သူ့ကို ဘယ်သူကမှ စကားပြန်မပြောဘူး။

ဒါကြောင့် သူက နှာခေါင်းကိုထုပြန်တယ်။ နှာခေါင်းကို ထုပြီး သွားတဲ့အချိန်မှာ နှာခေါင်းဟာ တဖြည်းဖြည်းနဲ့ ရှည်ရှည်လာတယ်။ ဘယ်လောက်တောင် ရှည်လာသလဲဆိုတော့ မိနစ်ပိုင်းအတွင်းမှာပဲ နှာခေါင်းဟာ အဆုံးမရှိလောက်အောင် ရှည်လာသတဲ့။

ဒါနဲ့ အဘ ဂက်ပက်တိုဟာ ကမန်းကတန်းနဲ့ နှာခေါင်းကို လိုက် ပြီး ဆောက်နဲ့ဖြတ်တယ်။ ဒါပေမယ့် ဖြတ်လေ ရှည်လာလေ ဖြစ်နေ လို့ နောက်ဆုံး ဘာမှ မတတ်နိုင်တော့ဘဲ ဒီအတိုင်းပဲ ထားလိုက်ရသတဲ့။





နှာခေါင်းထုပြီးတော့ ပါးစပ်ထုပြန်တယ်။ ပါးစပ်ထုလို့ မပြီးခင် မှာပဲ ပါးစပ်က ရယ်သံထွက်လာတယ်။ အဘ ဂက်ပက်တိုကိုလည်း ပြောင်ချော်ချော်နဲ့ ပြက်ရယ်ပြုတယ်။

ဒါနဲ့ အဘ ဂက်ပက်တိုက စိတ်တိုတိုနဲ့ ပြောလိုက်တယ်။

'ဟေ့... ရယ်မနေနဲ့၊ ပါးစပ်ပိတ် တိတ်စမ်း'

ဒါပေမယ့် ပါးစပ်က အရယ်မရပ်ဘူး။ ဆက်ပြီးရယ်နေတယ်။

'ဟေ့...ငါပြောနေတာ မကြားဘူးလား၊ တိတ်ဆို တိတ်စမ်း'လို့ နောက်ထပ် ကြိမ်းမောင်းလိုက်တော့မှ အရယ်ရပ်သွားပေမယ့် လျှာ တော့ ထုတ်ပြလိုက်သေးတယ်။

ဒါပေမယ့် အဘ ဂက်ပက်တိုက မမြင်ချင်ယောင်ဆောင်ပြီး နေလိုက်သတဲ့။ ဘာဖြစ်လို့လည်းဆိုတော့ သူက ရုပ်သေးရုပ်ကလေးကို ဖျက်မပစ်ချင်ဘူးတဲ့။ ဒါနဲ့ သူက လုပ်စရာရှိတာတွေ ဆက်လုပ်ပြန် တယ်။

ပါးစပ်ကို ထုလုပ်ပြီးတော့ မေးစေ့ကို ထုပြန်တယ်။ ပြီးတော့ လည်ပင်း၊ ပခုံး၊ ဝမ်းဗိုက်၊ လက်မောင်းနှင့် လက်ချောင်းတွေကို ဆက်တိုက်ထုလုပ်တယ်။

လက်ချောင်းတွေ ပြီးသွားတဲ့အခါ အဘ ဂက်ပက်တိုရဲ့ ခေါင်း ပေါ်က ဆံပင်တုကို အရုပ်ကလေးက သူ့လက်နဲ့ ဆုပ်ဆွဲလိုက်တယ်။ အဘိုးကြီးက မျက်နှာမော့ကြည့်လိုက်တော့ သူ့ဆံပင်တုဟာ အရုပ် ကလေးရဲ့ လက်ထဲ ရောက်နေတာကို တွေ့ရတာပေါ့။

'ဟေ့...ပီနိုချီယို၊ ငမိုက်ကလေး ပေးစမ်း၊ ငါ့ဆံပင်တွေကို ချက်ချင်း ပြန်ပေးစမ်း'လို့ အဘိုးကြီးက ပြန်တောင်းလိုက်တယ်။

ပြန်တောင်းပေမယ့် အရုပ်ကလေးက ပြန်မပေးဘူး။ သူက အဘိုးကြီးရဲ့ ဆံပင်တုကို ဘာလုပ်တယ်မှတ်သလဲ၊ သူ့ခေါင်းပေါ်မှာ စွပ်လိုက်တယ်။ အဲဒီအခါမှာ သူ့တစ်ကိုယ်လုံး ဆံပင်တွေ ဖုံးသွား တော့တာပေါ့။

အခုလို ရုပ်သေးရုပ်ကလေးက ပြောင်ချော်ချော် နောက်တောက် တောက်လုပ်တော့ အဘ ဂက်ပက်တိုဟာ တော်တော့ကို စိတ်မကောင်း ဖြစ်သွားမိသတဲ့။ ဒါနဲ့ သူက ပြောလိုက်တယ်။

'ဟော့... လူဆိုးကလေး၊ အရုပ်တောင် ပြီးအောင် မလုပ်ရသေးဘူး၊ အဖေ့ကို အာခံဖို့ စိတ်ကူးနေပြီလား၊ ဒီလိုလုပ်တာ မကောင်းပါဘူး သားရယ်၊ မကောင်းပါဘူး'

အဲဒီလိုပြောပြီး အဘိုးကြီးက ဝမ်းပန်းတနည်းနဲ့ မျက်ရည်တောင်ကျမိသတဲ့။

ဒါပေမယ့် သူက အရုပ်ကလေးကို ချစ်တာကြောင့် ခြေထောက်နဲ့ ခြေချောင်းတွေကို ဆက်ပြီး ထုလုပ်တယ်။

ခြေထောက်တွေ ထုပြီးသွားတော့ အရုပ်ကလေးက သူ့ခြေထောက်နဲ့ အဘိုးကြီးရဲ့ နှာခေါင်းကို ပိတ်ကန်လိုက်ပြန်တယ်။

'အင်း...မင်းတော့ ငါ့ကို ကောင်းကောင်းကြီး ဒုက္ခပေးနေပါရောလား၊ ဒီလိုဖြစ်လိမ့်မယ်လို့ စောစောက ငါလုံးဝ မတွေးမိခဲ့ဘူး။ အခုတော့ နောက်ကျသွားပြီ'ဆိုပြီး အဘိုးကြီးက စိတ်မကောင်းစွာနဲ့ ညည်းလိုက်တယ်။

ပြီးတော့ အရုပ်ကလေးကို လက်နဲ့ဆုပ်ကိုင်ပြီး ကြမ်းပြင်ပေါ် ချလိုက်တယ်။ သူက အရုပ်ကလေး လမ်းလျှောက်တတ်မတတ် သိချင်တာကိုး။ ဒါပေမယ့် အရုပ်ကလေးရဲ့ ခြေထောက်တွေက မာတောင့်နေလို့ လမ်းမလျှောက်နိုင်ဘူး။ ဒါကြောင့် အဘိုးကြီးက အရုပ်ကလေးရဲ့ ခြေထောက်တွေကို လက်နဲ့ကိုင်ပြီး လမ်းလျှောက်နည်းကို သင်ပေးတယ်။

ချက်ချင်းဆိုသလိုပဲ အရုပ်ကလေးဟာ လမ်းလျှောက်တတ်သွားပြီး အခန်းထဲမှာ လျှောက်ပြေးတော့သတဲ့။ နောက်ဆုံး တံခါးပေါက်က ထွက်ပြီး လမ်းမပေါ် ပြေးထွက်သွားတော့တယ်။

အဘ ဂက်ပက်တိုဟာ ထိုင်ရာက အမြန်ထပြီး အရုပ်ကလေးရဲ့ နောက်ကို အပြေးလိုက်ဖမ်းတယ်။ ဒါပေမယ့် အရုပ်ကလေးက ရိုးရိုးမပြေးဘဲ ယုန်ကလေးတစ်ကောင်လို ခုန်ပေါက်ပြီး ပြေးတာကြောင့် အဘိုးကြီးက လိုက်ဖမ်းလို့ မရဘူး။





ဒီလိုနဲ့ ရုပ်သေးရုပ်ကလေးဟာ လမ်းမပေါ်မှာ သစ်သားခြေထောက်သံ တတောက်တောက်နဲ့ ပြေးပြီးရင်း ပြေးရင်း ပြေးနေတယ်။

အဲဒီအခါ အဘိုးကြီးက ပြေးလိုက်ပြီး...

'သူ့ကို ဖမ်းကြပါ၊ သူ့ကို ဖမ်းကြပါ'လို့ အော်ပြီး အကူအညီတောင်းတယ်။ ဒီအခါ လူတွေက ထွက်ကြည့်ကြတယ်။ လူတွေထွက်လာတာမြင်တော့ အရုပ်ကလေးဟာ အစတုန်းကထက်ပိုပြီး မြန်နိုင်သမျှ မြန်မြန်ပြေးတယ်။ သူ့ကိုကြည့်ရတာ မြင်းပေါက်ကလေးတစ်ကောင် ပြေးနေသလား ထင်ရတယ်။ မြန်လိုက်တာမှ မပြောပါနဲ့တော့။

လူတွေက အရုပ်ကလေး ပြေးနေတာကို တအံ့တသြနဲ့ ရပ်ပြီးကြည့်နေကြတယ်။ ပြီးတော့ သဘောကျပြီး အားရပါးရ ရယ်ကြတယ်။ ရယ်ကြသမှ အူနိုပ်နေရအောင် ရယ်သတဲ့။

နောက်ဆုံးတော့ ကံအားလျော်စွာပဲ ရဲသားတစ်ယောက် ရောက်လာတယ်။ ရဲသားက လမ်းမပေါ် တတောက်တောက်နဲ့ ပြေးသံကြားတော့ မြင်းခေါင်းက မြင်းလွတ်ပြီး ထွက်ပြေးတယ်လို့ ထင်မိတယ်။ ဒါနဲ့ သူဟာ လမ်းမပေါ်မှာ ခြေနစ်ချောင်းကားပြီး သတ္တိရှိရှိနဲ့ ဆီးရပ်နေလိုက်တယ်။

ရုပ်သေးရုပ်ကလေး ပီနိုချီယိုဟာ ရဲသားကို အဝေးကြီးကတည်းက လှမ်းမြင်တယ်။ သူဟာ ရဲသား ဘာမှမသိလိုက်အောင် ရဲသားရဲ့ ခြေကြားထဲက အတင်းဖြတ်ပြေးသွားမယ်ဆိုပြီး ဆုံးဖြတ်လိုက်တယ်။ ဒါပေမယ့် သူ့အကြံ မအောင်မြင်ဘူး။

ဘာဖြစ်လို့လည်းဆိုတော့ ရဲသားက ဘယ်လိုမှ အနေအထားပြောင်းလဲဘဲနဲ့ ပီနိုချီယိုကို နှာခေါင်းက ဆွဲကိုင်ပြီး အသာကလေး ကောက်ယူလိုက်တာကိုး။ အဖြစ်ကတော့ တော်တော်ဆန်းတယ်။ အကယ်တော့ ပီနိုချီယိုကလေးရဲ့ နှာခေါင်း ရှည်နေတာဟာ လက်စသတ်တော့ ရဲသားက အလွယ်တကူ ဖမ်းယူဖို့အတွက်သက်သက်လိုဖြစ်နေတာကိုး။

ရဲသားက ပီနိုချီယိုကို ဆွဲခေါ်လာပြီး အဘ ဂက်ပက်တိုလက်ထဲ ပြန်အပ်လိုက်တယ်။

အဘိုးကြီးဟာ လူမိုက်ကလေးကို နားရွက်လိမ်ဆွဲပြီး ဒဏ်ခတ်မလို့ လက်လှမ်းလိုက်တော့မှ ပီနိုချီယိုမှာ နားရွက်မရှိမှန်း အံ့သြစွာ သိရတော့တယ်။ ပီနိုချီယိုမှာ နားရွက်မရှိတာကတော့ သူ့ကိုထုတုန်းက အဘ ဂက်ပက်တို အလောတကြီးနဲ့မို့ သတိမေ့သွားလို့ ဒီလိုဖြစ်သွားရတာပါ။

ဒါနဲ့ အဘိုးကြီးက ပီနိုချီယိုရဲ့လည်ကုပ်ကို ဆွဲကိုင်ပြီး အိမ်ကို ပြန်လျှောက်လာခဲ့တယ်။ လျှောက်လာရင်းနဲ့ အဘိုးကြီးက ခေါင်းတဆတ်ဆတ်ခါပြီး ပြောတယ်။

'ငမိုက်ကလေး နေနှင့်ဦး၊ အိမ်ရောက်တော့မှ ကောင်းကောင်းဆုံးမရမယ်'

အဘိုးကြီးက အဲဒီလိုပြောလိုက်တော့ ပီနိုချီယိုဟာ အဘိုးကြီးလက်ထဲက အတင်းရုန်းထွက်ပြီး မြေကြီးပေါ်မှာ ရုတ်တရက် ထိုင်ချလိုက်တယ်။ အဲဒီအချိန်မှာ လမ်းသွားလမ်းလာတွေနဲ့ စပ်စုတဲ့လူတွေက ဘာဖြစ်တာပါလိမ့်ဆိုပြီး ဝိုင်းအုံလာကြတာပေါ့။

အဲဒီမှာ ထုံးစံအတိုင်း တစ်ယောက်တစ်ပေါက် ပြောကြတော့တယ်။

'ရုပ်သေးရုပ်ကလေးခမျာ သနားပါတယ်တော်၊ သူက ဒီအဘိုးကြီးနဲ့ အိမ်ကိုပြန်လိုက်ချင်ပုံမရဘူး။ ဘယ်လိုက်ချင်ပါ့မလဲ၊ အဘိုးကြီးက သူ့ခမျာလေးကို ဘယ်လောက်တောင်နှိပ်စက်နေမှန်းမှ မသိတာ'

ပြီးတော့ တချို့က တီးတိုးပြောကြပြန်တယ်။

'အဘိုးကြီးက လူဆိုးတစ်ယောက်တော့မဟုတ်ပါဘူး။ ဒါပေမယ့် ကလေးတွေနဲ့ကျတော့ သူက သိပ်စည်းကမ်းကြီးတယ်၊ သိပ်ပြီး အာဏာရှင်ဆန်တယ်။ ဒီအရုပ်ကလေးကို သူနဲ့သာလွှတ်ပေးလိုက်ရင်တော့ အရေစုတ်အောင် ညှဥ်းဆဲတော့မှာ ကျိန်းသေပဲ'





ဒီလိုနဲ့ လူတွေက တစ်ယောက်တစ်ပေါက် ဝေဖန်ပြောဆိုကြတော့ ရဲသားက ဝင်လာပြီး ပီနိုချီယိုကလေးကို တစ်ယောက်တည်း လွှတ်ပေးလိုက်တယ်။ အဘ ဂက်ပက်တိုကိုတော့ ပြစ်မှုမကျူးလွန်ခင် ကြိုတင်ကာကွယ်တဲ့သဘောနဲ့ ထောင်ထဲသွင်းရမယ် ဆိုပြီး ဖမ်းဆီးလိုက်တော့တယ်။

အဲဒီအခါ အဘ ဂက်ပက်တိုခမျာ အံ့အားကြီးသင့်ပြီး ဘယ်လိုမှ ပြန်မပြောတတ်အောင် မှင်တက်မိသွားရှာတယ်။ သူ့ခမြာ ဝမ်းနည်းပက်လက်နဲ့ ကလေးငယ်တစ်ယောက်လို တရှုပ်ရှုပ်ငိုယိုရင်းနဲ့ ရဲသားနောက်ကို လိုက်သွားရရှာတယ်။

'မိဘကို ဒုက္ခပေးတဲ့ သားမိုက်ကလေး၊ ငါကတော့ ချစ်လွန်းအားကြီးလို့ ကြိုးစားပမ်းစား ထုလုပ်လိုက်ရတာ၊ နောက်ဆုံးတော့ ကိုယ်မွေးတဲ့မျောက် ကိုယ့်ပြန်ခြောက်နေပါရောလား။ အေးလေ၊ ဘယ်တတ်နိုင်ပါ့မလဲ၊ ငါ့ထိုက်နဲ့ ငါ့ကံ ဖြစ်လာတာပဲ၊ တကယ်တော့ တစ်နေ့မှာ ဒီလိုကြုံရလိမ့်မယ်ဆိုတာ ငါ့အနေနဲ့ ကြိုတင်သိခဲ့ဖို့ကောင်းတာ'

ဒီနောက်ပိုင်းမှာ ပေါ်ပေါက်လာတဲ့ ဖြစ်ရပ်တွေကတော့ ပြောမယုံကြုံမှသိရမယ့် ဖြစ်ရပ်တွေပါပဲ။ ပုံနားထောင်တဲ့ ကလေးတို့ရေ… အဲဒီအကြောင်းတွေကို သိချင်ရင် ဆက်ပြီးသာ နားထောင်ကြပေတော့။

## [၄]

# ပုရစ်ကလေးနှင့် တွေ့ဆုံခြင်း

ကလေးတို့ရေ...

သနားစရာကောင်းတဲ့ အဘ ဂက်ပက်တိုကို ရဲသားက အကျဉ်းထောင်ကို ခေါ်သွားတုန်းမှာ လူဆိုးကလေး ပီနိုချီယိုဟာ ကွင်းပြင်ကို ဖြတ်ပြီး အိမ်ကို မြန်နိုင်သမျှ မြန်မြန် ပြေးလာခဲ့သတဲ့။

သူဟာ အိမ်ကို အမြန်ရောက်ချင်ဇောကြောင့် ချောက်ကမ်းပါး အမြင့်ကြီးတွေ၊ ဆူးချုံတွေနဲ့ ရေမြောင်းတွေကို ကျော်ဖြတ်ပြီး ပြေးလာခဲ့ရတယ်။ သူ့အဖြစ်ကတော့ နောက်က မုဆိုးလိုက်ခံရတဲ့ ဆိတ်ကလေး တစ်ကောင်လို၊ ဒါမှမဟုတ် ယုန်ကလေးတစ်ကောင်လိုပါပဲ။

ဒီလိုနဲ့ အိမ်ကိုရောက်တော့ အိမ်တံခါးဟနေတာ တွေ့ရတယ်။ သူက တံခါးရွက်ကို တွန်းဖွင့်ပြီး အိမ်ထဲဝင်လာခဲ့တယ်။ ပြီးတော့ တံခါးကို လုံလုံခြုံခြုံ ပြန်ပိတ်ထားလိုက်တယ်။

အဲဒီနောက်တော့ ဝမ်းမြောက်ဝမ်းသာနဲ့ ကြမ်းပြင်ပေါ်မှာ ခြေပစ်လက်ပစ် ပစ်လှဲချလိုက်တယ်။





ဒါပေမယ့် သူ့ရဲ့ဝမ်းသာမှုဟာ တာရှည်မခံပါဘူး။ ဘာကြောင့်လဲဆိုတော့ အခန်းထဲ တစ်နေရာက ထူးဆန်းတဲ့အသံတစ်သံကို ကြားလိုက်ရလို့ပါပဲ။

'ကရီ ကရီ ကရီ ကရီ'

ဒီအသံကို ကြားလိုက်ရတော့ ပီနိုချီယိုက အလန့်တကြားနဲ့ 'ငါ့ကို ဘယ်သူခေါ်နေတာလဲကွ'လို့အော်ပြီး မေးလိုက်တယ်။

'ငါ ခေါ်နေတာကွ'လို့ အသံက ပြန်ပြောတယ်။

ဒါနဲ့ ပီနိုချီယိုက အသံလာရာဆီကို လှည့်ကြည့်လိုက်တော့ အခန်းနံရံပေါ်ကို ပုရစ်ကလေးတစ်ကောင် တွားတက်လာတာကို မြင်လိုက်ရတဲ့။

'ဟော့ ပုရစ်၊ မင်းသူလဲ'

'ငါက စကားပြောတတ်တဲ့ ပုရစ်ပါ၊ ငါ ဒီအခန်းထဲမှာ နေလာတာ နှစ်ပေါင်း တစ်ရာကျော်သွားပါပြီ'

'ဒါပေမယ့် အခု ဒီအခန်းကို ငါပိုင်တယ်၊ မင်း ဒီအခန်းထဲက ခုချက်ချင်း ထွက်သွားပါ၊ ငါ အမိန့်ပေးနေတယ်။ နောက်ကို လုံးဝ ပြန်လှည့်မကြည့်ဘဲနဲ့ ခုချက်ချင်းထွက်သွားပါ'

ဒီတော့ ပုရစ်ကလေးက ဘယ်လိုပြန်ပြောသလဲဆိုတော့ 'မင်း အမိန့်အတိုင်း ငါ ထွက်သွားပါ့မယ်၊ ဒါပေမယ့် ငါ ထွက်မသွားခင် အလွန်စိတ်မချမ်းသာစရာကောင်းတဲ့ အမှန်တရားတစ်ခုကိုတော့ မင်းကို ပြောခဲ့ပါရစေဦး'

ဒါဆို ပြော၊ မြန်မြန်ပြောစမ်းပါ'

'မိဘကိုပုန်ကန်ပြီး အိမ်ကထွက်ပြေးတဲ့ကလေးတွေဟာ နောက်ဆုံးမှာ ဒုက္ခဆင်းရဲနဲ့ ကြုံရတတ်တယ်၊ သူတို့ဟာ လူ့လောကမှာ ဘယ်တော့မှ စိတ်ချမ်းသာမှုမရနိုင်ဘူး၊ အနေးနဲ့အမြန် နောင်တကြီးစွာ ရကြလိမ့်မယ်'

'မင်းပြောချင်တာကို စိတ်ရှိလက်ရှိ ပြောချင်သလောက်သာ ပြောစမ်းပါ ပုရစ်ရာ၊ ငါကတော့ လုံးဝဂရုမစိုက်ပါဘူး။ ဘာဖြစ်

လို့လဲ သိလား၊ ငါက မနက်ဖြန် နေထွက်ချိန်မှာ ဒီနေရာက အပြီး အပိုင် ထွက်သွားတော့မယ်။ ငါ ဒီနေရာမှာဆက်နေရင် တခြားကလေး တွေလိုပဲ အတင်းကျောင်းပို့ခံရလိမ့်မယ်။ ငါ့ကို ကျောင်းပို့ပြီး စာသင် ခိုင်းလိမ့်မယ်။ ငါက ဘယ်တော့မှ စာမသင်ဘူးကွ။ စာသင်ရင် စိတ်ပင်ပန်းတယ်။ အဲဒီတော့ လိပ်ပြာကလေးတွေ ဖမ်းလိုက် သစ်ပင် ပေါ်တက်ပြီး ငှက်သိုက်တွေ နှိုက်လိုက်နဲ့ပဲ ငါတော့ ကိုယ့်ကိုယ်ကို ပျော်သလို နေသွားတော့မှာပဲ'

'အင်း မင်းတော့ တော်တော်ရူးသေးတာပဲ ပီနိုချီယို၊ တန်ဖိုးရှိတဲ့ အချိန်ကို အဲဒီလိုသာ မင်းဖြုန်းပစ်မယ်ဆိုရင်တော့ တစ်နေ့မှာ မင်း ဟာ လူစင်စစ်က မြည်းဖြစ်သွားတော့မှာ ကိန်းသေပဲကွ၊ အဲဒီတော့မှ မင်းကို လူတိုင်းက ကြည့်ပြီး သရော်ကြလိမ့်မယ် သိရဲ့လား'

'ဟော့... ပုရစ်စုတ်၊ မင်းပါးစပ်ပိတ်စမ်းကွာ'

ပီနိုချီယိုက အဲဒီလို ငေါက်လိုက်ပေမယ့် ပုရစ်ကလေးက စိတ် မဆိုးပါဘူး။ သူက အလွန်စိတ်ရှည်ပြီး အကျိုးသင့်အကြောင်းသင့် တွေးခေါ်စဉ်းစားတတ်တဲ့သူ ဖြစ်တယ်။ ဒါကြောင့် သူက အမူအရာ မပျက်ဘဲ ဆက်ပြောပြန်တယ်။

'မင်း ကျောင်းမတက်ချင်ဘူးဆိုရင် စီးပွားရေးလုပ်ငန်းတစ်ခုခုကို စွဲစွဲမြဲမြဲလုပ်ပါလား၊ အဲဒါဆိုရင် ရိုးရိုးသားသားနဲ့ ကိုယ့်ဝမ်းစာ ကိုယ်ရှာစားနိုင်တာပေါ့'

ပုရစ်ကလေးက အဲဒီလိုပြောလိုက်တော့ ပီနိုချီယိုဟာ စိတ်တို သွားပြီး...

'ဟော့...ပုရစ်ကောင်၊ မင်းကို ငါတစ်ခုပြောပြမယ်။ သေသေချာ ချာ နားထောင်၊ တစ်လောကလုံးမှာရှိတဲ့ စီးပွားရေးလုပ်ငန်းတွေထဲက ငါနဲ့အသင့်တော်ဆုံးလုပ်ငန်း တစ်ခုတည်းရှိတယ်ကွ'

'ဘယ်လို လုပ်ငန်းမျိုးပါလိမ့်'

'ဘာလုပ်ငန်းမှ မဟုတ်ဘူးကွ၊ ကောင်းကောင်းအိပ်မယ်၊ ကောင်း ကောင်းစားမယ်၊ နေထွက်က နေဝင်အထိ ကိုယ့်ကိုယ်ကို အတတ်နိုင် ဆုံး ပျော်ပျော်နေမယ်ဆိုတဲ့ အလုပ်ပဲ'





'ကောင်းပါပြီ၊ ဒါပေမယ့် မင်းသိအောင် ငါ တစ်ခုတော့ ပြော ချင်တယ်၊ တခြားမဟုတ်ပါဘူး။ အခု မင်းပြောတဲ့လုပ်ငန်းကို လုပ်တဲ့ လူတွေဟာ ဆေးရုံနဲ့ ထောင်ထဲမှာပဲ ဘဝဆုံးကြရတယ် ဆိုတာပါ'

'ဟော့...ပုရစ်စုတ် စကားကိုကောင်းကောင်းပြောစမ်းပါ၊ နိမိတ် မရှိ နမာမရှိ စကားတွေ မပြောစမ်းပါနဲ့၊ ငါ စိတ်ဆိုးလာရင် မင်း နာလိမ့်မယ် သိရဲ့လား'

''သြော်... ပီနိုချီယို ပီနိုချီယို၊ သိပ်ပြီး သနားစရာကောင်းတဲ့ အကောင်ပါလား၊ မင်းအစား ငါ စိတ်မကောင်းဖြစ်လိုက်ပါဘိတော့ တယ်'

'မင်းက ငါ့အတွက် ဘာဖြစ်လို့ စိတ်မကောင်းဖြစ်ရတာတဲ့လဲ'

'ဘာဖြစ်လို့လဲဆိုတော့ မင်းက ရုပ်သေးရုပ်ကလေးဖြစ်နေလို့ ပေါ့။ ပြီးတော့ အဆိုးဆုံးက မင်းရဲ့ခေါင်းက တခြားလူတွေရဲ့ခေါင်း နဲ့ မတူဘူး၊ သစ်သားနဲ့လုပ်ထားတဲ့ခေါင်း ဖြစ်နေတာ မင်းအတွက် ကံအဆိုးဆုံးပဲ'

ပုရစ်ကလေးက အဲဒီလိုလဲပြောလိုက်ရော ပီနိုချီယိုက အနားပေါ် တုတ်ကျသလို ရှူးရှူးရှဲရှဲနဲ့ အကြီးအကျယ်စိတ်ဆိုးသွားတယ်။ ဒါနဲ့ ခုံတန်းပေါ်က တင်းပုတ် ကောက်ပြီးတော့ ပုရစ်ကလေးကို တအား ပစ်ပေါက်လိုက်တော့တယ်။

တကယ်တော့ သူဟာ ပုရစ်ကလေးကို နာကျင်စေချင်တဲ့ဆန္ဒနဲ့ ပစ်ပေါက်လိုက်တာ မဟုတ်ပါဘူး။ ရုတ်တရက် ဒေါသထွက်ပြီး ကြမ်းကြမ်းကြုံကြုံ လုပ်လိုက်မိတာပါ။

ဒါပေမယ့် ကံဆိုးချင်တော့ သူပစ်ပေါက်လိုက်တဲ့ တင်းပုတ်ဟာ ပုရစ်ကလေးရဲ့ ဦးခေါင်းကို တည့်တည့်ကြီး ထိမှန်သွားတယ်။

ဒါကြောင့် ပုရစ်ကလေးခမျာ 'ကရိကရိ'ဆိုပြီး တစ်ခွန်း နှစ်ခွန်း မျှသာ ညည်းနိုင်ခဲ့ပြီး နံရံပေါ်မှာ ပိကပ်ရင်း အသက်ထွက်သွားပါ တော့တယ်။

[၅]

## ကြက်ဥထဲမှ ကြက်ကလေး ပျံထွက်သွားခြင်း

အချိန်က တဖြည်းဖြည်းနဲ့ မှောင်စပျိုးလာတယ်။ ဒီတော့မှ သူ့မှာ ညစာအတွက် စားစရာ ဘာမှမရှိတာကို ပီနိချီယိုကလေး သတိပြုမိတော့တယ်။ ဗိုက်ဆာလွန်းတဲ့အတွက် ဗိုက်ထဲက တဂျုတ်ဂျုတ်မြည်ပြီး နေမထိထိုင်မသာ ဖြစ်လာတယ်။

သဘာဝအားဖြင့် ကလေးတွေဟာ အစာကြေလွယ်ကြတယ်။ ဒါကြောင့် ပီနိချီယိုလည်း မခံမရပ်နိုင်အောင် ဗိုက်ဆာလာတယ်။ ဘယ်လောက်တောင် ဆာသလဲဆိုတော့ တခြား ဘာမှ စားစရာမရှိရင် သံမှိုချောင်းကလေးတွေကိုတောင် ဝါးစားမိမလောက်အောင်ပါပဲ။

ဒါနဲ့ သူဟာ ရေနွေးအိုး ဆူပွက်နေတဲ့ မီးဖိုထဲကို အပြေးကလေး ဝင်လာခဲ့တယ်။ ရေနွေးအိုးထဲမှာ ဘာရှိသလဲဆိုတာသိရအောင် အဖုံး





ကို ဖွင့်မလို့ လက်လှမ်းလိုက်တော့မှ ရေနွေးအိုးဟာ တကယ့်ရေနွေးအိုးမဟုတ်ဘဲ နံရံပေါ်မှာ ပန်းချီဆွဲထားတဲ့ ရေနွေးအိုး ဖြစ်နေကြောင်း သိရတော့တယ်။

သူ ဘယ့်ကလောက် စိတ်ဓာတ်ကျသွားလိမ့်မလဲဆိုတာ တွေးလို့သာ ကြည့်ကြပေတော့။ စိတ်ဓာတ်ကျလွန်းလို့ နဂိုက အရှည်ကြီးဖြစ်နေတဲ့ သူ့နှာခေါင်းတောင် လက်မပေါင်းများစွာ ရှည်ထွက်လာခဲ့သတဲ့။

ပီနိချီယိုဟာ အခန်းထဲလျှောက်ပြေးရင်း စားစရာတစ်ခုခုများ တွေ့မလားဆိုပြီး ဟိုဟိုဒီဒီလိုက်ရှာတယ်။ တွေ့သမျှ အိုးခွက်ပန်းကန်တွေကို လိုက်ကြည့်တယ်။ ကြောင်အိမ်ကို ဖွင့်ကြည့်တယ်။ ဒါပေမယ့် စားကြွင်းစားကျန်ဆိုလို့ ပေါင်မုန့်ကလေးတစ်ဖဲ့ အရိုးကလေးတစ်ချောင်းတောင်မှ မတွေ့ဘူးတဲ့။

အဲဒီအချိန်မှာ ဗိုက်ကလည်း ဆာသည်ထက် ဆာလာတယ်။ ဆာပေမယ့် ဘာမှ စားစရာမရှိတော့ ဘာမှ မတတ်နိုင်ရှာဘူးပေါ့။ ဒါနဲ့ အဆာလွန်ပြီး သမ်းဝေလာတယ်။ ဘယ်လောက်တောင် သမ်းဝေလာသလဲဆိုတော့ သမ်းဝေလွန်းလို့ သူ့ပါးစပ်ဟာ နားထင်ရောက်အောင်အထိ ကျယ်သွားသတဲ့။

နောက်ဆုံးတော့ ကြံရာမရဖြစ်ပြီး စိတ်ညစ်ညစ်နဲ့ ငိုပဲငိုနေမိတော့သတဲ့။

'တကယ်တော့ ပုရစ်ကလေးပြောလိုက်တာ သိပ်မှန်တာပဲ၊ ငါဟာ အမေကိုအာခံပြီး ထွက်ပြေးလာခဲ့တာ သိပ်မှားသွားပြီ။ ခုနေခါ အဖေသာရှိနေရင် ငါဒီလိုဒုက္ခရောက်မှမဟုတ်ဘူး။ သြော်... ဗိုက်ဆာတာဟာ သိပ်ပြီးအခံရခက်တဲ့ ရောဂါတစ်မျိုးပါကလား'

အဲဒီအချိန်မှာ သူဟာ စားကြွင်းစားကျန်တွေ စွန့်ပစ်ထားတဲ့ အမှိုက်ပုံထဲမှာ ဖြူဖြူဝိုင်းဝိုင်းအရာတစ်ခုကို ရုတ်တရက်မြင်လိုက်တယ်။ ဒါနဲ့ ကမန်းကတန်းပြေးသွားပြီး ကောက်ယူလိုက်တော့ အဲဒီအရာဟာ ကြက်ဥတစ်လုံးဖြစ်နေတာ တွေ့ရတယ်။

သူဘယ်လောက်အထိ ဝမ်းသာသွားမလဲဆိုတာ တွေးလို့သာ ကြည့်ကြပေတော့။

သူဟာ ကြက်ဥကို ကိုင်ထားရင်းက ကြက်ဥမှ တကယ်ဟုတ်ပါ ရဲ့လား၊ ငါ အိပ်မက်များ မက်နေတာလားဆိုပြီး ကြက်ဥကို လက်ပေါ် တင်ပြီး အပြန်အလှန် ပွတ်သပ်ကြည့်နေမိတယ်။ ပြီးတော့ ကြက်ဥကို တယုတယ နမ်းရှုပ်ရင်း သူ့ကိုယ်သူ ပြောနေမိတယ်။

'ကြက်ဥတော့ရပြီ၊ ဘယ်လိုလုပ်ရ ကောင်းမလဲ၊ ကြော်စားရင် ကောင်းလိမ့်မယ်။ ဟင့်အင်း၊ မဟုတ်သေးဘူး။ ပြုတ်ချက် လုပ်စား တာက ပိုပြီးမြန်လိမ့်မယ်၊ ငါ ဆာလှပြီ၊ မစောင့်နိုင်တော့ဘူး'

ဒါနဲ့ သူက အချိန်မဆိုင်းတော့ဘဲ ဒယ်အိုးတစ်လုံးကိုယူပြီး မီးသွေးမီးဖိုပေါ် တင်လိုက်တယ်။ ဆီနဲ့ ထောပတ်အစား ဒယ်အိုးထဲ ရေလောင်းထည့်လိုက်တယ်။ ခဏကြာတော့ ရေဆူပွက်လာတယ်။ အဲဒီအခါ ကြက်ဥကို တောက်ခနဲ ဖောက်ခွဲပြီး ဒယ်အိုးထဲ လောင်း ထည့်မလို့ လုပ်လိုက်တော့ ကြက်ဥထဲက အရည်ကြည်နဲ့ အဝါနှစ်တွေ ထွက်မလာဘဲ ကြက်ပေါက်ကလေး တစ်ကောင်သာ ပျံထွက်လာတယ်။ ကြက်ကလေးဟာ ပီနိုချိုယိုကို လေးလေးစားစားနဲ့ ဦးညွှတ် အရိုအသေ ပြုလိုက်ပြီးတော့ ...

'အခု ကျွန်တော်ကိုယ်တိုင်ဒုက္ခမခံရဘဲ ဥခွံထဲကထုတ်ပြီး မွေးဖွား ပေးလိုက်တဲ့အတွက် အများကြီးကျေးဇူးတင်ပါတယ် မစ္စတာပီနိုချိုယို၊ ကဲ ... ကျွန်တော့်ကိုသွားခွင့်ပြုပါဦး၊ အရာရာမှာ သတိတရား လက် ကိုင်ထားပါ မစ္စတာပီနိုချိုယို'

အဲဒီလိုပြောပြီးတော့ ကြက်ကလေးဟာ အတောင်ကလေးနှစ်ဖက် ဖြန့်ပြီး ပြတင်းပေါက်က ပျံထွက်သွားတဲ့အတွက် မကြာခင်မှာပဲ မြင်ကွင်းက ပျောက်ကွယ်သွားတယ်။

ပီနိုချိုယိုမှာတော့ ပါးစပ်ဟောင်းလောင်း၊ မျက်လုံးအပြူးသားနဲ့ ကြက်ဥခွံ အစအနကလေးတွေကို လက်ထဲမှာကိုင်ရင်း အံ့အားသင့် ကျန်ရစ်တာပေါ့။





ခဏကြာတော့ သူ သတိပြန်ဝင်လာပြီး ဝမ်းနည်းပက်လက်နဲ့ အော်ပြီး ငိုရှာတယ်။

'ငါ့ကို ပုရစ်ကလေးပြောလိုက်တာ တကယ်မှန်တာပဲ၊ ငါသာ အိမ်က ထွက်မပြေးဘဲ အဖေနဲ့အတူတူနေခဲ့ရင် အခုလို ထမင်းငတ်မှာ မဟုတ်ဘူး။ သြော် ... ဗိုက်ဆာတာဟာ သိပ်ပြီး ကြောက်စရာကောင်း တဲ့ ရောဂါတစ်မျိုးပါကလား'

ဒီလိုနဲ့ ဗိုက်ကလည်း ဆာသည်ထက် ဆာလာ၊ စားစရာကလည်း ဘာတစ်ခုမှ ရှာမရတဲ့အဆုံး ပီနိုချိုယိုကလေးဟာ သူ့ကို စားစရာ တစ်ခုခုကျွေးမယ့် စေတနာရှင်တစ်ယောက်ယောက် တွေ့လိုတွေ့ငြား သဘောနဲ့ ရွာဘက်ကို လျှောက်လာခဲ့သတဲ့။

ဆာတ်တုန်နေတယ်။ ဒါပေမယ့် ဆာလောင်တဲ့စိတ်က ကြောက်စိတ်ထက် ပြင်းပြနေတယ်။

ဒါကြောင့် ရွာဝင်ဂိတ်တံခါးကို အတင်းဖွင့်ပြီး ရွာထဲကို သုတ်ခြေတင် ပြေးဝင်လာခဲ့တယ်။ ရွာထဲရောက်တော့ သူဟာ မုဆိုးခွေး အလိုက်ခံရတဲ့ သားကောင်လို မောလွန်းလို့ လျှာထွက်နေရှာတယ်။

သူရောက်သွားတဲ့အချိန်မှာ တစ်ရွာလုံး မှောင်မည်းပြီး တိတ်ဆိတ်နေတယ်။ ဈေးဆိုင်နဲ့ အိမ်တံခါးတွေ ပိတ်ထားကြတယ်။ လမ်းပေါ်မှာလည်း ခွေးလေခွေးလွင့် တစ်ကောင်တလေတောင် မတွေ့ရဘူး။ တစ်ရွာလုံးဟာ သင်္ချိုင်းမြေလို လုံးဝငြိမ်သက်တိတ်ဆိတ်နေတယ်။

ဒါပေမယ့် ပီနိုချီယိုဟာ ဆာလောင်တဲ့စိတ်နဲ့ ကြောက်စိတ်ကြောင့် ဘာကိုမှ ဂရုမစိုက်မတော့ဘဲ အိမ်တစ်ဆောင်ရဲ့တံခါးဝက ခေါင်းလောင်းကြိုးကို ကမန်းကတန်း ဆွဲလှုပ်လိုက်တယ်။

မါးစပ်ကလည်း 'တစ်ယောက်ယောက်တော့ ထွက်လာကောင်းပါရဲ့'လို့ ပြောလိုက်တယ်။

တကယ်ပဲ ပြတင်းတံခါး ရုတ်တရက်ပွင့်လာပြီး အဘိုးကြီးတစ်ယောက် ခေါင်းပြူပြီးကြည့်တယ်။ အဘိုးကြီးရဲ့ ခေါင်းပေါ်မှာတော့ ညဆောင်း ကက်ဦးထုပ်ကလေး ဆောင်းထားတယ်။

အဘိုးကြီးက ပီနိုချီယိုကိုမြင်တော့ စိတ်တိုသံနဲ့…

'ညသန်းခေါင် မင်းက ဘာလာလုပ်ရတာလဲ' လို့ မေးလိုက်တယ်။

ဒီအခါ ပီနိုချီယိုက…

'ကျွန်တော် ဗိုက်ဆာလွန်းလို့ပါခင်ဗျာ၊ ကျွန်တော့်ကို စားစရာတစ်ခုခုလောက် ကျွေးပါခင်ဗျာ'

'ဒါဆို စောင့်နေဦး၊ ငါ ခုပြန်လာခဲ့မယ်'



[၆]

## ခြေထောက် မီးလောင်ခံရခြင်း

အသည်းနိုက်အောင် ချမ်းလှတဲ့ ညအချိန်၊ မိုးခြိမ်းသံတွေက ဂျိုးဂျိုးဂျိမ့်ဂျိမ့်၊ လျှပ်စီးတွေကလည်း တလက်လက်နဲ့၊ ကောင်းကင်တစ်ပြင်လုံး မီးစွဲလောင်နေသလား ထင်ရတယ်။ ဒီကြားထဲ လေကလည်း တဟူးဟူးအသံကြီးမြည်ပြီး တိုက်လိုက်တာ မပြောပါနဲ့တော့။ လေကြမ်းနဲ့အတူ ဖုန်တွေကလည်း အလိပ်လိုက်တက်လာကြတယ်။ သစ်ပင်တွေဟာ ဘယ်ယိမ်း ညာလူးပြီး အသည်းအသန် ဝေဒနာခံစားနေရတဲ့ လူနာလို အော်ညည်းနေကြတယ်။

ပီနိုချီယိုဟာ လျှပ်စီးတလက်လက်နဲ့ မိုးခြိမ်းသံတွေ အဆက်မပြတ် ပေါ်ထွက်လာတာကို ကြောက်လွန်းလို့ တစ်ကိုယ်လုံး တဆတ်

အဘိုးကြီးက အဲဒီလိုပြောပြီး အိမ်ထဲပြန်ဝင်သွားတယ်။ သူ့စိတ် ထဲမှာတော့ အခုလို အချိန်မတော် ညကြီးမင်းကြီးမှာ တံခါး ခေါင်း လောင်းတီးပြီး အိပ်ပျော်နေတဲ့လူတွေကို လာနှောင့်ယှက်တဲ့ လူမိုက် ကလေးကို မှတ်လောက်သားလောက်အောင် တစ်ခုခုတော့ လုပ်လိုက်မှ ပဲလို့ စိတ်ကူးမိတယ်။

ဒါနဲ့ နောက် ခဏတော့ ပြတင်းပေါက် ပြန်ပွင့်လာပြီး စကားပြောသံ ပေါ်ထွက်လာတယ်။

'ကဲ... လာ၊ ဒီပြတင်းပေါက်တည့်တည့်မှာ လာရပ်ပြီးတော့ မင်းဦးထုပ်ကို ခံထား'

ပီနိချိုယိုက ဘယ်တော့မှ ဦးထုပ်မဆောင်းတော့ ပြတင်းပေါက် တည့်တည့်မှာ သွားပြီး ဒီအတိုင်းပဲ ရပ်လိုက်တယ်။

အဲဒီအခါမှာ အပေါ်က ရောမ ရေကရားကြီးတစ်လုံးကို သွန်ချ လိုက်တော့ သူ့တစ်ကိုယ်လုံးရွှဲရွှဲစိုပြီး ကြွက်စုတ်ကလေးလို ဖြစ်သွား တော့တယ်။

ဒီနောက်တော့ သူဟာ ဆာလောင်မောပန်းလှစွာနဲ့ အိမ်ကို ပြန်လာခဲ့တယ်။ အိမ်ရောက်တော့ သူ့ခမျာ ခြေကုန်လက်ပန်းကျပြီး ရပ်တောင် ကောင်းကောင်းမရပ်နိုင်သလို ဖြစ်နေရှာတယ်။ ဒါနဲ့ ကြမ်းပြင်ပေါ် ခြေပစ်လက်ပစ် ထိုင်ချလိုက်တယ်။ ပြီးတော့ ရေစိုပြီး ရွှံ့တွေပေကျံနေတဲ့ ခြေထောက်ကို မီးလင်းဖိုမှာ မီးကင်တယ်။

ခဏကြာတော့ မောမောပန်းပန်းနဲ့ မှေးခနဲအိပ်ပျော်သွားတယ်။ သူအိပ်ပျော်နေတဲ့အချိန်မှာ သူ့ရဲ့ သစ်သားခြေထောက်တွေကို မီးစွဲ လောင်ပြီး တဖြည်းဖြည်းနဲ့ ပြာကျသွားတယ်။

ဒါပေမယ့် ပီနိချိုယိုကတော့ တခေါခေါနဲ့ အိပ်မောကျနေတုန်းပဲ။ သူ့ခြေထောက်တွေ မီးလောင်ကုန်တာကို လုံးဝမသိဘူး။ နောက်ဆုံး မိုးလင်းတော့ တစ်စုံတစ်ယောက်က တံခါးခေါက်သံကြောင့် သူ လန့်နိုးလာတယ်။

'ဘယ်သူလဲ'





သူက သမ်းဝေရင်း မျက်လုံးတွေ ပွတ်သပ်ပြီး အော်မေးလိုက် တယ်။

'ငါပါကွယ့်'

အပြင်က အသံက ပြန်ပြောတယ်။

တကယ်တော့ ဒီအသံကဟာ အဘ ဂက်ပက်တိုရဲ့ အသံပါပဲ။

## [၇]

## ဖခင်က နံနက်စာကျွေးခြင်း

ပီနိုချီယိုရဲ့ မျက်လုံးတွေက လုံးဝ မဖွင့်သေးဘူး။ တစ်ဝက်ပိတ်နေတုန်းပဲ ရှိသေးတယ်။ သူ့ခြေထောက်တွေ မီးလောင်ပြီး ပြာဖြစ်ကုန်ပြီဆိုတာလည်း လုံးဝမသိသေးဘူး။

သူဟာ သူ့အဖေရဲ့ အသံကို ရုတ်တရက် ကြားလိုက်ရတော့ တံခါးကို ပြေးဖွင့်မယ်လို့ ထိုင်ခုံပေါ်က ကမန်းကတန်း ထလိုက်တယ်။ အဲဒီအချိန်မှာ သူဟာ ကယိုင်ကပါးဖြစ်သွားပြီး ကြမ်းပြင်ပေါ်မှာ အရုပ်ကြိုးပြတ် ပုံလျက်သား လဲကျသွားရှာတော့တယ်။ သူလဲကျတဲ့ အသံကလည်း သစ်သားဖွန်းတစ်ထုပ်ကို ငါးထပ်တိုက်ပေါ်က ပစ်ချလိုက်တဲ့ အသံမျိုးလိုပဲ။





'တံခါးဖွင့်စမ်းပါဟေ့'

အဘ ဂက်ပက်တိုက အော်ပြောလိုက်တယ်။

'ကျွန်တော် ဖွင့်လို့မရလို့ပါ ဖေဖေ'

ပီနိုချီယိုက ကြမ်းပြင်ပေါ်မှာ လူးလိမ့်ရင်း မျက်ရည်စက်လက်နဲ့ ပြန်ပြောလိုက်တယ်။

'ဘာဖြစ်လို့ မဖွင့်နိုင်တာလဲ'

'ကျွန်တော့်ခြေထောက်တွေကို တစ်ယောက်ယောက် ကိုက်စားသွားလို့ပါ'

'ဘယ်သူ ကိုက်စားသွားတာလဲ'

အဲဒီအချိန်မှာ ပီနိုချီယိုဟာ ကြောင်ကလေးတစ်ကောင် ရွှေဘော်စာတွေနဲ့ ကစားနေတာ မြင်လိုက်တာနဲ့ . . .

'ကြောင်စားသွားတယ် ဖေဖေ'

'ဟေ့ တံခါးဖွင့်စမ်းပါ' အဘ ဂက်ပက်တိုက ထပ်ပြောလိုက်ပြန်တယ်။ 'မင်းမဖွင့်ရင် ငါဖွင့်ဝင်ပြီး မင်းကို ကျာပွတ်နဲ့ ရိုက်ရလိမ့်မယ်'

'ကျွန်တော် တကယ်ပြောတာ ဖေဖေ၊ ကျွန်တော် ဘယ်လိုမှ မထနိုင်လို့ပါ၊ ဒီအတိုင်းဆိုရင် ကျွန်တော်တော့ တစ်သက်လုံး ဒူးဆစ်နဲ့ ဆောက်ပြီး လမ်းလျှောက်နေရတော့မှာပဲ'

ပီနိုချီယိုရဲ့စကားကို ကြားရတော့ အဘ ဂက်ပက်တိုက ဒီကောင်လေး တမင်သက်သက် ပရိယာယ်သုံးပြီး ညာပြောတာပဲဆိုပြီး အပြတ်ရှင်းဖို့ ဆုံးဖြတ်လိုက်တယ်။ ဒါနဲ့ သူဟာ နံရံပေါ် ချိတ်တက်ပြီး ပြတင်းပေါက်ကို ဖွင့်ဝင်တယ်။

ပထမတော့ သူ အလွန်ဒေါသထွက်မိတယ်။ ဒါပေမယ့် သူ့သားကလေး ခြေထောက်မရှိဘဲ ကြမ်းပြင်ပေါ်လဲနေတာ မြင်လိုက်ရတော့မှ အဖြစ်မှန်သိရပြီး ဒေါသစိတ်တွေ ပြေပျောက်သွားတော့တယ်။

အဘ ဂက်ပက်တိုဟာ ပီနိုချီယိုကလေးကို တယုတယပွေ့ဖက်နမ်းရှုပ်နေမိတယ်။ သူ့ပါးပြင်ပေါ်မှာ မျက်ရည်ဖြိုင်ဖြိုင်ကျလာတယ်။ သူက ဝမ်းနည်းပက်လက်နဲ့ တရှုပ်ရှုပ်ငိုယိုရှာတယ်။

'အဖြစ်ဆိုးလှချည်လား သားလေးရယ်၊ ဒီခြေထောက်တွေက ဘယ်လိုဖြစ်ပြီး မီးလောင်ကုန်ရတာလဲ သားရယ်' လို့ သူက မေးတော့ ပီနိုချီယိုက သူ့အဖြစ်ကို စီကာပတ်ကုံး ပြန်ပြီးပြောပြတယ်။

'ဘယ်လိုဖြစ်တယ်ဆိုတာ ကျွန်တော်လည်း အတိအကျတော့ မပြောတတ်တော့ဘူး ဖေဖေ၊ ဒါပေမယ့် အဲဒီညဟာ တော်တော်ကြောက်စရာကောင်းတဲ့ညဆိုတာတော့ ကောင်းကောင်းမှတ်မိတယ်။ အဲဒီညကို ကျွန်တော် တစ်သက်လုံး မေ့လို့ရမှာ မဟုတ်တော့ပါဘူး။ ဗိုက်ဆာလိုက်တာလည်း သေလုမတတ်ပဲ။ လူစကားပြောတဲ့ ပုရစ်ကလေးက 'မင်းဟာ မိဘစကားနားမထောင်တဲ့ လူမိုက်ကလေး၊ မင်းထိုက်နဲ့မင်းကံ ခံသာခံပေတော့'လို့ ပြောတော့ ကျွန်တော်က 'ဟေ့ ပုရစ်စုတ် စကားကို ဆင်ခြင်ပြောစမ်းပါ'လို့ ပြန်ပြောလိုက်တယ်။ ဒီတော့ သူက 'မင်းက သစ်သားဦးခေါင်းနဲ့ ရုပ်သေးရုပ်ကလေးပါကွာ'လို့ ပြောတယ်။

'ဒါနဲ့ ကျွန်တော်က ရုတ်တရက် စိတ်ပေါက်သွားပြီး သူ့ကို တင်းပုတ်နဲ့ ပစ်ရိုက်လိုက်တယ်။ သူ ပွဲချင်းပြီး သေသွားရှာတယ်။ ဒီလိုဖြစ်ရတာ သူ့အပြစ်ကြောင့်ပါ။ ကျွန်တော်က သူ့ကို သေစေချင်တဲ့စိတ် မရှိပါဘူး။ အဲဒီနောက်တော့ ကျွန်တော် မီးဖိုထဲဝင်သွားပြီး ဒယ်အိုးကို မီးဖိုပေါ်မှာတင်လိုက်တယ်။ ပြီးတော့ ကြက်ဥကို ဖောက်လိုက်တော့ ကြက်ကလေးတစ်ကောင် ထွက်လာပြီး 'အစစအရာရာ သတိထားပါ ပီနိုချီယို'လို့ ပြောပြီး ပျံထွက်သွားတယ်။ အဲဒီနောက် ကျွန်တော် ရွာထဲပြန်ဝင်လာတော့ အိမ်တစ်ဆောင်ရဲ့ ပြတင်းပေါက် ပွင့်လာပြီး ကက်ဦးထုပ်ဆောင်းထားတဲ့ အဘိုးကြီးတစ်ယောက် ခေါင်းပြူကြည့်တယ်။

'သူက 'ဒီပြတင်းပေါက်တည့်တည့် လာရပ်ပြီး ဦးထုပ်ခံထားပါ' လို့ ပြောပြီး အပေါ်က ရေတွေလောင်းချလိုက်တော့ တစ်ကိုယ်လုံး ရေတွေ ရွှဲရွှဲစိုကုန်တယ်။ ဒါနဲ့ ကျွန်တော် အိမ်ကို ပြန်ပြေးလာခဲ့တယ်။ ရေစိုနေတဲ့ ခြေထောက်တွေကို မီးကင်တယ်၊ အဲဒီနောက် ဖေဖေ





ရောက်လာတာပဲ။ ကျွန်တော့်ကိုယ်ကို ပြန်ကြည့်လိုက်တော့ ခြေထောက်တွေ အကုန်လုံး မီးလောင်ကုန်ပြီ။ အမယ်လေး ဆာလိုက်တာ ဖေဖေ၊ ကျွန်တော် သေတော့မယ် ထင်ပါရဲ့။ ခြေထောက်တွေလည်း မရှိတော့ဘူး၊ အဟီး...ဟီး...ဟီး'

ပီနိုချီယိုကလေးဟာ အဲဒီလိုပြောပြီး အော်ငိုလိုက်တာ သူ့အသံ ကို အဝေးကြီးကတောင် ကြားရလောက်တယ်။

ပီနိုချီယိုက စကားတွေ ဖောင်လောက်အောင်ပြောပေမယ့် အဘဂက်ပက်တိုကတော့ အဓိကအချက် တစ်ချက်တည်းကိုပဲ နားလည်တယ်။ အဲဒါကတော့ ပီနိုချီယိုဟာ တစ်ခုခုမစားရရင်တော့ သေတော့မလောက် ဖြစ်နေပြီ ဆိုတာပါပဲ။ ဒါနဲ့ အဘ ဂက်ပက်တိုဟာ အင်္ကျီအိတ်ထဲက သစ်တော်သီးသုံးလုံး ထုတ်ယူပြီး ပီနိုချီယိုကို ပေးလိုက်တယ်။

'ဒီသစ်တော်သီး သုံးလုံးဟာ ငါ့အတွက် မနက်စာပဲ။ ဒါပေမယ့် ငါမစားတော့ဘူး၊ သားပဲစားပါတော့။ အဲဒါဆိုရင် သား စိတ်ချမ်းသာသွားလိမ့်မယ်'

'ကျွန်တော် စားစေချင်ရင် အခွံနွှာပေးပါလား ဖေဖေ'

'ဟင်... အခွံနွှာပေးရမယ် ဟုတ်လား' အဘ ဂက်ပက်တိုက အံ့အားသင့်ပြီး အော်ပြောလိုက်တယ်။ 'မင်းဟာ တော်တော်အပျင်းကြီးတဲ့ ကလေးပါလား ပီနိုချီယို၊ မင်းဟာ ဒီလိုအကျင့်မျိုးရှိလိမ့်မယ်လို့ ငါ ဘယ်တုန်းကမှ မတွေးမိပါဘူး။ အင်း ဒါ တော်တော်ဆိုးတဲ့ အဖြစ်ပဲ။ လူဆိုတာ ကလေးအရွယ်ကစပြီး ကိုယ့်ရှေ့ရောက်လာတဲ့ အစားအစာကို ကိုယ်တိုင်စားတတ်ရမယ်။ ဘာဖြစ်လို့လည်းဆိုရင် နောက်ပိုင်းမှာ ဘာတွေဖြစ်လာမယ်ဆိုတာ ဘယ်သူမှ ကြိုတင်သိတာ မဟုတ်ဘူး။ ဒီလောကကြီးက သိပ်ပြီးဆန်းကြယ်တာ'

'ရပါတယ် အဖေရာ၊ ကျွန်တော်က ဘယ်အသီးပဲဖြစ်ဖြစ် အခွံပါရင် ဘယ်တော့မှမစားဘူး၊ အခွံကို မစားနိုင်လို့ပါ'

ဒါနဲ့ အဘ ဂက်ပက်တိုဟာ သူ့အိတ်ထဲက မောင်းချွားကလေး ထုတ်ပြီး သစ်တော်သီးတွေကို အခွံနွှာတယ်။ နွှာပြီးတော့ စားပွဲပေါ်မှာ တင်ထားလိုက်တယ်။

ပီနိုချီယိုဟာ အခွံနွှာပြီးသား သစ်တော်သီးတစ်လုံး ကောက်ယူပြီး နှစ်ကိုက် ကိုက်လိုက်တယ်။ ပြီးတော့ အူတိုင်ကို လွှင့်ပစ်မယ်လို့ လုပ်တော့ အဘ ဂက်ပက်တိုက ကမန်းကတန်း တားလိုက်ပြီး...

'ဟေ့... အူတိုင်ကို လွှင့်မပစ်နဲ့၊ တစ်နေ့ကျတော့ အသုံးဝင်ချင် ဝင်ဦးမှာ'လို့ ပြောလိုက်တယ်။

ဒီအခါ ပီနိုချီယိုက စိတ်ဆိုးမာန်ဆိုးနဲ့ လှည့်ကြည့်ပြီး...

'ဘာလဲ၊ အဖေက ကျွန်တော့်ကို အူတိုင်စားတဲ့အကောင်စား မှတ်လို့လား'

'စားသင့် စားရမှာပေါ့ သားရယ်၊ ဒီလောကကြီးက သိပ်ပြီး ဆန်းကြယ်တာကွယ့်။ တစ်နေ့ ဘာတွေဖြစ်လာမယ်ဆိုတာ ဘယ်သူမှ သိတာမဟုတ်ဘူး'

ဒီလိုနဲ့ သစ်တော်သီးအူတိုင် သုံးခုကို လွှင့်မပစ်ဘဲနဲ့ စောစောက နွှာထားတဲ့ အခွံပုံထဲ ရောပြီး စားပွဲပေါ်မှာ တင်ထားလိုက်တယ်။

ပီနိုချီယိုဟာ သစ်တော်သီးသုံးလုံးကုန်အောင် အငမ်းမရစားပြီးတဲ့နောက် လက်နှစ်ဖက်ကို ဆန့်ပြီး သမ်းဝေလိုက်တယ်၊ ပြီးတော့...

'ကျွန်တော် မဝသေးဘူး၊ ဆာနေသေးတယ် ဖေဖေ'လို့ ပြောလိုက်တယ်။

'ဆာပေမယ့် ငါ့မှာ ပေးစရာမရှိတော့ဘူး သားရယ်'

'တကယ် ဘာမှမရှိတော့ဘူးလား'

'အဲဒီအခွံတွေနဲ့ အူတိုင်တွေတော့ ရှိသေးတယ်'

'ဒါဆိုလည်း ဖြစ်ပါတယ်၊ တခြားဘာမှမရှိတော့ရင် ဒီအခွံကလေးတစ်ခုတော့ စားကြည့်မယ်'





ဒါနဲ့ သူက အခွံတစ်ခုယူပြီး တစ်ကိုက်စားကြည့်လိုက်တယ်။ ပထမတော့ မျက်နှာရှုံ့မဲ့သွားတယ်။ ပြီးတော့ နောက်တစ်ကိုက် ထပ်စားကြည့်တယ်။ ဒီလိုနဲ့ တစ်ကိုက်ပြီးတစ်ကိုက်စားရင်းနဲ့ နောက်ဆုံးတော့ အခွံတွေအားလုံး ကုန်တဲ့အပြင် အူတိုင်တွေကိုပါ တစ်ခုမကျန် စားပစ်လိုက်တော့တယ်။

ဒီနောက်မှာ သူဟာ သူ့ဝမ်းဗိုက်ကိုသူ လက်နဲ့ပွတ်ပြီး ပြောလိုက်တယ်။

'အင်း အခုမှပဲ အဆာပြေသွားတော့တယ်'

ဒီအခါ အဘ ဂက်ပက်တိုက...

'ဒါကြောင့်မို့ အစားအသောက်နဲ့ပတ်သက်ပြီး ဇီဇာမကြောင်ရဘူးလို့ ငါပြောခဲ့တာပေါ့၊ နောက်ပိုင်းမှာ ဘာတွေဖြစ်လာမယ်ဆိုတာ ဘယ်သူမှမသိဘူး။ ဒီလောကကြီးက သိပ်ပြီး ဆန်းကြယ် ရှုပ်ထွေးတာ သားရဲ့'လို့ ပြောလိုက်တယ်။

[၈]

# ခြေထောက်သစ် ပြန်တပ်ခြင်း

ရုပ်သေးရုပ်ကလေး ပီနိုချီယိုဟာ ဝမ်းဆာပြေသွားပြီးတဲ့နောက် ခြေထောက်သစ်လိုချင်တာကြောင့် တဗျစ်တောက်တောက်နဲ့ ညည်းညည်းညူညူ လုပ်လာပြန်တယ်။

အဘ ဂက်ပက်တိုဟာ သူ့ကိုသူလုပ်ခဲ့တဲ့အပြစ်အတွက် မှတ်လောက်သားလောက်အောင် ဒဏ်ခတ်ချင်တာကြောင့် ပီနိုချီယို အော်ညည်းနေတာကို ဒီအတိုင်းပဲ နေ့တစ်ဝက်လောက် ကြည့်နေလိုက်တယ်။

နောက်တော့မှ သူက ပြောတယ်။

'မင်းကို ငါ ခြေထောက်အသစ်တပ်ပေးလို့မဖြစ်ဘူး၊ ခြေထောက်အသစ်ရရင် မင်းက အရင်လိုပဲ ထွက်ပြေးနေဦးမယ်'

အဲဒီလိုပြောလိုက်တော့ ပီနိုချီယိုကလေးက မျက်ရည်စမ်းစမ်းနဲ့ တောင်းပန်ရှာတယ်။





'ဒီနေ့ကစပြီး ကျွန်တော် ကောင်းကောင်းမွန်မွန်နေပါတော့မယ် မေမေ ကျွန်တော် ကတိပြုပါတယ်၊ ကျွန်တော့်ကို ခြေထောက်အသစ်သာ တပ်ပေးပါ ဖေဖေ'

'ကလေးတွေဟာ သူတို့လိုချင်တာရှိရင် ဒီလိုပဲ အမြဲတမ်း ပြောတတ်ကြတာပဲ'

'ကျွန်တော် ကတိပေးပါတယ် ဖေဖေ၊ ကျွန်တော် ကျောင်းတက်ပြီး စာလည်းသင်ပါ့မယ်။ ဖေဖေ ဂုဏ်ယူရတဲ့ သားကောင်းတစ်ယောက်ဖြစ်အောင် ကြိုးစားပါ့မယ် ဖေဖေ'

'တခြားကလေးတွေလည်း သူတို့လိုချင်တာရှိရင် ဒီလိုပဲ အမြဲတမ်း ပြောတတ်ကြတာပဲ'

'ဒါပေမယ့် ကျွန်တော်က တခြားကလေးတွေနဲ့မတူပါဘူး ဖေဖေ၊ ကျွန်တော်က သူတို့ထက်တော်ပါတယ်၊ ကျွန်တော်ဟာ မှန်တာကို အမြဲတမ်းပြောပါတယ်။ ကျွန်တော်ကတိပေးပါတယ် ဖေဖေ၊ ပညာပြည့်စုံပြီးတဲ့အခါ စီးပွားရေးအလုပ်တစ်ခုလုပ်ပြီး ဖေဖေ့ကို လုပ်ကျွေးမွေးပါ့မယ်'

အဘ ဂက်ပက်တိုရဲ့ မျက်နှာအမူအရာက တင်းမာနေပေမယ့် သူ့မျက်လုံးတွေမှာတော့ မျက်ရည်တွေ ရွှဲနေတယ်။ ပီနိုချီယိုကလေးရဲ့ အမြင်ဆိုးကြီးကို မြင်ရလို့ သူ့ရင်ထဲမှာ တမြေ့မြေ့နဲ့ သိပ်ပြီး စိတ်ချမ်းမသာ ဖြစ်မိရှာတယ်။

ဒါနဲ့ သူဟာ တခြား ဘာစကားမှမပြောမနေတော့ဘဲ ခုံး ဆောက်တန်ဆာပလာတွေနဲ့ တာရှည်ခံမယ့် သစ်သားကောင်းကောင်းကလေး နှစ်ချောင်းကို ယူပြီး ပီနိုချီယိုအတွက် ခြေထောက်သစ် စလုပ်တော့တယ်။

နာရီဝက် မကြာခင်မှာပဲ ခြေထောက်တွေ လုပ်ပြီးသွားတယ်။ အတော်ကျွမ်းကျင်တဲ့ အနုပညာရှင်တစ်ယောက်ရဲ့ လက်ရာအတိုင်း ခြေထောက်တွေဟာ ပုံစံလည်းကျတယ်၊ လှလည်းလှတယ်။

အဲဒီနောက်တော့ အဘ ဂက်ပက်တိုက ပီနိုချီယိုကို ပြောလိုက်တယ်။

'ကိုင်း မျက်လုံးတွေမှိတ်ပြီး အိပ်ပေတော့'

ပီနိုချီယိုက မျက်လုံးတွေမှိတ်ပြီး အိပ်ယောင်ဆောင်နေလိုက်တယ်။ အဲဒီအချိန်မှာ အဘ ဂက်ပက်တိုဟာ ကြက်ဥခွံထဲမှာ ကော်ကို ဖျော်စပ်ပြီး ပီနိုချီယိုကလေးရဲ့ ကိုယ်ခန္ဓာမှာ ခြေထောက်သစ်တွေကို ကော်နဲ့ကပ်ပြီး တပ်ပေးလိုက်တယ်။ ကော်ကပ်တာ ဈေစပ်သေချာလွန်းတဲ့အတွက် အဆက်ကိုတောင်မမြင်နိုင်ဘူး။

ခြေထောက်သစ်တပ်ပြီးတာနဲ့ တစ်ပြိုင်နက် ပီနိုချီယိုဟာ သူလှဲနေတဲ့ စားပွဲပေါ်က ခုန်ဆင်းပြီး ဝမ်းသာမြူးတူးစွာနဲ့ မြောက်ကြွမြောက်ကြွ ကခုန်နေတော့သတဲ့။

ပြီးတော့ သူက...

'ဖေဖေ့ကို ကျေးဇူးပြန်ဆပ်တဲ့အနေနဲ့ ကျွန်တော် ကျောင်းတက်တော့မယ် ဖေဖေ'လို့ ပြောလိုက်တယ်။

'ဝမ်းသာလိုက်တာသားရယ်၊ ဒါမှ အဖေ့သားကွယ့်'

'ဒါပေမယ့် ကျွန်တော် ကျောင်းတက်ရမယ်ဆိုရင် အဝတ်အစားတော့ လိုလိမ့်မယ်ဖေဖေ'

အဘဂက်ပက်တိုဟာ သိပ်ပြီးဆင်းရဲရှာသူဖြစ်တဲ့အတွက် သူ့မှာ လောလောဆယ် ပိုက်ဆံတစ်ပြားမှ မရှိရှာဘူး။ ဒါကြောင့်မို့ သူက ပီနိုချီယိုအတွက် ပန်းစက္ကူကို ဝတ်စုံလုပ်ပေးတယ်။ သစ်ခေါက်ကို ဖိနပ်လုပ်ပေးတယ်။ ပေါင်မုန့်ကို ဦးထုပ်လုပ်ပေးတယ်။

ဝတ်စုံတွေ အပြည့်အစုံ ဝတ်ပြီးတဲ့အခါ ပီနိုချီယိုဟာ ရေအင်တုံအနား ပြေးသွားပြီး သူ့ရုပ်သွင်ကို ရေထဲမှာ ကြည့်လိုက်တယ်။ ရေထဲမှာ မြင်ရတဲ့ သူ့ရုပ်ကို အလွန်သဘောကျသွားပြီး ဟန်ပါပါ လမ်းလျှောက်ရင်း...

'ကျွန်တော်တော့ သိပ်ဟုတ်သွားပြီ၊ တကယ့်လူကြီးလူကောင်း တစ်ယောက်ပုံ ပေါက်နေတာပဲ'





'ဟုတ်တယ်၊ တကယ့်လူကြီးလူကောင်းပုံပဲ၊ ဒါပေမယ့် ဝတ်ကောင်းစားလှဝတ်တိုင်း လူကြီးလူကောင်းဖြစ်မလာဘူး။ သန့်ရှင်းစင်ကြယ်တဲ့ အဝတ်ကိုဝတ်မှ လူကြီးလူကောင်းလို့ခေါ်တာ။ ဒီအချက်ကိုတော့ သတိပြုပါသား'

'ဒါနဲ့ ကျောင်းတက်မယ်ဆိုရင် တစ်ခုလိုအပ်နေသေးတယ် ဖေဖေ။ အဲဒါက အရေးအကြီးဆုံးနဲ့ မရှိမဖြစ်တဲ့ ပစ္စည်းပဲ'

'ဘာပစ္စည်းများလဲကွယ်'

'ကျောင်းသုံးဖတ်စာအုပ်ပေါ့ ဖေဖေရဲ့'

'အေး ဟုတ်သားပဲ။ ဒါဖြင့် ဖတ်စာအုပ် ဘယ်လိုရနိုင်မလဲ'

'လွယ်ပါတယ်ဖေဖေ၊ စာအုပ်ဆိုင်ကိုသွားပြီး ဝယ်လိုက်ပေါ့'

'ပိုက်ဆံကော'

'ကျွန်တော့်မှာလည်း တစ်ပြားမှမရှိဘူး'

'ငါ့မှာလည်း တစ်ပြားမှမရှိဘူး'

အဲဒီလိုပြောပြီး အဘိုးကြီးခမျာ တော်တော်စိတ်မကောင်း ဖြစ်သွားရှာတယ်။ အမြဲတမ်းပျော်ပျော်နေတတ်တဲ့ ပီနိုချီယိုကလေးလည်း ဒီတစ်ခါတော့ မျက်နှာညှိုးပြီး အကြီးအကျယ်စိတ်မချမ်းမသာ ဖြစ်သွားမိတယ်။ အင်း... ပိုက်ဆံမရှိတာဟာ တော်တော်ဆိုးတာပဲနော်။ ပိုက်ဆံမရှိရင် လူကြီးတွေသာမကဘူး၊ ကလေးတွေလည်း စိတ်မချမ်းသာ ဖြစ်ကြရတာပါကလား။

အဲဒီလို သားအဖနှစ်ယောက် အကြံအိုက်ပြီး စိတ်ညစ်နေတုန်းမှာ...

'အဲ...ဟုတ်ပြီ၊ ငါအကြံရပြီ၊ ဘာမှမပူနဲ့'လို့ အဘဂက်ပက်တိုက ရုတ်တရက် အော်ပြောလိုက်တယ်။

အဲဒီနောက် ထိုင်ရာက ထခုန်ပြီး သူဝတ်ထားတဲ့ ကတ္တီပါ ကုတ်အင်္ကျီ အဟောင်းကြီးကို ကမန်းကတန်းချွတ်ပြီး အိမ်ပြင်ကို ထွက်ပြေးသွားတော့တယ်။

သိပ်မကြာခင်မှာပဲ သူ ပြန်ရောက်လာတယ်။ လက်ထဲမှာလဲ ဖတ်စာအုပ်တစ်အုပ် ပါလာတယ်။

ဒါပေမယ့် သူ့ကိုယ်ပေါ်မှာတော့ ကုတ်အင်္ကျီကြီး မရှိတော့ဘူး၊ ရှပ်အင်္ကျီလက်တိုကလေးပဲ ကျန်တော့တယ်။ အပြင်ဘက်မှာလည်း ဆီးနှင်းတွေကျပြီး အရိုးကွဲမတတ် ချမ်းအေးနေတယ်။

ဒါကြောင့် ပီနိုချီယိုက မေးလိုက်တယ်။

'ဖေဖေ့ကုတ်အင်္ကျီ ဘယ်ရောက်သွားလဲဟင်'

'ရောင်းပစ်ခဲ့ပြီ သားရယ်'

'အို... ဘာဖြစ်လို့ရောင်းရတာလဲ ဖေဖေ'

'အဲဒီအင်္ကျီကြီးက ဝတ်ရတာ ပူအိုက်လွန်းပါတယ် သားရယ်'

ဒါပေမယ့် ပီနိုချီယိုကတော့ အဖြစ်မှန်ကို ချက်ချင်းနားလည်လိုက်ပါတယ်။ သူဟာ အဘိုးကြီးကို ပြေးဖက်ပြီး မျက်နှာကို ထပ်တလဲလဲ နမ်းရှုပ်နေပါတော့တယ်။

[၉]

# ဖတ်စာအုပ်ရောင်းပြီး ပွဲကြည့်ခြင်း

ဆီးနှင်းတွေ စဲသွားတဲ့အချိန်မှာ ပီနိုချီယိုဟာ ဖတ်စာအုပ်ကလေးကို ချိုင်းကြားထဲမှာ ညှပ်ပြီး ကျောင်းတက်ဖို့ ထွက်လာခဲ့တယ်။ အဲဒီလို ထွက်လာရင်း သူ့စိတ်ထဲမှာလည်း မစားရဝခမန်း ရည်ရွယ်ချက်တွေ အမျိုးမျိုးကို စိတ်ကူးလာခဲ့တယ်။

'ငါ ကျောင်းရောက်ရင် ဒီနေ့ပဲ ချက်ချင်း စာဖတ်တတ်အောင် ကြိုးစားမယ်၊ မနက်ဖြန်ကျတော့ ရေးတတ်အောင် လုပ်မယ်၊ နောက် ညနေကျတော့ ဂဏန်းတွက်တတ်အောင် သင်မယ်၊ အရေး အဖတ် အတွက် ဒီသုံးမျိုးတတ်ရင် ငါ ပညာတတ်ပြီ၊ အဲဒါဆိုရင် ပိုက်ဆံလည်း များလို့ရပြီ၊ ပထမဆုံး အလုပ်လုပ်လို့ရတဲ့ ပိုက်ဆံနဲ့ ဖေဖေ့အတွက် အကောင်းစား ကုတ်အင်္ကျီအသစ်တစ်ထည် ဝယ်မယ်။

ဒါပေမယ့် ကုတ်အင်္ကျီက ရိုးရိုးအင်္ကျီမဟုတ်စေရဘူး၊ စိန်ကြယ် ဆီးနှင်း တင်ထားတဲ့ ရွှေချည်ထိုး၊ ငွေချည်ထိုး ကုတ်အင်္ကျီဖြစ်ရမယ်။ အလှဆင်မှုဟာ အဲဒီလို အဖိုးတန်အင်္ကျီမျိုးနဲ့ တကယ်ထိုက်တန်ပါ

တယ်။ ဘာကြောင့်လဲဆိုရင် သူဟာ ငါ ပညာတတ်ဖို့အတွက် သူ့အကျီကိုတောင် ချရောင်းပြီး စာအုပ်ဝယ်ပေးရှာတယ်။ သူ့ခမျာ ဒီလောက်ချမ်းအေးတဲ့ရာသီကြီးမှာ ဘယ်လောက် ချမ်းရှာလိမ့်မလဲ၊ ဒီလို စွန့်လွှတ်မှုမျိုးကို လူတိုင်း မလုပ်နိုင်ပါဘူး၊ သားသမီးကိုချစ်တဲ့ မိဘတွေသာ အခုလို အနစ်နာခံပြီး စွန့်လွှတ်နိုင်ကြတာ'

ပီနိုချီယိုကလေးဟာ သူ့စိတ်ကူးနဲ့သူ သိပ်ပြီး စိတ်ဓာတ်တက်ကြွနေတယ်။ အဲဒီအချိန်မှာ အဝေးက လေနဲ့ လွင့်ပါလာတဲ့ ဆိုင်းသံ ဗုံသံတွေကို ကြားလိုက်ရတယ်။ 'ပတ် ဗေထိ ပတ် ဗေထိ'

ဒါနဲ့ သူ ရုတ်တရက် ခြေလှမ်းရပ်ပြီး နားစွင့်လိုက်တယ်။

ဆိုင်းသံဟာ စာသင်ကျောင်းကို သွားတဲ့လမ်းကို ဖြတ်သွားတဲ့ လမ်းမကြီးရဲ့အစွန်းက လာကြောင်း သိလိုက်ရတယ်။ အဲဒီလမ်းမကြီးရဲ့ အစွန်းမှာ ပင်လယ်ကမ်းခြေ ရွာကလေးတစ်ရွာရှိတယ်။

'ဒီဆိုင်းသံဟာ ဘာဆိုင်းပါလိမ့်၊ ဒီနေ့ ကျောင်းမတက်သေးဘဲ ဆိုင်းသံ သွားနားထောင်ရရင် ကောင်းမယ်ထင်တယ်'

သူဟာ အဲဒီလိုတွေးပြီး မဝေခွဲတတ်အောင်ဖြစ်နေတယ်။ ကျောင်းကိုပဲ ဆက်သွားရမလား၊ ဒါမှမဟုတ် ဆိုင်းသံကိုပဲ သွားနားထောင်ရမလားဆိုတာ သူ့အနေနဲ့ အပြတ်ဆုံးဖြတ်ရတော့မယ်။

နောက်ဆုံး သူက အပြီးအပိုင် ဆုံးဖြတ်ချက်ချလိုက်တယ်။

'ငါ ဒီနေ့ ကျောင်းမတက်တော့ဘူး၊ ဆိုင်းသံပဲ သွားနားထောင်တော့မယ်၊ မနက်ကျတော့မှ ကျောင်းတက်တော့မယ်။ ကျောင်းတက်တာက အချိန်မရွေးတက်လို့ရပါတယ်'

ကဲ ပြောနေ ကြာသလားလို့ ပီနိုချီယိုဟာ လမ်းကို ဖြတ်ပြီး ခြေကုန်ပြေးလာခဲ့တော့တယ်။ နီးလာလေလေ ဆိုင်းသံက ပိုပြီး ကျယ်လာလေလေပဲ။

'ပတ် ဗေထိ ပတ် ဗေထိ ပတ် ဗေထိ'

နောက်ဆုံးတော့ သူဟာ ပန်းခြံကြီးတစ်ခုထဲ ရောက်လာခဲ့တယ်။ ပန်းခြံထဲက ဆေးရောင်စုံခြယ်ပြီး အလှဆင်ထားတဲ့ ရုံကြီးတစ်ရုံရှေ့မှာ လူတွေ စုရုံးစုရုံးနဲ့ ကြိတ်ကြိတ်တိုးနေတာ တွေ့ရတယ်။





ဒါနဲ့ သူက အနီးအနားမှာ တွေ့ရတဲ့ ကလေးတစ်ယောက်ကို မေးကြည့်လိုက်တယ်။

'ဒီရုံကြီးက ဘာရုံကြီးလဲဗျ'

အဲဒီအခါ အမေးခံရတဲ့ ကလေးက...

'သိချင်ရင် ကြော်ငြာဆိုင်းဘုတ် ဖတ်ကြည့်ပေါ့'လို့ ပြန်ပြောတယ်။

'ဖတ်တော့ ဖတ်ချင်ပါရဲ့ဗျာ၊ ဒါပေမယ့် ကျွန်တော်က စာမတော်တတ်လို့ပါ'

'ဟင် တော်တော်ဆိုးတဲ့အဖြစ်ပါလား၊ ကဲ... ဒါဆိုရင်လည်း ကျွန်တော် ဖတ်ပြပေါ့မယ်။ ဟိုကြော်ငြာဆိုင်းဘုတ်ကြီးပေါ်မှာ မီးရောင်လို နီနီရဲရဲစာလုံးကြီးနဲ့ ရေးထားတာက တခြားမဟုတ်ဘူး၊ **ကမ္ဘာကျော် ရုပ်သေးစင်တော်ကြီး**တဲ့'

'ဒါဖြင့် ပွဲစတာ တော်တော်ကြာသွားပြီလားဟင်'

'မကြာသေးဘူး၊ ခုတင်ပဲစပြတာ'

'ဒါနဲ့ ရုံဝင်ခက ဘယ်လောက်ပါလဲ'

'ပိုက်ဆံ နှစ်ပြားထဲပါ'

ပီနိုချီယိုဟာ ရုပ်သေးပွဲကို အထူးစိတ်ဝင်စားသွားတဲ့အတွက် သင့်မသင့် မစဉ်းစားတော့တဲ့အပြင် ရှက်ဖို့ကိုတောင် သတိမရတော့ဘဲ...

'ကျွန်တော့်ကို ပိုက်ဆံနှစ်ပြားလောက် ချေးပါလားဗျာ၊ မနက်ဖြန်ကျတော့ ဆက်ဆက်ပြန်ဆပ်ပါ့မယ်'လို့ သူစိမ်းကလေးဆီမှာ ပိုက်ဆံချေးလိုက်တယ်။

အဲဒီတော့ သူစိမ်းကလေးက ရယ်လိုက်ပြီး...

'ချေးတော့ ချေးချင်ပါတယ်ဗျာ၊ ဒါပေမယ့် ဒီနေ့တော့ ဘယ်လိုမှ မချေးနိုင်ပါဘူး'လို့ ပြန်ပြောတယ်။

ဒီအခါ ပီနိချီယိုက...

'ဒါဆိုရင် ကျွန်တော့်အပေါ်အင်္ကျီကို နှစ်ပြားနဲ့ ရောင်းမယ်၊ ခင်ဗျား ဝယ်မှာလား'

'ခင်ဗျားအင်္ကျီက ပန်းစက္ကူအင်္ကျီပဲ၊ ကျွန်တော်က ဘာလုပ်ရမှာလဲ၊ တကယ်လို့ မိုးရွာရင် ချွတ်လို့တောင်ရမှာမဟုတ်ဘူး'

'ဒါဖြင့် ကျွန်တော့်ဖိနပ် ရောင်းမယ်ဗျာ'

'ခင်ဗျားဖိနပ်ကလည်း ထင်းဆိုက်ဖို့ပဲ အသုံးဝင်တာ'

'ဒါဆို ဦးထုပ်ရောဗျာ'

'အင်း ဒါတော့ သိပ်မဆိုးပါဘူး၊ ပေါင်မုန့်ဦးထုပ် မဟုတ်လား၊ အဲဒီဦးထုပ် ဆောင်းထားရင်တော့ ကျွန်တော့်ခေါင်းကိုပါ ကြွက်တွေစားသွားမှာ သေချာတယ်'

ပီနိချီယိုကလေးခမျာတော့ တော်တော်အကျပ်ရိုက်နေရှာပြီ။ ပွဲကြည့်ချင်တဲ့စိတ်က သိပ်ပြီးပြင်းပြနေတော့ သူ့ကိုယ်မှာပါတဲ့ ဘာပစ္စည်းမဆို ရောင်းဖို့ ဝန်မလေးတော့ဘူး။ ဒါပေမယ့် လန့်တော့ ခပ်လန့်လန့်ပဲ။ ဒါနဲ့သူဟာ တော်တော်နဲ့စကားမပြောနိုင်ဘဲ အင်တင်တင် ဖြစ်နေတယ်။ အတော်ကလေးကြာတော့မှ အရဲစွန့်ပြီး ထစ်ထစ်ငေါ့ငေါ့နဲ့ ပြောလိုက်တယ်။

'ကဲဗျာ ကျွန်တော် ဒီဖတ်စာအုပ်အသစ်ကို ရောင်းမယ်၊ ခင်ဗျား ပိုက်ဆံ နှစ်ပြားပဲပေးပါ'

အဲဒီအခါမှာ ပီနိချီယိုထက် စဉ်းစားဉာဏ်ရှိတဲ့ လူစိမ်းကလေးက...

'ကျွန်တော်က ကလေးတစ်ယောက်ပါဗျာ၊ တခြားကလေးဆီက ပစ္စည်းကို မဝယ်ပါဘူး'လို့ ပြန်ပြောလိုက်တယ်။

အဲဒီအချိန်မှာ အဝတ်ဟောင်း ရောင်းဝယ်တဲ့ အဘိုးကြီး တစ်ယောက်က ပီနိချီယိုနဲ့ လူစိမ်းကလေးတို့ စကားပြောနေတာကို ကြားတယ်။

ဒါနဲ့သူက...





'မင်းစာအုပ်ကို ငါဝယ်မယ် ငါဝယ်မယ်'လို့ ပြောလိုက်တယ်။

ဒီလိုနဲ့ စာအုပ်ကို အရောင်းအဝယ်ဖြစ်သွားတော့တယ်။

အဲဒီအချိန်မှာ သူ့သားကလေးကို ပညာတတ်စေချင်လွန်းလို့ ကုတ်အင်္ကျီရောင်းပြီး စာအုပ်ဝယ်ပေးတဲ့ အဘ ဂက်ပက်တိုခမျာမှာတော့ ရှက်အင်္ကျီလက်ပြတ်ကလေးဝတ်ပြီး ခိုက်ခိုက်တုန်အောင် ချမ်းရှာလို့ပေါ့။

# [၁၀]

## သေဘေးနှင့် ကြုံရခြင်း

ဇာတ်ရုံထဲကို ပီနိုချီယို ဝင်လာတဲ့အတွက် ရုတ်ရုတ်သဲသဲနဲ့ အမိကရုဏ်း တစ်ခု ဖြစ်လုနီးပါး ကြုံလိုက်ရသေးတယ်။

ဖြစ်ပုံက ဒီလိုပါ။

သူဝင်လာတော့ ကန့်လန့်ကာတင်ပြီး ပွဲကနေပြီ။

အဲဒီအချိန်မှာ ရုပ်သေး လူပြက်နှစ်ယောက်ဟာ ထုံးစံအတိုင်း ဇာတ်ခုံပေါ်မှာ အပြန်အလှန် စောင်းလား မြောင်းလားနဲ့ ရန်ဖြစ်နေကြတယ်။

ဒီဇာတ်ကွက်ကို ပွဲကြည့်ပရိသတ်လည်း အသည်းစွဲကြိုက်နှစ်သက်ကြတယ်။ ရုပ်သေးရုပ်နှစ်ရုပ် ခြေဟန်လက်ဟန်နဲ့ သူတပြန် ကိုယ်တပြန် ဆဲဆို စွပ်စွဲရင်း ကက်ကက်လန်အောင်ရန်ဖြစ်နေကြတာကို ကြည့်ပြီး ပွဲကြည့်ပရိသတ်တွေ တဝါးဝါးနဲ့ အူနှိပ်နေကြရတယ်။





အဲဒီလို ပွဲကောင်းနေတုန်းအချိန်မှာ လူပြက်တစ်ယောက်က ပရိသတ်ကို မျက်နှာလှည့်ပြီး ရုတ်တရက် သရုပ်ဆောင် ရပ်ပစ်လိုက်တယ်။ ပြီးတော့ ပရိသတ်နောက်ဘက်ကို လက်ညှိုးထိုးပြပြီး ဇာတ် ခန်းဝါပါနဲ့ အော်ပြောလိုက်တယ်။

'အလို… ဟိုမှာ ကြည့်စမ်းပါ၊ ဘုရား…ဘုရား ငါ တကယ်နိုးနေ တာများ ဟုတ်ပါရဲ့လား၊ ငါ အိပ်မက်များ မက်နေတာလား၊ ဟိုမှာ ကြည့်လိုက်ကြပါဦး၊ ပီနိုချီယို ပြန်လာပြီ၊ ပီနိုချီယို ပြန်လာပြီ'

နောက်တစ်ယောက်က ထပ်ပြီး…

'အလို… ဟုတ်ပါရဲ့၊ ပီနိုချီယိုပါလား'

အဲဒီအချိန်မှာ ရုပ်သေးရုပ်တွေ အကုန်လုံး ဇာတ်ခုံပေါ် ပြေးထွက် လာကြပြီး…

'ပီနိုချီယို ပြန်လာပြီ၊ ပီနိုချီယို ပြန်လာပြီ၊ တို့ညီတော်မောင် ပီနိုချီယို ကျန်းမာပါစေ'လို့ သံပြိုင်အော်လိုက်ကြတာ ဇာတ်ရုံတစ်ရုံလုံး ဆူညံသွားတယ်'

အဲဒီနောက် လူပြက်တစ်ယောက်က…

'ဟော့ ပီနိုချီယို၊ ဘာငေးနေတာလဲ၊ လာခဲ့စမ်းပါ။ မင်းနဲ့ အဖေတူ ညီအစ်ကိုတွေဆီ အမြန်လာခဲ့စမ်းပါ'လို့ လှမ်းခေါ်လိုက်တယ်။

အဲဒီလို လိုက်လှဲပျူငှာ ခေါ်သံကြားတော့ ပီနိုချီယိုဟာ ဇာတ်ရုံ ရှေ့ကို ဝမ်းမြောက်ဝမ်းသာနဲ့ လှမ်းခုန်လိုက်တာ ဆိုင်းဆရာထိပ် တည့်တည့်ကိုကျပြီး နောက်တစ်ကြိမ် ခုန်လိုက်တော့မှ ဇာတ်ခုံပေါ် ရောက်သွားတော့တယ်။

အဲဒီအချိန်မှာ ရုပ်သေးအဖွဲ့ တစ်ဖွဲ့လုံးက မင်းသားမင်းသမီးနဲ့ ဇာတ်ဆောင်တွေအားလုံး ဝိုင်းအုံလာပြီး ပီနိုချီယိုကလေးကို ဖက်ယမ်း နမ်းရှုပ်ကြ ချစ်စနိုး ရိုက်ပုတ်နှုတ်ဆက်တာကြောင့် ဇာတ်ခုံပေါ်မှာ ဝမ်းမြောက်သဲသဲဖြစ်နေကြတာကို ဘယ်လိုပြောပြရမှန်းတောင် မသိတော့ ပါဘူး

အဲ တစ်ခုပြောနိုင်တာကတော့ အဲဒီမြင်ကွင်းဟာဖြင့် အင်မတန် စိတ်လှုပ်ရှားစရာကောင်းတဲ့ မြင်ကွင်းတစ်ခုဆိုတဲ့ အချက်ပါပဲ။

ဒါပေမယ့် ရုတ်တရက် ပွဲရပ်သွားလို့ ပရိသတ်တွေက သည်းမခံနိုင်တော့တာနဲ့ တခဲနက် အော်ဟစ်ကြတော့တယ်။

'ပွဲဆက်ကပါဗျို့၊ ပွဲဆက်ကပါ'

'မြန်မြန်ကပါဗျို့၊ မြန်မြန် မြန်မြန်'

အဲဒီလို ပရိသတ်တွေက တစ်ယောက်တစ်ပေါက် အော်ဟစ်တောင်းဆိုနေပေမယ့် ရုပ်သေးဇာတ်ဆောင်တွေက လုံးဝဂရုမစိုက်ဘဲ ပီနိုချီယိုကလေးကို သူတို့ပခုံးပေါ် ဝိုင်းထမ်းပြီး သောင်းသောင်းဖျဖျ အော်ဟစ်ကခုန်ရင်း ဇာတ်ခုံရှေ့က ဆလိုက်မီးမောင်းတွေ ရှေ့နားအထိ ထမ်းယူလာခဲ့ကြတယ်။

အဲဒီအချိန်မှာ ဇာတ်ခုံပေါ်မှာ ရုပ်သေးဆရာကြီး ရုတ်တရက် ပေါ်ထွက်လာခဲ့တယ်။ ရုပ်သေးဆရာကြီးက အရုပ်အလွန်ရှည်တယ်။ ရုပ်ကလည်း မြင်ရသူ လန့်ပြေးရလောက်အောင် အလွန်ဆိုးတယ်။ သူ့မုတ်ဆိတ်မွေးကလည်း နက်ပြောင်ပြီး ကြမ်းပြင်ထိအောင် ရှည်လားတဲ့အတွက် လမ်းလျှောက်ရင်း ကိုယ့်မုတ်ဆိတ်မွေး ကိုယ်နင်းမိတဲ့အထိပါပဲ။

ဒါတွင် မကသေးပါဘူး၊ သူ့ပါးစပ်ကြီးကိုလည်း ကြည့်ပါဦး။ ပါးစပ်ကြီးကလည်း ဒယ်အိုးအဝလောက် ကျယ်တယ်။ မျက်လုံးတွေကလည်း လက်ဆွဲမှန်အိမ်ကြီးနှစ်ခု တပ်ထားသလို ရဲရဲနီနေတယ်။ သူ့လက်ထဲမှာကတော့ မြွေသေကောင်အခြောက်နှင့် မြွေခွေးအမြီးရောကျစ်ပြီး လုပ်ထားတဲ့ ကျာပွတ်ကြီးကိုင်လို့။

အဲဒီလို ရုပ်သေးဆရာကြီး ရုတ်တရက်ရောက်လာတော့ ရုပ်သေးဇာတ်ဆောင်တွေအားလုံး မီးကို ရေနဲ့ သတ်လိုက်သလို ဘာသံမှ မကြားရတော့ဘဲ လုံးဝ တိတ်ဆိတ်သွားကြတယ်။ သူတို့ကြည့်ရတာ အသက်တောင် ရဲရဲမရှူဝံ့ကြသလိုပဲ။ ဘယ်လောက်တောင် တိတ်ဆိတ်





သွားသလဲဆိုရင် အပ်ကျသံတောင် ကြားရမလောက်ပါပဲ။ ပြီးတော့ ရုပ်သေးရုပ်ကလေးတွေဟာ ကြောက်လွန်းလို့ တဆတ်ဆတ်တုန်နေကြတယ်။

'မင်း ဘာဖြစ်လို့ ငါ့ပွဲကို လာပြီးနှောင့်ယှက်ရတာလဲ'

ရုပ်သေးဆရာကြီးက ဘီလူးသရဲတစ်ကောင်လို အသံ မာကျယ်ကျယ်ကြီးနဲ့ မေးလိုက်တယ်။

အဲဒီအခါမှာ ပီနိုချီယိုကလေးက ကြောက်ကြောက်လန့်လန့် တုန်တုန်ယင်ယင်နဲ့…

'ကျွန် ကျွန်တော် ဘာမှ မ… မလုပ်မိပါဘူး ခင်ဗျာ။ ဒီ ဒီလို မြင်ရတာ ကျွန်တော့်အပြစ် မ… မဟုတ်ပါဘူး'လို့ ပြန်ပြောလိုက်တယ်။

'တော်တန်တိတ်၊ နောက်ထပ် တစ်ခွန်းမှထပ်မပြောနဲ့၊ မင်း မြင်မှုကို ဒီည အပြတ်ရှင်းရမယ်'

အဲဒီနောက်တော့ ပွဲကိုဆက်ကကြတယ်။ ပွဲပြီးတဲ့အခါ ရုပ်သေးဆရာကြီးဟာ မီးဖိုခန်းထဲ ဝင်လာခဲ့တယ်။ ရုပ်သေးဆရာကြီး စားဖို့အတွက် သိုးတစ်ကောင်လုံးကို တံစို့နဲ့ထိုးပြီး မီးဖိုပေါ်မှာ ကင်ထားတယ်။ မီးဖိုမှာ မီးငြိမ်းနေတာကို မြင်ရတော့ ရုပ်သေးဆရာကြီးက လူပြက်နှစ်ယောက်ကို ခေါ်လိုက်ပြီး…

'ဟောကောင်တွေ ဇာတ်ရုံနောက်မှာ သံမှိုနဲ့ ချိတ်ဆွဲထားတဲ့ ဟိုရုပ်သေးရုပ်ကလေးကို သွားယူကြစမ်း၊ ဒီကောင်လေးက သစ်သားအခြောက်နဲ့လုပ်ထားတာ၊ ထင်းဆိုက်လို့ အလွန်ကောင်းမှာပဲ'

ပထမတော့ လူပြက်နှစ်ယောက်ဟာ အင်တင်တင် ဆုတ်ဆိုင်းဆိုင်း လုပ်နေကြသေးတယ်။ ဒါပေမယ့် ရုပ်သေးဆရာကြီးက သူတို့ကို မျက်လုံးကြီး ပြူးကြည့်လိုက်တော့မှ နေရာက ကမန်းကတန်း ထွက်သွားကြတယ်။

[illegible] လူပြက်နှစ်ယောက်က ပီနိုချီယိုကလေးကို [illegible] ချုပ်ကိုင်ပြီးမီးဖိုထဲကို ဆွဲသွင်းလာခဲ့ကြတယ်။

ပီနိုချိယိုကလေးဟာ ရေထဲကဆွဲတင်လာတဲ့ ငါးရှဉ့်ကလေးတစ်ကောင်လို ထွန့်ထွန့်လူးရုန်းကန်ရင်း ငယ်သံပါအောင်အော်ပြီး လိုက်ပါလာတယ်။

'အို … ဖေဖေ၊ ဖေဖေရေ သားကိုကယ်ပါဦး၊ ကယ်ပါဦး၊သားသေရပါတော့မယ်၊ သေရပါတော့မယ်'



[၁၁]

## သေကံမရောက် သက်မပျောက်

ရုပ်သေးဆရာကြီးရဲ့ နာမည်ကို ကလေးတွေကို မပြောရသေးဘူး။ သူ့နာမည်က 'မီးစားဘီလူး'တဲ့ကွယ့်။

သူ့နာမည်က လန့်စရာကောင်းသလို သူ့ရုပ်သွင်ကလည်း ကြောက်စရာပါပဲ။ စောစောက ပြောခဲ့သလို နက်ပြောင်မည်းမှောင်နေတဲ့ သူ့မုတ်ဆိတ်မွေးကြီးဟာ ရှည်လွန်းအားကြီးလို့ သူ့ရင်ဘတ်နဲ့ ခြေထောက်တွေကို ဖုံးပြီး ကြမ်းပြင်ကိုတောင် ထိနေတယ်။ ရုတ်တရက် ကြည့်လိုက်ရင် အနက်ရောင်ဖုံး ခါးစည်းအဝတ်ကြီး ပတ်ထားသလိုပဲတဲ့။

ဒါနဲ့ ရုပ်သေးဆရာကြီးဟာ 'ကျွန်တော့်ကို မသတ်ပါနဲ့၊ ကျွန်တော့်ကို မသတ်ပါနဲ့'လို့ ရှန်းကန်အော်ငိုရင်း လိုက်ပါတာတဲ့ ပီနိုချီယိုကလေးကို မြင်လိုက်ရတဲ့အခါ ကြင်နာသနားတဲ့စိတ် ရုတ်တရက် ဖြစ်ပေါ်လာမိသတဲ့။ အဲဒီအချိန်မှာ သူဟာ သူ့ကိုယ်သူ အတင်းချုပ်တည်းထားပေမယ့် ဘယ်လိုမှ မတတ်နိုင်တော့ဘဲ 'ဟတ်ချိုး ဟတ်ချိုး' ဆိုပြီး အားရပါးရ နှာချေလိုက်သတဲ့။

ရုပ်သေးဆရာကြီး နှာချေတာကို မြင်လိုက်ရတော့ ပီနိုချီယို ကလေးအတွက် စိတ်မချမ်းမသာဖြစ်နေတဲ့ လူပြက်ကလေးဟာ အထူး ဝမ်းသာ ပျော်ရွှင်သွားပြီး ပီနိုချီယိုအနားကပ်ပြီး တိုးတိုးကလေးပြော လိုက်တယ်။

'ဘုရားမတာပဲ ညီမောင်၊ ရုပ်သေးဆရာကြီး နှာချေလိုက်ပြီ၊ အဲဒါဟာ မင်းအတွက် ကံကောင်းတဲ့ နိမိတ်ပဲ၊ မင်း မသေရတော့ဘူး'

ကလေးတို့ရေ သေဘေးနဲ့ ကြုံနေတဲ့ လူတစ်ယောက်ကို မြင်ရ တဲ့အခါ အဲဒီလူကို သနားတဲ့စိတ်နဲ့ အချို့လူတွေက ငိုယိုတတ်ကြ တယ်။ အချို့ကျတော့လည်း အနည်းဆုံး မျက်ရည်လောက်တော့ ထွက်တတ်ကြတယ်။ ဒါပေမယ့် မီးစားဘီလူးလို့ခေါ်တဲ့ ရုပ်သေး ဆရာကြီးက အဲဒီလိုမဟုတ်ဘူးတဲ့။ တစ်ယောက်ယောက်ကို သနား ကြင်နာတဲ့စိတ် ဖြစ်ပေါ်လာတဲ့အခါ သူဟာ ထိန်းမနိုင် ချုပ်မရအောင် နှာချေတတ်တယ်တဲ့။

ဒါနဲ့ ရုပ်သေးဆရာကြီးဟာ နှာချေပြီးနောက် ပီနိုချီယိုကလေးကို အသံမာမာနဲ့ အော်ပြောလိုက်တယ်။

'ဟေ့ကောင်လေး၊ ငိုမနေနဲ့၊ တိတ်တိတ်စမ်း၊ မင်းငိုသံကြားရင် ငါ့ဝမ်းထဲက အနေရခက်လွန်းလို့၊ ပြောရင်းဆိုရင်း ခုတောင် မရှိးမရှ ဖြစ်… ဟတ်ချိုး ဘုရား ဟတ်ချိုး ဘုရား'

အဲဒီအခါမှာ ပီနိုချီယိုက…

'ရုပ်သေးဆရာကြီး အသက်ရှည်ပါစေ'လို့ ဆုတောင်းလိုက်တယ်။

ရုပ်သေးဆရာကြီးက သဘောကျသွားပြီး…

'ကျေးဇူးတင်ပါတယ်ကွယ်၊ ဒါနဲ့ မင်းမှာ မိဘတွေ ရှိကြသေး သလား'

'အဖေပဲ ရှိပါတယ်ခင်ဗျား၊ အမေ့ကိုတော့ ကျွန်တော် မှတ်တောင် မမှတ်မိလိုက်ပါဘူး'

'အင်း သနားစရာပါပဲလား၊ ငါက မင်းကို အခုလို မီးဖိုထဲ ပစ်ချဖို့ လုပ်နေတာကို မင်းအဖေသာသိရင် သူ့ခမျာ ဘယ်လောက်များ





ပူဆွေးလိမ့်မလဲ၊ အင်းသနားစရာ အဘိုးအိုပါကလား၊ တကယ့်သနား စရာပဲ သနားစရာ… ဟတ်ချိုး ဘုရား… ဟတ်ချိုး… ဘုရား ဟတ်ချိုး ဘုရား…'

'ရုပ်သေးဆရာကြီး အသက်ရှည်ပါစေ'

'ကျေးဇူးပါပဲကလေးရယ်၊ မင်းကို ငါ သနားလို့ အသက်ချမ်းသာ ပေးလိုက်မယ်၊ ဒါပေမယ့် ငါ့ ညစာအတွက် သိုးသားကင်ဖို့ ထင်း လိုနေတာကိုတော့ ငါ့အဖွဲ့ထဲက တခြားရုပ်သေး တစ်ကောင်ကောင် ကို အစားထိုးရမှာပဲ။ ဟေ့ ရဲသားတွေ အမြန်လာစမ်း'

ရုပ်သေးဆရာကြီးက အဲဒီလို လှမ်းခေါ်လိုက်တာနဲ့ တစ်ပြိုင်နက် ဇာတ်ခုံပေါ်ကို သစ်သားရုပ် ရဲသားနှစ်ယောက် ချက်ချင်းရောက်လာ ကြတယ်။

ရဲသားတွေက အရပ်ရှည်ပြီး အလွန်ပိန်ကြတယ်။ သူတို့ ခေါင်း ပေါ်မှာတော့ သံခမောက်ဆောင်းလို့၊ လက်ထဲမှာတော့ ဓားလွယ်ကြီး တွေ ကိုင်ထားကြတယ်။

ရဲသားတွေ ရောက်လာတော့ ရုပ်သေးဆရာကြီးက အသံမာကြီးနဲ့ အမိန့်ပေးလိုက်တယ်။

'ဟို လူပြက်ကို ဖမ်းချုပ်ကြစမ်း၊ ပြီးတော့ လက်ပြန်ကြိုးတုပ် ပြီး မီးဖိုထဲ ပစ်ထည့်လိုက်၊ ဒါမှ ငါ့သိုးသား ကောင်းကောင်းကျက်မယ်'

ကလေးတို့ရေ…လူပြက်ကလေးခမျာ ဘယ်လိုနေလိမ့်မလဲဆို တာ တွေးလို့သာ ကြည့်ကြပေတော့။ သူ့ခမျာ ကြောက်ရာလွန်းလို့ သွားတွေ တဆတ်ဆတ်တုန်ပြီး ရှေ့ကို ဟပ်ထိုးပြီး မှောက်ရက်ကြီး လဲကျသွားရှာတယ်။

စိတ်မချမ်းမသာစရာကောင်းလှတဲ့ ဒီဖြစ်ရပ်ကို မြင်ရတော့ ပီနိုချီယိုကလေးဟာ ရုပ်သေးဆရာကြီးရဲ့ ခြေထောက်ကို ငိုကြီးချက်မနဲ့ ဖက်လိုက်တယ်။ ပီနိုချီယိုကလေးရဲ့ မျက်လုံးတွေက ထွက်လာ တဲ့ မျက်ရည်တွေကြောင့် ရုပ်သေးဆရာကြီးရဲ့ မုတ်ဆိတ်မွေးတွေတောင် စိုရွှဲသွားတယ်။

ပီနိုချီယိုကလေးဟာ ငိုယိုရင်းနဲ့ တောင်းပန်ရှာတယ်။

'မီးစားဘီလူးကြီး ခင်ဗျား၊ သနားတော်မူပါ သနားတော်မူပါ'

'ဟေ့ ငါ့ကို မီးစားဘီလူးကြီးလို့ မခေါ်ပါနဲ့'

'သူရဲကောင်းကြီးခင်ဗျား၊ သနားတော်မူပါ သနားတော်မူပါ'

'ဟေ့ ငါ့ကို သူရဲကောင်းကြီးလို့ မခေါ်ပါနဲ့'

'ဗိုလ်ချုပ်ကြီးခင်ဗျား၊ သနားတော်မူပါ၊ သနားတော်မူပါ'

'ဟေ့ ငါ့ကို ဗိုလ်ချုပ်ကြီးလို့ မခေါ်ပါနဲ့'

'သခင်ကြီးခင်ဗျား၊ သနားတော်မူပါ၊ သနားတော်မူပါ'

သူ့ကို သခင်ကြီးလို့ ခေါ်လိုက်တော့မှ ရုပ်သေးဆရာကြီးက သဘောကျ ကျေနပ်သွားပြီး မျက်နှာချိုချိုသာသာနဲ့ ပြောလိုက်တယ်။

'ကဲ…ကောင်းပြီ၊ မင်းကို ငါ ဘယ်လိုကူညီရမှာလဲ ပြောစမ်း'

'ကျွန်တော့်ကို ကူညီစရာမလိုပါဘူး သခင်ကြီးခင်ဗျား၊ သနားစရာကောင်းတဲ့ လူပြက်ကလေးကိုပဲ အသက်ချမ်းသာပေးတော်မူပါ ခင်ဗျား'

'ဟေ့… ဒါတော့ လုံးဝ မဖြစ်နိုင်ဘူး၊ ငါက မင်းအသက်ကို ချမ်းသာပေးပြီးပြီ၊ အဲဒီတော့ မင်းအစား သူ့ကို မီးဆိုက်ရမယ်၊ ဒါမှ ငါ့သိုးသား ကောင်းကောင်းကျက်မယ်'

ဒီအခါ ပီနိုချီယိုကလေးဟာ ခေါင်းပေါ်မှ ဦးထုပ်ကို ချွတ်ပစ်လိုက်ပြီးတော့…

'အဲဒီလိုဆိုရင် ကျွန်တော့်ထိုက်နဲ့ ကျွန်တော် ခံပါရစေတော့၊ ရဲသားတွေလာကြပါ၊ ကျွန်တော့်ကို ဖမ်းချုပ်ပြီး မီးဖိုထဲသာ ပစ်ထည့်ကြပါတော့၊ ကျွန်တော့်ကြောင့် အပြစ်မရှိတဲ့ လူပြက်ကလေး သေရမယ်ဆိုတော့ လုံးဝ မတရားပါဘူး'

ပီနိုချီယိုကလေးက အဲဒီလို မကြောက်မရွံ့ သတ္တိပြောင်ပြောင်နဲ့ ကျယ်ကျယ်လောင်လောင် ပြောလိုက်တော့ အနီးဝန်းကျင်မှာ ရှိနေကြတဲ့ ရုပ်သေးရုပ်ကလေးတွေအားလုံး ဝမ်းနည်းပက်လက်နဲ့ ငိုကြွေးကြသတဲ့။ သူတို့သာမက ရဲသားနှစ်ယောက်လည်းပဲ ကလေးတွေလို မျက်ရည်မဆည်နိုင်အောင် ဖြစ်ကြရရှာတယ်။





ဒီအဖြစ်ကို မြင်ရတဲ့အခါ ရုပ်သေးဆရာကြီးဟာ ပထမတော့ မျက်နှာကြောတင်းတင်းနဲ့ ဟန်မပျက် တည်ငြိမ်နေတယ်။ နောက်တော့မှ သူ့မျက်နှာအမူအရာ တဖြည်းဖြည်းပျော့ပျောင်းလာပြီး အဆက်မပြတ် နှာချေတော့သတဲ့။ ဒီအခါကျော့ သူဟာ လေးကြိမ် ငါးကြိမ်ထိတောင် ဆက်တိုက် နှာချေတယ်။

အဲဒီနောက် သူဟာ ကြင်နာတဲ့အမူအရာနဲ့ ပီနိုချီယိုကလေးဆီကို လက်နှစ်ဖက် မြှောက်လိုက်ပြီး…

'မင်းမဆိုးဘူး၊ တော်တော်ရဲရင့်တဲ့ ကလေးပဲ၊ ကိုင်း လာစမ်းပါဦး၊ ငါ့ဆီလာပြီး ငါ့ကို နမ်းစမ်းပါ လူကလေး'

ဒီအခါ ပီနိုချီယိုဟာ ဝမ်းသာပျော်ရွှင်စွာနဲ့ ပြေးလာပြီး ရုပ်သေးဆရာကြီးရဲ့ မုတ်ဆိတ်မွေးပေါ်ကို ရှဉ့်ကလေးတစ်ကောင်လို ချိတ်တက်ရင်း အဆက်မပြတ် နမ်းရှုပ်နေပါသတဲ့။

'လူကလေးရဲ့အသက်ကို ချမ်းသာပေးလိုက်ပြီ' ရုပ်သေးဆရာကြီးက အဲဒီလိုပြောပြီး ခေါင်းကိုခါယမ်းရင်း ဆက်ပြောလိုက်တယ်။

'အင်း ငါတော့ ဒီနေ့ညနေမှာ မကျက်တကျက် သိုးသားဟင်းကို ပဲစားရတော့မယ်။ ဒါပေမယ့် နောက်တစ်ခါဆိုရင်တော့ မကောင်းသူထိပ်ကောင်းသူထိပ်ပဲဟေ့'

ပီနိုချီယိုကလေး အသက်ဘေးမှ လွတ်သွားပြီဆိုတာ သိလိုက်ရတာနဲ့ တစ်ပြိုင်နက် ရုပ်သေးရုပ်တွေအားလုံး ဝမ်းမြောက်ဝမ်းသာစွာနဲ့ စင်ပေါ် ပြေးတက်လာကြသတဲ့။

ပြီးတော့ သူတို့ဟာ ပွဲတော်ကြီး ကျင်းပသလို ဇာတ်ရုံတစ်ခုလုံး ထိန်ထိန်လင်းအောင် မီးတွေထွန်းညှိပြီး တပျော်တပါး ကခုန်မြူးထူးနေကြတာ မိုးစင်စင်လင်းလို့ နေထွက်လာတော့မှ ရပ်နားလိုက်ကြသတဲ့။

## [၁၂]

## ခြေကျိုးမြေခွေးနှင့် မျက်ကန်းကြောင်

နောက်တစ်နေ့မနက်ကျတော့ မီးစာဘီလူးကြီးက ပီနိုချီယိုကလေးကို သူ့အနားသို့ခေါ်ပြီး မေးတယ်။

'မင်းအဖေနာမည် ဘယ်လိုခေါ်သလဲ'

'ဂက်ပက်တိုလို့ ခေါ်ပါတယ်'

'သူ ဘာလုပ်သလဲ'

'ဆင်းရဲသားတွေလုပ်တဲ့ အလုပ်မျိုး လုပ်ပါတယ်'

'ပိုက်ဆံတော်တော်ရရဲ့လား'

'အိတ်ထဲမှာ ပိုက်ဆံကပ်တယ်လို့ မရှိသလောက်ပါပဲ။ တစ်လောက ကျွန်တော့်ကို ကျောင်းအပ်မလို့လုပ်တော့ ဖတ်စာအုပ်ဝယ်ဖို့ ပိုက်ဆံ တစ်ပြားမှ မရှိလို့ သူ့ကုတ်အင်္ကျီအစုတ်အပြဲကြီး ရောင်းပြီး ဝယ်ခဲ့ရပါတယ်'

'သြော်...တော်တော်သနားစရာကောင်းတဲ့ လူပါလား၊ ရော့ ဒီမှာ ရွှေဒင်္ဂါး ငါးပြား၊ မင်းအဖေဆီ မြန်မြန်သွားပြီး ပေးပေတော့၊ ငါက မေတ္တာနဲ့ ပေးလိုက်တာလို့ပြော'





ပီနိုချီယိုကလေး ဘယ့်ကလောက် ဝမ်းသာလိုက်မယ်ဆိုတာ ပြောစားလို့သာ ကြည့်ကြပေတော့။

ဒါနဲ့ သူဟာ ရုပ်သေးအဖွဲ့ တစ်ခုလုံးက ရုပ်သေးရုပ်တွေကိုရော၊ ရဲသားနှစ်ယောက်ကိုပါ နှုတ်ဆက်ပြီး အိမ်ကို ပြန်လာခဲ့တယ်။

မိုင်ဝက်လောက်ခရီးမရောက်ခင်မှာပဲ ခြေတစ်ဖက်ကျိုးနေတဲ့ မြေခွေးတစ်ကောင်နဲ့ မျက်စိနှစ်ဖက်စလုံး ကန်းနေတဲ့ ကြောင် တစ်ကောင်ကို တွေ့ရတယ်။ သူတို့နှစ်ယောက်ဟာ ဘဝတူမိတ်ဆွေတွေ အဖြစ် တစ်ယောက်ကိုတစ်ယောက် အကူအညီပေးပြီး ကယိုင်ကပါးနဲ့ လမ်းလျှောက်လာကြတယ်။ မြေခွေးက ကြောင်ကို လက်တွဲလို့ ကြောင်က ရှေ့က ဦးဆောင်ပြီး လျှောက်လာကြတယ်။

'မင်္ဂလာရှိတဲ့ နံနက်ခင်းပါ ပီနိုချီယို'

မြေခွေးက ယဉ်ယဉ်ကျေးကျေးနှုတ်ဆက်လိုက်တယ်။

ဒီတော့ ပီနိုချီယိုက...

'ခင်ဗျား ကျွန်တော့်နာမည် ဘယ်လိုလုပ်သိသလဲ'

'ငါက မင်းအဖေကို ကောင်းကောင်းသိတယ်'

'သူ့ကို ဘယ်မှာတွေ့ခဲ့လို့လဲ'

'မနေ့က သူ့ကို အိမ်ရှေ့တံခါးဝမှာ တွေ့ခဲ့တယ်'

'သူဘာလုပ်နေသလဲ'

'အင်္ကျီလက်ပြတ်ကလေးဝတ်ပြီး ချမ်းလွန်းလို့ ခိုက်ခိုက်တုန်နေတယ်'

'ဟင် ဟုတ်လား၊ ဖေဖေခမျာ သနားစရာပါပဲ။ ဒါပေမယ့် ဘာမှမရှိပါဘူး၊ ဒီနေ့ကစပြီး ဖေဖေ အဲဒီလို မနေရတော့ပါဘူး'

'ဘာဖြစ်လို့လဲ'

'ဘာဖြစ်လို့လည်းဆိုတော့ အခု ကျွန်တော် လူချမ်းသာတစ်ယောက် ဖြစ်လာပြီလေ'

'ဟင်...မင်းက လူချမ်းသာ ဟုတ်လား ဟား...ဟား...ဟား'

မြေခွေးက အဲဒီလို သရော်ရယ် ရယ်လိုက်တော့ ကြောင်ကလည်း လိုက်ပြီး ရယ်တယ်။ ဒါပေမယ့် ကြောင်က သူရယ်တာကို ပီနိချိုယို မမြင်ရအောင် ပါးစပ်ကို လက်နဲ့ မသိမသာ ပွတ်သပ်လိုက်တယ်။

မြေခွေးနဲ့ ကြောင်တို့က ပြက်ရယ်ပြုတာကြောင့် ပီနိချိုယိုက စိတ်ဆိုးသွားပြီး…

'ခင်ဗျားတို့ ကျွန်တော့်ကို နောက်ပြောင်စရာ ဘာမှ မရှိပါဘူး၊ ခင်ဗျားတို့ကိုလည်း ကျွန်တော်က မနောက်ပြောင်ချင်ပါဘူး။ ဟောဒီမှာ ရွှေဒင်္ဂါးတွေ၊ ငါးပြားကြီးတောင်မှ ဘယ်လောက် လှလိုက်သလဲ၊ ဒါတွေ ခင်ဗျားတို့ မြင်ဖူးရဲ့လား'

သူက ပြောပြောဆိုဆိုနဲ့ ရုပ်သေးဆရာကြီးပေးလိုက်တဲ့ ရွှေဒင်္ဂါးတွေကို အိတ်ထဲက ထုတ်ပြလိုက်တယ်။ အရောင်တလက်လက်နဲ့ အလွန်လှပတဲ့ရွှေဒင်္ဂါးတွေကို မြင်လိုက်တော့ မြေခွေးဟာ ကျိုးယောင်ဆောင်ထားတဲ့ ခြေထောက်ကို အမှတ်မထင် လှုပ်ရှားလိုက်မိတယ်။ ကြောင်ကလည်း မျက်လုံးကို ရုတ်တရက်ဖွင့်ကြည့်လိုက်ပြီး ကမန်းကတန်း ပြန်မိတ်လိုက်တယ်။ ဒါကို ရိုးအတဲ့ ပီနိချိုယိုကလေးက လုံးဝ မရိပ်မိလိုက်ဘူး။

အဲဒီနောက် မြေခွေးက မေးလိုက်တယ်။

'ဒါနဲ့ အဲဒီရွှေဒင်္ဂါးတွေကို မင်း ဘာလုပ်မှာလဲ'

'ပထမဆုံး အဖေ့အတွက် ကုတ်အင်္ကျီဝယ်မယ်၊ စိန်ကြယ်သီးတွေ တပ် ရွှေချည်ထိုး ငွေချည်ထိုးအင်္ကျီ၊ ပြီးတော့ ကျွန်တော့်အတွက် ဖတ်စာအုပ် ဝယ်မယ်'

'မင်းအတွက် ဖတ်စာအုပ် ဟုတ်လား'

'ဟုတ်တယ်၊ ကျွန်တော်က ကျောင်းတက်ပြီး စာတတ်အောင် ကြိုးစားမလို့'

'မင်း တော်တော်အ,သေးပါကလား၊ ငါ့ကို ကြည့်စမ်းပါ၊ ငါ မိုက်မဲပြီး စာတွေ သင်လိုက်တာ နောက်ဆုံးတော့ ဟောဒီ ခြေ တစ်ချောင်း ပျက်စီးရကာပဲ အဖတ်တင်တယ်'





အဲဒီအခါ ကြောင်က ကြားဝင်ပြီး…

'ငါ့ကိုလည်း ကြည့်ဦးကွ၊ ငါလည်း စိတ်ရူးပေါက်ပြီး စာသင်မိတာကြောင့် အခုလို မျက်စိနှစ်လုံး စုံလုံးကန်းတဲ့အဖြစ် ရောက်ခဲ့ရတာပဲ'

အဲဒီအချိန်မှာ လမ်းဘေး ချုံတန်းပေါ်မှာ နားနေတဲ့ အဖြူရောင် မြေလူးငှက်တစ်ကောင်က ရုတ်တရက် ပြောလိုက်တယ်။

'ဟေ့… ပီနိချိုယို မိတ်ဆွေရ၊ မိတ်ဆွေယောင်တွေပြောတဲ့ စကားကို မယုံပါနဲ့၊ မင်း စိတ်ဆင်းရဲရလိမ့်မယ်'

ငှက်ကလေးက အဲဒီလိုပြောလိုက်တော့ ကြောင်က သူ့ကို ဆတ်ခနဲ ခုန်ဖမ်းပြီး အမွေးအတောင်ပါမကျန် တစ်ကောင်လုံးကို တစ်လုတ်တည်းနဲ့ ကျွတ်ကျွတ်ဝါးစားလိုက်တော့တယ်။

မြေလူးငှက်ကလေးခမျာ ဘာမှမပြောဘဲ ပါးစပ်ပိတ်နေလိုက်ရင် အကောင်းသား။ ခုတော့ သူ့ခမျာ မနေနိုင် မထိုင်နိုင် ပါးစပ်ဆော့မိတဲ့အတွက် ဘဝဆုံးရရှာတယ်။

ကြောင်ဟာ ငှက်ကလေးကို စားပြီးတော့ ပါးစပ်ကို လက်နဲ့ သုတ်ပြီး မျက်လုံးတွေကို ပြန်ပိတ်ထားလိုက်တယ်။

'ငှက်ကလေးခမျာ သနားစရာပဲ၊ ခင်ဗျားက သူ့ကို ဘာလို့ ကိုက်စားလိုက်ရတာလဲ'လို့ ပီနိချိုယိုက မေးလိုက်တော့ ကြောင်က ပြန်ပြောတယ်။

'သူ့ကို ငါက မှတ်လောက်သားလောက် သင်ခန်းစာပေးလိုက်တာပေါ့ကွ၊ သူများတွေ စကားပြောနေတုန်း ကြားက ဝင်မပြောရဘူးဆိုတာကိုမှ သူက မသိတာ'

ဒီလိုနဲ့ သူတို့သုံးယောက်သား ဆက်လက်လျှောက်လာလိုက်ကြတာ နောက်ဆုံးမှာ ပီနိချိုယိုတို့အိမ်ကို ရောက်ဖို့ ခရီးတစ်ဝက်ကျိုးလာခဲ့တယ်။

အဲဒီအချိန်မှာ မြေခွေးက ရုတ်တရက် ရပ်လိုက်ပြီး…

'ဒါနဲ့ ပီနိုချီယို၊ မင်းပိုက်ဆံတွေ နှစ်ဆတိုးလာအောင် မလုပ်ချင်ဘူးလား'

'ခင်ဗျား ဘာကို ဆိုလိုတာလဲ၊ ကျွန်တော် သဘောမပေါက်ဘူး'

'ဩော်... ငါပြောတာက ဒီလိုပါ၊ မင်းရဲ့ ရွှေဒင်္ဂါး ငါးပြားကနေပြီ ရွှေဒင်္ဂါး တစ်ရာ၊ တစ်ထောင်၊ နှစ်ထောင်အထိ တိုးလာအောင် မလုပ်ချင်ဘူးလားလို့ မေးတာပါ'

'ခင်ဗျားက အဲဒီလိုဖြစ်အောင် လုပ်နိုင်လို့လား'

'အို...လုပ်နိုင်လို့ ပြောတာပေါ့ကွ၊ ဒါက ဘာမှ မခက်ပါဘူး၊ ကမ္ဘာပေါ်မှာ အလွယ်ဆုံး အလုပ်ပဲ၊ အဲဒီလိုဖြစ်အောင် လုပ်ချင်ရင် အိမ်မပြန်နဲ့ဦး၊ တို့နဲ့လိုက်ခဲ့'

'ခင်ဗျားတို့က ဘယ်ကိုသွားမလို့လဲ'

'တို့က လူလိမ်ကျွန်းကို သွားမလို့'

မြေခွေးက အဲဒီလိုပြောလိုက်တော့ ပီနိုချီယိုကလေးက ခဏစဉ်းစားနေတယ်၊ ပြီးတော့မှ သူက စိတ်ကို ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်ပြီး ပြန်ပြောလိုက်တယ်။

'ဟင့်အင်းဗျာ၊ ကျွန်တော် မလိုက်နိုင်တော့ဘူး၊ အိမ်ကိုလည်း ရောက်ကာနီးနေပြီ။ ဖေဖေ့ဆီအရောက်သွားရမယ်၊ ဖေဖေက မျှော်လှရှာမယ်။ ကျွန်တော် အိမ်ပြန်မရောက်တာကြောင့် ဖေဖေ့ခမျာ သိပ်ပြီး ပူနေလိမ့်မယ်။ ကျွန်တော်က ဖေဖေ့အပေါ် သိပ်ပြီး ဆိုးခဲ့တာဗျ၊ ပုရစ်ကလေးပြောတာ သိပ်မှန်တာပဲ၊ မိဘစကား နားမထောင်တဲ့ ကလေးတွေဟာ တစ်နေ့ကျရင် စိတ်ဆင်းရဲရတတ်တယ်တဲ့။ အဲဒါကို အခုပဲ ကျွန်တော် လက်တွေ့ကြုံခဲ့ရပြီ။ ဖေဖေ့စကား နားမထောင်ဘဲ အိမ်က ထွက်ပြေးခဲ့လို့ ဒုက္ခတွေ အမျိုးစုံ ကြုံခဲ့ရပြီးပြီ။ မနေ့ညကဆိုရင် မီးစားဘီလူးကြီးလက်ထဲ ရောက်သွားပြီး အရှင်လတ်လတ် မီးဖုတ်ခံ ရမယ့်ဆဲဆဲ ကံကောင်းလို့ လွတ်လာခဲ့တာ၊ ဘုရား...ဘုရား အခု ပြန်ပြောတာတောင် ကျောချမ်းလိုက်တာ'





'ကဲလေ ဒီလောက်တောင် အိမ်ပြန်ချင်နေရင်လည်း ပြန်ပေါ့၊ မင်းထိုက်နဲ့ မင်းကံ ခံပေတော့ပေါ့'

'ဟင်...ကျွန်တော်က ဘာမှမလုပ်ဘဲ ဘာလို့ ခံရမှာလဲ'

'မင်းပဲ စဉ်းစားကြည့်ပါလားကွ၊ မင်းက ကိုယ့်လက်ထဲ ငွေထုပ်ကြီး ရောက်လာတာတောင် လွှင့်ပစ်ပြီး ကျောခိုင်းသွားတဲ့ လူပဲ'

ဒီအခါ ကြောင်က...

'ဟုတ်တယ်၊ အဲဒါ သိပ်မှန်တယ်၊ ငွေထုပ်ကြီး လွှင့်ပစ်တဲ့လူ'လို့ ဝင်ပြီး ထောက်ခံလိုက်တယ်။

ပြီးတော့ မြေခွေးက ဆက်ပြောပြန်တယ်။

'စိတ်ကူးမလွဲပါနဲ့ ပီနိုချီယို၊ မင်း ရွှေဒင်္ဂါးပြား ငါးပြားဟာ တစ်နေ့တည်းနဲ့ နှစ်ထောင်အထိ တိုးပွားလာမှာပါကွ'

'ဟုတ်တယ်၊ တစ်နေ့တည်းမှာကို နှစ်ထောင်အထိ တိုးလာမှာ'လို့ ကြောင်က ပင့်ပေးလိုက်ပြန်တယ်။

ဒီအခါမှာ ပီနိုချီယိုက ပါးစပ်အဟောင်းသားနဲ့ တအံ့တသြ ပြန်မေးလိုက်တယ်။

'ဘာဖြစ်လို့ အဲဒီလောက်ထိ တိုးပွားလာရတာလဲဗျ'

'အဲဒါကို အခုချက်ချင်း ငါရှင်းပြမယ်'ဆိုပြီး မြေခွေးက ဆက်ပြောတယ်။ 'စောစောက ငါပြောခဲ့တဲ့ 'လူလိမ်ကျွန်း'ဆိုတာမှာ 'ဆိုတာရတွင်း'ဆိုတာ ရှိတယ်ကွ၊ အဲဒီတွင်းထဲမှာ တွင်းကလေး တစ်တွင်းတူးပြီးတော့ အဲဒီတွင်းထဲမှာ ပိုက်ဆံကိုထည့်၊ ဥပမာ... ရွှေဒင်္ဂါးတစ်ပြားပေါ့ကွာ၊ အဲဒီလို ပိုက်ဆံထည့်ပြီးတော့ အပေါ်က မြေနဲ့ဖုံး၊ အဲဒီနောက် စမ်းချောင်းထဲက ရေနှစ်ပုံးသွားခပ်ပြီး လောင်းလိုက်၊ ပြီးတော့ အပေါ်က ဆားနည်းနည်းဖြူးထားလိုက်၊ အဲဒါပြီးရင် မြန်မြန်ပြီး စိတ်ချလက်ချသာ သွားအိပ်ချေတော့၊ ညကျတော့ တွင်းထဲက ရွှေဒင်္ဂါးကလေးက အပင်ပေါက်ပြီး အပွင့်ပွင့်၊ မနက်ကျတော့

သွားကြည့်၊ ဘာတွေ တွေ့ရမယ် ထင်သလဲ၊ ဘာတွေ တွေ့ရမှာလဲ၊ တစ်ပင်လုံး ရွှေဒင်္ဂါးသီးတွေနဲ့ ပြွတ်ခဲနေတာ တွေ့ရမှာ ကျိန်းသေပဲ'

ဒီအခါ ပီနိုချီယိုဟာ စောစောကထက် ခေါင်းရှုပ်သွားပြီး...

'ဒါဆို ကျွန်တော်က ရွှေဒင်္ဂါး ငါးပြားစလုံး အဲဒီတွင်းထဲ ထည့်လိုက်ရင် မနက်ကျတော့ ဘယ်လောက်ဖြစ်လာမှာလဲ'

'ဒါက သိပ်လွယ်တဲ့ ပုစ္ဆာပါကွာ၊ လက်တစ်ချောင်းတည်းနဲ့ တောင် တွက်လို့ရပါတယ်။ ကဲ ဆိုကြပါစို့၊ ရွှေဒင်္ဂါး တစ်ပြားက အပြားငါးရာ တိုးလာတယ် ဆိုပါတော့၊ အဲဒီလိုဆိုရင် ငါးရာကို ငါးနဲ့ မြှောက်လိုက်ပေါ့။ မနက်ကျတော့ မင်း အိတ်ကပ်ထဲ ရွှေဒင်္ဂါး အပြား နှစ်ထောင့်ငါးရာ ချောက်ခနဲ ရောက်လာမှာပေါ့ကွ'

'ဟာ... အဲဒါဆို တစ်ချီတည်းပွတာပေါ့ဗျ' ပီနိုချီယိုက ဝမ်းမြောက် ဝမ်းသာနဲ့ ပြန်ပြောလိုက်တယ်။ 'ဒီတော့ ကျွန်တော်က ဒီရွှေဒင်္ဂါးပြား ငါးပြားကို အရင်းစိုက်မယ်၊ တိုးပွားလာတဲ့ နှစ်ထောင့် ငါးရာအနက်က ကျွန်တော် နှစ်ထောင်ယူမယ်၊ ခင်ဗျားတို့နှစ်ယောက် ကို မေတ္တာလက်ဆောင်အနေနဲ့ ငါးရာပေးမယ်'

'အို...မင်းက တို့ကို လက်ဆောင်ပေးမယ်၊ ဟုတ်လား၊ ဒါဆို မင်းက တို့ကို စော်ကားသလို ဖြစ်နေမှာပေါ့၊ ဘုရားမကြိုက်တာ မလုပ်ပါနဲ့ကွာ'

မြေခွေးက အဲဒီလို ပြောလိုက်တော့ ကြောင်ကလည်း သံယောင် လိုက်ပြီး...

'ဟုတ်ပါတယ်ကွာ၊ ဒါတော့ သည်းခံပါ၊ ဘုရားမကြိုက်ပါဘူး'

အဲဒီအခါ ပီနိုချီယိုက 'ဒီလူတွေ သိပ်ပြီး စိတ်ကောင်းရှိပါလား နော်'လို့ တွေးလိုက်မိတယ်။ အဲဒီအတွေး သူ့ခေါင်းထဲ ဝင်လာတယ် ဆိုရင်ပဲ အိမ်ကိုပြန်ပြီး ကုတ်အင်္ကျီနဲ့ ဖတ်စာအုပ် ဝယ်ဖို့ကိစ္စတွေကို လုံးဝ မေ့ပစ်လိုက်ပြီးတော့...

'ကဲဗျာ ခင်ဗျားတို့နဲ့ ကျွန်တော် လိုက်ခဲ့တော့မယ်'လို့ ပြန်ပြော လိုက်သတဲ့။



[၁၃]

# ကဏန်းနီ တည်းခိုရိပ်သာ

သူတို့ သုံးယောက် လျှောက်ရင်း လျှောက်ရင်း လာခဲ့လိုက်ကြတာ နေ့ဝင်ခါနီးလို့ ခြေကုန်လက်ပန်းကျကုန်ကြတော့မှ 'ကဏန်းနီ တည်းခို ရိပ်သာ'ကို ရောက်လာခဲ့ကြတယ်။

'ကိုင်း...တို့ ဒီမှာ ခဏနားကြရအောင်' မြေခွေးက ပြောလိုက် တယ်။ 'ဒီမှာ အပန်းဖြေရင်းနဲ့ အစာဝအောင် စားကြမယ်၊ သန်းခေါင် [illegible]ကျတော့မှ ခရီးဆက်ကြတာပေါ့။ အဲဒါဆိုရင် မနက် နေထွက် [illegible] "လိုတရတွင်း"ကို ရောက်နိုင်ပါတယ်'

ဒါနဲ့ တည်းခိုရိပ်သာထဲဝင်ပြီး စားပွဲမှာ ဝင်ထိုင်ကြတယ်။ ပြီး [illegible] အစားအသောက်တွေ မှာစားကြတယ်။ ဒါပေမယ့် သုံးယောက် [illegible] ဘယ်သူမှ စားသောက်လို့ မမြိန်ကြဘူးတဲ့။

[illegible] ဗိုက်နာနေတာကြောင့် ငါးကလေး ၃၅ ကောင်နဲ့ [illegible] ပဲ စားနိုင်တယ်။ မြေခွေးကလည်း ဆရာဝန်

ညွှန်ကြားချက်အရ အကန့်အသတ်နဲ့ ဓာတ်စာ စားနေရတဲ့အတွက် ပထမဆုံး ယုန်တစ်ကောင်နဲ့ ကြက်ကြော်တစ်ကောင်ပဲ မှာစားလိုက်တယ်။

အဲဒါနဲ့ မဝသေးတာနဲ့ နောက်ထပ် ရစ်သား၊ ခါသား၊ ဖားသား၊ ဖွတ်သားနဲ့ စပျစ်သီးတွေ မှာစားပြန်သတဲ့။ အဲဒါတွေ စားပြီးတော့ သူဟာ ဗိုက်ကြီးကားပြီး နောက်ထပ် ဘာအစာမှ မစားချင်တော့လောက်အောင် ဖြစ်သွားတယ်။

သူတို့သုံးယောက်ထဲမှာ အစား အနည်းဆုံးကတော့ ပီနိုချီယိုပဲ။ သူက သစ်တော်သီး တစ်စိတ်နဲ့ ပေါင်မုန့် တစ်ဖဲ့လောက်ပဲ မှာလိုက်တယ်။ ဒါပေမယ့် တကယ်စားတဲ့အခါကျတော့ စားချင်စိတ် လုံးဝ မရှိဘူး။ ဒါနဲ့ ဒီအတိုင်းပဲ ထားလိုက်ရတယ်။ သူ့ခမျာ ဘယ်စားနိုင်ပါ့မလဲ။ တစ်ချိန်လုံး သူ့စိတ်က 'လိုတရတွင်း'အကြောင်းပဲ တွေးနေမိတာကိုး။ တကယ်တော့ သူဟာ ရွှေဒင်္ဂါး အစာမကြေရောဂါ စွဲကပ်နေတယ်လို့ပြောရင် မမှားပါဘူး။

အားလုံး စားသောက်ပြီးသွားတဲ့အခါ မြေခွေးက ဆိုင်ရှင်ကို ပြောလိုက်တယ်။

'ကျွန်တော်တို့ကို အခန်းကောင်းကောင်းကလေးနှစ်ခန်း ငှား ပါဗျာ၊ တစ်ခန်းက မစ္စတာပီနိုချီယိုအတွက်၊ ကျန်အခန်းကတော့ ကျွန်တော်နဲ့ ကျွန်တော့်မိတ်ဆွေအတွက်ပါ။ ခရီးဆက်မထွက်ခင် ကျွန်တော်တို့ တမှေးကလေးလောက် အိပ်ချင်လို့ပါ၊ ည ဆယ့်နှစ်နာရီ ထိုးရင်တော့ ကျွန်တော်တို့ကို ဆက်ဆက်နှိုးပါ ခင်ဗျား'

ဆိုင်ရှင်က 'မင်းတို့အကြံ ငါသိပါတယ်ကွာ'ဟု ပြောလိုဟန်ဖြင့် မြေခွေးနဲ့ ကြောင်တို့ကို တစ်ချက် စောင်းကြည့်လိုက်ပြီး…

'စိတ်ချပါ ဆက်ဆက်နှိုးပါ့မယ်'

အဲဒီနောက် သူတို့သုံးယောက်သား အိပ်ရာဝင်ကြတယ်။ ပီနိုချီယိုဟာ အိပ်ရာပေါ် ကျောချလိုက်တာနဲ့ တပြိုင်နက် အိပ်ပျော်သွားတယ်။ သူ အိပ်ပျော်နေတုန်း အိပ်မက်မက်တယ်။





အိပ်မက်ထဲမှာ သူဟာ တွင်းတစ်တွင်းထဲ ရောက်သွားသတဲ့။ တွင်းထဲမှာ သစ်ပင်ကလေးတွေ အပြည့်ပေါက်နေကြတယ်။ သစ်ပင်တိုင်းရဲ့ အကိုင်းမှန်သမျှမှာလည်း ရွှေဒင်္ဂါးတွေ ပြွတ်ခဲနေကြသတဲ့။ လေထဲမှာ ရွှေဒင်္ဂါးလေးတွေ လှုပ်ယမ်းပြီး တချွင်ချွင်မြည်နေသံက လည်း 'လိုချင်သူ ဆွတ်ချူလှည့်ပါ'လို့ တမင်ဖိတ်ခေါ်နေသလို ထင်ရသတဲ့။ ဒါနဲ့ ပီနိုချီယိုဟာ ရွှေဒင်္ဂါးကလေးတွေကို ဆွတ်ခူးမလို့ လက်လှမ်းလိုက်ချိန်မှာ အခန်းတံခါးကို ပြင်းပြင်းခေါက်သံ သုံးချက် ပေါ်လာတာကြောင့် ရုတ်တရက်လန့်နိုးလာခဲ့တယ်။

တံခါးလာခေါက်သူက တခြားလူမဟုတ်ဘူး။ ဆိုင်ရှင်ပါ။ သူက ဆယ့်နှစ်နာရီထိုးပြီလို့ ပီနိုချီယိုကို လာပြောတာ။

'ဒါနဲ့ ကျွန်တော့်အဖော်တွေကိုရော နှိုးပြီးပြီလား ခင်ဗျာ'

'သူတို့ မရှိတော့ဘူး၊ ထွက်သွားတာ နှစ်နာရီလောက်တောင် ရှိသွားပြီ'

'ဘယ့်နှယ် မဟုတ်တာပဲ၊ သူတို့နှစ်ယောက် ဘာကြောင့်များ ဒီလောက်တောင် မြန်မြန်ထွက်သွားရတာလဲ'

'ကြောင်ရဲ့သားကြီး အပြင်းဖျားနေတယ်ဆိုပြီး သတင်းရောက်လာတယ်။ အသက်တောင် မီချင်မှ မီမယ်လို့ ပြောသွားတာပဲ'

'ဒါဆို ညစာအတွက် သူတို့ ပိုက်ဆံပေးသွားသလား'

'ဟာ… ဒါကတော့ ဘယ်ဖြစ်ပါ့မလဲ၊ သူတို့က ခင်ဗျားလို လူကြီးလူကောင်းတစ်ယောက်ကို အဲဒီလို ဆက်ဆံသွားရင် ရိုင်းရာ ရောက်နေမှာပေါ့'

'ဘုရားရေ အဲဒီလို ရိုင်းတာမျိုးတော့ ဆယ်ခါရိုင်းပါစေဗျာ၊ အချိန်မရွေး ခံချင်ပါရဲ့၊ ဒါနဲ့ သူတို့က ကျွန်တော့်ကို ဘယ်နေရာက စောင့်နေမယ်လို့ ပြောသွားသလဲဗျ'

'မနက်ဖြန် နေထွက်ချိန်မှာ 'လိုတရတွင်း'က စောင့်နေမယ်တဲ့'

အဲဒီနောက် ပီနိုချီယိုက သူနဲ့ သူ့မိတ်ဆွေ နှစ်ယောက်တို့ စားသောက်ခအတွက် ဆိုင်ရှင်ကို ရွှေဒင်္ဂါးတစ်ပြား ထုတ်ပေးလိုက်ပြီးတော့ တည်းခိုရိပ်သာက ထွက်လာခဲ့တယ်။

ပတ်ဝန်းကျင်တစ်ခုလုံး မှောင်မည်းနေတယ်။ မျက်နှာရှေ့မှာ ကိုယ့်လက်ကို ထောင်ကြည့်ရင်တောင် မမြင်ရသလောက်ပဲ။ ဒါကြောင့် ပီနိုချီယိုဟာ လမ်းကို စိတ်မှန်းနဲ့ စမ်းပြီး လျှောက်လာရတယ်။

အသံဗလံဆိုလို့လည်း သစ်ရွက်ကလေးတွေကို လေတိုးသံတောင် မကြားရဘူး။ တစ်ခါတလေ ညဥ့်ငှက်ကလေး တစ်ကောင်တလေ တစ်ချုံမှ တစ်ချုံ ဖြတ်ပျံသွားတော့ ပီနိုချီယိုရဲ့ နှာခေါင်းကို အတောင်နဲ့ ပွတ်သွားတတ်ကြတယ်။ အဲဒီအခါမှာ သူဟာ 'ဒါ ဘယ်သူလဲကွ' လို့ အလန့်တကြား အော်လိုက်တယ်။ သူ့အသံဟာ တောတောင်တွေကြားမှာ ပဲ့တင်သံ ဖြစ်ပေါ်သွားတယ်။ 'ဒါ ဘယ်သူလဲကွ...ဒါ ဘယ် သူလဲကွ... ဒါဘယ်သူလဲကွ' ဆိုတဲ့ အသံတွေဟာ တစ်တောလုံး ညံသွားတော့သတဲ့။

ဒါနဲ့ သူဟာ ကြောက်ကြောက်လန့်လန့်နဲ့ မြန်နိုင်သမျှ မြန်မြန် ခြေပြင်းနှင်လာခဲ့တယ်။ တစ်နေရာရောက်တော့ သစ်ကိုင်းတစ်ကိုင်း ပေါ်မှာ အကောင်ကလေးတစ်ကောင် လှမ်းမြင်လိုက်ရတယ်။ အဲဒီ အကောင်ကလေးဆီက ခပ်မှိန်မှိန်အလင်းရောင်ကလေး ထွက်နေတယ်။

'ခင်ဗျား ဘယ်သူလဲဗျ'လို့ ပီနိုချီယိုက လှမ်းမေးလိုက်တယ်။

'ငါက စကားပြောတဲ့ ပုရစ်ကလေး သေပြီး ဖြစ်နေတဲ့ တစ္ဆေ ပါ'လို့ အသံသေးသေးညှက်ညှက်ကလေး ပေါ်ထွက်လာတယ်။

'ခင်ဗျား ကျွန်တော့်ဆီက ဘာလိုချင်သလဲ'

'ငါ မင်းဆီက ဘာမှ မလိုချင်ပါဘူး၊ မင်းကို တစ်ခုပဲ သတိပေးချင်တယ်၊ မင်းအိမ်ကို ပြန်ဖြစ်အောင်ပြန်ပါ။ ကျန်နေတဲ့ ရွှေဒင်္ဂါးလေးပြားကို မင်းအဖေဆီယူသွားပါ။ မင်းအဖေဟာ မင်းကို အောက်မေ့ပြီး တငိုတည်း ငိုနေရှာတယ်'

'ဖေဖေက မနက်ဖြန်ဆိုရင် သူဌေးကြီး ဖြစ်တော့မယ်ဗျ။ အခု ကျွန်တော့်မှာပါတဲ့ ရွှေဒင်္ဂါး လေးပြားဟာ မနက်ဖြန်မှာ အပြား နှစ်ထောင် ဖြစ်လာတော့မယ်'





'ငါပြောတာ နားထောင်ပါ လူကလေး၊ မင်းကို တစ်နေ့တည်းနဲ့ သူဌေးဖြစ်အောင် လုပ်ပေးမယ်လို့ပြောတဲ့ လူတွေကို ဘယ်တော့မှ မယုံပါနဲ့၊ တကယ်တော့ အဲဒီလို ပြောတဲ့ လူတွေဟာ လူလိမ်တွေပါ၊ အရူးတွေပါ၊ အဲဒီတော့ အိမ်ကိုသာ ပြန်ဖြစ်အောင် ပြန်ပါ လူကလေး'

'ဟင့်အင်း မဖြစ်ဘူး၊ ဆက်သွားမယ်'

'အချိန်က သိပ်မှောင်နေတယ်'

'ဒါပေမယ့် သွားကို သွားမယ်'

'ညဥ့်နက်လွန်းပါတယ် လူကလေး'

'ဒါပေမယ့် သွားကိုသွားမယ်'

'အန္တရာယ်များလှပါတယ် လူကလေး'

'ဒါပေမယ့် သွားကိုသွားမယ်'

'ကိုယ့်ထင်တာစွတ်လုပ်တဲ့ ကလေးတွေဟာ အနေးနဲ့အမြန် စိတ်ဆင်းရဲရတတ်တယ်ဆိုတာ သတိရပါ လူကလေး'

'ဒါက လူကြီးတွေက သက်သက်ခြောက်လှန့်တဲ့ စကားပါ၊ တဲ...သွားမယ်၊ မင်္ဂလာရှိတဲ့ညပါ ပုရစ်'

'မင်္ဂလာရှိတဲ့ညပါ ပီနိုချီယို၊ ဆီးနှင်းနဲ့ မသမာသူတွေရဲ့ အန္တရာယ်က လွတ်မြောက်နိုင်ပါစေကွယ်'

အဲဒီလို ပြောလိုက်ပြီးတော့ ပုရစ်ကလေးဆီက အလင်းရောင်ကလေးဟာ ပျောက်ကွယ်သွားတယ်။ တစ်လမ်းလုံးလည်း နဂိုကထက်ပြီး မှောင်မည်းသွားတော့တယ်။

[၁၄]

## လူဆိုးတွေနှင့် တွေ့ရခြင်း

ပီနိုချီယိုဟာ လျှောက်လာရင်းနဲ့ တစ်ယောက်တည်း စကားပြောလာခဲ့တယ်။

'အင်း တကယ်တွေးကြည့်ရင် ငါတို့ ကလေးတွေဟာ သိပ်ပြီးကံဆိုးတာပဲ၊ တို့ကို လူတိုင်းက ဆူပူကြိမ်းမောင်းကြတယ်၊ တားမြစ်ပိတ်ပင်ကြတယ်၊ ဆုံးမစကား ပြောကြတယ်၊ သူတို့ကိုယ်သူတို့ တို့မိဘတွေ တို့ဆရာတွေများ ထင်နေကြလား မသိဘူး၊ ဘာမဟုတ်တဲ့ပုရစ်စုတ်ကတောင် အဲဒီလို လေသံမျိုးနဲ့ ဆုံးမစကား ပြောလာတာသာကြည့်ပါတော့၊ သူက ပြောလိုက်တယ်၊ ငါ အများကြီး ဒုက္ခတွေ့ရဦးမယ်တဲ့။ လူဆိုးတွေနဲ့လည်း တွေ့ရဦးမယ်တဲ့။ တွေ့တွေ့ပေါ့၊ ငါတော့ သူပြောတာ တစ်စက်ကလေးမှ မယုံပါဘူး။





'အမှန်ကတော့ လူဆိုးတွေနဲ့တွေ့မယ်၊ ဘာနဲ့တွေ့မယ် ညာနဲ့တွေ့မယ်'လို့ ကလေးတွေကိုပြောကြတာဟာ လူကြီးတွေက တို့ကို တမင်ခြောက်တာပါ။ ညအချိန်မတော်မှာ အပြင်မထွက်ရအောင်လို့ တမင် ကြံဖန်ပြီး ပြောကြတာပါ။ တကယ်လို့ လူဆိုးတွေနဲ့ တွေ့တော့ကော သူတို့ကိုကြောက်ရမှာတဲ့လား၊ ဝေးသားပဲ။ ငါက ဒီကောင်တွေကို လုံးဝဂရုမစိုက်ပါဘူး၊ သူတို့ရှေ့ ရင်ကော့သွားပြီး ဒီမှာကိုလူဆိုးတွေ၊ ခင်ဗျားတို့က ကျုပ်ကို ဘာလုပ်ချင်လို့လဲ၊ ဟင်း ကျုပ်ကို လာစမ်းမယ်တော့ စိတ်မကူးပါနဲ့၊ ကိုယ့်ဟာကိုယ် ငြိမ်ငြိမ်ကလေးနေကြစမ်းပါ၊ ခင်ဗျားတို့လမ်း ခင်ဗျားတို့ လျှောက်ကြစမ်းပါလို့တောင် ပြောပစ်လိုက်ဦးမယ်။

အဲဒီလိုပြောလိုက်ရင် ဒီကောင်တွေ ဘယ်ခံနိုင်ပါ့မလဲ၊ နောက်ပြန်လှည့်ပြီး ခြေဖဝါးနဲ့ တင်ပါးနဲ့ကပ်အောင် တချိုးတည်း လစ်ပြေးကြမှာပေါ့၊ တကယ်လို့ သူတို့ထွက်မပြေးရင်လည်း ကိုယ်က ထွက်ပြေးတာပေါ့။ အဲဒီလိုဆိုရင် ကိစ္စပြတ်ရော မဟုတ်လား၊ ပြီးတော့လည်း'

ပီနိုချီယိုဟာ သူ့စကားကို ဆက်ပြောလိုက်မလို့လုပ်တုန်း သူ့နောက်က သစ်ရွက်တိုးသံလိုလို ကြားလိုက်ရတာနဲ့ စကားကို ရုတ်တရက် ရပ်ပစ်လိုက်ရတယ်။

ဒါနဲ့ နောက်ကိုပြန်လှည့်ကြည့်လိုက်တော့ တစ်ကိုယ်လုံး မီးသွေးအိတ် ခြုံထားတဲ့ ကြောက်စရာ မည်းမည်းသဏ္ဍာန်နှစ်ခုဟာ ခြေကိုဖော့နင်းပြီး တဖွဖွနှစ်ကောင်လို သူ့ဆီလာနေတာကို တွေ့လိုက်ရတော့တယ်။

'ဟော သူတို့ လာနေကြပြီ'

ပီနိုချီယိုဟာ အဲဒီလိုပြောပြီး ဖွန်းစားကြီးမို့ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားတယ်။ ပြီးတော့မှ ရုတ်တရက် သတိရလာသလို ရွှေဒင်္ဂါးလေးပြားကို ပါးစပ်ထဲထည့်ပြီး လျှာအောက်မှာ ငုံထားလိုက်တယ်။

အဲဒီနောက် သူဟာ အဲဒီနေရာက အတင်းထွက်ပြေးတော့တယ်။ ဒါပေမယ့် သုံးလေးလှမ်းတောင် မပြေးလိုက်ရပါဘူး။ သူ့လက်မောင်းနှစ်ဖက်ကို ဖမ်းချုပ်ခံလိုက်ရပြီး ကြောက်စရာအသံအောကြီးနဲ့ ပြောတာကို ကြားလိုက်ရတော့တယ်။

'ပိုက်ဆံကို ပေးမလား၊ အသက်ကို အသေခံမလား'

ဒါပေမယ့် ပီနိုချီယိုက ဘာစကားမှ ပြန်မပြောနိုင်ဘူး။ ဘယ်ပြောနိုင်ပါ့မလဲ။ သူ့ပါးစပ်ထဲ ရွှေဒင်္ဂါးတွေ ငုံထားတာကိုး။ ဒါနဲ့ တစ်ကိုယ်လုံး အဝတ်ဖုံးထားပြီး မျက်စိပေါက်ကလေးသာ ဖွင့်ထားတဲ့ လူဆိုးတွေကို သူက ခေါင်းတညိတ်ညိတ်နဲ့ အကြိမ်ပေါင်းများစွာ အရိုအသေပြုပြီးတော့ သူဟာ ဆင်းရဲသားတစ်ယောက် ဖြစ်ကြောင်း၊ သူ့မှာ ပိုက်ဆံဆိုလို့ အတုတောင် တစ်ပြားမှမရှိကြောင်း ခြေဟန်လက်ဟန်နဲ့ တောင်းပန်လိုက်တယ်။

ဒါပေမယ့် သူပြောတာကို မယုံကြဘူး။

'ဟေ့ကောင် ညာမနေနဲ့၊ ပိုက်ဆံသာ မြန်မြန်ထုတ်စမ်းပါ'

ဒီအခါ ပီနိုချီယိုက သူ့မှာ တကယ့်ကို တစ်ပြားမှမရှိကြောင်း ခြေဟန်လက်ဟန်နဲ့ ထပ်ပြီး ပြောလိုက်ပြန်တယ်။

'ဟေ့ မရဘူး မရဘူး၊ ပိုက်ဆံသာ ပေးစမ်းပါ။ မပေးရင်တော့ မင်း သေပြီသာမှတ်တော့'

အရပ်ရှည်ရှည်လူဆိုးက အဲဒီလိုပြောလိုက်တော့ နောက် တစ်ယောက်ကလည်း သံယောင်လိုက်ပြီး...

'ဟုတ်တယ်၊ သေပြီသာမှတ်တော့'လို့ ပြောလိုက်ပြန်သတဲ့။

ပထမလူဆိုးက ဆက်ပြီး...

'ပိုက်ဆံမပေးရင် မင်းကိုသတ်ပြီးနောက် မင်းအဖေကိုလည်း သွားသတ်ဦးမယ်၊ သိရဲ့လား'

နောက်တစ်ယောက်ကလည်း...

'ဟုတ်တယ် မင်းအဖေကိုပါ သွားသတ်ဦးမယ်'





'အို ကျွန်တော့်အဖေကိုတော့ မသတ်ကြပါနဲ့ ခင်ဗျာ၊ အဖေ့ကို မသတ်ကြပါနဲ့၊ အဖေ့အသက်ကို ချမ်းသာပေးကြပါ ခင်ဗျာ'

ပီနိုချီယိုက ကြောက်ကြောက်လန့်လန့် အဲဒီလို ပြောလိုက်တော့ သူ့ပါးစပ်ထဲက ရွှေဒင်္ဂါးချင်းထိသံတွေ ပေါ်ထွက်လာတယ်။

'အာ ဟား လက်စသတ်တော့ မင်းက ပိုက်ဆံတွေကို ပါးစပ်ထဲ ဝှက်ထားတာကိုး၊ ကဲ...ထွေးထုတ်၊ ထွေးထုတ် မြန်မြန်ထွေးထုတ်'

ပီနိုချီယိုက မကြားသလို ငြိမ်နေတယ်။

'အို...မင်းက မထွေးထုတ်ဘူးပေါ့ ဟုတ်လား၊ ဒါဆို ထွေးထုတ်အောင် လုပ်ရမှာပေါ့ကွာ'

ဒါနဲ့ လူဆိုးတစ်ယောက်က ပီနိုချီယိုရဲ့နှာခေါင်းကိုညှစ်၊ နောက်တစ်ယောက်က မေးစေ့ကိုကိုင်ပြီး ဟိုဘက်ဒီဘက် ဆွဲလားယမ်းလား လုပ်ကြတယ်။ ဒါပေမယ့် ပီနိုချီယိုက သူ့ပါးစပ်ကို နည်းနည်းကလေးမှ မဟဘူး။ သူ့ပါးစပ်က သံမှိုနဲ့ရိုက်ထားသလို လုံးဝပိတ်နေတယ်။

အဲဒီနောက် ခပ်သေးသေးလူဆိုးက ဓားမြှောင်ကိုထုတ်ပြီး နှုတ်ခမ်းကြား ထိုးထည့်မလို့အလုပ်မှာ ပီနိုချီယိုက ဓားမြှောင်ကို သူ့လက်နဲ့ လျှပ်တစ်ပြက် ပုတ်ထုတ်လိုက်တယ်။ ဓားမြှောင်ကိုင်ထားတဲ့ လက်ဟာ ကြောင်ရဲ့လက်ဖြစ်နေတာ တွေ့လိုက်ရတော့ ပီနိုချီယိုကလေး သိပ်ပြီးအံ့သြသွားမိတာပေါ့။

ပီနိုချီယိုဟာ ပွဲဦးထွက်မှာ အနိုင်ရလိုက်တာကြောင့် အားတက်သွားပြီး လူဆိုးတွေလက်ထဲက အတင်းထွက်ပြေးတော့တယ်။ သူဟာ ချောင်းတွေကို ခုန်ကျော်ပြီး ကွင်းပြင်ကျယ်ကြီးကို ဖြတ်ပြေးတယ်။ လူဆိုးနှစ်ယောက်ကလည်း သားကောင်နောက် မုဆိုးလိုက်သလို ချောင်းလိုက်ကြတယ်။ လူဆိုးတစ်ယောက်က ခြေတစ်ဖက်တည်းနဲ့ ခုန်လိုက်တာတော့ တော်တော်အံ့သြစရာကောင်းတာပဲ။

ကိုးမိုင်လောက် ပြေးလာပြီးတဲ့နောက် ပီနိုချီယိုဟာ ခြေကုန်လက်ပန်းကျလာခဲ့တယ်။ သူ ဆက်မပြေးနိုင်တော့ဘူးဆိုတာ သိတာနဲ့

နီးရာ ထင်းရှူးပင်ကြီးတစ်ပင်ပေါ် တက်ပြေးပြီး အမြင့်ဆုံး အကိုင်းတစ်ကိုင်း ခွကြားမှာ ထိုင်နေလိုက်တယ်။ လူဆိုးတွေကလည်း သစ်ပင်ပေါ် တက်လိုက်လာကြတယ်။ ဒါပေမယ့် တစ်ဝက်လောက်အရောက်မှာ လက်ကိုင်ပြုတ်ပြီး မြေကြီးပေါ် ပြန်ကျသွားတယ်။ သူတို့ရဲ့ ခြေလက်တွေမှာ ခြစ်ရာပွန်းရာတွေ ရကုန်ကြတာပေါ့။

ဒါပေမယ့် သူတို့က လက်မလျှော့ကြသေးဘူး။ သစ်ကိုင်းခြောက်တွေ ကောက်ပြီး သစ်ပင်ခြေရင်းမှာ စုပုံနေကြတယ်။ ပြီးတော့ သစ်ပင်ကို မီးတင်ရှို့ကြတယ်။ မကြာခင်မှာပဲ သစ်ကိုင်းကို မီးစွဲလောင်တော့တယ်။ မီးညွန့်ဟာ အပေါ်ကို မြန်မြန်ကြီး တက်လာတာကြောင့် ပီနိုချီယိုဟာ သစ်ကိုင်းပေါ်က အရဲစွန့်ပြီး ခုန်ချလိုက်တယ်။ ပြီးတော့ သစ်တောကိုဖြတ်ပြီး ခြေဦးတည့်ရာ စွတ်ပြေးလာခဲ့ပြန်တယ်။ လူဆိုးတွေကလည်း သူ့နောက်ကို အတင်းပြေးလိုက်လာခဲ့ကြတယ်။

အဲဒီလို ပြေးရင်း ပြေးရင်းနဲ့ မိုးလင်းခါနီးအချိန် ရောက်လာတဲ့အခါမှာ သူတို့ရှေ့က ရေမြောင်းကြီးတစ်ခု ကာဆီးနေတာကို ပီနိုချီယို ရုတ်တရက် တွေ့လိုက်ရတယ်။ ရေမြောင်းက တော်တော်ကျယ်တယ်။ မြောင်းထဲမှာက အားလုံး ရွှံ့ရေတွေချည်းပဲ။ ပီနိုချီယို ဘယ်လိုလုပ်ရပါ့မလဲ။

သူဟာ စဉ်းစားနေဖို့ အချိန်မရတော့ဘဲ 'တစ်–နှစ်–သုံး'လို့ အော်ပြီး တစ်ဘက်ကမ်းကို တအားခုန်ကူးလိုက်တယ်။ လူဆိုးနှစ်ယောက်ကလည်း ပီနိုချီယိုလိုပဲ နောက်က လိုက်ပြီး တအားခုန်ကူးလိုက်ကြတယ်။ ဒါပေမယ့် တစ်ဘက်ကမ်းကိုမရောက်ဘဲ နှစ်ယောက်စလုံး ရေမြောင်းအလယ်ထဲ ဗွမ်းခနဲ ကျသွားကြသတဲ့။

ပီနိုချီယိုက အားရပါးရ ရယ်ပြီး အော်ပြောလိုက်တယ်။

'ကဲ...ကိုလူဆိုးတို့ရေ၊ အဲဒီမှာသာ အားရပါးရ ရေချိုးကျန်ရစ်ကြပေတော့'





အဲဒီနောက် သူက ရှေ့ဆက်ပြေးလာခဲ့တယ်။ ပြေးလာရင်းက ဒီလူတွေတော့ ရေမြောင်းထဲ နစ်ပြီး သေကြမှာ ကိန်းသေပဲလို့ တွေးလိုက်မိတယ်။

ဒါပေမယ့် သူက အမှတ်မထင် နောက်ကို တစ်ချက်ပြန်လှည့်ကြည့်လိုက်တဲ့အခါ လူဆိုးတွေ သူ့နောက်က ဆက်ပြီး လိုက်လာတာကို တွေ့လိုက်ရပြန်သတဲ့။

[၁၅]

## သစ်ပင်တွင် တွဲလောင်းဆွဲခံရခြင်း

ဒီအကြိမ်မှာတော့ ရပ်သေးရုပ်ကလေးဟာ ငါတော့ ဘယ်နည်းနဲ့မှ ပြေးမလွတ်နိုင်တော့ပါဘူးလို့ တွေးလိုက်မိတယ်။ ဒါနဲ့ သူ့ကိုယ်သူ မြေကြီးပေါ် ပစ်လှဲပြီး အမိခံလိုက်တော့မယ်လို့ စိတ်ကူးမိလိုက်တဲ့ အချိန်မှာပဲ ခပ်လှမ်းလှမ်းက စိမ်းစိမ်းစိုစို သစ်ပင်တွေကြားမှာ ဆီးနှင်းလို ဆွတ်ဆွတ်ဖြူနေတဲ့ အိမ်ကလေးတစ်ဆောင်ကို လှမ်းမြင်လိုက်ရတယ်။

'အဲဒီအိမ်ကလေးဆီကို ရောက်အောင်ပြေးနိုင်ရင်တော့ ငါ အသက်ဘေးက လွတ်ကောင်း လွတ်နိုင်ပါလိမ့်မယ်'

သူ့ကိုယ်သူ အဲဒီလိုပြောပြီး အိမ်ဖြူကလေးဆီကို မြန်နိုင်သမျှ မြန်မြန် ပြေးလာခဲ့တယ်။ လူဆိုးတွေကလည်း သူ့နောက်က အတင်း လိုက်လာနေကြတုန်းပဲ။





ဒါနဲ့ နှစ်နာရီလောက် သွေးရူးသွေးတန်း ပြေးလာခဲ့ပြီးတဲ့နောက် မှာတော့ ပီနိုချီယိုဟာ ခြေကုန်လက်ပန်းကျပြီး အိမ်ဖြူကလေးရဲ့ တံခါးကို ရောက်လာခဲ့တယ်။

သူက တံခါးကို လက်နဲ့ထုလိုက်တယ်၊ ဘယ်သူမှ တံခါးလာ မဖွင့်ဘူး။

နောက်က ပြေးလိုက်လာတဲ့ လူဆိုးတွေရဲ့ ခြေသံနဲ့ အသက်ရှူသံ တွေတောင် ကြားလာရပြီ။ ဒါနဲ့ တံခါးကို စောစောကထက် ခပ်ပြင်း ပြင်း ထုလိုက်ပြန်တယ်။ ဒါပေမယ့် အိမ်ထဲက ဘာသံမှ မကြားရဘူး။ တိတ်ဆိတ်မြဲ တိတ်ဆိတ်နေတုန်းပဲ။

တံခါးကို လက်နဲ့ ထုနေလို့တော့ အလကားပဲဆိုပြီး ခြေထောက်နဲ့ ကန်ပြန်တယ်။ ခေါင်းနဲ့ ဆောင့်ပြန်တယ်။

အဲဒီတော့မှ ပြတင်းပေါက်မှာ ချောမောလှပတဲ့ မိန်းကလေး တစ်ယောက် ပေါ်လာတယ်။ မိန်းကလေးရဲ့ ဆံပင်တွေက တစ်ခေါင်း လုံး ပြာနေပြီး မျက်နှာကတော့ ဖယောင်းလို ဖြူဖွေးနေတယ်။ သူ က မျက်လုံးတွေကို မှိတ်ထားတယ်။ လက်နှစ်ဖက်ကိုတော့ ရင်ဘတ် ပေါ်မှာ ကန့်လန့်ဖြတ် ယှက်ထားတယ်။ မိန်းကလေးက သူ့နှုတ်ခမ်း တွေကို နည်းနည်းကလေးမှမဖွင့်ဘဲ လေသံတိုးတိုးကလေးနဲ့ ပြောလိုက် တယ်။

'အိမ်ထဲမှာ တစ်ယောက်မှ မရှိဘူး၊ အားလုံး အသေကောင်တွေ ချည်းပဲ'

'ကျွန်တော့်ကို အိမ်ထဲ ခဏလောက်တော့ ဝင်ခွင့်ပြုပါ ခင်ဗျား' ပီနိုချီယိုက ငိုယိုပြီး တောင်းပန်လိုက်တယ်။

'ငါလည်း လူသေတစ်ယောက်ပဲ'

'ဟင်...လူသေဟုတ်လား၊ ဒါဖြင့် ခင်ဗျားက ဒီပြတင်းပေါက်မှာ ဘာလို့ လာရပ်တာလဲ'

'မသာရထားကို စောင့်နေတာ၊ မသာရထားက ငါ့အလောင်းကို လာယူမှာ'

အဲဒီလိုပြောပြီး မိန်းကလေးဟာ ရုတ်တရက် ပျောက်ကွယ်သွားတယ်။ ပြတင်းပေါက်လည်း ပြန်ပိတ်သွားတယ်။

အဲဒီအခါမှာ ပီနိုချီယိုကလေးဟာ သွေးရူးသွေးတန်းနဲ့ ငိုယိုပြီး တောင်းပန်နေရှာတယ်။

'အို ဆံပင်ပြာနဲ့ မိန်းမလှလေးရယ်၊ ကျေးဇူးပြုပြီး တံခါးကို ဖွင့်ပါဦး၊ ကျွန်တော့်ကို သနားပါဦး၊ ကျွန်တော် သေရတော့မယ်၊ ကျွန်တော့်ကို လူဆိုးတွေ...'

သူ့စကားမဆုံးခင်မှာပဲ လူဆိုးတွေ ရောက်လာပြီး သူ့လည်ပင်းကို ဖမ်းဆုပ်လိုက်တယ်။

'ဒီတစ်ခါတော့ မင်း ဘယ်မှ ပြေးမလွတ်တော့ဘူး'

ပီနိုချီယိုကလေးဟာ ကြောက်လွန်းလို့ တစ်ကိုယ်လုံး ဆတ်ဆတ်တုန်နေရှာတယ်။ သူ့ကိုယ်သူ အတင်းရုန်းကန်နေတာကြောင့် သူ့ရဲ့သစ်သားခြေထောက်က အဆစ်အဆက်တွေဟာလည်း ဂျိုးဂျိုး ဂျွိဂျွိနဲ့ မြည်နေကြတယ်။ ပါးစပ်ထဲက ရွှေဒင်္ဂါးတွေလည်း တစ်ပြားနဲ့တစ်ပြား ထိပြီး ချွီးချွီးချွင်ချွင် အသံထွက်လာကြတယ်။

'ကဲ... မင်းပါးစပ်ကို ဖွင့်မလား၊ မဖွင့်ဘူးလားပြော၊ အား မပြောဘူးဟုတ်လား၊ ကောင်းပြီ၊ သိကြရောပေါ့ဗျာ၊ ဒီတစ်ကြိမ်တော့ မင်းပါးစပ် မဖွင့်ဖွင့်အောင် လုပ်ရတော့မှာပေါ့'

လူဆိုးတွေက အဲဒီလိုပြောပြီး သင်တုန်းဓားလို မြည့်နေအောင် အသွားထက်တဲ့ ဓားမြှောင်နှစ်ချောင်းကို ထုတ်ပြီး ပီနိုချီယိုကလေးကို ရက်ရက်စက်စက် ထိုးသတ်ကြတော့တယ်။

ဒါပေမယ့် ကံကောင်းချင်တော့ ရုပ်သေးရုပ်ကလေးက အကောင်းစား အမာဆုံးသစ်သားနဲ့ လုပ်ထားတဲ့အတွက် ဓားသွားတွေဟာ အပဲ့အပဲ့ ပဲ့ထွက်ကုန်ကြပြီး၊ လူဆိုးတွေရဲ့ လက်ထဲမှာ ဓားရိုးတွေပဲ





ကျန်တော့တယ်တဲ့။ အဲဒီအခါမှာ လူဆိုးတွေလည်း အလွန်အံ့အား သင့်နေကြတော့တာပေါ့။

ဒါနဲ့ တစ်ယောက်က ပြောလိုက်တယ်။

'ဟုတ်ပြီ၊ ကျုပ် အကြံရပြီ၊ ဒီကောင်ကို ကြိုးတုပ်ပြီး သစ်ပင်မှာ ဆွဲထားမယ်'

'ဟုတ်တယ်၊ ဒီအကြံ အကောင်းဆုံးပဲ'

ပြောနေကြသလားလို့၊ ချက်ချင်းပဲ ပီနိုချီယိုကို ဖမ်းချုပ်ပြီး လက်ပြန်ကြိုးတုပ်၊ သူ့နှာခေါင်းရှည်ကြီးကို လည်ပင်းမှာ ရစ်ပတ်ပြီးတော့ ဝက်သစ်ချပင်ကြီးတစ်ပင်ရဲ့အကိုင်းမှာ တွဲလောင်းကြီး ဆွဲထားလိုက်ကြတယ်။

အဲဒီနောက် လူဆိုးနှစ်ယောက်ဟာ အနားက မြက်ခင်းပေါ်မှာ ထိုင်ပြီး စောင့်ကြည့်နေကြတယ်။ ပီနိုချီယိုဟာ ခြေနှစ်ချောင်းကို ကန်ကျောက်ပြီး ရုန်းကန်နေတယ်။ သုံးနာရီလောက်ကြာတော့ သူ့မျက်လုံးတွေ ပြူးကျယ်လာကြတယ်။ ခြေထောက်တွေကိုလည်း စောစောကထက် ပြင်းပြင်းထန်ထန် ရုန်းကန်လာတယ်။

နောက်ဆုံးတော့ လူဆိုးတွေက စောင့်နေရတာကို စိတ်မရှည်နိုင်တော့တာမို့ ပီနိုချီယိုဘက်လှည့်ပြီး သရော်သံနဲ့ ပြောလိုက်တယ်။

'ကဲ... ကိုယ့်လူ မနက်ဖြန်မှ ပြန်တွေ့ကြတာပေါ့၊ တို့ပြန်လာခဲ့မယ်၊ အဲဒီအချိန်ကျတော့မှ တို့က ပါးစပ်ကြီးဟပြီး လျှာထွက်နေတဲ့ မင်းအလောင်းကိုတွေ့ရမှာ ကျိန်းသေပဲ'

အဲဒီလိုပြောပြီးတော့ လူဆိုးတွေ ထွက်ခွာသွားကြတယ်။

အဲဒီအချိန်မှာ မြောက်လေပြင်းဟာ တဟူးဟူးမြည်ပြီး တိုက်ခတ်လာတယ်။ ပီနိုချီယိုဟာ လေပြင်းဒဏ်ကြောင့် ဒန်းလွဲသလို ဘယ်ပြောင်း ညာပြန် လှုပ်ရှားနေတယ်။ ကြိုးချည်ရာကလည်း အလွန်နာကျင်လာတယ်။ လည်ပင်းကို ရစ်ပတ်ထားတဲ့ နှာခေါင်းကလည်း တင်းကျပ်ပြီး အသက်ရှူမရအောင် ဖြစ်လာတယ်။

မျက်လုံးတွေကလည်း တဖြည်းဖြည်းနဲ့ ရီဝေမှုန်ဝါးလာကြတယ်။ ဒီအတိုင်းဆိုရင်တော့ သူ မကြာခင် သေတော့မှာပဲ တွေးမိတယ်။ ဒါပေမယ့် သူ့စိတ်ဓာတ်ကတော့ မကျသေးဘူး။ စိတ်စေတနာကောင်းတဲ့ လူတစ်ယောက်ယောက် ရောက်လာပြီး သူ့ကို ကယ်တင်လိမ့်မယ်လို့ သူက မျှော်လင့်နေတုန်းရှိသေးတယ်။

အဲဒီလိုနဲ့ သူဟာ ကယ်တင်ရှင်ကို မျှော်လင့်တကြီးနဲ့ စောင့်စားနေတယ်။ အချိန်တွေသာ တဖြည်းဖြည်းကုန်လွန်သွားခဲ့တယ်။ ဘယ်သူတစ်ယောက်မှ ပေါ်မလာဘူး။

ဒီလိုနေရင်းက သူဟာ သူ့ဖေဖေကို ရုတ်တရက် သွားပြီး သတိရလိုက်မိတယ်။ ပါးစပ်ကလည်း အော်ညည်းတမ်းတလိုက်မိတယ်။

'ဩော်...ဖေဖေ၊ ဖေဖေ ဒီအချိန်မှာ ဖေဖေသာရောက်လာရင် ဘယ်လောက်ကောင်းလိုက်မလဲနော်'

သူဟာ ပင်ပန်းအားကြီးလို့ နောက်ထပ် စကားဆက်မပြောနိုင်တော့ဘူး။

မျက်လုံးတွေမှိတ်ပြီး ပါးစပ်ကို အကျယ်ကြီး ဟလိုက်တယ်။ ခြေထောက်တွေကို ကားလိုက်တယ်။ သူ့တစ်ကိုယ်လုံး ဓာတ်လိုက်သလို ထွန့်ထွန့်လူးသွားပြီး မာတောင့်သွားတော့တယ်။

[၁၆]

# နတ်သမီးကလေးက ကယ်တင်ခြင်း

ပီနိုချီယိုကလေးဟာ ဝက်သစ်ချပင်ကြီးမှာ လည်ပင်းကြိုးတန်းလန်းနဲ့ တွဲလောင်းကြီးကျပြီး အသက်မရှိတော့သလို မလှုပ်မယှက် ဖြစ်နေရှာတယ်။

အဲဒီအချိန်မှာ ဆံပင်ပြာနဲ့ မိန်းကလေးဟာ ပြတင်းတံခါးကို ဖွင့်ပြီး အပြင်ဘက် လှမ်းကြည့်လိုက်တယ်။ လည်ပင်းကြိုးတန်းလန်းနဲ့ လေထဲမှာ လှုပ်ယမ်းနေတဲ့ ပီနိုချီယိုကလေးရဲ့အဖြစ်ကို မြင်လိုက်ရတော့ သူကလေးဟာ သိပ်ပြီး စိတ်မချမ်းမသာဖြစ်သွားရှာတယ်။

ဒါနဲ့ သူက လက်ခုပ် သုံးကြိမ်တီးပြီး အချက်ပေးလိုက်တယ်။ အဲဒီအခါမှာ လင်းယုန်ငှက်ကြီးတစ်ကောင်ဟာ တောင်ပံ တဖြန်းဖြန်းခတ်ရင်း ထွက်ပေါ်လာပြီး ပြတင်းပေါက်မှာ လာနားသတဲ့။

ပြီးတော့ လင်းယုန်ငှက်ကြီးက ခေါင်းတညိတ်ညိတ်လုပ်ပြီး...

'အမိန့်အတိုင်း နာခံဖို့ အသင့်ရှိပါတယ် အသင်နတ်သမီး'လို့ လေးလေးစားစားပြောလိုက်တယ်။ တကယ်တော့ ဆံပင်ပြာနဲ့ မိန်ကလေးဟာ အဲဒီဒေသကတောအုပ်မှာ နေလာခဲ့တာ သက်တမ်း တစ်ထောင်တောင်ကျော်ခဲ့ပြီတဲ့။

'ဟို ဝက်သစ်ချပင်ကြီးမှာ တွဲလောင်းဆွဲခံနေရတဲ့ ရုပ်သေးရုပ်ကလေးကို အသင် မြင်တယ်မဟုတ်လား'လို့ နတ်သမီးကလေးက မေးလိုက်တော့ လင်းယုန်ငှက်ကြီးက...

'ဟုတ်ကဲ့ မြင်ပါတယ် အသင်နတ်သမီး'

'ဒါဖြင့် ကောင်းပြီ၊ အဲဒီနေရာကို အမြန်ပျံသွားပြီး ရုပ်သေးရုပ်ကလေးကို ချည်ထားတဲ့ ကြိုးကို သင့်နှုတ်သီးနဲ့ ကိုက်ဖြတ်ပါ။ ပြီးတော့ သူ့ကို သစ်ပင်ရင်းမှာ ညင်ညင်သာသာ ချထားခဲ့ပါ'

လင်းယုန်ငှက်ကြီးဟာ ချက်ချင်းပဲ ပျံထွက်သွားတယ်။ နောက် နှစ်မိနစ်ခန့် ကြာတဲ့အခါ သူ ပြန်ရောက်လာပြီး...

'အမိန့်အတိုင်း ဆောင်ရွက်ခဲ့ပြီးပါပြီ အသင်နတ်သမီး'

'သူ့အခြေအနေ ဘယ်လိုလဲ၊ အသက်ရှိသေးလား၊ သေသွားပြီလား'

'သူ့ကို ကြည့်ရတာကတော့ သေနေပြီလို့ထင်ရပါတယ်။ ဒါပေမယ့် သူ သေပုံမရသေးပါ၊ ဘာကြောင့်လည်းဆိုတော့ သူ့လည်ပင်းက ကြိုးကို ကျွန်ုပ်က နှုတ်သီးနဲ့ ကိုက်ဖြတ်တဲ့အခါ သူက 'အား အခုမှပဲ နေသာထိုင်သာ ရှိသွားတော့တယ်'လို့ တိုးတိုးကလေး ညည်းပါတယ် အသင်နတ်သမီး'

ဒီအခါ နတ်သမီးကလေးက နောက်ထပ် လက်ခုပ်နှစ်ကြိမ် တီးလိုက်ပြန်တယ်။

ချက်ချင်းဆိုသလို အမွေးစုတ်ဖွားနဲ့ ခွေးကြီးတစ်ကောင် ပေါ်လာပြီး ရှေ့ခြေနှစ်ချောင်းကို အပေါ်မြှောက်ရင်း လူတစ်ယောက်လို နောက်ခြေနှစ်ချောင်းနဲ့ လျှောက်လာသတဲ့။ ခွေးကြီးဟာ မြင်းရထားမောင်းသမား ဝတ်စုံကို ဝတ်ထားတယ်။ ခေါင်းမှာတော့ ရွှေကြိုးနဲ့





အနားရစ်ထားတဲ့ သုံးဘက်နား ဦးထုပ်ကလေး ဆောင်းထားတယ်။ ဖြူဖွေးနေတဲ့ ကျစ်ဆံမြီးတစ်ချောင်းက ဦးထုပ်နောက်က ထွက်နေတယ်။ သူ့အင်္ကျီကတော့ စိန်ကြယ်သီးတပ်ထားတဲ့ ချောကလက်ရောင်။ အင်္ကျီရင်ဖုံး တစ်ဘက်တစ်ချက်မှာတော့ သူ့မိန်းမပေးလိုက်တဲ့ အမဲရိုးတွေထည့်ထားတဲ့ အိတ်ကြီးနှစ်အိတ်ပါတယ်။ ဘောင်းဘီက ကြက်သွေးရောင် ဘောင်းဘီတို။ ပိုးသား ခြေအိတ်စွပ်ပြီး ရှူးဖိနပ်စီးထားတယ်။ သူ့နောက်မှာတော့ မိုးရွာတဲ့အခါ သူ့အမြီးကို ထည့်ထားဖို့အတွက် အပြာရောင်ဖဲသားကို ချုပ်ထားတဲ့ အိတ်စွပ်တစ်ခု ပါလာတယ်။ ရုတ်တရက်ကြည့်လိုက်ရင် ထီးထည့်တဲ့အိတ်အစွပ်နဲ့တူတယ်။

နတ်သမီးကလေးက ခွေးကြီးကို အမိန့်ပေးလိုက်တယ်။

'မိဒိုရို ကျုပ်ရဲ့ ရထားကို ယူပြီး တောအုပ်ကို အမြန်သွားပါ။ ဝက်သစ်ချပင်ကြီးဆီကိုရောက်တဲ့အခါ မြေကြီးပေါ်မှာလဲနေတဲ့ ရုပ်သေးရုပ်ကလေးကို တွေ့လိမ့်မယ်၊ သူ့ကို ညင်ညင်သာသာ ချီမပြီး ရထားပေါ်ကို တင်ပါ။ ပြီးတော့ ကျုပ်ဆီကို ယူလာခဲ့ပါ၊ ကျုပ်ပြောတာ နားလည်ရဲ့လား'

ခွေးကြီးဟာ ဖဲသားအိတ်စွပ်ကို သုံးလေးကြိမ် လှုပ်ပြလိုက်ပြီး နောက် နေရာက ချက်ချင်းထွက်ခွာသွားတယ်။

မကြာခင်မှာပဲ အလွန်လှပတဲ့ မြင်းရထားတစ်စီး မြင်းဇောင်းထဲက မောင်းထွက်လာတယ်။ ရထားတစ်စင်းလုံးမှာ ငှက်တောင်ကလေးတွေ စိုက်ပြီး အလှဆင်ထာတယ်။ ဒါပေမယ့် ရထားကို ဆွဲလာတာကတော့ မြင်းမဟုတ်ဘူး။ ကြွက်ဖြူကလေးပေါင်း အကောင်နှစ်ရာက ဆွဲလာတာ။ ခွေးကြီးကတော့ ရထားမောင်းသမား ထိုင်ခုံမှာ ထိုင်ပြီး ကြာပွတ်ကို ကြွက်ကလေးတွေရဲ့ခေါင်းပေါ်က ဝှေ့ယမ်းရင်း အမြန်မောင်းထွက်သွားတယ်။

နောက် ဆယ့်ငါးမိနစ်ခန့်အကြာမှာ ရထားပြန်ရောက်လာတယ်။ [illegible]မှာ အသင့်စောင့်နေတဲ့ နတ်သမီးကလေးဟာ ရုပ်သေးရုပ်ကလေးကို ပွေ့ချီပြီး နံရံမှာ ကမာခွံတွေစီထားတဲ့ အခန်းကလေး

တစ်ခန်းထဲကို ယူလာခဲ့တယ်။ ပြီးတော့ နီးနားဝန်းကျင်းမှာရှိတဲ့ နာမည်ကျော် သမားတော်တွေကို အခေါ်လွှတ်လိုက်တယ်။

မကြာခင်မှာပဲ သမားတော်ကြီးတွေဖြစ်ကြတဲ့ ကျီးကန်း၊ ဇီးကွက်နဲ့ စကားပြောတဲ့ ပုရစ်ကလေးတို့ ရောက်လာကြတယ်။

သူတို့အားလုံး ပီနိုချီယိုကလေးရဲ့ ခုတင်ပတ်လည်မှာ ရပ်ကြည့်နေကြတယ်။

နတ်သမီးကလေးက သမားတော်ကြီးတွေကို ပြောလိုက်တယ်။

'ကဲ…သမားတော်ကြီးတွေ ပြောကြပါဦး၊ ဒီရုပ်သေးရုပ်ကလေးဟာ အသက်ရှင်နေတုန်းပဲလား၊ သေသွားပြီလား'

အဲဒီအခါ ကျီးကန်းက ရှေ့ကိုတိုးလာပြီး ပီနိုချီယိုရဲ့ သွေးကို စမ်းကြည့်တယ်။ ပြီးတော့ နှာခေါင်းနဲ့ ခြေဖျားကို ကိုင်ကြည့်တယ်။

သူက စေ့စေ့စပ်စပ် စမ်းကြည့်ပြီးတော့ တည်ငြိမ်တဲ့အသံနဲ့ ပြောလိုက်တယ်။

'ကျုပ်ကတော့ ဒီရုပ်သေးရုပ်ကလေး သေနေပြီလို့ ယူဆပါတယ်၊ ဒါပေမယ့် သူဟာ ကံကောင်းထောက်မလို့ မသေသေးရင်လည်း အသက်ရှင်နေတုန်းပဲလို့ အတိအကျပြောနိုင်ပါတယ်'

အဲဒီနောက် ဇီးကွက် ပြောပြန်တယ်။

'ဝမ်းနည်းပါတယ် မိတ်ဆွေ၊ ကျုပ်ကတော့ မိတ်ဆွေကြီးနဲ့ ဆန့်ကျင်ဘက်စကားကိုပဲ ပြောရလိမ့်မယ်။ ကျုပ်အထင်ကိုပြောရရင် ဒီအရုပ်ကလေးဟာ အသက်ရှင်နေတုန်း ရှိပါသေးတယ်၊ သို့သော်လည်း သူဟာ ကံမကောင်းရှာလို့ အသက်မရှိတော့ရင်လည်း အဲဒါဟာ သေသွားပြီဆိုတဲ့ လက္ခဏာပဲလို့ ကျုပ် ယူဆပါတယ်'

အဲဒီအခါမှာ နတ်သမီးကလေးက ပုရစ်ကလေးဘက်လှည့်ပြီး 'ကဲ…လူကြီးမင်းက ဘာပြောစရာရှိပါသလဲ'လို့မေးလိုက်တယ်။

'ကျုပ်ကတော့ ပညာရှိသမားတော်တစ်ယောက်ဟာ ဘာမှ ပြောစရာမရှိရင် မပြောဘဲငြိမ်နေတာ အကောင်းဆုံးပဲလို့ထင်ပါတယ်။





အခု ဒီအရုပ်ကလေးနဲ့ပတ်သက်လို့ ပြောရရင် သူဟာ ကျုပ်အဖို့ သူစိမ်း မဟုတ်ပါဘူး၊ သူ့ကို ကျုပ် ဟိုတုန်းကတည်းက သိခဲ့ပါတယ်'

ပုရစ်ကလေးက အဲဒီလို ပြောလိုက်တော့ အသက်မရှိတော့သလို ငြိမ်သက်နေတဲ့ ပီနိုချီယိုကလေးဟာ ရုတ်တရက် လှုပ်ရှားသွားတယ်။

'တကယ်တော့ ဒီအရုပ်ကလေးက'…

ပုရစ်ကလေးက ဆက်ပြောပြန်တယ်။

'နာမည်ကြီး လူဆိုးကလေးပါ'

ပီနိုချီယိုက မျက်လုံးဖွင့်ကြည့်ပြီး ကမန်းကတန်း ပြန်မှိတ်လိုက်တယ်။

'သူဟာ လူတေလူပေ အိမ်ပြေးကလေး'

ပီနိုချီယိုက မျက်နှာကို စောင်နဲ့အုပ်ထားလိုက်တယ်။

'ဒီကောင်လေးဟာ မိဘစကား နားမထောင်တဲ့ လူမိုက်ကလေး။ သူ့ကြောင့် သူ့အဖေခမျာ ရင်ကွဲနာကျပြီး သေရတော့မယ်'

အဲဒီအချိန်မှာ ငိုရှိုက်သံသဲ့သဲ့ကလေး ပေါ်ထွက်လာတယ်။ ဒါနဲ့ စောင်ကို ဆွဲဖွင့်လိုက်တဲ့အခါ တရှုတ်ရှုတ်နဲ့ ငိုနေတဲ့ ပီနိုချီယိုကလေးကို တွေ့ကြရတယ်။

'ကလေးဆိုးကလေးတစ်ယောက် ငိုတယ်ဆိုရင် အဲဒါဟာ သူ့အမှားကို သူ သတိရလာပြီဆိုတဲ့ လက္ခဏာပဲ'လို့ ကျီးကန်းက ပြောလိုက်တယ်။

ဒီအခါ ဇီးကွက်က ပြောပြန်တယ်။

'ကျုပ်ကတော့ ကျုပ်မိတ်ဆွေကြီး ပြောတာကို လက်မခံနိုင်ဘူး၊ အမှန်ကတော့ သူ အခုလို ငိုတာဟာ မသေချင်သေးဘူးဆိုတဲ့သဘောကို ပြတာပဲလို့ ကျုပ် ယူဆတယ်'

[၁၇]

## အသက်ဘေးမှ လွတ်မြောက်ခြင်း

သမားတော်ကြီးသုံးယောက် ပြန်သွားပြီးတဲ့အခါ နတ်သမီးကလေးဟာ ခုတင်နား ကပ်လာပြီး ပီနိုချီယိုရဲ့ နဖူးကို လက်နဲ့ စမ်းကြည့်လိုက်တယ်။ ပီနိုချီယိုဟာ အဖျားတက်ပြီး တစ်ကိုယ်လုံး ခြစ်ခြစ်တောက် ပူနေတယ်။

ဒါနဲ့ နတ်သမီးကလေးဟာ ရေဖန်ခွက်ထဲမှာ ဆေးဖြူမှုန့်ကို ဖျော်ပြီး ပီနိုချီယိုကို သောက်ခိုင်းတယ်။

'ကဲ…ဒါကလေး သောက်လိုက်ပါ၊ တစ်ရက် နှစ်ရက်အတွင်း နေကောင်းသွားလိမ့်မယ်'

ပီနိုချီယိုက ဖန်ခွက်ကို စိုက်ကြည့်ပြီး နှုတ်ခမ်းကို စူပြတယ်။

'ဆေးက ချိုသလား၊ ခါးသလား'

'ခါးတယ်၊ ဒါပေမယ့် အကျိုးရှိတယ်'





'ဟင့်အင်း ခါးရင် ကျွန်တော် မသောက်ချင်ဘူး'

'ငါ့စကား နားထောင်ပါ၊ သောက်သာ သောက်စမ်းပါ'

'ကျွန်တော်က အခါးကို လုံးဝမကြိုက်ဘူး'

'သောက်စမ်းပါ၊ ပြီးတော့ မင်းကို သကြားကျွေးပါ့မယ်'

'သကြား ဘယ်မှာရှိသလဲ'

'ဟောဒီမှာရှိတယ်'

နတ်သမီးကလေးက ရွှေသကြားဘူးကို ယူပြီး ပြလိုက်တယ်။

'ဒါဆို သကြားကိုအရင်စားပြီးတော့မှ ဆေးခါးကြီးကို သောက်မယ်'

'တကယ်သောက်မှာလား'

'တကယ်သောက်မယ်'

ဒါနဲ့ နတ်သမီးကလေးက သူ့လက်ထဲ သကြားနည်းနည်းပေးလိုက်တယ်။ ပီနိုချီယိုက သကြားကို တစ်လုတ်တည်း စားလိုက်ပြီး လက်မှာကပ်နေတဲ့ သကြားတွေကို လျှာနဲ့ လျက်စားရင်း…

'ဆေးတွေဟာ သကြားလိုချိုရင် သိပ်ကောင်းမှာပဲနော်၊ အဲဒါဆိုရင် ကျွန်တော်တော့ နေ့တိုင်း နေမကောင်းဖြစ်နေမှာပဲ'

'ကဲ…မင်းကတိအတိုင်း ဒီရေကို သောက်လိုက်တော့၊ မင်း နေကောင်းသွားလိမ့်မယ်'

ပီနိုချီယိုက ဖန်ခွက်ကို မယူချင် ယူချင် ယူပြီး နမ်းကြည့်တယ်။ ပြီးတော့ နှုတ်ခမ်းမှာ တေ့ထားတယ်။ မသောက်သေးဘဲ ထပ်ပြီး နမ်းကြည့်တယ်။

'ဟင်…ဆေးက သိပ်ခါးတာပဲ၊ ကျွန်တော်သောက်လို့မရဘူး'

'သောက်တောင် မသောက်ရသေးဘူး၊ ခါးတယ်လို့ မင်းက ဘယ့်နယ်ပြောနိုင်ရတာလဲ'

'အို…ကျွန်တော် သိပါတယ်၊ ကျွန်တော် နမ်းကြည့်ပြီးသိတာ၊ ကျွန်တော့်ကို သကြား တစ်ဆုပ်ပေးပါဦး၊ သကြား ထပ်စားပြီးတော့မှ ဆေးသောက်မယ်'

ဒါနဲ့ နတ်သမီးကလေးက စိတ်ရှည်လက်ရှည်နဲ့ နောက်ထပ် သကြားတစ်ဆုပ်ကို ပီနိချီယိုရဲ့ပါးစပ်ထဲ ထည့်ပေးလိုက်တယ်။ ပြီးတော့ ဖန်ခွက်ကို ကမ်းပေးလိုက်တယ်။

'ကျွန်တော် ဒီအတိုင်းတော့ သောက်လို့မရဘူး'

ပီနိချီယိုက နှာခေါင်းရှုံ့ပြီး ဆင်ခြေအမျိုးမျိုး ပေးနေပြန်တယ်။

'ဘာဖြစ်လို့ သောက်လို့မရတာလဲ'

'ဒီခေါင်းအုံးကြီးကြောင့် အနေရကျပ်နေလို့ပါ'

ဒီအခါ နတ်သမီးကလေးက ခေါင်းအုံးကို ဖယ်ထုတ်ပေးလိုက်ပြန်တယ်။

'ဒါလည်း မရသေးဘူး၊ ဒီအတိုင်းသောက်လို့မရဘူး'

'ဘယ်လိုဖြစ်ရပြန်တာလဲ'

'ဟို တံခါးကြီး တစ်ဝက်ပွင့်နေလို့'

နတ်သမီးကလေးက တံခါးကို သွားပိတ်ထားလိုက်တယ်။

ဒီအခါ ပီနိချီယိုက ငိုယိုပြီး ငြင်းနေပြန်တယ်။

'ဟင့်အင်း…ကျွန်တော် မသောက်ချင်ဘူး၊ ဒီဆေးခါးကြီးကို မသောက်ချင်ဘူး'

'လူကလေး မင်း စိတ်ဆင်းရဲရလိမ့်မယ်'

'ဆင်းရဲပါစေ'

'မင်း သိပ်ပြီး နေမကောင်းဖြစ်နေတယ်'

'ဖြစ်ပါစေ'

'ဆေးမသောက်ရင် မင်း မကြာခင် သေတော့မယ်'

'သေပါစေ'

'မင်း သေမှာ မကြောက်ဘူးလား'





'မကြောက်ဘူး၊ သေချင်သေပါစေ၊ ဆေးခါးကြီးတော့ မသောက်ဘူး'

အဲဒီအချိန်မှာ အခန်းတံခါး ဝုန်းခနဲ ပွင့်သွားတယ်။ ယုန်နက်ကလေး လေးကောင် အနက်ရောင် အသုဘခေါင်းကလေးကို ထမ်းပြီး ဝင်လာကြတယ်။

ပီနိချီယို အလန့်တကြား ထထိုင်ပြီး အော်မေးလိုက်တယ်။

'မင်းတို့ ဘာလာလုပ်ကြတာလဲ'

ဒီတော့ အကြီးဆုံး ယုန်က…

'ခင်ဗျား အလောင်းကို ယူမလို့လာတာ'

'ဟင်…ငါ့အလောင်း ယူမလို့ ဟုတ်လား၊ ငါမှ မသေသေးတာဘဲ'

'ဒါပေမယ့် ခင်ဗျားက ရောဂါပျောက်မယ့် ဆေးကိုမှ မသောက်တာ၊ ခဏနေရင် သေတော့မှာပါ'

ဒီတော့မှ ပီနိချီယိုက ကြောက်ကြောက်လန့်လန့်နဲ့…

'အို အသင်နတ်သမီး၊ ဖန်ခွက်ကို မြန်မြန်ပေးပါ၊ မြန်မြန်ပေးပါ၊ ကျွန်တော် မသေချင်သေးဘူး၊ ကျွန်တော် မသေချင်သေးဘူး'

ဒီတော့မှ သူဟာ ဖန်ခွက်ကိုယူပြီး တစ်ကျိုက်တည်း မော့သောက်လိုက်တော့သတဲ့။

အဲဒီအခါ ယုန်ကလေးတွေက 'နှာလိုက်တာကွာ၊ ဒီတစ်ကြိမ်တော့ တို့လာတာ အလကားဖြစ်တာပဲ' လို့ ပြောလိုက်ကြတယ်။

ဒါနဲ့ ယုန်ကလေး လေးကောင်ဟာ အသုဘခေါင်းကို ပခုံးပေါ် ပြန်တင်ပြီး မကျေမချမ်းနဲ့ ပြန်ထွက်သွားကြတယ်။

နောက် ခဏကြာတော့ ပီနိချီယိုဟာ လုံးဝနေကောင်းသွားပြီး ခုတင်ပေါ်က ခုန်ဆင်းလိုက်တယ်။ သစ်သားရုပ်ကလေးတွေဟာ မကြာခဏ နေမကောင်း ဖြစ်တတ်ကြသလို နေကောင်းတာလည်း သူများထက် မြန်တတ်ကြတယ်တဲ့။

ပီနိချိယိုကလေး နေကောင်းသွားပြီး အခန်းထဲမှာ ခုန်ပေါက်မြူးတူးနေတာ မြင်ရတော့ နတ်သမီးကလေးက ပြောလိုက်တယ်။

'ကဲ…ငါတိုက်တဲ့ဆေးကို သောက်လို့ အခုတော့ နေကောင်းသွားပြီ မဟုတ်လား'

'ဟုတ်ပါတယ်၊ ကျွန်တော် အခု လူ့လောကထဲ ပြန်ရောက်လာပါပြီ'

'ဒါနဲ့များ မင်းက ဆေးတိုက်တာ မသောက်ဘဲ ဘာဖြစ်လို့ ချေးများနေရတာလဲ'

'ဒါကတော့ ကျွန်တော်တို့ ကလေးတွေအားလုံး ဒီအတိုင်းပါပဲ၊ ကျွန်တော်တို့က ရောဂါထက် ဆေးကို ပိုကြောက်ကြပါတယ်'

'ရှက်စရာကောင်းလိုက်တာ၊ ဆေးကောင်းဝါးကောင်းကို အချိန်မီသောက်ရင် သေလောက်တဲ့ ဝေဒနာတောင် ပျောက်ကင်းနိုင်တယ် လူကလေးရဲ့'

'ဟုတ်ကဲ့…နောက်ဆိုရင် ကျွန်တော် အဲဒီလို ဒုက္ခမပေးတော့ပါဘူး၊ အသုဘခေါင်းထမ်းလာတဲ့ ယုန်နက်ကလေးတွေကို သတိရပြီး ဆေးကို ချက်ချင်းသောက်ပါတော့မယ်'

'ကဲ…ဒီတော့ လူဆိုးတွေနဲ့ ဘယ်လိုလုပ် တွေ့တယ်ဆိုတာ ငါ့ကို ပြောပြစမ်းပါဦး'

'သြော်…အဖြစ်က ဒီလိုပါခင်ဗျာ၊ ရုပ်သေးဆရာကြီးက ကျွန်တော့်ကို ရွှေဒင်္ဂါးပြားတွေပေးပြီး ရော့…ဒါတွေကို မင်းအဖေကို သွားပေးချေလို့ ပြောပါတယ်။ ဒါနဲ့ ကျွန်တော် ပြန်ထွက်လာတော့ လမ်းမှာ မြေခွေးနဲ့ ကြောင်ကို တွေ့ပါတယ်။ သူတို့က မင်း ရွှေဒင်္ဂါးတွေကို တစ်ထောင် နှစ်ထောင်အထိ တိုးပွားလာအောင် တို့လုပ်ပေးမယ်၊ လိုတရတွင်းကို တို့နဲ့လိုက်ခဲ့ပါလို့ ကျွန်တော့်ကိုခေါ်ပါတယ်။ ဒါနဲ့ ကျွန်တော် သူတို့နဲ့လိုက်သွားတယ်'

'ကဏန်းနီ တည်းခိုရိပ်သာမှာ တည်းကြတယ်၊ သန်းခေါင်လောက်မှာ ကျွန်တော် အိပ်ရာက နိုးလာတော့ သူတို့နှစ်ယောက်





မရှိကြတော့ဘူး၊ ကျွန်တော့်ကိုမနှိုးဘဲ ထွက်သွားကြပြီ။ ဒါနဲ့ ကျွန်တော် သူတို့နောက် လိုက်လာခဲ့တယ်။ တစ်လမ်းလုံး မှောင်မည်းနေတယ်၊ ဒီလိုနဲ့ လမ်းမှာ အဝတ်နက်ခြုံထားတဲ့ လူဆိုးနှစ်ယောက်နဲ့ တွေ့ပါတယ်။ သူတို့က ကျွန်တော့်ဆီက ရွှေဒင်္ဂါးတွေကို တောင်းကြတယ်။ ကျွန်တော်က ဘာမှမရှိပါဘူးလို့ ပြန်ပြောလိုက်တယ်။ 'ကျွန်တော့်မှာပါလာတဲ့ ရွှေဒင်္ဂါးတွေကို သူတို့မမြင်ခင် ပါးစပ်ထဲ ထည့်ထားလိုက်ပြီးပြီ'

'လူဆိုးတစ်ယောက်က ကျွန်တော့်ပါးစပ်ကို သူ့လက်နဲ့ ဖြဲဖွင့်ဖို့ ကြိုးစားပါတယ်။ ကျွန်တော်က သူ့လက်ကို ဖမ်းကိုက်လိုက်တော့ ကြောင်လက်ကြီးဖြစ်နေတာ တွေ့ရတယ်။ ဒါနဲ့ ကျွန်တော် အတင်းထွက်ပြေးတယ်၊ သူတို့က ကျွန်တော့်နောက် လိုက်လာကြတယ်။ နောက်ဆုံး ကျွန်တော့်ကို သူတို့ ဖမ်းမိသွားကြပါတယ်။ ဒါနဲ့ ကျွန်တော့် လည်ပင်းကို ကြိုးနဲ့ချည်ပြီး သစ်ပင်မှာ တွဲလောင်းဆွဲထားကြတယ်။ သူတို့က မနက်ကျမှ တို့ပြန်လာမယ်။ အဲဒီအချိန်ကျတော့ မင်းသေလောက်ပြီ၊ အဲဒီတော့မှ မင်းပါးစပ်ထဲကပိုက်ဆံ တို့ယူမယ်လို့ ပြောပြီး ပြန်ထွက်သွားကြပါတယ်'

'ဒီတော့ မင်းရွှေဒင်္ဂါးတွေ အခု ဘယ်မှာရှိသလဲ'

နတ်သမီးကလေးက မေးလိုက်တယ်။

'မရှိတော့ဘူး၊ ပျောက်ကုန်ရစ်ပြီ'

တကယ်တော့ ပီနိချိယိုက လိမ်ပြောလိုက်တာ၊ ရွှေဒင်္ဂါးတွေက သူ့အင်္ကျီအိတ်ထဲမှာ ရှိနေတယ်။

အဲဒီလို သူက ညာပြောလိုက်တော့ သူ့နှာခေါင်းဟာ နဂိုထက် နှစ်လက်မ ပိုရှည်လာသတဲ့။

'ဘယ်နေရာမှာ ပျောက်ကျန်ရစ်ခဲ့တာလဲ'လို့ နတ်သမီးကလေးက ထပ်မေးလိုက်ပြန်တယ်။

'တောထဲမှာပါ'

ဒုတိယအကြိမ် လိမ်ပြောလိုက်ပြန်တော့ သူ့နှာခေါင်းက ထပ်ပြီး ရှည်ထွက်လာပြန်သတဲ့။

'တောထဲမှာ ပျောက်ကျန်ရစ်ရင် တို့သွားရှာကြမယ်၊ ဒီတောထဲမှာ ဘာပဲပျောက်ပျောက် ပြန်ရှာရင် ပြန်ရတယ်'

ဒီအခါ ပီနိုချီယိုဟာ မျက်ကလူးဆံပျာ ဖြစ်သွားပြီး...

'သြော်...ကျွန်တော် အခုမှသတိရပြီ၊ ရွှေဒင်္ဂါးတွေက ပျောက်ကျန်ရစ်တာ မဟုတ်ပါဘူး၊ ပါးစပ်ထဲမှာ ငုံထားတော့ ဆေးသောက်ရင်းနဲ့ ဗိုက်ထဲဝင်သွားတာပါ'

အဲဒီလို တတိယအကြိမ် ထပ်ပြီး လိမ်ပြောလိုက်တဲ့အခါ သူ့နှာခေါင်းဟာ အလွန့်အလွန် ရှည်ထွက်လာတယ်။ သူ့ခေါင်းကိုတောင် မော့လို့မရတော့ဘူးတဲ့။ သူ့နှာခေါင်းရှည်ကြီးက ဆင်နှာမောင်းကြီးလို ဖြစ်နေပြီး တစ်ဘက်လှည့်လိုက်ရင် ခုတင်နဲ့ ပြတင်းပေါက်ကို သွားထိတယ်။ နောက်တစ်ဘက် ပြန်လှည့်လိုက်ရင် အခန်းနံရံနဲ့ တံခါးပေါက်ကို သွားထိတယ်။

ရှေ့တည့်တည့်လှည့်ပြီး နည်းနည်း မော့ကြည့်လိုက်ပြန်တော့လည်း နတ်သမီးကလေးရဲ့ မျက်လုံးကို ထိတော့မလို ဖြစ်သွားပြန်တယ်။

ဒီအခါ နတ်သမီးကလေးက သဘောကျပြီး ရယ်လိုက်တယ်။

'အသင်နတ်သမီး ဘာဖြစ်လို့ ရယ်နေတာလဲ' လို့ ပီနိုချီယိုက ရှက်ရှက်နဲ့ မေးလိုက်တယ်။

အဲဒီတော့ နတ်သမီးကလေးက...

'မင်း လိမ်ပြောတာတွေကို သဘောကျလို့ ရယ်တာပါ' လို့ ပြန်ပြောလိုက်တယ်။

'ကျွန်တော် လိမ်ပြောတာကို ဘယ်လိုလုပ် သိသလဲ'

'လူကလေး လိမ်ပြောတာကို လွယ်လွယ်နဲ့ သိနိုင်ပါတယ်၊





လိမ်ပြောတာ နှစ်မျိုးရှိတယ်၊ ပထမအမျိုးအစားက ခြေထောက်တို လိမ်ညာခြင်းလို့ခေါ်တယ်။ ဒုတိယအမျိုးအစားကိုတော့ နှာခေါင်းရှည် လိမ်ညာခြင်းလို့ခေါ်တယ်။ မင်းလိမ်တာက ဒုတိယအမျိုးအစား ဖြစ်တယ်'

ပီနိုချီယိုဟာ ရှက်လွန်းလို့ မျက်နှာကို အောက်ငုံ့ထားလိုက်တယ်။ ဒါနဲ့ သူ အခန်းထဲက ထွက်ပြေးမလို့ အားယူလိုက်တယ်။ ဒါပေမယ့် ပြေးလို့မရဘူး။ ဘယ်ရပါ့မလဲ။ သူ့နှာခေါင်းကြီးက မတန်တဆ ရှည်လွန်းအားကြီးတော့ သူ့ခမျာ နေရာကတောင် မရွေ့နိုင်အောင် ဖြစ်နေတာကိုး။

[၁၈]

# လိုတရကွင်းသို့ ရောက်သွားခြင်း

ပီနိုချီယိုကလေးဟာ နှာခေါင်းရှည်ကြီးကြောင့် တံခါးနားတောင် ရောက်အောင် မရွှေ့နိုင်လို့ ထိုင်ပြီး အော်ငိုနေသတဲ့။

နတ်သမီးကလေးကလည်း ဘာမှမလုပ်ဘဲ ဒီအတိုင်း ထိုင်ကြည့်နေတယ်။ တကယ်တော့ သူက ပီနိုချီယိုကို သင်ခန်းစာပေးချင်လို့ ဒီအတိုင်း ထိုင်ကြည့်နေတာ။ လိမ်ပြောတာဟာ ကလေးတွေရဲ့ အဆိုးဆုံးစရိုက် ဖြစ်တာကြောင့် ပီနိုချီယိုကလေး သူ့အဖြစ်ကို သူသိပြီး နောင်တရသွားစေချင်လို့ နတ်သမီးကလေးက ဘာမှမလုပ်ဘဲနေနေတာ တဲ့။

ဒါပေမယ့် နာရီဝက်လောက်ကြာတဲ့အခါ ငိုလွန်းလို့ မျက်နှာ တစ်ခုလုံး ရောင်ကိုင်းလာတာကိုမြင်တော့ နတ်သမီးကလေးက သနား သွားတယ်။





ဒါနဲ့ သူက လက်ခုပ်တီးပြီး အချက်ပေးလိုက်တယ်။

ချက်ချင်းဆိုသလိုပဲ သစ်တောက်ငှက်ကလေးတွေ တစ်ထောင်လောက် ပျံလာပြီး ပြတင်းပေါက်မှာ ဝိုင်းအုံနားကြသတဲ့။ ဒါနဲ့ သစ်တောက်ငှက်ကလေးတွေက ပီနိုချီယိုရဲ့ နှာခေါင်းရှည်ကြီးကို သူတို့ နှုတ်သီးတွေနဲ့ အလုအယက် ဝိုင်းဆိတ်ကြတော့ မိနစ်ပိုင်းအတွင်း မှာပဲ နှာခေါင်းဟာ နဂိုအချိုးအစားအတိုင်း ပြန်ဖြစ်သွားသတဲ့။

ဒီအခါ ပီနိုချီယိုက မျက်ရည်တွေကို သုတ်ပစ်လိုက်ပြီး...

'ကျေးဇူးတင်လိုက်တာ အသင်နတ်သမီးရယ်၊ အသင်နတ်သမီးကို ကျွန်တော် အများကြီး ချစ်ခင်လေးစားပါတယ်'လို့ ပြောလိုက်တယ်။

'ငါလည်း မင်းကို ချစ်ခင်ပါတယ်၊ မင်း ငါနဲ့နေရင် မင်းကို မောင်လေးအရင်းလို သဘောထားပြီး ကူညီစောင့်ရှောက်ပါ့မယ်၊ ငါ့ကို အစ်မအရင်းလို မှတ်ပါ'

'ကျွန်တော် နေတော့နေချင်ပါတယ်၊ ဒါပေမယ့် အဖေ့ကို ဘယ်လိုလုပ်မလဲ'

'အားလုံးကို ငါစဉ်းစားထားပြီးပါပြီ၊ မင်းအဖေက မင်းအကြောင်းကို အားလုံးသိပြီးပြီ၊ ဒီညနေမှာ သူ ဒီကိုရောက်လာလိမ့်မယ်'

'တကယ်ပြောတာလားဟင်၊ ဒါဆို ကျွန်တော် ဖေဖေ့ကို အမြန်ဆုံး သွားတွေ့ပါရစေလား၊ ကျွန်တော် စောင့်မနေချင်တော့ဘူး၊ ကျွန်တော့်ကို ဖေဖေ တွေ့ချင်လှရောမယ်၊ သူ့ခမျာ ကျွန်တော့်ကြောင့် အများကြီး စိတ်ဆင်းရဲခဲ့ရတယ်'

'သွားချင်ရင်သွားပါ၊ ဒါပေမယ့် လမ်းတော့မလွဲစေနဲ့၊ သစ်တောလမ်းအတိုင်း သွားပါ။ သူနဲ့ ဆက်ဆက်တွေ့ရလိမ့်မယ်'

ပီနိုချီယိုဟာ အချိန်မဖြုန်းတော့ဘဲ ချက်ချင်းထွက်ခွာလာခဲ့တယ်။ တောစပ်ကိုဝင်တာနဲ့တစ်ပြိုင်နက် သမင်ကလေးတစ်ကောင်လို သုတ်ခြေတင် ပြေးလာခဲ့တယ်။

တစ်နေရာရောက်လို့ ဝက်သစ်ချပင်ကြီး တစ်ပင်ရှေ့ ရောက်တဲ့အခါ သစ်ရွက်တွေကြားက တရှဲရှဲမြည်သံလိုလို ကြားလိုက်ရတာနဲ့ သူ ရုတ်တရက် ရပ်လိုက်တယ်။

အဲဒီမှာ မြေခွေးနဲ့ ကြောင်တို့ကို မမျှော်လင့်ဘဲ တွေ့လိုက်ရတော့ သတဲ့။

'ဟာ...ကျုပ်တို့ မိတ်ဆွေကလေးပါလား၊ မင်း ဒီကို ဘယ်လို ရောက်လာတာလဲ'

မြေခွေးက ပီနိုချီယိုကို တအံ့တသြနဲ့ ဖက်ယမ်းနှုတ်ဆက်တယ်။

ကြောင်ကလည်း...

'မင်း ဘယ်လိုရောက်လာတာလဲ၊ ပြောပြစမ်းပါဦး'

'ပြောရရင်တော့ အရှည်ကြီးပဲ၊ နောက် အချိန်ရတော့မှပဲ အသေးစိတ် ပြောပြတော့မယ်၊ ခင်ဗျားတို့က ကျွန်တော့်ကို တည်းခိုရိပ်သာမှာ ထားပစ်ခဲ့လို့ ခင်ဗျားတို့နောက်ကို ဆက်လိုက်လာတော့ လမ်းမှာ လူဆိုးတွေနဲ့ ဝင်တိုးသေးတယ်'

'ဟင် လူဆိုးတွေ ဟုတ်လား၊ ဘာမှ မဖြစ်တာ တော်ပါသေးရဲ့၊ ဒါနဲ့ သူတို့က မင်းဆီက ဘာလိုချင်လို့တဲ့လဲ'

'ပိုက်ဆံလိုချင်လို့ပေါ့'

'ဟာ ဒီကောင်တွေ တော်တော်ဆိုးတာပဲ'လို့ မြေခွေးက ပြောတယ်။

'ဟုတ်တယ် သိပ်ဆိုးတဲ့ အကောင်တွေ'လို့ ကြောင်က လိုက်ပြီး ထောက်ခံတယ်။

'ဒါနဲ့ ကျွန်တော် ကိုယ်လွတ်ထွက်ပြေးတယ်၊ သူတို့က ကျွန်တော့်ကို လိုက်ဖမ်းကြပြီး ဟိုအပင်လောက်ရှိတဲ့ ဝက်သစ်ချပင်ကြီးမှာ ကြိုးနဲ့ဆွဲထားကြတယ်'

ပီနိုချီယိုက သူတို့အနားက ဝက်သစ်ချပင်ကြီးကို လက်ညှိုးထိုးပြလိုက်တယ်။





ဒီအခါ မြေခွေးက...

'ဒီထက်ဆိုးတဲ့ သတင်းတွေရော မင်းမကြားခဲ့ဖူးလား၊ ဒီလောကကြီးကိုက 'သိပ်ပြီးဆိုးပါတယ်ကွာ၊ တို့လို လူရိုးလူကောင်းတွေ နေစရာတောင် မရှိတော့ပါဘူး'လို့ ပြောလိုက်တယ်။

သူတို့ အဲဒီလိုပြောဆိုနေကြတုန်း ကြောင်မှာ ညာဘက် ရှေ့ခြေတစ်ချောင်း နာနေတာကို ပီနိုချီယိုက သတိပြုလိုက်မိတယ်။ ဒါနဲ့ သူက ကြောင်ကို မေးလိုက်တယ်။

'ခင်ဗျား ခြေထောက်က ဘာဖြစ်တာလဲ'

ကြောင်က ရုတ်တရက်မပြောနိုင်ဘဲ ယောင်ကန်းကန်း ဖြစ်နေတာနဲ့ မြေခွေးက အမြန်ဖြတ်ပြီး ပြောလိုက်တယ်။

'ငါ့မိတ်ဆွေက သိပ်ပြီး ရိုးတာကွ၊ ဒါကြောင့် သူက ဘာမှ မပြောဘဲနေတာ၊ သူ့အစား ငါပဲ ပြောပြပါ့မယ်။ လွန်ခဲ့တဲ့ တစ်နာရီလောက်က တို့နှစ်ယောက် ဝံပုလွေအိုကြီးတစ်ကောင်နဲ့ သွားတွေ့တယ်။ ဝံပုလွေကြီးက အစာငတ်ပြီး သေခါနီးနေပြီ။ ဒါနဲ့ သူက ပေါင်မုန့်ပါရင် နည်းနည်းပေးပါလို့ တို့ဆီမှာ တောင်းတယ်။ ဒါပေမယ့် တို့မှာက စားစရာဆိုလို့ ငါးရိုးတစ်ချောင်းတောင် မပါဘူး။ ဒါကြောင့် ငါ့မိတ်ဆွေက စိတ်ကောင်းရှိတဲ့လူဆိုတော့ ဝံပုလွေအိုကြီးကို သနားတာနဲ့ သူ့ခြေသည်းကို ကိုက်ဖြတ်ပြီး ကျွေးလိုက်တယ်'

မြေခွေးက အဲဒီလိုပြောပြီး မျက်ရည်သုတ်နေတယ်။

ဒီစကားကို ကြားလိုက်ရတော့ ပီနိုချီယိုဟာ သိပ်ပြီးစိတ်မကောင်းဖြစ်သွားမိတယ်။ ဒါနဲ့ သူက ကြောင်အနားကို ကပ်လာပြီး တိုးတိုးကလေး ပြောလိုက်တယ်။

'ရှိသမျှကြောင်တွေဟာ ခင်ဗျားလို စိတ်ကောင်းရှိမယ်ဆိုရင် ကြွက်တွေ သိပ်ဝမ်းသာကြမှာပဲ'

ဒီနောက် မြေခွေးက စကားဖြတ်ပြီး...

'ဒါနဲ့ မင်း ဒီမှာ ဘာလာလုပ်နေတာလဲ'

'ကျွန်တော့်ဖေဖေကို လာစောင့်နေတာ၊ မကြာခင် သူရောက်လာမယ်'

'အဲဒီတော့ မင်း ရွှေဒင်္ဂါးတွေရော ဘယ်မှာလဲ'

'ကျွန်တော့်အိတ်ထဲမှာ ရှိပါတယ်၊ တစ်ပြားကတော့ တည်းခိုရိပ်သာမှာ သုံးပစ်ခဲ့တယ်'

'ဒါနဲ့ ငါပြောတဲ့အကြံ ဘယ်လိုသဘောရသလဲ၊ ရွှေဒင်္ဂါးလေးပြားကနေပြီး မနက်ဖြန်ဆိုရင် တစ်ထောင် နှစ်ထောင် တိုးလာမှာ၊ လိုတရကွင်းမှာသွားပြီး စိုက်ပျိုးလိုက်ရုံပဲ'

'ဒီနေ့တော့ ဖြစ်နိုင်မှာမဟုတ်ဘူး၊ နောက်မှ လုပ်ကြတာပေါ့'

'နောက်မှလုပ်ရင် နောက်ကျသွားလိမ့်မယ်'

'ဘာဖြစ်လို့လဲ'

အဲဒီကွင်းကို သူဌေးကြီးတစ်ယောက် ဝယ်လိုက်ပြီ၊ သန်ဘက်ခါကစပြီး ဘယ်သူ့ကိုမှ ပိုက်ဆံစိုက်ခွင့်မပြုတော့ဘူးတဲ့'

'ဒါဆို အဲဒီကွင်းက ဘယ်လောက်ဝေးသလဲ'

'တစ်မိုင်ကျော်ကလေးပဲဝေးတယ်၊ အခုသွားရင် နာရီဝက်အတွင်းရောက်သွားမှာ၊ လာပါ သွားကြရအောင်၊ အဲဒီရောက်ရောက်ချင်း စိုက်ပျိုးလိုက်ရင် မနက်ကျတော့ ငွေနှစ်ထောင်ရပြီ၊ ဒါဆိုရင် ညနေပိုင်းမှာ ငွေထုပ်ပိုက်ပြီး အိမ်ပြန်ရုံပဲ၊ ဘယ့်နှယ်လဲ၊ သွားမယ်မဟုတ်လား'

ပိနိချိယိုက အင်တင်တင်လုပ်ပြီး စဉ်းစားနေတယ်။ သူဟာ နတ်သမီးကလေးကိုရော၊ သူ့အဖေကိုပါ သတိရနေတယ်။ ပြီးတော့ ပုရစ်ကလေး သတိပေးလိုက်တဲ့ စကားကိုလည်း ကြားယောင်မိတယ်။ ဒါပေမယ့် သူက ဘယ်သူ့စကားမှနားမထောင်ဘဲ သူထင်ရာစွတ်လုပ်လာခဲ့တယ်။

သူဟာ တော်တော်ကြာကြာ စဉ်းစားနေပြီးတော့မှ ပြောလိုက်တယ်။





'ကဲဗျာ၊ ကျွန်တော်လိုက်မယ်၊ သွားကြစို့'

အဲဒီနောက် သုံးယောက်သား ထွက်ခွာလာခဲ့ကြတော့တယ်။

နာရီဝက်လောက် လာခဲ့ကြပြီးတဲ့နောက် 'အရူးထောင်ချောက်' လို့ခေါ်တဲ့ မြို့တစ်မြို့ကို ရောက်လာခဲ့ကြတယ်။ မြို့ထဲဝင်လာတော့ လမ်းမပေါ်မှာ ခွေးဝဲစားတွေနဲ့ပြည့်နှက်နေတာ တွေ့ရတယ်။ သူတို့ကိုယ်မှာ အမွေး တစ်ပင်မှ မရှိဘူး။ အစာမစားရလို့ ပါးစပ်တွေကို အကျယ်ကြီးဟထားကြတယ်။ သိုးတွေလည်း အမွေးတုံးလုံးနဲ့ ချမ်းအေးပြီး တဆတ်ဆတ်တုန်နေကြတယ်။ ကြက်တွေမှာလည်း အမောက်နဲ့ ပါးဖျဉ်းတွေ မရှိကြဘူး။ အစာမစားရလို့ တစာစာအော်မြည်နေကြတယ်။ လိပ်ပြာတွေက အတောင်တွေ ရောင်ကားလို့ မပျံနိုင်ကြဘူး။ ဒေါင်းတွေက အမြီးမရှိလို့ ရှက်ပြီး ကုပ်နေကြတယ်။ ရစ်ငှက်တွေမှာလည်း သူတို့ရဲ့ ရွှေရောင် ငွေရောင် အမွေးအတောင်တွေ တစ်ပင်မှ မရှိလို့ တအီအီနဲ့ အော်ညည်းနေကြတယ်။

အဲဒီလို သူတောင်းစားတွေ၊ ရက်စရာမျက်နှာမွဲနဲ့ တိရစ္ဆာန်တွေကြားထဲက လုပခမ်းနားတဲ့ မြင်းရထားတွေ တစ်ခါတစ်ခါ ဖြတ်သွားလေ့ရှိတယ်။ ရထားထဲမှာတော့ မြေခွေး ဒါမှမဟုတ် ငှက်ကျားနဲ့ သူတို့ရဲ့စားစရာသားကောင် ငှက်တွေ ပါလာတတ်တယ်။

'ကဲ…ဘယ်မှာလဲ လိုရတကွင်း'

ပိနိချိယိုက စိတ်မရှည်သံနဲ့ မေးလိုက်တယ်။

'ရောက်တော့မှာပါ၊ သိပ်မဝေးတော့ပါဘူး'

ဒါနဲ့ သူတို့ဟာ မြို့ကို ဖြတ်လာကြတယ်။ မြို့တံတိုင်းကြီးအလွန် ရောက်တဲ့အခါ တခြားကွင်းတွေထက် ဘာမှမထူးတဲ့ ကွင်းတစ်ကွင်းဆီ ရောက်လာကြတယ်။

'ကဲ…ရောက်ပါပြီတဲ့ဗျာ၊ တွင်းသာမြန်မြန်တူးတော့' လို့ မြေခွေးက ပြောလိုက်တယ်။

ပီနိုချိုယိုက မြေခွေးပြောတဲ့အတိုင်း တွင်းတူးပြီးတော့ ရွှေဒင်္ဂါးလေးပြားကို တွင်းထဲထည့်လိုက်တယ်။ ပြီးတော့ အပေါ်က မြေကြီးနဲ့ ဖုံးလိုက်တယ်။

'ကဲ...ဟိုအနားက ဆည်မြောင်းကိုသွားပြီး ရေပုံးနဲ့ ရေခပ်ချေဦး၊ ပြီးတော့ ပိုက်ဆံမြှုပ်ထားတဲ့နေရာကိုလောင်း'

မြေခွေးက ထပ်ခိုင်းတာကြောင့် ပီနိုချိုယိုဟာ ဆည်မြောင်းကို သွားတယ်။ ဒါပေမယ့် ရေပုံးမရှိတာနဲ့ သူ့ခြေထောက်က ရှူးဖိနပ်တစ်ဖက် ချွတ်ပြီး ရေခပ်လာခဲ့တယ်။ ပြီးတော့ ပိုက်ဆံမြှုပ်ထားတဲ့နေရာကို ရေလောင်းတယ်။

'နောက် ဘာလုပ်ရဦးမှာလဲ'

ပီနိုချိုယိုက မေးလိုက်တယ်။

'ဘာမှ လုပ်စရာမလိုတော့ဘူး၊ မင်း ပြန်သွားနိုင်ပြီ၊ နောက် မိနစ်နှစ်ဆယ်လောက်ကြာတော့မှ ပြန်လာခဲ့၊ အဲဒီအချိန်မှာ မြေပုံပေါ်မှာ သစ်ပင်ကလေးတစ်ပင် ပေါက်နေပြီး တစ်ပင်လုံး ရွှေဒင်္ဂါးတွေ သီးနေတာ တွေ့ရလိမ့်မယ်'လို့ မြေခွေးက ပြောတယ်။

ဒီစကားကြားရတော့ ပီနိုချိုယိုဟာ သိပ်ပြီး ဝမ်းသာသွားတယ်။ မြေခွေးနဲ့ ကြောင်တို့ကိုလည်း ကျေးဇူးအလွန်တင်ကြောင်း ပြောလိုက်တယ်။ ထိုက်ထိုက်တန်တန် ကျေးဇူးပြန်ဆပ်ပါ့မယ်လို့လည်း ပြောလိုက်တယ်။

'တို့ကို ကျေးဇူးဆပ်စရာ မလိုပါဘူး၊ အလုပ်မလုပ်ရဘဲ မင်း သူဌေးဖြစ်သွားရင်ပဲ တို့က ဝမ်းသာလှပါပြီ'

အဲဒီနောက် သူတို့ သုံးယောက် ကွင်းထဲက ပြန်ထွက်လာခဲ့ကြသတဲ့။

[၁၉]

# ထောင်နန်းစံရခြင်း

ပီနိုချိုယိုဟာ မြို့ထဲ ပြန်လာခဲ့ပြီး နာရီကိုပဲ လက်ချိုးရေတွက်နေသတဲ့။

ဒီလိုနဲ့ မိနစ်နှစ်ဆယ်ပြည့်သွားတဲ့အခါ လိုတရကွင်းဆီကို သုတ်ခြေတင် ပြေးလာခဲ့တော့တယ်။

အဲဒီလိုပြေးလာရင်း သူ့ရင်ဟာ တဒိတ်ဒိတ်နဲ့ ခုန်နေတယ်။ ပါးစပ်ကလည်း တတွတ်တွတ်နဲ့ ပြောလာခဲ့တယ်။

'ဟိုရောက်တော့ ရွှေဒင်္ဂါး တစ်ထောင်မဟုတ်ဘဲ နှစ်ထောင်များ ဖြစ်နေမလားပဲ၊ နှစ်ထောင်မဟုတ်ဘဲ ငါးထောင် ဖြစ်နေရင်ကော၊ ငါးထောင်မကဘဲ တစ်သောင်းများ ဖြစ်နေရင်တော့...၊ အဲဒါဆိုရင် ငါတော့ သူဌေးကြီးတစ်ယောက် ဖြစ်တော့မှာပဲ၊ သူဌေးကြီးဖြစ်ရင် အိမ်ကြီးတစ်ဆောင် ဆောက်မယ်၊ မြင်းရုပ်ကလေးတွေ တစ်ထောင် ထိတ် လုပ်ပြီး မြင်းဇောင်းထဲမှာ ကစားမယ်၊ သကြားလုံးတွေ၊ ကိတ်

မုန့်တွေ၊ ဘီစကွတ်မုန့်တွေနဲ့ တခြားစားစရာတွေ မျိုးစုံထားဖို့ စားသောက်ခန်းကြီးလည်း တစ်ခန်းလုပ်မယ်'

အဲဒီလို စိတ်ကူးလာရင်း နောက်ဆုံးတော့ လိုတရကွင်းကို လှမ်းမြင်ရတော့တယ်။ ရွှေဒင်္ဂါးတွေ သီးနေတဲ့ သစ်ပင်ကို မြင်ရနိုးနဲ့ ခဏရပ်ပြီး လှမ်းကြည့်လိုက်တယ်။ ဒါပေမယ့် ဘာသစ်ပင်မှ မမြင်ရပါဘူး။ ရှေ့ကို နည်းနည်းတိုးကြည့်ပြန်တယ်။ ဒါလည်း ဘာမှ မမြင်ရပါဘူး။ ဒါနဲ့ ကွင်းထဲဝင်လာခဲ့တယ်။ ရွှေဒင်္ဂါးမြှုပ်ထားခဲ့တဲ့ နေရာကို ရောက်လာတယ်။ အဲဒီနေရာမှာလည်း ဘာအပင်မှ မတွေ့ရပါဘူး။ သူဟာ ခေါင်းကုပ်ရင်း ရပ်ပြီး စဉ်းစားနေတယ်။

အဲဒီအချိန်မှာ ကျယ်လောင်တဲ့ ရယ်သံကြီးကို ကြားလိုက်ရတယ်။ အပေါ်မော့ကြည့်လိုက်တဲ့အခါ သစ်ပင်ပေါ်မှာနားနေတဲ့ ကြက်တူရွေးကြီး တစ်ကောင်ကို တွေ့လိုက်ရသတဲ့။

'အသင် ဘာကြောင့် ရယ်ရတာလဲ' လို့ ပီနိုချီယိုက ကြက်တူရွေးကို မေးလိုက်တယ်။

'ဪ... ကျုပ်ဘာသာကျုပ် အတောင်ကြားမှာ သန်းတုပ်ရင်း ယားလို့ ရယ်တာပါ'လို့ ကြက်တူရွေးက ပြန်ပြောလိုက်တယ်။

အဲဒီနောက် ပီနိုချီယိုက ဘာမျှမပြောတော့ဘဲ ဆည်မြောင်းဘက်ကို သွားပြီး ရှူးဖိနပ်နဲ့ ရေခပ်လာတယ်။ ပြီးတော့ ရွှေဒင်္ဂါးမြှုပ်ထားတဲ့ နေရာမှာ လောင်းလိုက်တယ်။

ဒီအခါ စောစောကထက်ကျယ်လောင်တဲ့ ရယ်သံကြီး ပေါ်ထွက်လာပြီး တစ်ကွင်းလုံး ပဲ့တင်ဟိန်းသွားတယ်။

'ကဲ... ရယ်ပြန်ပြီ၊ ဟေ့ ကြက်တူရွေးမိုက်၊ အသင် ဘာကြောင့် ရယ်ပြန်တာလဲ'

'သူများပြောတိုင်းယုံတတ်တဲ့ လူတွေကိုကြည့်ပြီး ကျုပ် ရယ်မိတာပါ၊ အဲဒီလိုယုံတတ်တဲ့လူတွေဟာ လူလည်တွေ လိမ်ပြောတိုင်း အမြဲတမ်းခံရမှာပဲ'

'အသင်က ကျုပ်ကို ပြောနေတာလား'





'ဒါပေါ့၊ သင့်ကို ပြောနေတာပေါ့၊ ရွှေဒင်္ဂါးကို မြေကြီးမှာစိုက်ရင် ရွှေဒင်္ဂါးသီးတဲ့အပင် ပေါက်လာမယ်ဆိုတာကို ယုံတာများ အံ့ပါရဲ့၊ ကျုပ်လည်း တစ်ချိန်တုန်းက အဲဒီလိုယုံစားခဲ့မိလို့ လှလှကြီး ဒုက္ခရောက်ခဲ့ဖူးပြီ၊ ဒါပေမယ့် အခုအချိန်မှာတော့ ပိုက်ဆံလိုချင်ရင် ပညာနဲ့ဖြစ်စေ၊ လုပ်အားနဲ့ဖြစ်စေ ရှာမှရမယ်ဆိုတာ ကျုပ် ကောင်းကောင်းကြီး သဘောပေါက်ခဲ့ပါပြီ'

'အသင် ဘာကိုဆိုလိုတာလဲ၊ ကျုပ် ကောင်းကောင်းနားမလည်သေးဘူး'

'ကောင်းပြီ၊ အသင်နားလည်အောင် ကျုပ် ရှင်းပြပါ့မယ်၊ အသင် မြို့ထဲကို ပြန်သွားတဲ့အချိန်မှာ မြေခွေးနဲ့ကြောင်တို့ ဒီနေရာကို ပြန်လာကြတယ်။ ပြီးတော့ ရွှေဒင်္ဂါးတွေကိုတူးယူပြီး ထွက်ပြေးသွားကြတယ်။ သူတို့နောက် လိုက်မယ်ဆိုရင် ခြေမြန်တော်မှပဲ လိုက်မီလိမ့်မယ်'

ဒီစကားကြားလိုက်ရတော့ ပီနိုချီယိုဟာ ကြက်သေသေပြီး ပါးစပ်ဟောင်းလောင်းနဲ့ ကြောင်ကြောင်ကြီး ရပ်နေမိတယ်။ စိတ်ထဲကတော့ ကြက်တူရွေးပြောတာကို သိပ်ပြီး မယုံချင်သေးဘူး။ ဒါနဲ့ သူဟာ စောစောက ရေလောင်းထားတဲ့ မြေစာပုံကို ကမန်းကတန်း တူးပါလေတော့တယ်။ တူးပြီးရင်း တူးရင်း တူးနေတယ်။ ကောက်ရိုးတွေ ထားနိုင်လောက်အောင် တွင်းနက်ပြီး ကျယ်သွားပေမယ့် ရွှေဒင်္ဂါးတွေကို လုံးဝ ရှာမတွေ့တော့ဘူးတဲ့။

ဒါနဲ့ သူဟာ သွေးရူးသွေးတန်းနဲ့မြို့ကို ပြန်ပြေးလာခဲ့တယ်။ မြို့ထဲရောက်တော့ တရားရုံးကို တန်းတန်းမတ်မတ် ပြေးလာခဲ့တယ်။ ရည်ရွယ်ချက်ကတော့ သူ့ရွှေဒင်္ဂါးတွေယူသွားတဲ့ လူဆိုးတွေကို တရားစွဲမလို့ပဲပေါ့။

တရားသူကြီးက လူဝံကြီး ဖြစ်နေတယ်။ လူဝံကြီးက တော်တော်အသက်ကြီးနေပြီ။ မုတ်ဆိတ်မွေးတွေတောင်ဖြူနေပြီ။ ရွှေကိုင်းမျက်မှန်

ကြီးလည်း တပ်ထားတော့ သူ့ရုပ်က တော်တော်ခံ့ညားသတဲ့။ ဒါပေမယ့် သူ့မျက်မှန်မှာ မှန်မပါဘူး။ ကိုင်းချည်းသက်သက် တပ်ထားသတဲ့။ မျက်မှန်တပ်ထားရတာလည်း နှစ်ပေါင်းအတော်ကြာကြာကတည်းက မျက်စိရောဂါဖြစ်နေလို့ တပ်ထားရတယ်ဆိုပဲ။

ပီနိုချီယိုဟာ လူ့ဝံတရားသူကြီး ရှေ့တော်မှောက် ဝင်လာပြီး သူ အလိမ်ခံရတဲ့အကြောင်းကို လျှောက်တင်လိုက်တယ်။ သူက လူလိမ်တွေရဲ့ နာမည်အပြည့်အစုံနဲ့ အလိမ်ခံရပုံ အဖြစ်အပျက်ကို အသေးစိတ် လျှောက်တင်လိုက်တယ်။

လူ့ဝံတရားသူကြီးဟာ ပီနိုချီယိုရဲ့ လျှောက်တင်ချက်ကို ဂရုတစိုက် နားထောင်တယ်။ အဖြစ်အပျက်ကလည်း တော်တော် စိတ်ဝင်စားစရာ ကောင်းတာကိုး။

အဖြစ်အပျက်ကို ကြားနာသိရှိရတဲ့အခါ လူ့ဝံတရားသူကြီးဟာ ပီနိုချီယိုကလေးအတွက် တော်တော့်ကို စိတ်မချမ်းမသာဖြစ်သွားမိတယ်။

သူက နောက်ထပ် ဘာများလျှောက်တင်စရာရှိသေးသလဲလို့ မေးလိုက်တယ်။

ပီနိုချီယိုက မရှိတော့ပါလို့ ပြန်ပြောလိုက်တယ်။

ဒီအခါ လူ့ဝံကြီးက စားပွဲပေါ်က ခေါင်းလောင်းကို တီးလိုက်တယ်။

အဲဒီအခါ ရဲသားဝတ်စုံဝတ်ထားတဲ့ ခွေးဘီလူးနှစ်ကောင် ရောက်လာတယ်။

လူ့ဝံကြီးက ပီနိုချီယိုကို လက်ညှိုးထိုးပြပြီး...

'ဒီကောင်လေးဟာ ရွှေဒင်္ဂါးလေးပြား ခိုးပြတိုက်ခံခဲ့ရရှာတယ်။ သူ့ကို အခုချက်ချင်း အချုပ်ထဲသွင်းလိုက်ပါ'လို့ စီရင်ချက် ချမှတ်လိုက်သတဲ့။

တရားသူကြီးရဲ့ စီရင်ချက်ကို ကြားလိုက်ရတော့ ပီနိုချီယိုဟာ မိုးကြိုးပစ်ခံရသူလို မလှုပ်မယှက် ကြက်သေသေနေမိတယ်။ တရားသူ





ကြီးရဲ့ စီရင်ချက်ဟာ နွေခေါင်ခေါင်မှာ လျှပ်စီးလက်လိုက်တာနဲ့ တူနေတယ်။

ပီနိုချီယိုက ထုချေလျှောက်လဲဖို့ ကြိုးစားသေးတယ်။ ဒါပေမယ့် ခွေးဘီလူးနှစ်ကောင်က သူ့ပါးစပ်ကို အတင်းပိတ်ပြီး အချုပ်ခန်းထဲ ဆွဲခေါ်လာခဲ့ကြတယ်။

ဒီလိုနဲ့ ပီနိုချီယိုဟာ ထောင်ထဲမှာ လေးလတိတိ ကြာသွားသတဲ့။

တကယ်ဆိုရင် သူဟာ ထောင်ထဲမှာ ဒီထက်တောင် ပိုကြာသွားနိုင်သေးတယ်။ ကံကောင်းထောက်မလို့ လေးလတည်းနဲ့ လွတ်လာတာ။

ကံကောင်းပုံကတော့ 'အရူးထောင်ချောက်'တိုင်းပြည်ကို အုပ်စိုးတဲ့ ဘုရင်ကလေးဟာ ရန်သူကို စစ်အောင်နိုင်တာကြောင့် တိုင်းပြည်တစ်ဝှမ်းလုံးမှာ အထိမ်းအမှတ် အောင်ပွဲကြီး ကျင်းပပြီး အကျဉ်းသားတွေကိုလည်း လွတ်ငြိမ်းချမ်းသာခွင့်ပေးလိုက်သတဲ့။

ဒါပေမယ့် ပထမဆုံး တခြားအကျဉ်းသားတွေ အားလုံးကို လွှတ်ပြီး ပီနိုချီယိုကလေးကိုတော့ မလွှတ်ဘဲထားသေးတယ်။

ဒါနဲ့ သူက 'အခြားအကျဉ်းသားတွေအားလုံး ထောင်ထဲက ထွက်သွားကြပြီ၊ ကျွန်တော်လည်း သွားပါရစေတော့'လို့ ထောင်မှူးကို ပြောတဲ့အခါ ထောင်မှူးက...

'ဟင့်အင်း...မင်းကို မလွှတ်နိုင်ဘူး၊ မင်းက တခြားအကျဉ်းသားတွေနဲ့ အဆင့်အတန်းချင်းမတူဘူး'လို့ ပြန်ပြောတယ်။

ဒီအခါ ပီနိုချီယိုက...

'ကျွန်တော့်ကိုလည်း လွှတ်ပေးပါဗျာ၊ ကျွန်တော်လည်း သူတို့လို လူဆိုးတစ်ယောက်ပါပဲ'လို့ ပြောလိုက်တယ်။

ဒီတော့မှ ထောင်မှူးက...

'အေး...ဒီလိုဆိုရင်တော့ မင်းကို လွှတ်ရမယ်'လို့ ပြောရင်း ဦးထုပ်ကို ချွတ်ပြီး ပီနိုချီယိုကို အရိုအသေပြုလိုက်တယ်။ ပြီးတော့ အကျဉ်းထောင်တံခါးကို ဖွင့်ပေးလိုက်သတဲ့။

## [၂၀]

# ထောင်ချောက်မိခံရခြင်း

ထောင်က လွတ်လာတဲ့အတွက် ပီနိုချီယိုကလေးဟာ ဘယ်လောက် ဝမ်းသာလိုက်မလဲဆိုတာ တွေးလို့သာ ကြည့်ကြပေတော့။

သူဟာ အချိန်ဖြုန်းမနေတော့ဘဲ မြို့ထဲက ထွက်ပြီး နတ်သမီးကလေးရဲ့ အိမ်ကို သွားတဲ့ လမ်းအတိုင်း လိုက်လာခဲ့တယ်။

အဲဒီအချိန်မှာ မိုးတွေ ရွာနေတယ်။ လမ်းပေါ်မှာ ဗွက်ပေါက်နေလို့ ဒူးဆစ်လောက်အထိ ဗွက်ထဲလျှောက်လာခဲ့ရတယ်။ ဒါပေမယ့် သူက စိတ်မပျက်ပါဘူး။ သူဟာ သူ့ဖေဖေနဲ့ နတ်သမီးကလေးတို့ကို တွေ့ချင်တဲ့ စိတ်က သိပ်ပြီး ဇောနေတယ်။ ဒါနဲ့ သူဟာ အမဲလိုက်ခွေး တစ်ကောင်လို အတင်းပြေးလာခဲ့တယ်။ ခြေထောက်က ဗွက်တွေစင်လို့ တစ်ခေါင်းလုံးလည်း ပေကျံကုန်တယ်။

သူဟာ ပြေးလာရင်းက တစ်ယောက်တည်း စကားပြောလာခဲ့တယ်။





'ငါဟာ တော်တော်ကံဆိုးတဲ့အကောင်ပါလား၊ ဆိုးလည်း ဆိုးထိုက်ပါတယ်လေ၊ ကိုယ်ထင်တာ အမြဲတမ်း ဖွတ်လုပ်နေတာကိုး။ ကိုယ့်ကိုချစ်ခင်တဲ့ ကိုယ့်ထက်အများကြီးတော်တဲ့ လူတွေ ပြောဆိုဆုံးမတာကိုလည်း လုံးဝ ဂရုမစိုက်ခဲ့ဘူး။ ဒါပေမယ့် ဒီအချိန်ကစပြီး ငါ့ကိုယ်ငါ ပြုပြင်တော့မယ်၊ မိဘစကားနားထောင်ပြီး ကောင်းကောင်းမွန်မွန် နေတော့မယ်။ မိဘစကား နားမထောင်တဲ့ ကလေးတွေဟာ ဘယ်တော့မှ မကြီးပွားဘူး၊ ဘယ်လုပ်ငန်းမှာမှ မအောင်မြင်ဘူးဆိုတာလည်း ကိုယ်တွေ့သင်ခန်းစာရခဲ့ပြီးပြီ။ ဖေဖေလည်း ငါ့ကို တမျှော်တည်း မျှော်လို့ရှိမှာပဲ။ နတ်သမီးကလေးအိမ်ကိုများ ရောက်နေပြီလား မသိဘူး။ ဘာလိုလိုနဲ့ ဖေဖေနဲ့မတွေ့ရတာ တော်တော်ကြာသွားပြီ၊ ဖေဖေနဲ့တွေ့ရင်တော့ ပြေးဖက်ပြီး အားရပါးရ နမ်းပစ်လိုက်မှာပဲ။ ဒါနဲ့ နတ်သမီးကလေးက ငါ့ကို ခွင့်မှလွှတ်ပါ့မလား၊ သူဟာ ငါ့အပေါ်မှာ သိပ်ပြီးကောင်းရှာတယ်၊ အခုလို ငါ သေကံမရောက် သက်မပျောက်ဘဲရှိနေတာဟာ သူ့ကျေးဇူးတွေပဲ၊ တကယ်တော့ ငါဟာ တော်တော်ကျေးဇူးကန်းတဲ့အကောင်ပါလား၊ ငါ့လောက်ကျေးဇူးမသိတတ်တဲ့လူ ဒီဇမ္ဗူမှာရှိပါဦးမှာလား'

ပီနိုချီယိုဟာ ရုတ်တရက် ခြေလှမ်းရပ်သွားပြီး ကြောက်ကြောက်လန့်လန့်နဲ့ နောက်ကို ပြန်ဆုတ်လိုက်မိတယ်။

သူ ဘာကိုတွေ့လို့ပါလိမ့်။

လမ်းမပေါ်မှာ ကန့်လန့်ဖြတ်ပြီး စင်းနေတဲ့ ဧရာမမြွေကြီး တစ်ကောင်ကို မြင်လိုက်ရလို့ပေါ့။ မြွေကြီးက တစ်ကိုယ်လုံး စိမ်းပြီး မျက်လုံးတွေက မီးလို နီရဲနေကြတယ်။ သူ့အမြီးဖျားကလည်း မီးခိုးတွေထွက်နေသတဲ့။

ပီနိုချီယိုကလေး ဘယ်လောက်ကြောက်လိုက်မလဲဆိုတာ ပြောတောင် မပြောတတ်တော့ပါဘူး။ ဒါနဲ့ သူဟာ နောက်ကို ပြန်ပြေး

လာပြီး ခပ်လှမ်းလှမ်းက ကျောက်တုံးတစ်တုံးပေါ်မှာ ထိုင်ချလိုက်တယ်။ လမ်းပေါ်က မြွေကြီး ထွက်သွားမယ့်အချိန်ကို စောင့်ကြည့်နေတယ်။

ဒီလိုနဲ့ သူ စောင့်နေလိုက်တာ တစ်နာရီက နှစ်နာရီ၊ နှစ်နာရီက သုံးနာရီတောင် ကြာသွားပြီ၊ ဒါပေမယ့် မြွေကြီးက သူ့နေရာက လုံးဝ မရွေ့သေးဘူး။ မြွေကြီးရဲ့ မျက်လုံးတွေ ရဲရဲနီပြီး သူ့အမြီးက မီးခိုးတွေ ထွက်နေတာကို ပီနိုချီယိုက လှမ်းမြင်နေရတယ်။

နောက်ဆုံးတော့ ပီနိုချီယိုဟာ စိတ်ကိုတင်းပြီး မြွေကြီးအနားကို ကပ်လာတယ်။ ပြီးတော့ ချိုချိုသာသာနဲ့ တောင်းပန်စကား ပြောလိုက်တယ်။

'မြွေကြီးခင်ဗျား၊ ကျွန်တော် တောင်းပန်ပါတယ်၊ ကျေးဇူးပြုပြီး ကျွန်တော့်ကို လမ်းနည်းနည်းဖယ်ပေးပါ ခင်ဗျား'

ဒါပေမယ့် မြွေကြီးက သစ်တုံးကြီးလို တုတ်တုတ်မှ မလှုပ်ဘူးတဲ့။

ဒါနဲ့ ပီနိုချီယိုက ထပ်ပြီး တောင်းပန်လိုက်ပြန်တယ်။

'မြွေကြီးခင်ဗျား ကျွန်တော့်ကို ဖေဖေမျှော်နေပါတယ်။ ကျွန်တော် အိမ်ကို အမြန်ပြန်ရပါ့မယ်၊ ကျွန်တော် ဖေဖေနဲ့မတွေ့ရတာ ကြာပါပြီ၊ ဒါကြောင့်မို့ ကျွန်တော့်ကို ကျေးဇူးပြုပြီး ဒီလမ်းက သွားခွင့်ပြုပါ'

မြွေကြီးက ဘာပြန်ပြောမလဲလို့ သူက စိတ်ဝင်စားစွာနဲ့ စောင့်နေတယ်။ မြွေကြီးက ဘာမှ ပြန်မပြောပေမယ့် မျက်လုံးကို မှိတ်သွားတယ်။ အမြီးက မီးခိုးတွေထွက်တာလည်း ရပ်သွားတယ်။

'အင်း သူသေသွားပြီနဲ့တူတယ်'

ပီနိုချီယိုက လက်နှစ်ဖက်ကို ပွတ်သပ်ပြီး ဝမ်းမြောက်ဝမ်းသာ ပြောလိုက်တယ်။ ပြီးတော့ မြွေကြီးကို ဖြတ်ကျော်မလို့ ခြေထောက်ကို မလိုက်တယ်ဆိုရင်ပဲ မြွေကြီးဟာ နာရီသံပတ်လို ထွန့်ထွန့်လူးပြီး လှုပ်ရှားလာတယ်။ ပီနိုချီယိုကလေးဟာ အလန့်တကြား ခုန်လိုက်တာကြောင့် နောက်ကျွမ်းပြန်ပြီး လဲကျသွားတော့သတဲ့။





အဖြစ်ကတော့ တော်တော်ဆိုးတာပဲ၊ ဘာဖြစ်လို့လဲဆိုတော့ ပီနိုချီယိုဟာ ရွှံ့ဗွက်ထဲမှာ ခေါင်းစိုက်ပြီး ခြေထောက်နှစ်ချောင်းက မိုးပေါ်ထောင်နေလို့ပါပဲ။ ရွှံ့ဗွက်ထဲမှာ ပီနိုချီယို ဖင်ဘူးခေါင်းထောင်ပြီး ခြေနှစ်ချောင်းကို လေထဲမှာ အတင်းကန်ကျောက် လှုပ်ရှားနေတာကို မြင်ရတဲ့အခါ မြွေကြီးက သဘောကျပြီး တဟားဟားနဲ့ ခွက်ထိုး ခွက်လှန် ရယ်နေတော့သတဲ့။ မြွေကြီးဟာ ရယ်ပြီးရင်း ရယ်ရင်း ဆက်တိုက် ရယ်လွန်းအားကြီးလို့ နောက်ဆုံးတော့ သွေးကြောပြတ်ပြီး စန့်စန့်ကြီး သေသွားပါလေရောတဲ့။

ဒါနဲ့ ပီနိုချီယိုဟာ နတ်သမီးကလေးရဲ့အိမ်ကို မမှောင်ခင် ရောက်အောင် သုတ်ခြေတင်ပြီး ပြေးလာခဲ့တယ်။

အဲဒီအချိန်မှာ ပီနိုချီယိုဟာ ဆာလွန်းအားကြီးလို့ ချုံတန်းတွေကို ခုန်ကျော်ပြီး စပျစ်ခြံကို အမြန်ပြေးလာခဲ့တယ်။

ဒါပေမယ့် သူ စပျစ်ခြံနားကိုတောင် မရောက်လိုက်ပါဘူး။ ဖျတ်ခနဲ အသံကြားလိုက်ပြီး သူ့ခြေထောက်နှစ်ဖက်ကို သံပြွတ်တူကြီး နှစ်ခုက တင်းတင်းကျပ်ကျပ်ကြီး ညှပ်ထားလိုက်တော့တယ်။ နာလွန်းအားကြီးလို့ သူ့မျက်လုံးတွေ ပြာသွားပြီး ကြယ်တွေ လတွေကိုတောင် မြင်လိုက်ရသတဲ့။ လက်စသတ်တော့ ကံဆိုးရှာတဲ့ ပီနိုချီယိုကလေးဟာ အနီးအနားဒေသတစ်ဝိုက်မှာရှိတဲ့ ကြက်ခြံတွေက ကြက်တွေကို လာလာဆွဲကြတဲ့ မြွေပါတွေကို ထောင်ထားတဲ့ သံညှပ်ထောင်ချောက်မှာ အချောင်သက်သက် အမိခံလိုက်ရတာကိုး။

## [၂၁]

# ကြက်ခြံစောင့်ခွေးဖြစ်ရပုံ

ပီနိုချိုယိုဟာ သံညှပ်မှာ မိနေရင်းက ငိုယိုအော်ဟစ်ပြီး အကူအညီတောင်းတယ်။ ဒါပေမယ့် အလကားပါပဲ။ အနီးအနားမှာ အိမ်တစ်အိမ်မှမရှိဘူး။ လမ်းသွားလမ်းလာလည်း တစ်ယောက်မှ ဖြတ်မသွားကြဘူးတဲ့။

ဒီလိုနဲ့ ညအချိန် ရောက်လာခဲ့တော့တယ်။

ပီနိုချိုယိုဟာ အားအင်ကုန်ခန်းပြီး မေ့မျောသွားတော့မတတ်ဖြစ်နေပြီ၊ တစ်ကြောင်းက ခြေထောက်ကို သံညှပ် ညှပ်ထားတဲ့အတွက် နာကျင်လွန်းလို့လည်း ဖြစ်တယ်။ နောက်တစ်ကြောင်းက ညမှောင်မှောင် ကွင်းခေါင်ခေါင်မှာ တစ်ယောက်တည်း ရောက်နေတဲ့အတွက် ကြောက်လွန်းလို့လည်း ဖြစ်တယ်။





အဲဒီအချိန်မှာ ပိုးစုန်းကြူးကလေးတစ်ကောင်ကို ရုတ်တရက် မြင်လိုက်ရတော့ အားတက်သွားပြီး…

'အို…ပိုးစုန်းကြူးကလေးရယ်၊ ငါ့ကို ဒီဒုက္ခက ကျေးဇူးပြုပြီး ကယ်တင်ပေးပါလားကွယ်'

အဲဒီအခါ ပိုးစုန်းကြူးကလေးက ကြင်နာစွာကြည့်ပြီး…

'သြော်… သနားစရာအဖြစ်ပါလား၊ မင်းက ဒီသံညှပ်ထဲ ဘယ်လိုကြောင့် ရောက်နေရတာလဲ'

'စပျစ်သီးခူးမလို့ ခြံထဲဝင်လာတော့'

'ဒါနဲ့ အဲဒီစပျစ်သီးတွေက မင်းပိုင်တဲ့ဟာတွေလား'

'မဟုတ်ပါဘူး'

'ဒါဆို ကိုယ်မပိုင်တဲ့ပစ္စည်းကို ပိုင်ရှင်မသိဘဲ ယူရတယ်လို့ မင်းကို ဘယ်သူက သင်လိုက်သလဲ'

'ဘယ်သူကမှ မသင်ပါဘူး၊ ငါ ဆာလွန်းလို့ပါ'

'အိုး…ဆာလွန်းလို့တဲ့လား၊ ဆာလွန်းလို့ သူများပစ္စည်းကို ပိုင်ရှင်မသိဘဲ ယူရတယ်ဆိုတာ ခိုင်လုံတဲ့ အကြောင်းပြချက် မဟုတ်ပါဘူး'

'ဟုတ်…ဟုတ်ပါတယ်၊ နောက်တော့ ငါ ဒီလိုမလုပ်တော့ပါဘူး'

ရုတ်တရက် ခြေသံတွေ ကြားလိုက်ရလို့ စကားပြတ်သွားကြတယ်။

တခြားလူမဟုတ်ပါဘူး။ စပျစ်ခြံပိုင်ရှင် လယ်သမားကြီးပါ။ သူဟာ သူ့ကြက်တွေကို ခိုးစားနေတဲ့ မြွေပါတစ်ကောင်ကောင်တော့ သံညှပ်မှာ မိနေကောင်းပါရဲ့ဆိုပြီး ကြည့်ဖို့ စပျစ်ခြံထဲကို လာခဲ့တာ။

သူက လက်ဆွဲမှန်အိမ်ကို မြှောက်ကိုင်ပြီး ကြည့်လိုက်တော့ လား…လား သံညှပ်မှာ မိနေတာက မြွေပါမဟုတ်ဘဲ ကလေး တစ်ယောက် ဖြစ်နေတာ တွေ့လိုက်ရတော့တယ်။

ဒါနဲ့ သူက စိတ်ဆိုးမာန်ဆိုးနဲ့ မေးလိုက်တယ်။

'ဟေ့…သူခိုးကလေး လက်စသတ်တော့ ငါ့ကြက်တွေ လာခိုးနေတာ မင်းကိုးကွ'

'ကျွန်တော် မဟုတ်ပါဘူး ခင်ဗျား၊ ကျွန်တော် မဟုတ်ပါဘူး' ပီနိချီယိုက ငိုပြီး ပြောတယ်။ 'ကျွန်တော်က ဆာလွန်းလို့ စပျစ်သီး တစ်ခိုင်လောက် လာခူးတာပါ'

'စပျစ်သီးခိုးတဲ့အကောင်ဟာ ကြက်ကိုလည်း ခိုးမှာပဲ၊ ကဲ… ဒီတော့ မင်းကို မှတ်လောက်သားလောက်အောင်တော့ သင်ခန်းစာ ပေးရလိမ့်မယ်'

အဲဒီနောက် သူက သံညှပ်ကိုဖြုတ်ပြီး ပီနိချီယိုကလေးကို အင်္ကျီ ကော်လံကိုဆွဲပြီး ကိုင်မြှောက်လိုက်တယ်။ ပြီးတော့ သိုးပေါက်စကလေး တစ်ကောင်လို ချိုင်းကြားမှာ ညှပ်ကိုင်ပြီး အိမ်ကို ပြန်လာခဲ့တယ်။

အိမ်ရောက်တော့ ပီနိချီယိုကို အိမ်ရှေ့ကွက်လပ်မှာ ပစ်ချလိုက် တယ်။ အဲဒီနောက် သူ့လည်ပင်းကို ခြေတစ်ဖက်နဲ့ ဖိထားပြီး…

'ကဲ… ဒီနေ့တော့ အချိန်မရှိတော့ဘူး၊ ငါလည်း အိပ်ချင်ပြီ၊ မင်းကိစ္စ မနက်ကျမှပဲ ရှင်းတော့မယ်၊ အဲဒီတော့ ဒီညအဖို့တော့ မင်းက အိမ်စောင့်ခွေး လုပ်ရမှာပဲ၊ ငါ့ခွေးက ဒီနေ့ပဲ သေသွားတယ်'

သူက အဲဒီလိုပြောပြီးတော့ ပီနိချီယိုရဲ့လည်ပင်းမှာ သံလည်ပတ် တစ်ခု စွပ်တယ်။ နောက်ပြီး သံလည်ပတ်မှာ သံကြိုးဆက်ပြီး သံကြိုး ကို နံရံမှာ ချည်ထားလိုက်တယ်။

'ညမှာ မိုးရွာရင် ဟိုခွေးအိမ်ကလေးထဲ သွားဝပ်နေ၊ အဲဒီမှာ ငါ့ခွေးကြီး လေးနှစ်လုံးလုံး အိပ်ခဲ့တဲ့ ကောက်ရိုးခင်းတွေရှိတယ်။ အိပ်တဲ့အခါ နိုးနိုးကြားကြားအိပ်ပါ၊ တကယ်လို့ သူခိုးဝင်လာရင် အော်ဖို့တော့ မမေ့ပါနဲ့'

လယ်သမားကြီးက အဲဒီလိုပြောရင်း အိမ်ထဲဝင်သွားပြီး တံခါးကို ပိတ်လိုက်တယ်။

ပီနိချီယိုမှာတော့ ဆာကလည်းဆာ၊ ချမ်းကလည်းချမ်း၊ ကြောက် ကလည်း ကြောက်နဲ့ သေတာထက်ဆိုးတဲ့ အဖြစ်မျိုး ရောက်နေတော့ တာပေါ့။ ဒီကြားထဲ လည်ပင်းမှာ စွပ်ထားတဲ့ သံလည်ပတ်ကလည်း





ကျပ်လွန်းလို့ လည်ပင်းအစ်ပြီး အနေရခက်နေတယ်။ ဒါနဲ့ သူဟာ သံလည်ပတ်ကို မကြာခဏ လက်နဲ့ပုတ်ပုတ်ပြီး ငိုညည်းနေရှာတယ်။

'တကယ်တော့ ငါ ဒီအဖြစ်မျိုး ရောက်လာတာ ရောက်ကို ရောက်သင့်ပါတယ်။ ငါက လူပေလူတေ ခြေသလုံးအိမ်တိုင် ထင်ရာ လျှောက်သွားနေတဲ့အကောင်၊ ကိုယ့်ကိုချစ်တဲ့လူတွေ ပြောတဲ့ စကား ကို နားမထောင်ဘဲ မိတ်ဆွေယောင်တွေ ပြောတဲ့စကားကိုမှ အမှန်လို့ ထင်ခဲ့တာ၊ အဲဒါကြောင့်လည်း တစ်လျှောက်လုံး ဒုက္ခတွေ အမျိုးမျိုး တွေ့ကြုံခဲ့ရတာပဲ၊ တကယ်လို့ ငါသာ လူကောင်းကလေး ဖြစ်မယ် ဆိုရင် ပညာကောင်းကောင်း သင်ပြီး အလုပ်ကို ကြိုးစားလုပ်နေမယ် ဆိုရင် ဖေဖေနဲ့အတူတူသာ အိမ်မှာနေခဲ့မယ်ဆိုရင် အခုလို အိမ်စောင့် ခွေးဘဝ ရောက်မှာ မဟုတ်ဘူး။ ဩော်… ဆိုးရွားတဲ့ ငါ့ဘဝ၊ ဖြစ် နိုင်ရင် အသစ်သာပြန်မွေးလိုက်ချင်တော့တယ်။ ဒါပေမယ့် မရတော့ဘူး၊ မရတော့ဘူး၊ သိပ်ပြီး နောက်ကျသွားပြီ၊ သည်းခံပြီး စောင့်ရုံကလွဲပြီး ဘာမှ မတတ်နိုင်တော့ဘူး'

အဲဒီလို သူဟာသူ တစ်ကိုယ်တည်း ညည်းပြော ပြောလိုက်တော့မှ ရင်ထဲမှာ နည်းနည်းခံသာသလို ရှိသွားတယ်။

ခဏကြာတဲ့အခါ အိပ်ချင်လာတာနဲ့ ခွေးလှောင်အိမ်ထဲ ဝင်လာ ခဲ့တယ်။

# [၂၂]

# လွတ်ပြီ ကျွတ်ပြီ

ပိနိချိုယိုဟာ နှစ်နာရီကျော်ကျော်လောက် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားတယ်။ သန်းခေါင်လောက်ကျတော့ အိမ်ရှေ့က ထူးဆန်းတဲ့အသံတွေ ကြားရတာကြောင့် အိပ်ရာကလန့်နိုးလာတယ်။ ဒါနဲ့ သူ့နှာခေါင်း ကို အိမ်ရှေ့ဘက်လှည့်ပြီး လှမ်းကြည့်တဲ့အခါ အနက်ရောင်သားမွေး ခြုံထားတဲ့ တိရစ္ဆာန်လေးကောင်ကို မြင်လိုက်ရသတဲ့။ သူတို့ကိုကြည့် ရတာ ပထမတော့ ကြောင်တွေလို့ထင်ရတယ်။ ဒါပေမယ့် သေသေ ချာချာကြည့်လိုက်တော့ ကြောင်တွေမဟုတ်ဘူး။ မြွေပါတွေ ဖြစ်နေ တယ်။

မြွေပါဆိုတာ ကြက်ဥနဲ့ ကြက်ကလေးတွေကို အလွန်ကြိုက်တဲ့ အသားစား တိရစ္ဆာန်တွေပေါ့၊ မြွေပါတစ်ကောင်ဟာ သူ့အဖော်တွေ





အနားက ထွက်လာပြီး ခွေးအိမ်တံခါးဝကို လျှောက်လာတယ်။ ပြီးတော့ အသံခပ်အုပ်အုပ်နဲ့ ပြောလိုက်တယ်။

'မင်္ဂလာရှိတဲ့ညပါ မီလမ်ပို'

'ကျုပ်နာမည် မီလမ်ပို မဟုတ်ဘူးဗျ'

ပိနိချိုယိုက ပြန်ပြောလိုက်တယ်။

'ဒါဆို ခင်ဗျားက ဘယ်သူလဲ'

'ပိနိချိုယို'

'ခင်ဗျား ဒီမှာ ဘာလာလုပ်နေတာလဲ'

'ကျုပ်က အိမ်စောင့်ခွေးလေ'

'ဟင် ဒါဆို မီလမ်ပိုကြီး ဘယ်ရောက်သွားသလဲ၊ မီလမ်ပိုက ဒီနေရာမှာ ခါတိုင်းစောင့်နေတဲ့ ခွေးကြီးလေ'

'သူ ဒီနေ့မနက်ကပဲ သေသွားပြီ'

'ဟင် သူသေသွားပြီ၊ ကြားရတာ စိတ်မကောင်းစရာပဲဗျာ၊ သူက သိပ်ပြီး စိတ်ကောင်းရှိတဲ့ ခွေးအိုကြီးပါ၊ ဒါနဲ့ ကျုပ် အကဲခတ်မိသလောက်ဆိုရင် ခင်ဗျားလည်း စိတ်ကောင်းရှိတဲ့ခွေး ဖြစ်လိမ့်မယ်လို့ ယုံကြည်ပါတယ်'

'သည်းခံပါဗျာ၊ ကျုပ်က ခွေးမဟုတ်ပါဘူး'

'အား ဒါဖြင့် ခင်ဗျားက ဘယ်သူလဲဟင်'

'ကျုပ်က ရုပ်သေးရုပ်ကလေးပါ'

'ဟင် ရုပ်သေးရုပ်ကလေး ဟုတ်လား၊ ဒါဆို ရုပ်သေးရုပ်ကလေးက ခွေးယောင်ဆောင်နေတယ်ပေါ့လေ'

'ဟုတ်ပါတယ်၊ အပြစ်ပေးခံနေရလို့ပါ'

'ကောင်းပြီလေ၊ ဘာပဲဖြစ်ဖြစ် ခင်ဗျားနဲ့ကျွန်တော်တို့ အလုပ်ဖြစ်အောင်တော့ လုပ်ကြတာပေါ့၊ အရင် မီလမ်ပိုကြီးနဲ့ လုပ်နေကျ အပေးအယူမျိုးပေါ့ဗျာ၊ စိတ်ချပါ၊ ခင်ဗျား မနစ်နာစေရပါဘူး'

'ကျုပ် နားမရှင်းသေးဘူးဗျ၊ ခင်ဗျားက ဘာအလုပ်ကို ပြောတာလဲ'

'သြော်...အလုပ်က ဒီလိုပါ၊ ကျုပ်တို့က တစ်ပတ်မှာ တစ်ညစီ ကြက်ခြံကိုလာပြီး ခါတိုင်းလိုပဲ ကြက်ရှစ်ကောင်စီ ယူသွားမယ်။ ကျုပ်တို့လာတဲ့အခါ ခင်ဗျားက အိပ်ချင်ယောင်ဆောင်နေပါ၊ ဟောင်လည်း မဟောင်ပါနဲ့၊ လယ်သမားကြီး မနိုးစေနဲ့၊ အဲဒီအတွက် ခင်ဗျားကို ကြက်တစ်ကောင်ပေးမယ်၊ ကျန်တဲ့ ခုနစ်ကောင်ကိုတော့ ကျုပ်တို့စားမယ်'

'မီလမ်ပိုက အဲဒီလိုပဲ လုပ်ခဲ့လို့လား'

'ဟုတ်တယ်၊ အဲဒီလို အမြဲတမ်း လုပ်လာတာ၊ သူနဲ့လုပ်ရတာ သိပ်အဆင်ပြေတာပဲ၊ ကဲ...ကဲ စိတ်ချလက်ချသာ အိပ်ပါတော့၊ ကျုပ်တို့မပြန်ခင် ခင်ဗျားဝေစုအတွက် ကြက်အသေတစ်ကောင် ထားပစ်ခဲ့ပါမယ်၊ ဒီအတွက်တော့ လုံးဝမပူပါနဲ့၊ စိတ်သာချ'

ဒီအခါ ပီနိချီယိုက ခေါင်းတခါခါနဲ့...

'ကောင်းပါပြီဗျာ၊ ကောင်းပါပြီ၊ စိတ်ချနေပါ့မယ်'လို့ ပြန်ပြောလိုက်သတဲ့။

ဒီနောက်တော့ မြွေပါလေးကောင်ဟာ တို့တော့ စိတ်ချရပြီလို့ ယုံကြည်ပြီး ကြက်ခြံကို တန်းတန်းမတ်မတ် ချီတက်လာခဲ့ကြတယ်။ ကြက်ခြံကိုရောက်တော့ သစ်သားတံခါးလေးကို ပါးစပ်နဲ့ကိုက်၊ လက်သည်းနဲ့ ကုပ်ဖဲ့ပြီး ဖွင့်ကြတယ်။ တံခါးပွင့်သွားတဲ့အခါ တစ်ကောင်ပြီးတစ်ကောင် အသံမကြားရအောင် အထဲကိုဝင်ကြတယ်။ ဒါပေမယ့် သူတို့လေးယောက် ကြက်ခြံထဲရောက်ပြီး မကြာခင်မှာပဲ ဝုန်းခနဲမြည်ပြီး ပြန်ပိတ်သွားတော့တယ်။

တံခါးပိတ်လိုက်တာက တခြားလူမဟုတ်ဘူးကွယ့်၊ ပီနိချီယိုက ပိတ်လိုက်တာ။ သူက အဲဒီလောက်နဲ့မကျေနပ်သေးဘဲ ပိုစိတ်ချအောင်ဆိုပြီး တံခါးရှက်ကို အပြင်က ကျောက်ခဲကြီးတစ်လုံးနဲ့တောင် ကပ်ဖိထားလိုက်သေးတယ်။





အဲဒီနောက်မှာတော့ သူက ခွေးဟောင်သလို 'တဝေါင်းဝေါင်း'နဲ့ အဆက်မပြတ်ဟောင်တော့သတဲ့။

ခွေးဟောင်သံကြားတော့ လယ်သမားကြီးဟာ အိပ်ရာထဲက လူးလဲထပြီး သေနတ်ကို ဆွဲယူလိုက်တယ်။ ပြီးတော့ ပြတင်းပေါက်က ခေါင်းပြူပြီး အပြင်ကိုလှမ်းမေးလိုက်တယ်။

'ဘာဖြစ်တာလဲကွ'

'သူခိုးတွေ ရောက်နေတယ် ခင်ဗျား'လို့ ပီနိချီယိုက အော်ပြီး ပြန်ပြောလိုက်တယ်။

'သူတို့ ဘယ်မှာလဲ'

'ကြက်ခြံထဲမှာ'

'ဟုတ်ပြီ၊ ငါအခုလာခဲ့မယ်'

ဒါနဲ့ လယ်သမားကြီးဟာ ကြက်ခြံကို ပြေးလာပြီး မြွေပါလေးကောင်ကို လက်ရဖမ်းဆီးလိုက်တော့တယ်။ ပြီးတော့ မြွေပါတွေကို ဂုန်နီအိတ်ထဲ ပစ်ထည့်ပြီး အသံကျယ်ကြီးနဲ့ ပြောလိုက်တယ်။

'ကိုင်း မင်းတို့ ငါ့လက်က ဘယ်ပြေးနိုင်ဦးမှာလဲ၊ တကယ်တော့ မင်းတို့ကို တစ်ခါတည်း အသေရိုက်သတ်ဖို့ ကောင်းတာ၊ ဒါပေမယ့် ငါက ဒီလောက်တော့မရက်စက်ပါဘူး၊ အဲဒီတော့ မင်းတို့ကို ရွာထဲက တည်းခိုရိပ်သာပိုင်ရှင်ဆီ သွားပို့ရမယ်။ သူက မင်းတို့ကို အရှင်လတ်လတ် အရေခွံခွာပြီး ချက်စားလိမ့်မယ်။ ယုန်မရတော့ ယုန်သားအစားထိုးရတာပေါ့။ တကယ်တော့ ဒါဟာ မင်းတို့နဲ့ ထိုက်တန်တဲ့ ဂုဏ်ပြုခြင်းပဲ။ ဒါပေမယ့် ငါ့လို ရက်ရောတဲ့လူကတော့ ဒီလိုပဲလုပ်ရမှာပဲ'

အဲဒီနောက် လယ်သမားကြီးဟာ ပီနိချီယိုဆီကို လာပြီး ပခုံးကို ပွတ်သပ်ချီးကျူးတယ်။ ပြီးတော့ သူက မေးလိုက်တယ်။

'ဒါနဲ့ မင်းက ဒီကောင်တွေ လာမယ်ဆိုတာ ဘယ်လိုလုပ် သိတာလဲ၊ အင်မတန်သစ္စာရှိတဲ့ ငါ့ခွေးကြီး မီလမ်ပိုတောင်မှ ဒီကောင်တွေကို လုံးဝ သံသယမဝင်ခဲ့ဖူးဘူး'

တကယ်ဆိုရင် ခွေးအိုကြီး မီလမ်ပိုနဲ့ မြွေပါတွေ အပေးအယူလုပ်ပြီး ပိပိရိရိစခန်းသွားခဲ့ကြပုံကို ပီနိုချီယိုက အမှန်အတိုင်း ပြောပြလိုက်ရင် ပြီးတာပါပဲ။ ဒါပေမယ့် အခုအချိန်မှာ ခွေးအိုကြီးက မရှိတော့ဘူး၊ သေသွားပြီ။ ဒီအချက်ကို သတိရတော့ ပီနိုချီယိုက သေပြီးတဲ့လူကို အပြစ်ရှာနေလို့ ဘာအကျိုးရှိမှာလဲ၊ ဒီတော့ သူ့ဘာသာ သူ အေးအေးပဲနေပါစေတော့လို့ တွေးပြီး ဘာမှပြန်မပြောဘဲ ငြိမ်နေ လိုက်တယ်။

ဒီအခါ လယ်သမားကြီးက ထပ်မေးပြန်တယ်။

'သူတို့ ရောက်လာတော့ မင်းက နိုးနေသလား၊ အိပ်ပျော်နေသလား'

'ကျွန်တော် အိပ်ပျော်နေပါတယ်၊ ဒါပေမယ့် သူတို့ စကားပြောသံကြားတော့ ကျွန်တော် လန့်နိုးလာတယ်။ မြွေပါတစ်ကောင်ကဆိုရင် ကျွန်တော့်အိပ်ရာနားလာပြီး 'မင်း မဟောင်ပါနဲ့၊ လယ်သမားကြီးနိုးလာအောင် မလုပ်ပါနဲ့၊ မင်းကို ကြက်အသေတစ်ကောင် ပေးပါမယ်'လို့တောင် လာပြောသေးတယ်။ တကယ်တော့ သူတို့ ကျွန်တော့်ကို ဒီစကားမျိုးလာပြောတာ တော်တော်အသိဉာဏ်နည်းလို့ပါ၊ ကျွန်တော်က ရုပ်သေးရုပ်ကလေးပါ၊ ကျွန်တော့်မှာ အပြစ်တွေအများကြီး ရှိတယ်ဆိုတာ ကျွန်တော် သိပါတယ်။ ဒါပေမယ့် ကျွန်တော်က သူခိုးတွေနဲ့တော့ ဘယ်တော့မှ ကြံဖော်ကြံဖက်မလုပ်ပါဘူး၊ ခိုးရာပါပစ္စည်းကိုလည်း ဘယ်တော့မှ လက်ခံမှာ မဟုတ်ပါဘူး'

'တော်တယ် တော်တယ်၊ မင်း သိပ်တော်တယ်၊ လူကလေး' လယ်သမားကြီးက ဝမ်းပန်းတသာနဲ့ ပီနိုချီယိုကလေးရဲ့ ကျောကုန်းကို ပွတ်သပ်ပြီး ချီးကျူးလိုက်တယ်။





'မင်းဟာ တကယ့်ကို အတွေးအခေါ်ရှိတဲ့ ကလေးပဲ၊ မင်းကိုငါ အများကြီး ကျေးဇူးတင်ပါတယ်။ အဲဒီတော့ မင်းကျေးဇူးကို ပြန်ဆပ်တဲ့အနေနဲ့ မင်းကို အခုအချိန်ကစပြီး ပြန်လွှတ်လိုက်ပါပြီ။ မင်းသွားလိုရာ သွားနိုင်ပြီ'

အဲဒီနောက် လယ်သမားကြီးက ပီနိုချီယိုကလေးရဲ့ လည်ပင်းက သံပတ်ကွင်းကို ဖြုတ်ပေးလိုက်သတဲ့။

[၂၃]

# ပင်လယ်ထဲ ခုန်ချခြင်း

လည်ပတ်ကြီး ဖြုတ်သွားပြီးတဲ့အခါ ပီနိုချီယိုဟာ ကိုယ်ရောစိတ်ရော ပေါ့ပါးလွတ်လပ်သွားပြီး ကွင်းပြင်ကို ဖြတ်ပြေးလာခဲ့တယ်။ ဘယ်နေရာမှာမှမရပ်ဘဲ ဆက်တိုက် ပြေးလာခဲ့တယ်။ နောက်ဆုံးတော့ နတ်သမီးကလေးရဲ့အိမ်ကိုသွားတဲ့ လမ်းမကြီးပေါ် ရောက်လာခဲ့သတဲ့။

သူဟာ လမ်းမကြီးပေါ်မှာရပ်ပြီး ပတ်ဝန်းကျင် တစ်ခွင်တစ်ပြင်ကို မျက်လုံးကစား ကြည့်လိုက်တယ်။ အဲဒီအခါမှာ မြေခွေးတို့ ကြောင်တို့နဲ့ တွေ့ခဲ့တဲ့နေရာကို မြင်ရတယ်။ ပြီးတော့ သူ့လည်ပင်းကြိုးချည်ပြီး ဆွဲထားခဲ့တဲ့ ဝက်သစ်ချပင်ကြီးကိုလည်း တခြားသစ်ပင်တွေကြားက မားမားကြီး ပေါ်ထွက်နေတာ မြင်ရတယ်။ ဒါပေမယ့် ဆံပင်ပြာနဲ့ မိန်းကလေးကို တွေ့ခဲ့ရတဲ့ အိမ်ဖြူဖြူကလေးကိုတော့ အရပ်လေးမျက်နှာမှာ လုံးဝမမြင်ရဘူးတဲ့။





အဲဒီအချိန်မှာ သူဟာ ကြောက်စိတ်ဝင်လာပြီး ဖနောင့်နဲ့တင်ပါး ထိလုမတတ် အားသွန်ပြီး ပြေးလာခဲ့ပြန်တယ်။ ဒီလိုနဲ့ မကြာခင်မှာပဲ အိမ်ဖြူကလေးရှိခဲ့တဲ့ နေရာကို တွေ့ရသတဲ့။ ဒါပေမယ့် အိမ်ဖြူကလေးတော့ မရှိတော့ဘူးတဲ့ကွယ်။ အိမ်ဖြူကလေးအစား မြေပုံပေါ်မှာ စိုက်ထားတဲ့ ကျောက်စလင်းပြားကလေး တစ်ချပ်ကိုသာ တွေ့ရတော့သတဲ့။

ကျောက်စလင်းပြားပေါ်မှာ ရေးထားတဲ့ စာကတော့...

***သူ၏ ချစ်လှစွာသော***
***မောင်ကလေး ပီနိုချီယို***
***ထွက်သွားသောကြောင့်***
***ပူဆွေး သောကရောက်၍***
***သေဆုံးသွားရှာသော***
***ဆံပင်ပြာနှင့် မိန်းကလေးသည်***
***ဤနေရာတွင်***
***ထာဝရ အိပ်စက်လျက်ရှိသည်။***

ဒီစာတန်းကလေးကို ဖတ်လိုက်ရတော့ ပီနိုချီယိုကလေး ဘယ်လောက်အထိ စိတ်ထိခိုက်သွားလိုက်မလဲဆိုတာ ကလေးတို့သာ တွေးကြည့်ကြပါတော့။

ပီနိုချီယိုဟာ မြေကြီးပေါ်မှာ ထိုင်ချလိုက်ပြီး အေးစက်နေတဲ့ ကျောက်ပြားကလေးကို အကြိမ်ပေါင်းများစွာ နမ်းရှုပ်နေတယ်။ သူ့မျက်နှာတစ်ပြင်လုံးမှာတော့ မျက်ရည်တွေ ရွှဲရွှဲစိုလို့ပေါ့ကွယ်။ သူဟာ တစ်ညလုံး ငိုနေတယ်။ မနက်မိုးလင်းတော့လည်း ငိုနေတုန်းပဲတဲ့။ သူ့ရဲ့ငိုသံဟာ အလွန်ကျယ်လောင်တဲ့အတွက် ဘေးပတ်လည်က တောင်ကုန်းတွေကိုတောင် ပဲ့တင်ရိုက်ခတ်နေတယ်။

'ဩော်...နတ်သမီးကလေးရယ်၊ အသင် ဘာကြောင့် သေသွားရတာလဲ၊ တကယ်တော့ ကျွန်တော်သာ သေသွားဖို့ကောင်းတာ၊ အခုတော့ ဆိုးတဲ့လူက မသေဘဲ ကောင်းတဲ့လူက သေသွားပြီ။ ဒါနဲ့

ဖေဖေတစ်ယောက်ရော ဘယ်ရောက်နေပါလိမ့်၊ အို နတ်သမီးကလေး ကျွန်တော့်ဖေဖေ ဘယ်မှာရှိပါသလဲ၊ ကျွန်တော့်ကို ပြောပြပါဦး၊ နောက်ဆိုရင် ဖေဖေနဲ့ခွဲပြီး ကျွန်တော် ဘယ်မှမသွားတော့ပါဘူး။ ဘယ်တော့မှလည်း မသွားတော့ပါဘူး။

အို နတ်သမီး၊ အသင်သေသွားတာမှဟုတ်ရဲ့လား၊ အသင် မသေဘူးဆိုတာ ကျွန်တော့်ကို ပြောပြပါဦး၊ အသင့်မောင်လေးကို တကယ်ချစ်တယ်ဆိုရင် မသေပါနဲ့ဦး၊ ပြန်လာခဲ့ပါဦး။ ကျွန်တော်ဟာ တစ်ယောက်တည်း ဖြစ်နေပါပြီ၊ ကူညီဖို့လူလည်း တစ်ယောက်မှ မရှိတော့ဘူး။ ကျွန်တော့်ကို ဒီအတိုင်းပဲပစ်ထားတော့မှာလား၊ ကျွန်တော့် ကို မသနားတော့ဘူးလား။

လူဆိုးတွေ ပြန်လာရင် ကျွန်တော့်ကို ကြိုးဆွဲပြီး သတ်ကြဦးမယ်၊ ကျွန်တော့်မှာ အားကိုးစရာ ဘယ်သူမှမရှိတော့ပါဘူး။ အသင်နတ်သမီး ကလေးလည်း မရှိတော့ဘူး။ ဖေဖေလည်းမရှိတော့ဘူး။ ကျွန်တော် ဘာကိုစားပြီး ဘယ်နေရာမှာ အိပ်ရပါ့မလဲ၊ ကျွန်တော့်ကို ဘယ်သူက အကျႌအသစ် ဝယ်ပေးဦးမှာလဲ။ ဩော်...ကျွန်တော်ပါ သေသွားလိုက် ရင် ဘယ်လောက်ကောင်းလိမ့်မလဲ၊ ဟုတ်တယ်၊ ကျွန်တော် သေသွား ရင် သိပ်ကောင်းမယ်၊ အဟီး...ဟီး...ဟီး'

သူဟာ အဲဒီလို ငိုညည်းရင်း ခေါင်းကဆံပင်တွေကို လက်နဲ့ ကုတ်ခြစ်ဖို့ ကြိုးစားတယ်။ ဒါပေမယ့် ဆံပင်တွေက သစ်သားနဲ့ လုပ်ထားတာဖြစ်နေတော့ လက်ထိုးလို့တောင် မရရှာဘူး။

အဲဒီအချိန်မှာ အလွန်ကြီးမားတဲ့ ချိုးငှက်တစ်ကောင်ဟာ ကောင်း ကင်က ပျံဝဲလာပြီး အတောင်နှစ်ဖက်ကိုဖြန့်ရင်း အော်မေးလိုက်သတဲ့။

'လူကလေး မင်း ဒီမှာဘာလာလုပ်နေတာလဲ'

ဒီအခါ ပီနိုချီယိုက မျက်လုံးကို အကျႌလက်နဲ့ပွတ်သပ်ရင်း အပေါ်သို့ မော့ကြည့်လိုက်ပြီးတော့...

'ကျွန်တော် ငိုနေတာကို အသင် မမြင်ဘူးလား'





'မင်းအပေါင်းအသင်းတွေထဲမှာ ပီနိုချီယိုလို့ခေါ်တဲ့ ရုပ်သေးရုပ် ကလေးများ ရှိသလား'

'ဟင်...ပီနိုချီယို ဟုတ်လား၊ ပီနိုချီယိုဆိုတာ ကျွန်တော်ပါပဲ'

အဲဒီလိုပြောလိုက်တော့ ချိုးငှက်ကြီးဟာ မြေကြီးပေါ်ကို ဆင်း လာသတဲ့။ သူဟာ ကြက်ဆင်ထက်တောင်ကြီးသတဲ့။

ဒါနဲ့ ချိုးငှက်ကြီးက ထပ်ပြီး မေးပြန်တယ်။

'ဂက်ပက်တိုဆိုတဲ့ အဘိုးကြီးကို မင်းသိလား'

'သိရုံတင် ဘယ်ကမလဲ၊ သူဟာ ကျွန်တော့်အဖေပဲ၊ သူက ကျွန်တော့်အကြောင်း မေးလိုက်လို့လား၊ တတ်နိုင်ရင် ကျွန်တော့်ကို သူ့ဆီ ခေါ်သွားပါလား၊ သူအသက်ရှင်နေတုန်းပဲလား၊ ပြောစမ်းပါ၊ မြန်မြန်ပြောစမ်းပါ၊ သူ အသက်ရှင်နေသေးသလား'

'ငါ သူ့ကို လွန်ခဲ့တဲ့ သုံးရက်လောက်က ပင်လယ်ကမ်းခြေမှာ တွေ့ခဲ့တယ်'

'အဲဒီမှာ သူဘာလုပ်နေတာလဲ'

'သူက သမုဒ္ဒရာကို ဖြတ်ကူးဖို့ လှေကလေးတစ်စင်း လုပ်နေ တယ်။ သူ့ခမျာ သနားပါတယ်၊ သူ့သားလေးကို လျှောက်ပြီး လိုက် ရှာနေတာ လေးလလောက်ရှိနေပြီ။ အဲဒါ မင်းကို ဘယ်မှာမှ ရှာ မတွေ့တာနဲ့ သမုဒ္ဒရာ ဖြတ်ကျော်ပြီး လိုက်ရှာမလို့ လုပ်နေတာ'

'အဲဒီ ပင်လယ်ကမ်းခြေက ဒီနေရာနဲ့ ဘယ်လောက်ဝေးပါသလဲ'

'မိုင် ငါးရာကျော်တယ်'

'အို...မိုင်ငါးရာကြီးတောင်မှ...၊ ဝေးလိုက်တာနော်၊ ကျွန်တော့် မှာ ခင်ဗျားလိုသာ ပျံနိုင်တဲ့အတောင်ရှိလိုက်ရင် သိပ်ကောင်းမှာပဲ'

'မင်း သွားချင်ရင် ငါပို့ပေးပါ့မယ်'

'ဘယ်လိုပို့မလဲ'

'ငါ့ကျောကုန်းပေါ်တက်၊ မင်းက သိပ်လေးသလား'

'အို...မလေးပါဘူး၊ ငှက်တောင်ကလေးလိုပဲ ပေါ့ပါတယ်'

ပီနိုချီယိုဟာ အခြား ဘာမှ ပြောမနေတော့ဘဲ ချိုးငှက်ကြီးပေါ် ခုန်တက်လိုက်တယ်။ အဲဒီနောက် ချိုးငှက်ရဲ့ ကျောပေါ်မှာ မြင်းစီးသလို ခွစီးပြီး ဝမ်းမြောက်ဝမ်းသာ အော်ပြောလိုက်တယ်။

'ကဲ . . .မြင်းကလေးရယ်၊ ဒုန်းစိုင်းလို့သာ နှင်ပေတော့၊ ကျွန်တော်က မြန်မြန်ရောက်ချင်လှပြီ'

ဒါနဲ့ ချိုးငှက်ဟာ ချက်ချင်းပဲ မိုးပေါ်ကို ပျံတက်လာခဲ့တယ်။ မိနစ်ပိုင်းအတွင်းမှာပဲ မိုးတိမ်တွေကြားထဲ ရောက်လာခဲ့တယ်။ တဖြည်းဖြည်းနဲ့ မြင့်သည်ထက် မြင့်လာတော့ ပီနိုချီယိုဟာ အောက်ကို ငုံ့ကြည့်လိုက်ပြီး ကြောက်စိတ်ဝင်လာမိသတဲ့။ ဒါနဲ့ သူဟာ လိမ့်ကျမှာစိုးလို့ ချိုးငှက်ရဲ့ လည်ဆံမွေးတွေကို တင်းတင်းဆုပ်ကိုင်ထားတယ်။

ဒီလိုနဲ့ ချိုးငှက်ကြီးဟာ တစ်နေ့လုံး မရပ်မနား ပျံသန်းလာခဲ့တယ်။ ညနေပိုင်းရောက်လာတဲ့အခါ ချိုးငှက်က ပြောလိုက်တယ်။

'ငါ ရေသောက်ချင်တယ်'

'ကျွန်တော်လည်း သောက်ချင်တယ်'

'ဒါဖြင့် တို့ တစ်နေရာမှာ ခဏနားကြရအောင်၊ ပြီးတော့မှ ခရီးဆက်ကြတာပေါ့၊ မနက် နေထွက်ချိန်ကျတော့ ပင်လယ်ကမ်းခြေကို ရောက်သွားမှာပါ'

ဒါနဲ့ သူတို့ဟာ ပိုင်ရှင်မရှိတဲ့ ချိုးသိုက်တစ်ခုကို ဝင်ပြီး ခရီးတစ်ထောက် နားကြတယ်။ ချိုးသိုက်ထဲမှာ ရေခွက်တစ်ခုနဲ့ ဆလတ်ရွက် တစ်စည်းကိုလည်း အဆင်သင့် တွေ့ရသတဲ့။

ပီနိုချီယိုဟာ ဆလတ်ရွက်ကို တစ်ခါမှ မစားဖူးခဲ့ဘူး။ ဆလတ်ရွက်ကိုမြင်ရင် အမြဲတမ်းဗိုက်နာလာတတ်သတဲ့။ ဒါပေမယ့် ဒီအကြိမ်မှာတော့ တခြားဘာမှစားစရာမရှိတာနဲ့ စားကြည့်လိုက်တာ ဆလတ်ရွက် တစ်စည်းလုံး ပြောင်သလင်းချောပါရောတဲ့။

'ဆလတ်ရွက်ဟာ ဒီလောက် အရသာရှိလိမ့်မယ်လို့ ကျွန်တော် ဘယ်တုန်းကမှ မထင်ခဲ့ဘူး'လို့ သူက ပြောလိုက်တော့ ချိုးငှက်ကြီးက . . .





'ဒါပေါ့ လူကလေး၊ တကယ်ဆာလောင်လာလို့ တခြားစားစရာ ဘာမှမရှိတဲ့အခါ ဆလတ်ရွက်လည်း အရသာရှိတာပါပဲ။ တကယ်တော့ ဆာနေတဲ့အခါ ဘာပဲစားရစားရ မြိန်တာပါပဲ'လို့ ပြန်ပြောလိုက်တယ်။

သူတို့ဟာ အဆာပြေအောင် သုတ်သီးသုတ်ပျာ စားသောက်ပြီးတဲ့နောက် အချိန်ဖြုန်းမနေတော့ဘဲ ဆက်ပြီး ခရီးထွက်ခဲ့ကြပြန်တယ်။ ဒီလိုနဲ့ နောက်တစ်နေ့ မနက်မှာ ပင်လယ်ကမ်းခြေကို ရောက်လာခဲ့ကြသတဲ့။

ချိုးငှက်ကြီးဟာ သူ့ကျောကုန်းပေါ်က ပီနိုချီယိုကလေး လွယ်လွယ်ကူကူ ဆင်းနိုင်အောင် စိတ်ရှည်ရှည်နဲ့ အကြာကြီး ရပ်ပေးတယ်။ အဲဒီနောက်တော့ ပီနိုချီယိုက သူ့ကို ကျေးဇူးတင်စကားပြောနေမှာကို တမင်ရှောင်တဲ့သဘောနဲ့ အဲဒီနေရာက အမြန်ပျံထွက်သွားသတဲ့။

အဲဒီအချိန်မှာ ပတ်ဝန်းကျင်ကို ကြည့်လိုက်တဲ့အခါ ကမ်းခြေသောင်ပြင်ပေါ်မှာ လူတွေ ကြည့်နေတာကို ပီနိုချီယို တွေ့ရတယ်။ တချို့က ပင်လယ်ပြင်ဘက်ကို လှမ်းကြည့်ပြီး အော်ဟစ်ပြောဆိုနေကြတယ်။ တချို့လည်း ရှေ့ကို လှမ်းကြည့်ရင်း လက်ဟန်ခြေဟန်နဲ့ ပြောနေကြတယ်။

'လူတွေက ဘာဖြစ်နေကြတာလဲ အဘွား'

ပီနိုချီယိုက အဘွားအိုတစ်ယောက်အနား သွားပြီး စုံစမ်းလိုက်တယ်။

အဲဒီအခါ အဘွားအိုက . . .

'လူတစ်ယောက်မှာ သားကလေး ပျောက်သွားလို့တဲ့ ကလေးရယ်၊ အဲဒါ သူက သူ့သားကို လှေကလေးနဲ့ ထွက်ရှာဖို့ လုပ်နေတာတဲ့၊ ဒါပေမယ့် ဖြစ်ပါ့မလား၊ လှိုင်းတွေကလည်း ကြီးလိုက်တာ၊ ဒီအတိုင်းဆိုရင် လှိုင်းတွေကြားမှာ လှေကလေး ကျွမ်းပြန်ပြီး မြုပ်သွားလိမ့်မယ်'

'လှေက ဘယ်မှာလဲ အဘွား'

'ဟိုမှာလေ မမြင်ဘူးလား၊ ငါ့လက်ညှိုးတည့်တည့်ကို ကြည့်လိုက်'

အဘွားကြီး လက်ညှိုးညွှန်တဲ့နေရာကို ပီနို့ချိုယို လှမ်းကြည့်လိုက်တဲ့အခါ ဟိုအဝေးကြီးက လှိုင်းလုံးကြီးတွေကြားမှာ ပဲစေ့ခွံလောက်ရှိတဲ့ လှေကလေးကို မြင်လိုက်ရတယ်။ အဲဒီအခါ သူက အော်ပြီး ပြောလိုက်တယ်။

'ဟာ အဲဒါ ကျွန်တော့်ဖေဖေ၊ ကျွန်တော့်ဖေဖေ'

အဲဒီအချိန်မှာ လှိုင်းက တစ်ချက်ရိုက်ခတ်လိုက်တာကြောင့် လှေကလေးဟာ မြင်ကွင်းက ပျောက်ကွယ်သွားတယ်။ အတော်ကလေးကြာမှ လှိုင်းဦးမှာ ပြန်ပေါ်လာတယ်။

ပီနို့ချိုယိုဟာ ကျောက်တောင်မြင့်ကြီးပေါ် တက်ပြီး သူ့ဖေဖေကို အော်ခေါ်တယ်။ သူက လက်နှစ်ဖက်ကိုလည်း ဝှေ့ယမ်းပြတယ်။ ပြီးတော့ ခေါင်းပေါ်က ဦးထုပ်ချွတ်ပြီးတော့လည်း ဝှေ့ယမ်းပြတယ်။ လက်ကိုင်ပဝါကိုလည်း ဝှေ့ယမ်းပြတယ်။

အဘ ဂက်ပက်တိုဟာ တော်တော်အဝေးကြီးကို ရောက်နေပေမယ့် သူ့သားကလေးကို မှတ်မိသွားပုံရတယ်။ ဘာဖြစ်လို့လည်းဆိုတော့ သူဟာ သူ့ခေါင်းပေါ်က ဦးထုပ်ကို ချွတ်ပြီး ပြန်ပြီး ဝှေ့ယမ်းပြတယ်။ သူ ကမ်းခြေကို ပြန်လာခဲ့မယ်ဆိုတဲ့ သဘောကိုလည်း လက်ဟန်ခြေဟန်နဲ့ ပြန်ပြတယ်။ ဒါပေမယ့် ပင်လယ်တစ်ပြင်လုံးဟာ လှိုင်းဒဏ်ကြောင့် ပွက်ပွက်ဆူနေတော့ သူ့ခမျာ လှော်တက်ကို လုံးဝ အသုံးချလို့ မရရှာဘူး။

ကြည့်နေရင်းမှာပဲ ရောမ လှိုင်းလုံးကြီးတစ်လုံး ပေါ်ထွက်လာပြီး လှေကလေးဟာ မြင်ကွင်းက လုံးဝ ပျောက်ကွယ်သွားတော့တယ်။

လှေကလေး ပြန်ပေါ်လာမလားလို့ ကမ်းပေါ်ကလူတွေ တမျှော်မျှော်နဲ့ စောင့်ကြည့်နေကြတယ်။ ဒါပေမယ့် အချိန်သာကုန်သွားတယ်။ လှေကလေးကိုတော့ အရိပ်အရောင်တောင် မမြင်ရတော့ပါဘူး။

'အဘိုးကြီးခမျာ သနားပါတယ်'





'သူ့ခမျာ ဘေးမသီရန်မခဘဲ ကုန်းပေါ် ပြန်ရောက်နိုင်ပါစေ'

ကမ်းပေါ်က ရပ်ကြည့်နေကြတဲ့ ရေလုပ်သားအချို့က အဘဂက်ပက်တိုကို သနားပြီး ဆုတောင်းမေတ္တာပို့ကြတယ်။ အဲဒီနောက်တော့ သူတို့လည်း ဘယ်လိုမှမတတ်နိုင်တော့တာနဲ့ ပါးစပ်က တရွရွဆုတောင်းရင်း အိမ်ကို ပြန်ဖို့ ခြေလှမ်းပြင်လိုက်ကြတယ်။

အဲဒီအချိန်မှာ 'ကျွန်တော့်ဖေဖေကို ကျွန်တော် ကယ်မယ်'ဆိုတဲ့ အော်ပြောသံကိုကြားလိုက်ရပြီး ကျောက်တောင်မြင့်ကြီးပေါ်က ကလေးတစ်ယောက် ပင်လယ်ထဲ ခုန်ဆင်းသွားတာကို မြင်လိုက်ကြရသတဲ့။

ပီနို့ချိုယိုက သစ်သားနဲ့လုပ်ထားတဲ့ ရုပ်သေးရုပ်ကလေးဆိုတော့ ရေထဲမှာ ဘယ်မြုပ်ပါ့မလဲ။ ဒီတော့ သူက ရေထဲမှာ ငါးကလေးတစ်ကောင်လို ကူးခတ်တော့တာပေါ့။

ပီနို့ချိုယိုကလေး ရေအောက် နစ်မြုပ်သွားတာကို ကမ်းပေါ်က လူတွေက ရင်တထိတ်ထိတ်နဲ့ လှမ်းကြည့်နေကြတယ်။ လှိုင်းရိုက်တဲ့အခါ ပြန်ပေါ်လာပြန်တယ်။ မကြာခင်ဘဲ ပြန်မြုပ်သွားပြန်တယ်။ ပြီးတော့ ခြေတစ်ချောင်း ပြန်ပေါ်လာတယ်။ နောက် တစ်ကြိမ်ကျတော့ လက်တစ်ချောင်းကို မြင်ရတယ်။

ဒီလိုနဲ့ တဖြည်းဖြည်းနဲ့ဝေးဝေးသွားပြီး နောက်ဆုံးတော့ လုံးဝ မမြင်ရတော့ဘဲ ပျောက်ကွယ်သွားတော့သတဲ့။

'ခမျာလေး သနားစရာပဲ'

'ဘုရားသိကြားမလို့ သေကံမရောက် သက်မပျောက်ပါစေနဲ့တော့'

ကမ်းပေါ်ကလူတွေဟာ အဲဒီလို တစ်ယောက်တစ်ပေါက် ပြောဆိုကြပြီးတော့ အိမ်ကို ပြန်သွားကြတော့တယ်။

[၂၄]

## နတ်သမီးကလေးနှင့် ပြန်လည်တွေ့ဆုံခြင်း

ပီနိုချီယိုဟာ သူ့ဖေဖေရဲ့အသက်ကို အချိန်မီကယ်နိုင်ဖို့အတွက် တစ်ညလုံး မရပ်မနား ကူးခတ်နေတယ်။

အဲဒီအချိန်မှာ မိုးကြီးလေကြီးကျပြီး မိုးကြိုးတွေပစ်၊ လျှပ်စီးတွေလက်နဲ့ ပင်လယ်တစ်ပြင်လုံး ထိန်ထိန်လင်းနေသတဲ့။

မိုးလင်းကာနီးကျတော့ ရှည်လျားတဲ့ အငူစွန်းတစ်ခုကို မနီးမဝေးမှာ လှမ်းမြင်ရတယ်။ အဲဒီအငူစွန်းဟာ သမုဒ္ဒရာထဲက ကျွန်းကလေး တစ်ကျွန်း ဖြစ်တယ်။

ပီနိုချီယိုဟာ အဲဒီကျွန်းကလေးဆီကို အားသွန်ပြီး ကူးခတ်နေတယ်။ ဒါပေမယ့် ကြိုးစားသလောက် ခရီးမရောက်နိုင် ဖြစ်နေရှာတယ်။ ဘာဖြစ်လို့လည်းဆိုတော့ လှိုင်းလုံးကြီးတွေက သူ့ကို ကောက်ရိုးကလေး တစ်မျှင်လို နောက်ကို ပြန်ပြီး ဆွဲယူသွားကြတာကိုး။





အဲဒီလိုရှိနေရင်းက ကံကောင်းချင်တော့ တောင်လောက်မြင့်တဲ့ လှိုင်းလုံးကြီးတစ်လုံး ပေါ်လာပြီး သူ့အရှိန်နဲ့ အပေါ်ပစ်တင်လိုက်တာ သူဟာ တစ်ခါတည်း ရေစပ်သောင်ခုံပေါ်ကို ရောက်သွားတော့တယ်။ လှိုင်းရိုက်ပြီး မြေကြီးပေါ်ကျတဲ့ဒဏ်ကြောင့် တစ်ကိုယ်လုံးလည်း မလှုပ်နိုင်အောင် နာကျင်သွားတယ်။ ဒါပေမယ့် သူကတော့ ဂရုမစိုက်ပါဘူး။ 'မသေတာပဲကံကောင်းလှပြီ'လို့ တွေးပြီး ဝမ်းတောင်သာမိသတဲ့။

တဖြည်းဖြည်းနဲ့ မိုးသားတိမ်လိပ်တွေ ကင်းစင်ပြီး ကောင်းကင်တစ်ပြင်လုံး ကြည်လင်လာတယ်။ နေလည်းထွက်လာတယ်။ ပင်လယ်ရေပြင်ဟာ လှိုင်းအိကလေးတွေနဲ့ တလက်လက် တောက်ပလာတယ်။

ပီနိုချီယိုဟာ ရေစိုနေတဲ့ အဝတ်အစားတွေကို ချွတ်ပြီး နေလှမ်းတယ်။ ပြီးတော့ ဆုံးစမထင်တဲ့ ရေပြင်ကြီးကို လှမ်းကြည့်လိုက်တယ်။ တစ်နေရာမှာ လှေကလေးတစ်စင်းနဲ့ သူ့ဖေဖေကိုများ တွေ့ရမလားဆိုတဲ့ မျှော်လင့်ချက်နဲ့ပေါ့။

ဒါပေမယ့် သူဟာ ပတ်ဝန်းကျင် တစ်ခွင်လုံးမှာ မိုးကောင်းကင်နဲ့ ပင်လယ်ပြင်ကြီးကိုသာ မြင်နေရတယ်။ ဟိုအဝေးကြီးမှာတော့ ရွက်လွှင့်သွားကြတဲ့ သင်္ဘောတွေကို ယင်ကောင်ကလေးသားသာ လှမ်းမြင်ရသတဲ့။

ဒီလိုနဲ့ သူ့ဖေဖေနဲ့ လှေကလေးကို အရိပ်အရောင်တောင်မှ မမြင်ရတဲ့အခါ ပီနိုချီယိုက တွေးမိတယ်။

ဒီကျွန်းက ဘာကျွန်းခေါ်သလဲ မသိဘူး၊ ဒီကျွန်းမှာ လူတွေများ ရှိသလား၊ ကလေးတွေကို သစ်ပင်ပေါ် ကြိုးဆွဲချထားတတ်တဲ့ လူရိုင်းတွေများ ဒီကျွန်းမှာ နေထိုင်ကြသလား၊ ငါ ဘယ်သူ့ဆီ သွားပြီး စုံစမ်းရပါ့မလဲ'

သူဟာ အဲဒီလိုတွေးပြီး တော်တော်အားငယ်သွားမိတယ်။ လူသူမရှိတဲ့ ကျွန်းတစ်ကျွန်းပေါ်မှာ တစ်ယောက်တည်း ရောက်နေတာဟာ တကယ်တွေးကြည့်ရင် တော်တော်ကြောက်စရာကောင်းတာပဲ။

ဒါနဲ့ သူဟာ ကြောက်စိတ်ဝင်လာပြီး လန့်အော်မလို့ လုပ်လိုက်တုန်းမှာပဲ ရေစပ် သောင်ကမ်းနားကို ငါးကြီးတစ်ကောင် တက်လာသတဲ့။ ငါးကြီးဟာ ရေထဲက ခေါင်းပြူပြီး ပီနိုချီယိုကို လှမ်းကြည့်နေတယ်။

အဲဒီအချိန်မှာ ပီနိုချီယိုက အော်ပြီး နှုတ်ဆက်လိုက်တယ်။

'ဟဲလို…မစ္စတာငါးကြီး၊ ကျွန်တော် စကားတစ်ခွန်းလောက် မေးပါရစေလား'

'တစ်ခွန်းမက နှစ်ခွန်း မေးနိုင်ပါတယ်'လို့ ငါးကြီးက ပြန်ပြောလိုက်တယ်။ အဲဒီငါးကြီးက ကမ္ဘာပေါ်မှာ အလွန်ရှားတဲ့ ဝေလငါးတစ်မျိုးတဲ့။

'ဒီလိုဆိုရင် ဒီကျွန်းပေါ်မှာ အစားအစာရနိုင်မယ့် နေရာများ ရှိပါသလား ခင်ဗျား၊ ကိုယ့်ကို အစားမခံရဘဲနဲ့ ကိုယ်က စိတ်ချလက်ချ စားနေနိုင်မယ့် နေရာပေါ့ဗျာ'

'ရှိပါတယ်၊ ရှိပါတယ် ဒီနေရာက သိပ်မဝေးပါဘူး'

'ဒါဆို ကျွန်တော် ဘယ်လိုသွားရပါမလဲ'

'လွယ်ပါတယ်၊မင်းလက်ဝဲဘက်က လမ်းကလေးအတိုင်း လိုက်သွားပါ၊ ပြီးတော့ မင်းနှာခေါင်းတည့်တည့်သာ ဆက်လျှောက်သွား၊ လမ်းမမှားနိုင်ပါဘူး'

'ဒါနဲ့ စကားမစပ် တစ်ခုမေးပါရစေ ခင်ဗျား၊ မစ္စတာ ငါးကြီးက အခုလို တစ်နေ့လုံး တစ်ညလုံး ပင်လယ်ထဲမှာ သွားနေတယ်ဆိုတော့ ခရီးသွားဟန်လွှဲ လှေကလေး တစ်စင်းများ တွေ့မိပါသလား။ အဲဒီလှေထဲမှာ ကျွန်တော့်ဖေဖေပါတယ် ခင်ဗျ'

'မင်းအဖေက ဘယ်သူလဲ'





'ကျွန်တော့်အဖေဟာ ဒီလောကမှာ အကောင်းဆုံး အဖေ တစ်ယောက်ပါ၊ ကျွန်တော်ကတော့ သားဆိုး သားမိုက် တစ်ယောက်ပါ'

'အင်း မနေ့ညက လေကြီးမိုးကြီး တိုက်ခဲ့တယ်ဆိုတော့ လှေကလေးတော့ စုပ်စုပ်မြုပ်သွားပြီလို့ပဲ ယူဆရမှာပဲ'

'ဒါဆို ကျွန်တော့်ဖေဖေရော ခင်ဗျာ'

'မင်းအဖေလည်း ဒီလောက်ဆို ငါးမန်းစာ ဖြစ်သွားလောက်ပြီပေါ့၊ ဒီတစ်ဝိုက်မှာက ငါးမန်းတွေ သောင်းကျန်းနေတာ ကြာလှပြီ'

'ဒါနဲ့ အဲဒီငါးမန်းဆိုတာက တော်တော်ကြီးသလား ခင်ဗျား'

'တော်တော်ကြီးသလား ဟုတ်လား၊ မင်း မှန်းဆနိုင်အောင် ငါပြောပြမယ်၊ ငါးမန်းဆိုတာ ငါးထပ်တိုက်ကြီးလောက်တောင် ကြီးတာရှိတယ်၊ သူ့ပါးစပ်ကလည်း ဘယ်လောက်ထိကျယ်သလဲဆိုရင် မီးရထားတွဲကြီး တစ်ခုလုံးကို ချောင်ချောင်ကလေးမျိုနိုင်တယ်'

'အံမယ်လေး ဘုရား ဘုရား' ပီနိုချီယိုက ကြားရုံနဲ့ လန့်ပြီး အော်လိုက်တယ်။ ပြီးတော့ သူက ထပ်ပြောလိုက်တယ်။

'ကဲ…ကျွန်တော့်ကို ခွင့်ပြုပါဦးခင်ဗျာ၊ အခုလို စိတ်ရှည်ရှည်နဲ့ ပြောပြတာ အများကြီးကျေးဇူးတင်ပါတယ်'

အဲဒီနောက် သူဟာ ဝေလငါးကြီး ညွှန်ပြတဲ့ လမ်းကလေးအတိုင်း ပြေးလာခဲ့တယ်။ ပြေးလာရင်းကလည်း အသံဗလံတစ်ခုခု ကြားလိုက်ရတိုင်း နောက်ကို အလန့်တကြား ပြန်လှည့်ကြည့်မိတယ်။ ဘာဖြစ်လို့လည်းဆိုတော့ သူက ငါးထပ်တိုက်လောက်ရှိတယ်ဆိုတဲ့ ငါးမန်းကြီး ရေထဲက ဘွားခနဲ ပေါ်လာမှာကို ကြောက်နေတာကိုး။

အဲဒီလိုနဲ့ နာရီဝက်လောက် ပြေးလာခဲ့ပြီးတဲ့နောက် 'အလုပ်သမားတိုင်းပြည်'ကို ရောက်ခဲ့သတဲ့။ လမ်းတိုင်း လမ်းတိုင်းမှာ အလုပ်ကိစ္စနဲ့ ရေးကြီးသုတ်ပျာသွားနေကြတဲ့လူတွေ ပြည့်နှက်နေတယ်။ သူတို့ကို ကြည့်ရတာ လူတိုင်း အလုပ်ကိစ္စတစ်ခုခု ရှိနေကြတဲ့ပုံမျိုးချည်းပဲ။

ဘာအလုပ်မှ မလုပ်ဘဲ အလကား လမ်းသလားနေတဲ့ လူစားမျိုးဆိုလို့ တစ်ယောက်မှ မတွေ့ရဘူး။

အဲဒီလူတွေကိုကြည့်ပြီး ပီနိချီယိုစိတ်မှာ 'အင်း ဒီနေရာတော့ ငါနဲ့ဖြစ်မယ့်နေရာ ဟုတ်မယ်မထင်ဘူး၊ ငါက မွေးကတည်းက ခြေမွေးမီးမလောင် လက်မွေးမီးမလောင် နေလာတဲ့လူ'ဆိုပြီး တွေးလိုက်မိသတဲ့။

အဲဒီအချိန်မှာ သူဟာ မခံမရပ်နိုင်လောက်အောင် ဆာလောင်လာတယ်။ ဘာမှမစားခဲ့ရတာ နှစ်ဆယ့်လေးနာရီတိတိ ရှိသွားပြီကိုး။

ဒီတော့ သူ ဘယ်လိုလုပ်ရမှာလဲ။

စားစရာတစ်ခုခုရဖို့အတွက်ဆိုရင် လုပ်နိုင်တဲ့နည်းလမ်းက နှစ်ခုပဲရှိတယ်။ ပထမနည်းလမ်းက အလုပ်တစ်ခုခုလုပ်ဖို့ပဲ၊ နောက်နည်းလမ်းကတော့ တစ်ယောက်ယောက်ဆီမှာ ပိုက်ဆံဖြစ်ဖြစ်၊ စားစရာဖြစ်ဖြစ် တောင်းတဲ့နည်းလမ်းပဲ။

ဒါပေမယ့် သူက တောင်းရမှာကို ရှက်နေတယ်။ သူ့အဖေကလည်း အမြဲတမ်း ပြောဖူးတယ်။ သက်ကြီးရွယ်အိုတွေနဲ့ အလုပ်မလုပ်နိုင်တဲ့ ဒုက္ခိတတွေမှသာ တောင်းစားနိုင်ခွင့်ရှိတယ်တဲ့။ အခြားလူတွေအနေနဲ့ ကိုယ့်လုပ်အားကို အသုံးပြုပြီး အလုပ်လုပ်ရမယ်၊ မလုပ်ရင် ဘာမှရပိုင်ခွင့်မရှိဘူး၊ ထမင်းငတ်ပြီး အသေခံကြရုံပဲ ရှိတယ်လို့ သူ့ဖေဖေက ပြောဖူးတယ်။

ပီနိချီယိုဟာ အဲဒီလိုတွေးပြီး ဘာလုပ်ရမှန်းမသိဘဲ ချီတုံချတုံဖြစ်နေတုန်းမှာ မီးသွေးလှည်းနှစ်စီးကို လူတစ်ယောက် မောကြီးပန်းကြီးနဲ့ ဆွဲလာတာ တွေ့ရတယ်။

သူ့ရုပ်ကြည့်ရတာတော့ စိတ်ကောင်းရှိမယ့်ပုံပဲလို့ ပီနိချီယိုက တွေးလိုက်ပြီး အဲဒီလူနားကို လျှောက်လာခဲ့တယ်။ အဲဒီနောက် ရှက်ရှက်နဲ့ မျက်နှာကိုငုံ့ပြီး မရဲတရဲပြောလိုက်တယ်။





'ကျွန်တော် ဆာလွန်းလို့ပါခင်ဗျာ၊ ပိုက်ဆံပါရင် တစ်ပြားလောက် သနားပါခင်ဗျာ'

ဒီအခါ မီးသွေးရောင်းသမားက...

'တစ်ပြားမကဘူး၊ လေးပြားပေးမယ်၊ ဒီလှည်းတွေကို အိမ်အရောက်သာ ကူဆွဲပေးပါ'

'ဟာ...ဒါတော့ လုံးဝမဖြစ်နိုင်ဘူးဗျ၊ ကျွန်တော်က လှည်းဆွဲတဲ့မြည်းမှ မဟုတ်တာဘဲ'

'အေး ဒီလိုဆိုလည်း ကောင်းပါတယ်ကွာ၊ မင်းက ဘဝင်မြင့်နေတဲ့ အကောင်ဆိုတော့ ဗိုက်ဆာရင် မင်း ဘဝင်ကိုပဲ မင်းစားတော့ပေါ့၊ ဒါပေမယ့် အစာမကြေဖြစ်မှာကိုတော့ သတိထားပါကွာ'

မီးသွေးရောင်းသမားက အဲဒီလိုပြောပြီး သူ့လှည်းတွေကို ဆက်ဆွဲသွားတယ်။

ခဏကြာတော့ အင်္ဂတေထမ်းလာတဲ့ ပန်းရန်သမားတစ်ယောက်နဲ့ တွေ့ပြန်တယ်။

'ကျွန်တော် ထမင်းငတ်နေလို့ပါ ခင်ဗျာ၊ ကျွန်တော့်ကို သနားသဖြင့် ပိုက်ဆံတစ်ပြားလောက် မစခဲ့ပါ ခင်ဗျာ'

'ပိုက်ဆံလိုချင်ရင် ရပါတယ်၊ ဒါပေမယ့် အလကားတော့ မပေးနိုင်ဘူး၊ ငါ့ဆီက အင်္ဂတေကို ကူထမ်းပေးပါ၊ မင်းကို ပိုက်ဆံငါးပြားပေးမယ်'

'အင်္ဂတေက သိပ်လေးတယ်ခင်ဗျ၊ ကျွန်တော်က ဒီအလုပ်မျိုး မလုပ်ချင်ပါဘူး'

'အေး အလုပ်မလုပ်ချင်ရင် မင်းဟာမင်း ငတ်သေပေါ့ကွာ'

ပန်းရန်သမားကလည်း အဲဒီလိုပြောပြီး လှည့်ထွက်သွားပြန်တယ်။

နောက် နာရီဝက်အတွင်းမှာ လူပေါင်းနှစ်ဆယ်လောက်နဲ့ ထပ်ပြီး တွေ့ရတယ်။ ပီနိချီယိုက အဲဒီလူတွေဆီမှာလည်း စောစောကလိုပဲ

ပိုက်ဆံတောင်းတယ်။ ဒါပေမယ့် သူတို့အားလုံးကပဲ 'သူများဆီမှာ တောင်းရတာ မင်း မရှက်ဘူးလား၊ အလုပ်လုပ်ပြီး ကိုယ့်ထမင်း ကိုယ်ရှာစားစမ်းပါ' လို့ ပြောပြီး ထွက်သွားကြတယ်။

နောက်ဆုံးတော့ ရေအိုးရွက်လာတဲ့ အမျိုးသမီးတစ်ယောက်ကို တွေ့ရပြန်တယ်။ အမျိုးသမီးကို ကြည့်ရတာ သနားကြင်နာတတ်မယ့် ရုပ်သွင်မျိုးပဲ။ ဒါနဲ့ ပီနိုချီယိုက ...

'အစ်မကြီး ကျွန်တော် ရေတစ်ငုံလောက် သောက်ပါရစေ' လို့ တောင်းခံလိုက်တယ်။ အဲဒီအချိန်မှာ သူ့ရင်ထဲမှာ မီးထတောက်တော့ တော့မလောက် ပူလောင်နေပြီ။

'သောက်ပါလူကလေး သောက်ပါ' လို့ အမျိုးသမီးက ရေအိုးကို မြေကြီးပေါ်ချပြီး ပြောလိုက်တယ်။

ဒါနဲ့ ပီနိုချီယိုဟာ လက်ခုပ်နဲ့ ရေတစ်ဝ ခပ်သောက်တယ်။ ပြီးတော့ ပါးစပ်ကိုသုတ်ပြီး ပြောလိုက်တယ်။

'အင်း ရေငတ်တော့ ပြေသွားပြီ၊ ထမင်းစားရဖို့ပဲ လိုတော့တယ်'

ဒီအခါမှာ အမျိုးသမီးက...

'လူကလေး ထမင်းစားချင်ရင် အဘွားကို ဒီရေအိုး ကူသယ် ပေးပါ၊ မင်းကို ပေါင်မုန့်ကြီးကြီးတစ်ချပ် ပေးပါ့မယ်'

ပီနိုချီယိုဟာ ရေအိုးကိုကြည့်ပြီး ဘာမှမပြောဘဲ ငြိမ်နေတာ ကြောင့် အဘွားအိုက ပြောလိုက်ပြန်တယ်။

'ပေါင်မုန့်အပြင် ပန်းဂေါ်ဖီဟင်းလည်း ကျွေးဦးမယ်'

ဒါလည်း ပီနိုချီယိုက ဘာမှပြန်မပြောဘူး။ ရေအိုးကိုပဲ ငုံ့ ကြည့် နေပြန်တယ်။

'အဲဒါအပြင် မုန့်တွေလည်း ကျွေးဦးမယ်'

ဒီတစ်ခါကျတော့မှ ပီနိုချီယိုဟာ သက်မတစ်ချက်ချပြီး ပြန် ပြောလိုက်တယ်။





'ကောင်းပြီလေ၊ ရေအိုးကို ကျွန်တော်သယ်ပေးပါ့မယ်'

ရေအိုးက တော်တော်လေးတယ်၊ ဒါနဲ့ ပီနိုချီယိုဟာ ရေအိုးကို ခေါင်းပေါ်တင်ပြီး ရွက်လာခဲ့တယ်။

အိမ်ကိုရောက်တဲ့အခါ အမျိုးသမီးက ပီနိုချီယိုကို စားပွဲကလေး တစ်လုံးမှာ ထိုင်ခိုင်းတယ်။ ပြီးတော့ ပေါင်မုန့် ဂေါ်ဖီဟင်းနဲ့ မုန့် တွေ ချပေးတယ်။

အဲဒီအခါ ပီနိုချီယိုဟာ ဆာဆာနဲ့ အငမ်းမရစားလိုက်တာ လူစားတာနဲ့မတူဘဲ ဝက်တစ်ကောင်စားနေတာနဲ့ တူနေသတဲ့။

သူဟာ စားနေရင်းက အမျိုးသမီးကို ကျေးဇူးတင်စကား ပြော မလို့ မျက်နှာမော့ပြီး ကြည့်လိုက်တဲ့အခါ 'ဟာ ဟင်'နဲ့ တအံ့တသြ ဖြစ်သွားပြီး မှင်တက်မိသလို ဖြစ်သွားသတဲ့။ မျက်လုံးပြူး မျက်ဆံပြူး ပါးစပ်ထဲမှာလည်း အစာတန်းလန်းနဲ့ ဇွန်းကိုကိုင်ပြီး ကြောင်ကြောင်ကြီး ဖြစ်နေသတဲ့။

ဒါနဲ့ အမျိုးသမီးက...

'ဘယ်လိုဖြစ်သွားတာလဲ လူကလေး' လို့ ရယ်မောပြီး မေးလိုက် တယ်။

'ဩော်... ဒီ ဒီလိုပါ အစ်မကြီး၊ အစ်မကြီးဟာ... အစ်မကြီး ဟာ... ဟုတ်ပါတယ်၊ ကျွန်တော်ထင်တာ မမှားနိုင်ပါဘူး။ အသံလည်း အတူတူပဲ၊ မျက်လုံးလည်း ဒီမျက်လုံး၊ ဆံပင်လည်း ဒီလိုပဲ အပြာ ရောင်ပဲ။ ဟုတ်ပါတယ်။ အစ်မကြီးနဲ့က တထေရာတည်းပါပဲ။ အို အသင်နတ်သမီးကလေး အမှန်အတိုင်းပြောစမ်းပါ၊ နတ်သမီးကလေး နဲ့ ဒီအစ်မကြီးနဲ့ အတူတူပဲမဟုတ်လား၊ ကျွန်တော့်ကို နောက်ထပ် ငိုအောင် မလုပ်ပါနဲ့တော့၊ ကျွန်တော် ငိုခဲ့ရပေါင်း များလှပြီ၊ ဒုက္ခ တွေ အများကြီးခံစားခဲ့ရပြီ၊ ကျွန်တော့်ကို အမှန်အတိုင်းသာ ပြော ပါတော့'

ပီနိချီယိုဟာ မျက်ရည်စက်လက်နဲ့ အမျိုးသမီးခြေရင်းမှာ ထိုင်ချလိုက်တယ်။

ပြီးတော့ ဘယ်သူဘယ်ဝါမှန်းမသိရသေးဘဲ အမျိုးသမီးကို လက်နစ်ဖက်နဲ့ အားရပါးရ ပွေ့ဖက်ထားလိုက်တယ်။

[၂၅]

# ကျောင်းတက်ပါတော့မည်ဟု ကတိပေးခြင်း

ပထမတော့ အမျိုးသမီးက သူဟာ ဆံပင်ပြာနဲ့ နတ်သမီးကလေး ဖြစ်ကြောင်း ဝန်မခံသေးဘူး။ ဒါပေမယ့် ပီနိချီယိုက သူ့ကို မှတ်မိသွားပြီဆိုတာ သိတော့မှ သူ့လျှို့ဝှက်ချက်ကို ထိန်းမထားနိုင်တော့ဘဲ အမှန်အတိုင်း ဖွင့်ပြောတော့တယ်။

'ဟော့ လူမိုက်ကလေး၊ မင်းက ငါ့ကို ဘယ်လိုလုပ်ပြီး မှတ်မိတာလဲ'

'ကျွန်တော်က နတ်သမီးကလေးကို သိပ်ချစ်တာ၊ ဒါကြောင့် ကျွန်တော် ကောင်းကောင်းမှတ်မိတာပေါ့'

'အေး မင်း ငါ့ကို ထားပစ်ခဲ့ပြီး ထွက်သွားတုန်းကတော့ ငါက မိန်းကလေးအရွယ်ပဲ ရှိသေးတယ်၊ ဒါပေမယ့် အခုတော့ ငါက အိုသွားပြီ၊ အသက်ကြီးသွားပြီ၊ မင်းအမေအရွယ် ရောက်နေပြီ'

'အဲဒါဆိုရင် ပိုလို့တောင်ကောင်းပါသေးတယ်၊ ဒါဆို ကျွန်တော်က မမလေးလို့မခေါ်ဘဲ မေမေလို့ပဲခေါ်မယ်။ ကျွန်တော့်မှာ သူများကလေးတွေလို အမေတစ်ယောက် ရှိချင်နေတာ ကြာလှပြီ။ ဒါနဲ့ မမလေးက ဘာကြောင့် ဒီလောက်မြန်မြန်ကြီး အိုသွားရတာလဲ'

'ဒါက ပညာကြောင့်ပေါ့'

'အဲဒီပညာ ကျွန်တော့်သင်ပေးပါလား၊ ကျွန်တော့်ကိုယ်ကျွန်တော် ဒီထက်ကြီးစေချင်တယ်၊ ကျွန်တော့်အရပ်ကို ကြည့်ပါလား လူတွေရဲ့ ဒူးဆစ်လောက်က ပိုပြီး ဘယ်တော့မှ ရှည်မလာဘူး'

'မင်းအရပ်က ဒီထက်ပိုပြီး မရှည်နိုင်တော့ပါဘူး'

'ဘာဖြစ်လို့ မရှည်နိုင်ရမှာလဲ'

'မင်းက ရုပ်သေးရုပ်ကလေးပဲ၊ ရုပ်သေးရုပ်ကလေးတွေဟာ ဘယ်တော့မှ ကြီးမလာတော့ဘူး၊ မွေးတုန်းကလည်း ဒီအတိုင်းပဲ သေတော့လည်း ဒီအတိုင်းပဲ'

'အခုလို ရုပ်သေးရုပ်ကလေး ဖြစ်နေရတာ ကျွန်တော်တော့ သေချင်လောက်အောင် စိတ်ပျက်နေပြီ။ တကယ်ဆိုရင် အခုလောက်ဆို ကျွန်တော်လည်း တခြားလူတွေလိုပဲ လူကြီးတစ်ယောက်ဖြစ်ဖို့ ကောင်းနေပါပြီ'

'ဖြစ်နိုင်လောက်တဲ့ အရည်အချင်းရှိတဲ့အခါ ဖြစ်လာမှာပေါ့'

'တကယ်ပြောတာလား၊ ဘယ်လိုအရည်အချင်းရှိမှ ဖြစ်မှာလဲ'

'လွယ်လွယ်ကလေးပါ၊ တခြားလူတွေလို လူကြီးတစ်ယောက် ဖြစ်ချင်ရင် ပထမဆုံး ကလေးဘဝကတည်းက လိမ်မာတဲ့ကလေး တစ်ယောက် ဖြစ်ဖို့လိုတယ်'

'ဒါဆို အခု ကျွန်တော်ဟာ လူမိုက်ကလေးတစ်ယောက် ဖြစ်နေတယ်လို့ ဆိုလိုသလား'

'လိမ်မာတဲ့ကလေးဆိုတာ မိဘစကား နားထောင်ရတယ် မင်းကတော့'





'ကျွန်တော်က ဘယ်တော့မှ နားမထောင်ခဲ့ဘူး'

'လိမ်မာတဲ့ကလေးဆိုတာ ပညာသင်ချင်တယ်၊ အလုပ်လုပ်ချင်တယ်၊ မင်းကတော့'

'ကျွန်တော်က အမြဲတမ်းပျင်းနေတယ်၊ ပေပေတေတေ ကိုယ်ထင်ရာ စွတ်လုပ်ခဲ့တယ်'

'လိမ်မာတဲ့ကလေးဆိုတာ မှန်တာကိုပဲ အမြဲတမ်းပြောတယ်'

'ကျွန်တော်ကတော့ အမြဲတမ်း လိမ်ပြောခဲ့တာချည်းပဲ'

'လိမ်မာတဲ့ကလေးဆိုတာ ကျောင်းတက်ဖို့ မပျင်းဘူး'

'ကျွန်တော်ကတော့ ကျောင်းတက်ရမှာ သိပ်ပြီးကြောက်ခဲ့တယ်၊ ဒါပေမယ့် အခုချိန်ကစပြီး ကျွန်တော့်အကျင့်ဆိုးတွေကို ပြင်ပါတော့မယ်'

'တကယ်ပြောတာလား၊ မင်း ငါ့ကို ကတိပေးနိုင်မှာလား'

'တကယ်ပြောတာပါ၊ ကျွန်တော် ကတိပေးပါတယ်၊ ကျွန်တော် လိမ်မာတဲ့ကလေး ဖြစ်ချင်ပါတယ်၊ ဖေဖေစိတ်ချမ်းသာအောင် နေချင်ပါတယ်။ ဒါနဲ့ ကျွန်တော့်ဖေဖေ အခုဘယ်မှာရှိပါသလဲ'

'ငါမသိဘူး'

'ဒီလိုဆို ဒီတစ်သက်မှာ ဖေဖေ့ကို ကျွန်တော် တွေ့ရပါဦးမလား'

'တွေ့ရမှာပါ၊ ဒါတော့ ငါသေသေချာချာ ပြောနိုင်ပါတယ်'

ဒီစကားကြားလိုက်ရတော့ ပီနိုချီယိုဟာ ဝမ်းသာလွန်းလို့ နတ်သမီးလေးရဲ့ လက်နှစ်ဘက်ကို ဆုပ်ကိုင်ပြီး နမ်းရှုပ်နေတယ်။

'ဒါနဲ့ သားကို ပြောစမ်းပါဦး မေမေရယ်၊ မေမေ တကယ်သေတာ မဟုတ်ပါဘူးနော်'

ဒီအခါ နတ်သမီးကလေးက ပြုံးပြီး...

'အင်း မသေသလိုပဲ ဆိုပါတော့'လို့ ပြန်ပြောတယ်။

'ကျောက်ပြားပေါ်မှာ ရေးထားတဲ့ ဤနေရာတွင် ထာဝရ အိပ်စက်လျက်ရှိပါသည် ဆိုတဲ့ စာတန်းကလေး ဖတ်လိုက်ရတော့

ကျွန်တော့်အသည်းတွေ ကြွေကျမတတ် ဝမ်းနည်းကြေကွဲ မိပါတယ်
မေမေ'

'ဟုတ်ပါတယ်၊ အဲဒါကို ငါလည်း သိပါတယ်၊ ဒါကြောင့်မို့လို့လည်း မင်းကို ငါ ခွင့်လွှတ်တာပေါ့၊ မင်းဟာ ငါ့အတွက် တော်တော်ပူဆွေးရတယ်။ ဒီတော့မှပဲ မင်းမှာ စိတ်ကောင်း စေတနာကောင်းရှိတယ်ဆိုတာ ငါ သိရတော့တယ်။ စိတ်ကောင်းစေတနာကောင်းရှိတဲ့ကလေးတွေဟာ တစ်ခါတစ်ရံ မသိလို့ မိုက်မှားမိတောင်မှ တစ်နေ့ကျတော့ သတိရပြီး သူတို့ကိုယ်သူတို့ ပြုပြင်လာတတ်ကြတယ်။ ဒါကြောင့်မို့လည်း မင်းကို စောင့်ရှောက်ဖို့ ငါ ဒီနေရာ ရောက်လာတာပေါ့။ ဒီနေ့ကစပြီး ငါ့ကို မေမေလို့သာ သဘောထားပေတော့'

'သား ဝမ်းသာလိုက်တာ မေမေရယ်၊ တကယ်ပဲ မေမေ၊ သား ဘယ်လို ဝမ်းသာရမှန်း မသိတော့ဘူး'

'အဲဒီတော့ ဒီနေ့ကစပြီး မေမေ့စကားကို နားထောင်ရမယ်၊ မေမေပြောတဲ့အတိုင်း လုပ်ရမယ်'

'ဟုတ်ကဲ့ ဟုတ်ကဲ့ပါ မေမေ၊ မေမေပြောတဲ့အတိုင်း လုပ်ပါ့မယ်'

'ဒါဖြင့်ရင် မနက်ဖြန် ကျောင်းတက်ရလိမ့်မယ်'

ပီနိုချီယိုကလေး မသိမသာ မျက်နှာညှိုးသွားတယ်။

'ပညာပြည့်စုံတဲ့အခါ သင့်တော်ရာ အလုပ်တစ်ခုကို ရွေးပြီး လုပ်ရမယ်'

ပီနိုချီယိုကလေး မျက်နှာရှုံ့မဲ့သွားတယ်။

'မင်းက ဘာဖြစ်လို့ မျက်နှာမဲ့သွားရတာလဲ'

'ဩော် ... သားအနေနဲ့ ဒီအရွယ်ရောက်မှ စာသင်နေမယ်ဆိုရင် သိပ်များ နောက်ကျနေပြီလားလို့ တွေးမိလို့ပါ မေမေ'

'ဟင့်အင်း နောက်မကျပါဘူး၊ မေမေပြောမယ်၊ အမြဲတမ်း မှတ်ထားပါ၊ "ပညာလို အိုသည်မရှိ"တဲ့ သားရဲ့'





'ဒါပေမယ့် ကျွန်တော်က ဘယ်အလုပ်မှ မလုပ်ချင်တာပဲ မေမေ'

'ဘာဖြစ်လို့ မလုပ်ချင်ရမှာလဲ'

'ကျွန်တော် အလုပ်လုပ်ရမှာ သိပ်ပျင်းတယ် မေမေ'

'ဩော် မိုက်လှချည်လား သားရယ်၊ ဒီလိုစကားမျိုးပြောတဲ့ လူတွေဟာ အများအားဖြင့် ဆေးရုံနဲ့ အကျဉ်းထောင်တွေမှာပဲ ဘဝဆုံးကြရတယ်ကွယ့်။ လောကမှာ ဆင်းရဲတဲ့လူပဲဖြစ်ဖြစ်၊ ချမ်းသာတဲ့လူပဲဖြစ်ဖြစ် လူမှန်ရင် သက်မွေးဝမ်းကျောင်း အလုပ်တစ်ခုတော့ လူတိုင်းလုပ်ရတယ် သား၊ ဒါဟာ လူတိုင်းရဲ့ တာဝန်ဝတ္တရားပဲ။ ဒီအချက်ကို အမြဲတမ်း မှတ်ထားပါ။ ဘာအလုပ်မှမလုပ်ဘဲ အပျင်းထူနေတဲ့ လူတွေဟာ တစ်နေ့ကျတော့ ဒုက္ခရောက်ကြရတယ်။ ပျင်းတယ်ဆိုတာဟာ သိပ်ပြီး ကြောက်စရာကောင်းတဲ့ ရောဂါတစ်မျိုးပဲ။ ဒီရောဂါကို ငယ်ငယ်ကတည်းက မကုရင် ဘယ်တော့မှ မကောင်းနိုင်တော့ဘူး'

ဒီစကားကို ကြားလိုက်ရတော့ ပီနိုချီယိုရဲ့စိတ်ထဲမှာ တော်တော်ထိခိုက်သွားတယ်။ ဒါနဲ့ သူဟာ ငုံ့နေတဲ့ခေါင်းကို ပြန်မော့ပြီး ပြောလိုက်တယ်။

'ဒါဖြင့် ကျွန်တော် ကျောင်းတက်တော့မယ် မေမေ၊ ပညာတတ်ပြီးတဲ့အခါ အလုပ်လည်း လုပ်ပါ့မယ်၊ မေမေ ဖြစ်စေချင်တာတွေ အားလုံး ဖြစ်အောင် ကျွန်တော် ကြိုးစားပါ့မယ်။ ရုပ်သေးရုပ်ကလေး ဘဝနဲ့နေရတာကို ကျွန်တော် စိတ်ကုန်လှပါပြီ။ ကျွန်တော် တကယ့်လူသားကလေး တစ်ယောက် သိပ်ဖြစ်ချင်ပါတယ်။ တကယ်ဖြစ်မယ်ဆိုရင် ဘယ်လောက်ပဲ ကြိုးစားရ ကြိုးစားရ ကျွန်တော် ကြိုးစားပါ့မယ်၊ ကြိုးစားရင် ဖြစ်နိုင်မှာလားဟင် မေမေ'

'ကြိုးစားရင် ဖြစ်နိုင်တာပေါ့၊ ဒါပေမယ့် ဒါက မင်းအပေါ်မှာ တည်တယ်၊ မင်း တကယ်လုပ်မှ တကယ်ရမယ်'

[၂၆]

## တောင်လောက်ကြီးသော ငါးမန်းကြီး

နောက်တစ်နေ့မနက်ကျတော့ ပီနိုချီယိုကလေးဟာ ကျောင်းတက်ဖို့ လာခဲ့တယ်။ ရုပ်သေးရုပ်ကလေး ကျောင်းတက်ဖို့လာတာကို မြင်ရတော့ လူပြောင်လူနောက် ကျောင်းသားကလေးတွေက ဘယ်လို ဆက်ဆံကြမလဲဆိုတာ တွေးသာကြည့်ကြပေတော့။

သူတို့က ပီနိုချီယိုကလေးကိုကြည့်ပြီး တစ်ယောက် တစ်မျိုး နောက်ပြောင်ကြတယ်။ ပျက်ရယ်ပြုကြတယ်။ တချို့က လက်ထဲက ဦးထုပ်ကို ပုတ်ချကြတယ်။ တချို့က အင်္ကျီကို နောက်က လှမ်းဆွဲကြတယ်။ ပြီးတော့ ဒီလောက်နဲ့ မကျေနပ်ကြသေးဘဲ ပီနိုချီယိုရဲ့ နှာခေါင်းမှာ မင်နဲ့သုတ်ပြီး နှုတ်ခမ်းမွေး တပ်ကြတယ်။ နောက်ဆုံး ဘယ်လောက်တောင် ကဲလာသလဲဆိုရင် ပီနိုချီယိုရဲ့ လက်နဲ့ ခြေထောက်တွေကို ကြိုးနဲ့ချည်ပြီး ကနိုင်းဖို့ လုပ်ကြပြန်တယ်။





ပထမတော့ ပီနိုချီယိုဟာ ဘာမှမလုပ်ဘဲ သည်းခံပြီး ငြိမ်နေသေးတယ်။ ဒါပေမယ့် လူနောက်ကလေးတွေရဲ့ လုပ်ရပ်က သိပ်ပြီး လွန်လွန်းလာတဲ့အခါကျတော့ ဘယ်လိုမှ အောင့်ခံမနေနိုင်တော့ဘူး။ ဒါနဲ့ သူက စိတ်ဆိုးမာန်ဆိုးနဲ့ ပြန်ပြောလိုက်တော့တာပေါ့။

'ဟေ့ကောင်တွေ၊ ငါ ကျောင်းကိုလာတာ မင်းတို့ အနောက် အပြောင်ခံဖို့ လာတာမဟုတ်ဘူး၊ စာသင်ဖို့ လာတာပါ။ အဲဒီတော့ ငါ့ကို မနောက်ကြပါနဲ့၊ မင်းတို့ကို ငါလေးစားပါတယ်၊ ငါ့ကိုလည်း လေးစားစေချင်တယ်'

သူက အဲဒီလို ပြောလိုက်တော့ လူနောက်ကလေးတွေက...

'အံမယ် သစ်သားရုပ်ကလေးက စကားကြီးစကားကျယ်တွေ ပြောလို့ပါလား' ဆိုပြီး ဝိုင်းရယ်ကြပြန်တယ်။ အဲဒီနောက် ခပ်ဆွာဆွာ ကောင်လေးတစ်ယောက်က ပီနိုချီယိုရဲ့ နှာခေါင်းကို ဆွဲမလို့ လက်လှမ်းလိုက်တယ်။

ဒါပေမဲ့ ဘယ်ရမလဲ။ ပီနိုချီယိုက သူ့ထက်လျင်ပြီးသားပဲ။ ပီနိုချီယိုက အဲဒီကောင်လေးရဲ့ ညို့သကျည်းကို စားပွဲအောက်ကနေပြီး ခြေထောက်နဲ့ ပိတ်ကန်လိုက်တာပေါ့...

'အမယ်လေး သေပါပြီ၊ သူ့ခြေထောက်ကလည်း မာလိုက်တာ'

လူဆွာကလေးက သူ့ခြေထောက်ကို လက်နဲ့ပွတ်ရင်း အော်လိုက်တယ်။

'ဟာ တံတောင်နဲ့ တွက်ပြန်ပြီကွ၊ သူ့တံတောင်က ခြေထောက်ဆက်တောင် မာသေးတယ်ကွ'

နောက်တစ်ယောက်က ပီနိုချီယိုကို သရော်တော်တော် သွားလုပ်မိလို့ ဝမ်းဗိုက်ကို တံတောင်နဲ့ အထိုးခံလိုက်ရပြန်တယ်။

ဒီလိုနဲ့ ပီနိုချီယိုကလေးဟာ သာမန်အရုပ်ကလေးတစ်ရုပ် မဟုတ်ဘဲ ကိုယ်ခံပညာတတ်ကြောင်း သိသွားကြတော့ လူဆွာလေးတွေက နောက်ထပ် မပြောင်မနောက်ရဲကြတော့ဘူး။ အားလုံးကပဲ သူ့ကို ခင်မင်လာကြသတဲ့။

ဆရာကလည်း သူ့ကို တော်တော်သဘောကျတယ်။ သူက သွက်လည်းသွက်တယ်၊ ကြိုးစားလည်း ကြိုးစားတယ်။ ဉာဏ်လည်း ကောင်းတယ်။ အတန်းထဲမှာအမြဲလိုလိုပထမရတာချည်းပဲတဲ့။ ကျောင်းကို အစောဆုံးရောက်လာပြီး ကျောင်းဆင်းတဲ့အခါကျတော့လည်း စားပွဲက နောက်ဆုံးမှ ထသတဲ့။

ပီနိုချီယိုကလေးနဲ့ပတ်သက်လို့ ပြောစရာ အပြစ်တစ်ခုကတော့ တခြားကလေးတွေထက် မိတ်ဆွေအပေါင်းအသင်းများခြင်းပဲ။ သူ့အပေါင်းအသင်းတွေထဲက တချို့ကောင်လေးတွေဟာ လူပေလူတေကလေးတွေ၊ ကျောင်းလည်းမှန်မှန်မတက်ကြဘူး။ ဒါကြောင့် ဆရာက ပီနိုချီယိုကို အမြဲတမ်း သတိပေးတယ်။ ပြီးတော့ နတ်သမီးကလေးကလည်း တစ်နေ့မပြတ် ဆိုဆုံးမတယ်။

'ပီနိုချီယို မင်းအပေါင်းအသင်းတွေကို ကြည့်ပေါင်းပါ၊ သူတို့နဲ့ပေါင်းရင် မင်းဟာ ကျောင်းစာအုပ်တွေကို မုန်းတဲ့စိတ် ဝင်လာလိမ့်မယ်။ တစ်နေ့ကျတော့ မင်းကို လုလုကြီး ဒုက္ခပေးကြလိမ့်မယ်'

အဲဒီအခါ ပီနိုချီယိုက ပခုံးနှစ်ဖက်ကို တွန့်လိုက်ပြီး…

'အို မပူပါနဲ့ မေမေ၊ ဘာမှ စိုးရိမ်စရာ မရှိပါဘူး၊ ဒီကောင်တွေက ကောင်းတဲ့နေရာမှာလည်း ကောင်းကြပါတယ်'လို့သာ အမြဲတမ်း ဆင်ခြေပေးလေ့ရှိသတဲ့။

ဒီလိုနဲ့ တစ်နေ့မှာ သူကျောင်းတက်ဖို့သွားတော့ သူ့အပေါင်းအသင်း လူပေလူတေကလေးတွေနဲ့ လမ်းမှာဆုံမိတယ်။

'ဟေ့ ပီနိုချီယို၊ မင်း ဟိုသတင်းထူးကြီး ကြားပြီးပြီလား'

'ဟင့်အင်း ဘာသတင်းထူးလဲ'

'တခြား မဟုတ်ဘူးကွ၊ ပင်လယ်ထဲမှာ တောင်လောက်ကြီးတဲ့ ငါးမန်းကြီးတစ်ကောင် ပေါ်နေတယ်လို့ ပြောနေကြတယ်ကွ'

'ဟင် တကယ်လားကွ၊ ဒါနဲ့ အဲဒီငါးမန်းကြီးဟာ ငါ့ဖေဖေ ပင်လယ်ထဲ မြုပ်သွားတဲ့ညက ကြားခဲ့တဲ့ ငါးမန်းကြီးလား မသိဘူး'

'ဟုတ်နိုင်တယ်ကွ၊ အဲဒါ အခုတို့သွားကြည့်ကြမလို့၊ မင်းလိုက်ခဲ့ပါလား'





'ဟာ ငါမလိုက်နိုင်သေးဘူးကွာ၊ ကျောင်းတက်ရဦးမယ်'

'မင်းကလည်းကွာ၊ ကျောင်းများ ဂရုစိုက်လို့၊ မနက်ဖြန် တက်လည်း ရပါတယ်ကွ၊ ကျောင်းတက် တစ်ရက်ပျက်ရုံနဲ့ဘာမှမထူးပါဘူးကွာ၊ လာပါ လိုက်ခဲ့ပါကွ'

'ဆရာက ဆူနေလိမ့်မယ်ကွ'

'အို ဆူချင်သလောက် ဆူပါစေကွာ၊ အဲဒါ သူ့အလုပ်ပဲဟာ၊ သူက အားအားရှိ ကျောင်းသားတွေကို ဆူပူကြိမ်းမောင်းနေတာပဲ။ အဲဒီအတွက်ပဲ သူ့ကို လခပေးထားတာပဲ မဟုတ်လား'

'ပြီးတော့ မေမေလည်း ရှိသေးတယ်ကွ'

'မင်းမေမေ မသိနိုင်ပါဘူးကွာ'

'မင်းတို့ပဲသွားကြပါ၊ ငါတော့ ကျောင်းဆင်းပြီးမှပဲ သွားကြည့်တော့မယ်ကွာ'

'မင်းက ငတုံးကလေးပဲ၊ ဒီလောက်ကြီးတဲ့ ငါးကြီးက မင်းအလည်လာမှာကို စောင့်ပြီး နေမှာတဲ့လားကွ၊ သူတစ်နေရာမှာနေရတာ ငြီးငွေ့လာရင် နောက်တစ်နေရာ ပြောင်းသွားမှာပေါ့ကွ'

'ဒါနဲ့ ပင်လယ်ကမ်းခြေ ဘယ်လောက်ဝေးသလဲ'

'မဝေးပါဘူး၊ အသွားအပြန်မှ တစ်နာရီလောက်ပဲကြာမှာ'

'ကဲ ဒါဖြင့် သွားမယ်ကွာ၊ ဘယ်သူအရင်ရောက်မလဲ၊ ကဲ အပြေးပြိုင်ကြရအောင်'

'ပီနိုချီယိုက အဲဒီလိုလည်း ပြောလိုက်ရော ကျောင်းသားကလေးတွေအားလုံး ကျောင်းစာအုပ်နဲ့ ကျောက်သင်ပုန်းတွေကို ချိုင်းကြားညှပ်ပြီး တအားစွတ်ပြေးကြတော့တယ်။

သူတို့အထဲမှာ ပီနိုချီယိုက အမြန်ဆုံးဖြစ်နေသတဲ့။ သူ့အပေါင်းအသင်းတွေကို နောက်လိုက် ပြောင်လိုက်နဲ့ ပြေးလာတယ်။ တခြားကလေးတွေက သူ့နောက်မှာ ပြတ်ကျန်ရစ်ကြတာကိုး။ သူတို့ဟာ

တစ်ကိုယ်လုံး ချွေးတွေစိုပြီး မောလွန်းလို့ လျှာထွက်နေကြတယ်။ ရှေ့ဆုံးရောက်နေတဲ့ ပီနိုချီယိုကတော့ သဘောကျလွန်းလို့ ဟားတိုက်ရယ်မောရင်း ပန်းဝင်လာခဲ့တာပေါ့။

ဒါပေမယ့် နောက်ပိုင်းမှာ ဘယ်လိုဒုက္ခဆင်းရဲတွေနဲ့ ရင်ဆိုင်ရဦးမယ်ဆိုတာကို ကြိုတင်သိရင်တော့ သူ့ခများ အခုလို ရယ်နိုင်မှာ မဟုတ်ပါဘူး။

[၂၇]

## ချွေးဘီလူးကြီး အလိုက်ခံရခြင်း

ပင်လယ်ကမ်းခြေကို ရောက်လာတဲ့အခါ ပီနိုချီယိုက ပတ်ဝန်းကျင်တစ်ခုလုံးကို မျက်လုံးကစားကြည့်လိုက်တယ်။ ဒါပေမယ့် ငါးမန်းကြီး ဆိုတာကို လုံးဝ မတွေ့ရဘူး။ ပင်လယ်ပြင်ဟာ မှန်သားပြင်ကြီးလို ညီညာပြန့်ပြူးနေတယ်။

'ကဲ...ဘယ်မှာလဲ၊ မင်းတို့ပြောတဲ့ ငါးမန်းကြီး'

ပီနိုချီယိုက သူ့အပေါင်းအသင်းတွေဘက်ကို လှည့်ပြီး မေးလိုက်တယ်။

'သူ မနက်စာစားဖို့ ပြန်သွားပြီနဲ့တူတယ်ကွ'

တစ်ယောက်က ပြောပြီး တဟားဟားနဲ့ ရယ်နေတယ်။ နောက်တစ်ယောက်ကလည်း...

'ဒါမှမဟုတ် တရေးတမော ပြန်အိပ်နေတာ ဖြစ်မယ်ကွ'လို့ ပြောပြီး ဟားတိုက်ရယ်နေပြန်တယ်။

သူ့အပေါင်းအသင်းတွေက အဲဒီလို ပြောင်ချော်ချော်နဲ့ ဟားတိုက်ရယ်နေကြတော့ ဒီကောင်တွေတော့ ငါ့ကို မလိမ့်တစ်ပတ် လုပ်လာပြီလို့ တွေးမိပြီး ပီနိချီယိုဟာ အလွန်ဒေါသထွက်သွားတယ်။ ဒါနဲ့ သူက စိတ်ဆိုးမာန်ဆိုးနဲ့ မေးလိုက်တယ်။

'ဟေ့ မင်းတို့ ငါ့ကို လိမ်ပြီး ခေါ်လာတာ မဟုတ်ဘူးလား။ ဒါဆို မင်းတို့က ငါ့ကို တမင်ရည်ရွယ်ချက်နဲ့ ခေါ်လာတာပေါ့ ဟုတ်လား'

'ဟုတ်တာပေါ့ သူငယ်ချင်းရာ၊ သိပ်ဟုတ်တာပေါ့'

ကလေးတွေအားလုံးက သံပြိုင် ပြန်ပြောလိုက်ကြတယ်။

'ကဲ ဆိုပါဦး၊ ဘယ်လိုရည်ရွယ်ချက်လဲ'

'တို့က မင်းကို ကျောင်းပြေးစေချင်လို့ တမင်ခေါ်လာတာ၊ နေ့တိုင်း အချိန်မှန်မှန်ကျောင်းသွားပြီး စာကျက်နေရတာကို မင်းက မပျင်းဘူးလား၊ ပင်ပန်းခံပြီး စာတွေကုန်းကျက်နေရတာကို မငြီးငွေ့ဘူးလား'

'ငါ့ဘာသာငါ ကြိုးစားတာ မင်းတို့နဲ့ ဘာဆိုင်လို့လဲ'

'ဟ ဆိုင်တာပေါ့ကွ၊ သိပ်ဆိုင်တာပေါ့၊ မင်းက အဲဒီလို သိပ်ပြီး ကြိုးစားနေတော့ ငါတို့က ဆရာ့ရှေ့ရောက်တော့ အလကားကောင်တွေ ဖြစ်နေတာပေါ့'

'ဘာဖြစ်လို့လဲ'

'ဘာဖြစ်ရမှာလဲ၊ ကြိုးစားတဲ့အကောင်တွေရှိနေတော့ တို့လို မကြိုးစားတဲ့အကောင်တွေကို ဆရာက ပစ်နှိမ်တော့တာပေါ့၊ တို့က အနှိမ်မခံချင်ဘူးကွ၊ တို့မှာလည်း တို့မာနရှိတာပဲ'

'ဒါဖြင့် မင်းတို့ကျေနပ်အောင် ငါဘာလုပ်ရမှာလဲ'





'တခြား ဘာမှ လုပ်စရာမလိုဘူး၊ မင်းက တို့လုပ်သလို လုပ်ရင် ပြီးတာပဲ၊ ကျောင်းမတက်နဲ့၊ စာမသင်နဲ့၊ ဆရာ့စကား နားမထောင်နဲ့ အဲဒါတွေဟာ တို့ရဲ့ အကြီးဆုံးရန်သူကြီး သုံးယောက်ပဲကွ'

'တကယ်လို့ ငါကျောင်းဆက်တက်မယ် ဆိုပါတော့၊ မင်းတို့ ဘာလုပ်မလဲ'

'အဲဒါဆိုရင် မင်းနဲ့ တို့နဲ့ အဆက်ပြတ်ပြီပေါ့၊ အခွင့်သာရင် မင်းကို တို့က ဆန့်ကျင်တိုက်ခိုက်ရမှာပဲ'

'အင်း...မင်းတို့ကတော့ တကယ်ရယ်စရာကောင်းတဲ့ အကောင်တွေပဲ'

ဒီအခါ သူတို့အထဲက အကြီးဆုံးကလေးတစ်ယောက်က ရှေ့တိုးလာပြီး...

'ဟေ့ ပီနိချီယို စကားကို ကြည့်ပြောပါကွ၊ မင်းက တို့ကို အနိုင်ယူလို့ မရပါဘူးကွ၊ မင်းက တို့ကို မကြောက်ဘူးဆိုရင် တို့ကလည်း မင်းကို ထည့်တောင်မတွက်ဘူး သိရဲ့လား၊ မင်းက တစ်ယောက်တည်း တို့က ခုနစ်ယောက်တောင်မှကွ'

'ဒါဆို မင်းတို့က မကောင်းဆိုးဝါး ခုနစ်ကောင်ပေါ့ ဟုတ်လား၊ ဟား...ဟား...ဟား' ပီနိချီယိုက သရော်ရယ် ရယ်လိုက်တယ်။

'အံမယ် မင်းက တို့ကို စော်ကားတယ်ပေါ့လေ၊ ဟုတ်လား၊ ဟေ့ သူငယ်ချင်းတို့ ကြားတယ် မဟုတ်လား၊ ဒီကောင်က တို့ကို မကောင်းဆိုးဝါး ခုနစ်ကောင်တဲ့ကွ၊ ဒါ တို့ကို စော်ကားတာပဲ၊ မခံနိုင်ဘူးကွ'

'ကဲ ပီနိချီယို မင်း တို့ကို ပြန်တောင်းပန်ကွာ၊ နို့မဟုတ်ရင်တော့ မင်း သက်သာမှာမဟုတ်ဘူး'

'ဟိ ဟိ ဟိ'

ပီနိချီယိုက သူ့နှာခေါင်းကို လက်ညှိုးနဲ့ပုတ်ပြီး ပျက်ချော်ချော်လုပ်ပြလိုက်တယ်။

'ဟေ့ကောင် မင်း မနောက်နဲ့ကွာ'

'ဟိ ဟိ ဟိ'

'မင်း နာတော့မယ်နော်'

'ဟိ ဟိ ဟိ'

'မင်း နာခေါင်းကျိုးကြီးနဲ့ အိမ်ပြန်ရလိမ့်မယ်နော်'

'ဟိ ဟိ ဟိ'

'ကဲကွာ ဒီလောက်တောင် ခေါင်းမာတဲ့ကောင်၊ ဟိ ဟိ ဟိ လုပ်ဦး လုပ်ဦး'

ဒီလိုနဲ့ တခြားကလေးတွေက သူ့ကို ဝိုင်းထိုးကြတော့ အခြေအနေက တကယ့်ရန်ပွဲကြီးတစ်ပွဲ ဖြစ်သွားတော့တာပေါ့။

ရန်ပွဲကြီးဆိုပေမယ့် ပီနိုချီယိုက တစ်ယောက်တည်း၊ သူတို့က အများကြီး၊ အများနဲ့တစ်ယောက် ထိုးသတ်ရတာ ဘယ်လွယ်ပါ့မလဲ။

ဒါပေမယ့် ပီနိုချီယိုက သူတို့ကို လုံးဝမမှုဘူး။ သတ္တိရှိရှိနဲ့ ပြန်ပြီး ခုခံထိုးသတ်တယ်။ သူက ခြေရောလက်ပါ အသုံးချပြီး လျင်လျင်မြန်မြန် ထိုးသတ် ရောင်တိမ်းတယ်၊ လျင်မြန်မာကျောတဲ့ သူ့ခြေထောက်ဒဏ်ကို မခံနိုင်လို့ တစ်ဘက်ရန်သူတွေ နောက်ကို ရှဲကုန်ကြတယ်။ သူတို့တစ်ကိုယ်လုံးမှာလည်း ညိုမည်းမည်း ဒဏ်ရာတွေနဲ့ ပြည့်လို့ပေါ့။

သူတို့ဟာ ပီနိုချီယိုရဲ့အနားကို ကပ်လို့ မရနိုင်တဲ့အခါ တွေ့ရာပစ္စည်းတွေနဲ့ ကောက်ပေါက်ကြပြန်တယ်။ မတတ်သာတော့တဲ့အဆုံး သူတို့မှာပါလာတဲ့ ကျောင်းသုံးစာအုပ်တွေနဲ့ ဝိုင်းပေါက်ကြတယ်။ ဒါပေမယ့် ပီနိုချီယိုက မျက်စိလျင်ပြီး လျှပ်တစ်ပြက် ရှောင်တိမ်းနိုင်တာကြောင့် စာအုပ်တွေက သူ့ကိုမထိဘဲ အကုန်လုံး ပင်လယ်ထဲ ကျကုန်ကြတယ်။

အဲဒီအခါမှာ ရေထဲက ငါးတွေက စာအုပ်တွေကို စားစရာမှတ်လို့ ရေမျက်နှာပြင်ပေါ်ကို ခေါင်းပြူ တက်လာကြတယ်။ ဒါပေမယ့် စက္ကူတွေကို တစ်ကိုက်နှစ်ကိုက်စားကြည့်ပြီး ဘာအရသာမှ မတွေ့





တော့ ဒီအစာတွေက တို့စားနေကျ အစာတွေလောက် မကောင်းပါဘူး ဆိုပြီး မျက်နှာရှုံ့မဲ့မဲ့နဲ့ ပြန်လှည့်သွားကြတယ်။

ပီနိုချီယိုနဲ့ လူပေလေးတွေ သူတစ်ပြန် ငါတစ်ပြန် ထိုးကြိတ်နေတုန်းမှာ ကဏန်းကြီးတစ်ကောင် သောင်စပ်ကိုတက်လာပြီး လည်ချောင်းကွဲသံကြီးနဲ့ အော်ပြောလိုက်တယ်။

'ဟေ့...လူမိုက်ကလေးတွေ ရပ်တန်းက ရပ်လိုက်ကြစမ်း၊ ကျောင်းသားကလေးတွေ ရန်ဖြစ်ရင် အထိနာတတ်တယ်ကွ'

အဲဒီအခါ ပီနိုချီယိုက မခန့်လေးစား အမူအရာနဲ့...

'ဟေ့ မဆိုင်တဲ့လူ ဝင်မရှုပ်နဲ့ ခင်ဗျားဘာသာ ခင်ဗျား အသာနေစမ်းပါ၊ ခင်ဗျားလည်ချောင်းကွဲနေတာကို ဆေးသွားကုပြီး အေးအေးဆေးဆေး သွားအိပ်နေစမ်းပါ'လို့ ပြန်ပြောလိုက်တယ်။

အဲဒီအချိန်မှာ ပီနိုချီယိုရဲ့စာအုပ်တွေ မြေကြီးပေါ် ပြန့်ကြဲနေတာ မြင်ရတော့ လူဆိုးကလေးတွေက အဲဒီစာအုပ်တွေ ကောက်ယူပြီး ပီနိုချီယိုကို ပစ်ပေါက်ကြပြန်တယ်။

ကလေးတစ်ယောက်က သိုးသားရေနဲ့ ချုပ်ထားတဲ့ ကတ္တူဖုံး သင်္ချာစာအုပ် အထူကြီးနဲ့ ပီနိုချီယိုကို တစ်ခါတည်း အလဲထိုးပြီး တအားပစ်ပေါက်လိုက်တာ ပီနိုချီယိုကိုမထိဘဲ သူတို့လူတစ်ယောက်ရဲ့ ခေါင်းကို သွားမှန်တယ်။ ဒါနဲ့ အဲဒီကလေးဟာ 'အမယ်လေး သေပါပြီဗျ'လို့ တစ်ချက်သာအော်ပြီး သောင်ပြင်ပေါ် ဘုံးခနဲ လဲကျသွားတော့တယ်။

သူတို့လူတစ်ယောက် လဲကျသွားတာ မြင်လိုက်ရတော့ လူဆိုးကလေးတွေဟာ ကြောက်လန့်ပြီး ခြေဖဝါးနဲ့တင်ပါး တသားတည်းကပ်နေအောင် တစ်ချိုးတည်း သုတ်ခြေတင်ပြီး လစ်ပြေးသွားကြတော့သတဲ့။

ပီနိုချီယိုကတော့ ထွက်မပြေးဘဲ အဲဒီနေရာမှာပဲ ရပ်ကျန်ရစ်တယ်။ ဒါပေမယ့် သူကိုယ်တိုင်လည်း တော်တော်ကြောက်သွားမိသတဲ့၊

ကြောက်ရုံတွင်မက သောင်ပြင်ပေါ် လဲနေတဲ့ လူဆိုးကလေးကိုလည်း တော်တော်သနားသွားမိတယ်။ ဒါနဲ့ သူဟာ အချိန်ဖြုန်းမနေတော့ဘဲ ရေစပ်ကို ပြေးဆင်းသွားပြီး လက်ကိုင်ပဝါကို ရေဆွတ်ပြီးတော့ ပြန်ပြေးလာပြီး လူဆိုးကလေးရဲ့ နားထင်တွေကို ရေပတ်တိုက်ပေးတယ်။ ရေပတ်တိုက်ပေးရင်းက ငိုယိုပြီး လူဆိုးကလေးရဲ့ နာမည်ကိုလည်း အဆက်မပြတ် ခေါ်နေတယ်။

'ယူဂျင် ယူဂျင်၊ မျက်လုံးဖွင့်ကြည့်ပါ၊ စကားပြောပါဦးကွ၊ မင်းကို ငါရိုက်တာ မဟုတ်ပါဘူးကွာ၊ ငါပြောတာ ယုံပါ၊ တကယ်ပါ၊ ငါရိုက်တာ မဟုတ်ပါဘူး။ မျက်လုံးဖွင့်ပါဦး သူငယ်ချင်း၊ မင်း ဒီအတိုင်းဖြစ်နေရင် ငါ ဘယ်လိုလုပ် နေရမှာလဲ၊ ငါဘယ်လိုလုပ်ပြီး အိမ်ပြန်ရမှာလဲ၊ မေမေ့ ကို ဘယ်လိုလုပ်ပြောရမှာလဲ၊ ငါတော့ဒုက္ခပဲ။ ဘယ်သွားနေရတော့မှာလဲ၊ တကယ်တော့ ငါမှားတာပဲ၊ သူတို့ စကား နားထောင်မိတာ အကြီးအကျယ်မှားတာပဲ။ ငါ့ဟာငါ ကျောင်းဆက် သွားလိုက်ရင် ဒီအဖြစ်မျိုးနဲ့ ကြုံရမှာမဟုတ်ဘူး။ ဒါကြောင့် ဒီကောင် တွေနဲ့ လုံးဝမပေါင်းဖို့ ဆရာနဲ့ မေမေတို့က အမြဲတမ်းသတိပေးခဲ့ ကြတာ၊ ခုတော့ ငါက သူတို့စကား နားမထောင်ခဲ့လို့ ဒုက္ခရောက်ရပြီ။ ဘုရား...ဘုရား ငါတော့ ဘယ်လိုလုပ်ရမှန်းတောင် မသိတော့ပါဘူး'

ပီနိုချီယိုဟာ သူ့ခေါင်းကို သူ့လက်နဲ့ အဆက်မပြတ်ထုပြီး အဲဒီလို ငိုညည်းနေရှာတယ်။

အဲဒီအချိန်မှာ နောက်က ခြေသံလိုလိုကြားတာနဲ့ လှည့်ကြည့်လိုက်တော့ ရဲသားနှစ်ယောက်ကို ရုတ်တရက် တွေ့လိုက်ရသတဲ့။

'ဟေ့ကောင်လေး မင်းတို့ဘာဖြစ်နေကြတာလဲ'

'ကျွန်တော့်သူငယ်ချင်းကို ကူညီနေတာပါ ခင်ဗျာ'

'သူ တစ်ခုခုဖြစ်နေတယ်ထင်တယ်'





'ဟုတ်လိမ့်မယ် ခင်ဗျား'

အဲဒီအခါ ရဲသားတစ်ယောက်က ယူဂျင်ကို အနီးကပ်ငုံ့ကြည့်ပြီး...

'ဟုတ်လိမ့်မယ်မဟုတ်ဘူး၊ ဟုတ်ကိုဟုတ်တယ်၊ ဟောဒီမှာ နားထင်မှာလည်း ဒဏ်ရာကြီးနဲ့ ဒါ ဘယ်သူ့ကြောင့်ဖြစ်တာလဲ'

'ကျွန်...ကျွန်တော့်ကြောင့် မဟုတ်ပါဘူး ခင်ဗျား'

ပီနိုချီယိုက တုန်တုန်ယင်ယင်နဲ့ ပြောလိုက်တယ်။

'မင်းကြောင့်မဟုတ်ရင် ဘယ်သူ့ကြောင့်လဲကွ'

'ကျွန်...ကျွန်တော့်ကြောင့် မဟုတ်တာ အမှန်ပါ ခင်ဗျား'

'ဒါနဲ့ ဒီဒဏ်ရာက ဘာနဲ့ရိုက်တာလဲ'

'ဒီစာအုပ်နဲ့ပါ ခင်ဗျား'

ပီနိုချီယိုက သင်္ချာစာအုပ်ကြီးကို ကောက်ယူပြီး ရဲသားကို ပြလိုက်တယ်။

'ဒီစာအုပ်က ဘယ်သူ့စာအုပ်လဲ'

'ကျွန်တော့်စာအုပ်ပါ'

'ဒါဆိုရင် ပြီးနေပြီပဲ၊ တခြားဘာမှ ပြောနေစရာမလိုတော့ဘူး၊ ကဲ ထ၊ စခန်းလိုက်ခဲ့'

'အို ဒါပေမယ့် ကျွန်...ကျွန်တော်'

'ဟေ့ လိုက်ခဲ့ပါဆို'

'ဒါပေမယ့် ကျွန်တော့်မှာ ဘာမှ အပြစ်မရှိ...'

'ဟေ့ကောင် ငါခေါ်နေတယ် လိုက်ခဲ့'

ဒါနဲ့ ရဲသားတွေက အဲဒီနေရာက ထွက်မသွားခင် အနီးအနားက ရေလုပ်သားတွေကို ခေါ်ပြီး ပြောတယ်။

'ဒဏ်ရာရနေတဲ့ ဒီကလေးကို ရွာထဲခေါ်သွားပြီး ပြုစုထားပါ၊ မနက်ကျမှ ကျွန်တော်တို့လာခဲ့မယ်'

အဲဒီနောက် ပီနိုချီယိုဘက်ကို လှည့်ပြီး အမိန့်ပေးလိုက်တယ်။

'ဟော့ ချီတက်၊ မြန်မြန်လျှောက်'

ဒါနဲ့ ပီနိုချီယိုဟာ ရဲသားတွေရှေ့ကနေပြီး ရွာဘက်ကို သွားတဲ့ လမ်းအတိုင်း လျှောက်လာခဲ့တယ်။ သူ့စိတ်ထဲမှာတော့ ဝေခွဲမရ ဖြစ်နေတာပေါ့။ ငါဟာ နိုးနေတာမှ ဟုတ်ပါရဲ့လား၊ အိပ်ပျော်ရင်း အိပ်မက် မက်နေတာများလား ဆိုပြီး ဘယ်လိုမှ မတွေးတတ်အောင် ဖြစ်နေမိတယ်။ သူဟာ ရှက်လည်းအလွန်ရှက်မိတယ်။ စိတ်ဓာတ် လည်း အလွန်ကျမိတယ်။ မျက်လုံးတွေက ရီဝေပြီး ကြည့်လိုက်တိုင်း မှုန်ဝါးနေတယ်။ ခြေထောက်တွေက တုန်နေလို့ မနည်းကြိုးစားပြီး လမ်းလျှောက်နေရတယ်။ ဒီကြားထဲ အခုလို ရဲသား နှစ်ယောက်အကြား ညှပ်ပြီး နတ်သမီးကလေးရဲ့ အိမ်ရှေ့ကသာ ဖြတ်လျှောက်သွားရ မယ်ဆိုရင်တော့ သေတာထက် ပိုဆိုးတော့မှာပဲလို့ တွေးပြီး အကြီး အကျယ် ကြောက်လန့်သွားမိတယ်။

ဒီလိုနဲ့ သူတို့ဟာ ရွာထဲ ဝင်လာခဲ့ကြတယ်။

အဲဒီအချိန်မှာ လေပြင်းတစ်ချက် ရုတ်တရက် ဝှေ့လိုက်တာ ကြောင့် ပီနိုချီယိုရဲ့ ခေါင်းပေါ်က ဦးထုပ် လေတဲလွင့်ပါသွားတယ်။

ဒါနဲ့ သူက

'ကျွန်တော့်ဦးထုပ် သွားကောက်ပါရစေခင်ဗျာ'လို့ တောင်းပန် လိုက်တယ်။

ရဲသားက ...

'မြန်မြန်သွားကောက်'လို့ ပြောလိုက်တယ်။

'ဒါနဲ့ ပီနိုချီယိုဟာ ရဲသားတွေအနားက ထွက်လာပြီး ဦးထုပ်ကို သွားကောက်တယ်။ ဒါပေမယ့် သူက ဦးထုပ်ကို ခေါင်းပေါ်မဆောင်းဘဲ ပါးစပ်နဲ့ကိုက်ပြီး ပင်လယ်ဘက်ကို အတင်းထွက်ပြေးလာခဲ့တော့တယ်။

ရဲသားတွေက ပီနိုချီယိုနောက် လိုက်ဖမ်းဖို့ မလွယ်ကြောင်း သိရတဲ့အခါ ခွေးဘီလူးကြီးကို လွှတ်ပေးလိုက်တယ်။ အဲဒီခွေးဘီလူးက





ခွေးပြေးပွဲတိုင်းမှာ ဆုရနေတဲ့ ခွေးဖြစ်လို့ သိပ်ပြီး အပြေးမြန်သတဲ့။

ပီနိုချီယိုဟာ ပြေးပြီးရင်း ပြေးရင်း စွတ်ပြေးနေတယ်။ ခွေးကြီး ကလည်း နောက်က ပြေးလိုက်နေတယ်။ အခြေအနေကြည့်ရတာ တော့ ခွေးကြီးက ပီနိုချီယိုထက် ခြေသွက်နေသလိုပဲ၊ ဒါပေမယ့် ရှေ့ကို တော်တော်ရောက်နေတဲ့ ပီနိုချီယိုကိုတော့ လိုက်မမီသေးဘူး။

လမ်းမပေါ်က ရုတ်ရုတ်သဲသဲအသံကြားတော့ လူတွေက ပြတင်း ပေါက်တွေ ဖွင့်ပြီး ကြည့်ကြတယ်။ အချို့လည်း လမ်းပေါ်ထိ ထွက် ကြည့်ကြတယ်။

ဒါပေမယ့် သူတို့က မြင်ကွင်းကို သဲသဲကွဲကွဲတော့ မမြင်ကြ ရဘူး၊ ရိပ်ရိပ် ရိပ်ရိပ်လောက်ပဲ မြင်ကြရသတဲ့။

ဘာဖြစ်လို့လည်းဆိုတော့ ပီနိုချီယိုနဲ့ ခွေးဘီလူးကြီးတို့ တအား ပြေးနေကြတာကြောင့် သူတို့နောက်က ဖုန်တွေ တထောင်းထောင်း ထနေတာကိုး။

ဒီလိုနဲ့ မကြာခင်မှာပဲ ပီနိုချီယိုရော၊ ခွေးဘီလူးကြီးပါ မြင်ကွင်း လုံးဝပျောက်ကွယ်သွားတော့သတဲ့။

[၂၈]

## ငါးဖမ်းပိုက်တွင် အမိခံရပြီ

ပီနိုချီယိုဟာ အသက်လုပြီး သွေးရူးသွေးတန်း ပြေးလာခဲ့ရင်းက တဖြည်းဖြည်းနဲ့ အမောဆိုပြီး ခြေကုန်လက်ပန်းကျလာခဲ့တယ်။ သူ့နောက်က လိုက်လာတဲ့ ခွေးဘီလူးကြီး အလီဒိုရိုကလည်း မိလုမိခင် ဖြစ်လာတယ်။ ခွေးကြီး မောမောပန်းပန်းနဲ့ အသက်ရှူသံကိုတောင် ကြားနေရပြီတဲ့။

ဒါပေမယ့် တော်ပါသေးရဲ့။ ပင်လယ်ကမ်းခြေနဲ့ သိပ်မဝေးတော့ဘူး။ မကြာခင် ရောက်တော့မယ်။

သူဟာ စိတ်ကို တင်းပြီး ဆက်ပြေးလာခဲ့တယ်။

ဒီလိုနဲ့ ကမ်းခြေ ရေစပ်ကိုလည်း ရောက်ရော ဘယ်ပြောကောင်းမလဲ၊ တစ်ခါတည်း ပင်လယ်ထဲကို အားသွန်ပြီး ဖားခုန် ခုန်လိုက်တာ တော်တော်လှမ်းလှမ်းအထိ ရောက်သွားသတဲ့။





မကြာခင်မှာပဲ ခွေးဘီလူးကြီးလည်း ရေစပ်ရောက်လာပြီး ပီနိုချီယိုခုန်သလို ရေထဲ တအားခုန်ချလိုက်တယ်။ ဒါပေမယ့် ကံဆိုးချင်တော့ သူ့ခမျာ ပီနိုချီယိုလို ရေမကူးတတ်ရှာဘူး။ ဒါကြောင့် သူဟာ ရေပေါ်မှာ နှာခေါင်းဖော်ပြီး ခြေလက်တွေ ယက်ကန်ယက်ကန်နဲ့ ကူးခတ်နေတယ်။ ဒါပေမယ့် အဲဒီလိုကူးခတ်လေ သူ့ကိုယ်က ရေထဲမြုပ်သွားလေ ဖြစ်နေတယ်။

သူပြန်ပေါ်လာတဲ့အခါ သူ့မျက်လုံးကြီးတွေက ကျွတ်ထွက်တော့မတတ် ပြူးထွက်နေပြီ။ ပါးစပ်ကလည်း တအော်တည်း အော်ခေါ်နေတယ်။

'ငါ ရေနစ်နေပြီ၊ ရေနစ်နေပြီ'

'ရေနစ်ရင် သေတော့ပေါ့'

တော်တော်ဝေးဝေးကို ရောက်နေတဲ့ ပီနိုချီယိုက လှမ်းပြောလိုက်တယ်။

'ပီနိုချီယို ငါ့ကို ကယ်ပါဦး၊ ငါ့ကို ကယ်ပါဦး'

ခွေးဘီလူးကြီးက အဲဒီလို ကယ်ပါ ကူပါနဲ့ အော်နေတော့ ပီနိုချီယိုက သနားစိတ် ဖြစ်ပေါ်လာမိတယ်။ ဒါနဲ့ သူက နောက်ကို လှည့်ပြီး ပြောလိုက်တယ်။

'ကျွန်တော့်ကို ဘယ်လိုမှ ဒုက္ခမပေးဘူးဆိုရင် ခင်ဗျားအသက်ကို ကယ်မယ်၊ ကတိပေးမလား'

'ပေးပါတယ်၊ ပေးပါတယ်၊ မြန်မြန်လုပ်ပါ၊ ငါ့ကို သနားပါဦး၊ ခဏကြာရင် ငါ သေရတော့မယ်'

ပီနိုချီယိုဟာ ခဏတွေဝေနေပြီးတော့မှ 'သူတစ်ပါးကို ကူညီရော ကြုံလာရင် ဘယ်တော့မှ နောက်ဆံတင်းမနေပါနဲ့၊ အမြန်ဆုံး ကူညီလိုက်ပါ'လို့ သူ့အဖေ အမြဲတမ်းဆုံးမလေ့ရှိတဲ့စကားကို သွားပြီး သတိရမိတယ်။ ဒါနဲ့ သူဟာ အချိန်ဖြုန်းမနေတော့ဘဲ အလီဒိုရိုဆီကို

ကူးသွားပြီး အမြီးကို လက်နှစ်ဖက်နဲ့ဆုပ်ကိုင်ပြီး ကမ်းပေါ်ကို ဆွဲယူလာခဲ့တယ်။

ကမ်းပေါ်ရောက်တော့ ခွေးဘီလူးကြီးဟာ ကောင်းကောင်းတောင် မရပ်နိုင်ရှာဘူး။ ဆားငန်ရေတွေ အများကြီး သောက်ထားတာကြောင့် သူ့ဗိုက်ကြီးက ဘောလုံးကြီးလို ဖောင်းကားနေတယ်။

ခွေးဘီလူးကြီးရဲ့ အသက်ကို ကယ်ဆယ်လိုက်ရပေမယ့် ပီနိုချီယိုက ခွေးကြီးရဲ့ ကတိကို လုံးဝမယုံဘူး။ ဒါကြောင့် သူဟာ ပင်လယ်ထဲကို ပြန်ခုန်ဆင်းပြီး ခွေးကြီးကို နှုတ်ဆက်လိုက်တယ်။

'ကဲ...မိတ်ဆွေကြီး၊ စိတ်ချမ်းချမ်းသာသာနဲ့ ပြန်သွားပေတော့'

'ကျေးဇူးအများကြီးတင်ပါတယ် ပီနိုချီယို၊ မင်းကျေးဇူးကို ငါ့တစ်သက် မမေ့ပါဘူး'

အဲဒီနောက်တော့ ပီနိုချီယိုဟာ ဆက်လက်ပြီး ကူးခတ်ထွက်ခွာလာခဲ့တယ်။ ဒါပေမယ့် ကမ်းခြေနဲ့ ဝေးဝေးကို မကူးဘဲ ကမ်းခြောင်နားကပ်ပြီး ကူးလာခဲ့တယ်။ အတော်ကလေး လူးလာပြီးတဲ့နောက် သောင်ကမ်းစပ်ကို ကြည့်လိုက်တဲ့အခါ ကျောက်ဆောင်တွေကြားက လိုဏ်ခေါင်းတစ်ခုကို မြင်လိုက်တယ်။ လိုဏ်ခေါင်းထဲကလည်း မီးခိုးတွေ အမျှင်တန်းပြီး ထွက်နေတယ်။ ဒီအခါ သူက ငါတော့ လုံခြုံစိတ်ချရတဲ့ နေရာ ရောက်လာပြီလို့ တွေးပြီး အားတက်သွားတယ်။

ကြည့်ရတာတော့ လိုဏ်ခေါင်းထဲမှာ မီးပုံရှိပုံရတယ်။ ဒါဆိုရင်တော့ ဟန်ကျတာပဲ။ အချမ်းပြေ မီးလှုံပြီး အဝတ်တွေကိုလည်း ခြောက်အောင် မီးကင်လို့ရမယ်။ အဲဒီနောက်တော့...အဲဒီနောက်တော့ ဘယ်လိုဖြစ်လာဦးမယ် မသိသေးဘူး။ နောင်ခါလာ နောင်ခါရှေ့ပေါ့လေ။

သူ့ကိုယ်သူ အဲဒီလိုပြောပြီးတော့ ကျောက်ဆောင်ဆီကို ကူးခတ်လာခဲ့တယ်။ ဒါပေမယ့် အဲဒီလို ကူးခတ်လာတုန်းမှာပဲ သူ့အောက်ကရေတွေဟာ တဖြည်းဖြည်းနဲ့ မြင့်လို့ မြင့်လို့ တက်လာပြီး သူ့ကို





သောင်ကမ်းပေါ်ကို ပင့်တင်လိုက်တယ်။ အဲဒီမှာ သူဟာ ကြောက်အားလန့်အား ထွက်ပြေးမယ်လို့ လုပ်ပေမယ့် မရတော့ပါဘူး။ နောက်ကျသွားပြီ။

ဘာဖြစ်လို့လည်းဆိုတော့ သူဟာ လိုဏ်ခေါင်းထဲ မရောက်ဘဲ ရောမ ငါးဖမ်းပိုက်ကြီးတစ်ခုထဲ ရောက်သွားတာကိုး။ ပိုက်ကြီးထဲမှာ အကြီးအသေး အရွယ်အမျိုးမျိုးရှိတဲ့ ငါးတွေဟာ အသက်လုပြီး ရုန်းကန်နေကြသတဲ့။ အဲဒီငါးမျိုးစုံကြားထဲ ပီနိုချီယိုကလေး ရောက်သွားတော့ ဘယ်လိုနေမလဲဆိုတာ စဉ်းစားလို့သာ ကြည့်ကြပေရော့။

အဲဒီအချိန်မှာပဲ အရုပ်ဆိုးဆိုးနဲ့ ကြောက်စရာကောင်းလှတဲ့ တံငါသည်ကြီးတစ်ယောက် လိုဏ်ခေါင်းထဲက ထွက်လာခဲ့သတဲ့။ တံငါသည်ကြီးရဲ့ခေါင်းက ဆံပင်တွေက ရိုးရိုးဆံပင်မဟုတ်ဘဲ သစ်ရွက်စိမ်းတွေကို အထပ်ထပ်ဖုံးအုပ်ထားသလို ဖြစ်နေသတဲ့။ ပြီးတော့ သူ့တစ်ကိုယ်လုံးရော မျက်လုံးတွေပါ စိမ်းနေကြတယ်။ မုတ်ဆိတ်မွေးတွေကလည်း အားလုံး စိမ်းနေပြီး မြေကြီးကို ထိလုခမန်း ဖြစ်နေတယ်။ သူ့ကို ကြည့်ရတာ လူတစ်ယောက်နဲ့မတူဘဲ ရောမ ပုတ်သင်ညိုကြီးတစ်ကောင်လို့သာ ထင်ရသတဲ့။

တံငါသည်ကြီးဟာ ပိုက်ကြီးကို ရေထဲက အားရဝမ်းသာ ဆွဲတင်လိုက်ပြီး...

'ဟာ...ဘုရားမ,တာပဲကွ၊ ဒီနေ့တော့ ငါးတွေ ဗိုက်ကားအောင်စားရတော့မှာပဲ'လို့ အော်ပြောလိုက်တယ်။

အဲဒီအခါ ပီနိုချီယိုကလည်း ကြောက်စိတ်ကိုဖျောက်ပြီး...

'ကျွန်တော်လည်း ငါးမဟုတ်တာ ဘုရားမ,တာပဲ'လို့ သူ့ကိုယ် သူ တိုးတိုးပြောလိုက်သတဲ့။

ဒါနဲ့ တံငါသည်ကြီးက ပိုက်ကို ရေထဲက ဆွဲတင်ပြီး လိုဏ်ခေါင်းထဲ သယ်ယူလာခဲ့တယ်။ လိုဏ်ခေါင်းထဲမှာ မှောင်မည်းနေတယ်။ မီးခိုးတွေလည်း အူလို့။ လိုဏ်ခေါင်းအလယ်မှာတော့ ဆီအပြည့်နဲ့

ဒယ်အိုးကြီးတစ်လုံးကို မီးဖိုပေါ်တင်ထားတယ်။ ဆီညှော်နံ့က မွှန်နေလို့ အသက်ရှူလို့တောင် မရဘူးတဲ့။

'ကဲ...ငါးတွေကတော့ အောတိုက်နေတာပဲ၊ ဘာငါးတွေပါသလဲ ကြည့်ရဦးမယ်'

တံငါသည်ကြီးက အဲဒီလိုပြောပြီး ပိုက်ထဲကငါးတွေကို တစ်ဆုပ်ပြီး တစ်ဆုပ် လက်နဲ့ ကျုံးယူပြီး အနားက ရေမရှိတဲ့ စည်ပိုင်းကြီးထဲ ပစ်ထည့်တယ်။

နောက်ဆုံး သူ့လက်ထဲမှာ ပီနိုချီယိုကလေး ယက်ကန်ယက်ကန်နဲ့ ပါလာတဲ့အခါ တံငါသည်ကြီးဟာ မျက်လုံးမျက်ဆန်ပြူးပြီး အံ့အားကြီး သင့်နေမိတယ်။

'ဘုရားရေ ဒီငါးက ဘယ်လိုငါးပါလိမ့်၊ ဒီငါးမျိုး ငါ့တစ်သက်မှာ တစ်ခါမှ မမြင်ဖူးပါဘူး'

အဲဒီနောက် သူက ပီနိုချီယိုကို ဖင်ပြန်ခေါင်းပြန် လှန်ကြည့်ပြီးတော့ 'အင်း ဒီကောင်ဟာ ကေန္တာတော့ ပင်လယ်ဂဏန်းဆိုတာ ထင်ပါရဲ့'လို့ ပြောလိုက်တယ်။

အဲဒီအခါမှာ ပီနိုချီယိုက သူ့ကို ပင်လယ်ဂဏန်းလို့ ပြောရမလားဆိုပြီး စိတ်ဆိုးဆိုးနဲ့ ပြန်ပြောလိုက်တယ်။

'ခင်ဗျား ဘယ်လိုပြောတာလဲဗျ၊ ကျွန်တော်က ပင်လယ်ကဏန်းမဟုတ်ဘူး၊ ခင်ဗျားမသိရင် ကျွန်တော်ပြောပြမယ်၊ ကျွန်တော်က ရုပ်သေးရုပ်ကလေးပါဗျ'

'အံမယ် ရုပ်သေးရုပ်ကလေးတဲ့လား၊ ရုပ်သေးငါးဆိုတာ ကျုပ်တစ်သက်မှာ ဒီတစ်ခါပဲ မြင်ဖူးသေးတယ်၊ အင်း... မစားဖူးတဲ့ငါး စားရတော့မှာပေါ့၊ ဟဲ...ဟဲ...ဟဲ'

'ဟင်... ကျွန်တော့်ကိုစားမယ် ဟုတ်လား၊ ကျွန်တော်က ငါး မဟုတ်ပါဘူးလို့ ပြောခဲ့ပြီးပြီပဲ၊ ကျွန်တော်ဟာ ခင်ဗျားတို့လို စကား ပြောတာ ခင်ဗျားမတွေ့ဘူးလား'





'အေး ဟုတ်ပါရဲ့ မင်းက စကားပြောတဲ့ငါးဆိုတော့ မင်းကို ငါက လေးလေးစားစားတော့ လုပ်ရမှာပေါ့'

'ခင်ဗျား ဘာကိုဆိုလိုတာလဲ'

'မင်းက ထူးဆန်းတဲ့ငါးမဟုတ်လား၊ အဲဒီတော့ ငါက မင်းကို တခြားငါးတွေလို အပေါစားချက်စားလို့မဖြစ်ဘူး၊ ကဲ... မင်းက ဘယ်လိုအချက်ခံချင်သလဲ၊ ဆီနဲ့ကြော်တာကြိုက်သလား၊ ဒါမှမဟုတ် ခရမ်းချဉ်သီးနဲ့ ချက်တာ ကြိုက်သလား၊ မင်းဆန္ဒရှိတာကို ပြောစမ်း'

'ကျွန်တော့်ဆန္ဒကိုပြောရရင် ကျွန်တော် အိမ်ပြန်ချင်တယ်၊ ကျွန်တော့်ကို ပြန်လွှတ်ပါ'

'ဘာလဲ မင်းက ငါ့ကို နောက်နေတာလား၊ အခုလို ရှားရှားပါးပါး ငါးတစ်ကောင်ကို ငါက ချက်မစားဘဲ ပြန်လွှတ်ပစ်ရမှာလား၊ ရတောင့်ရခဲတဲ့ အခွင့်အရေးကို လုံးဝလက်လွှတ်မခံနိုင်ဘူးကွ။ အဲဒီတော့ မင်းကို တခြားငါးတွေနဲ့ အတူရောပြီး ချက်စားမယ်။ အဲဒါဆိုရင် မင်းအနေနဲ့လည်း အခံရမခက်ဘူး။ အများနဲ့ဆိုတော့ ပျော်စရာတောင်ကောင်းသေးတာပေါ့၊ မဟုတ်ဘူးလား'

ဒီစကားကြားရတော့ ပီနိုချီယိုကလေးဟာ ဝမ်းနည်းပက်လက်နဲ့ ငိုယိုပြီး တောင်းပန်ရှာတယ်။

'ကျွန်တော့်ကို ချက်မစားပါနဲ့ခင်ဗျာ၊ ကျွန်တော့်ကို အသက်ချမ်းသာပေးပါ'

ပီနိုချီယိုဟာ အဲဒီလိုအော်ဟစ်ရင်း ငါးရှဉ့်တစ်ကောင်လို ထွန့်ထွန့်လူးပြီး ရုန်းကန်နေရှာတယ်။ ဒီအခါ တံငါသည်ကြီးက နွယ်တစ်ပင်ကို ယူပြီး ပီနိုချီယိုရဲ့ ခြေတွေ လက်တွေကို ကိုယ်နဲ့ စည်းချည်ပြီး ဘခြားငါးတွေ ရောက်နေတဲ့ စည်ပိုင်းထဲ ပစ်ထည့်လိုက်သတဲ့။

အဲဒီနောက် တံငါသည်ကြီးဟာ ဂျုံမှုန့်ထည့်ထားတဲ့ သစ်သားခွက်ထဲမှာ ငါးတွေအားလုံးကို ဂျုံမှုန့်နဲ့ရောပြီး နယ်တယ်။ ပြီးတော့ ပွက်ပွက်ဆူနေတဲ့ ဆီအိုးထဲကို တစ်ကောင်စီ ပစ်ထည့်တယ်။

ဒီလိုနဲ့ တခြားငါးတွေအားလုံးကို ဆီအိုးထဲ ထည့်ပြီးတဲ့နောက် ပိနိချိယိုအလှည့် ရောက်လာတော့တယ်။ ဒီအခါ ပိနိချိယိုဟာ သေရမှာ ကြောက်လွန်းလို့ အသက်တောင် မရှူနိုင်သလို ဖြစ်နေသတဲ့။

တံငါသည်ကြီးဟာ ပိနိချိယိုကို ဂျုံမှုန့်နဲ့ သုံးလေးကြိမ် ထပ်ပြီး နယ်လိုက်တယ်။ တစ်ကိုယ်လုံး ဂျုံနှစ်တွေနဲ့ပြီး သမသွားတော့မှ ပိနိချိယိုကို ခေါင်းကကိုင်ပြီး...

[၂၉]

# ခွေးဘီလူးကြီးက အသက်ကယ်ခြင်း

အဲဒီလို တံငါသည်ကြီးက ပိနိချိယိုကို ခေါင်းကကိုင်ပြီး ဆီအိုးထဲ ထည့်မလို့လည်းလုပ်ရော ငါးကြော်နံ့ရတာကြောင့် လိုဏ်ခေါင်းထဲကို ခွေးကြီးတစ်ကောင် ဝင်လာခဲ့တယ်။

'ဟေ့ ခွေး ထွက်သွားစမ်း'

ဂျုံမှုန့်အလူးလူးနဲ့ ပိနိချိယိုကို တန်းလန်းကြီး ကိုင်ထားတဲ့ တံငါသည်ကြီးက ခွေးကြီးကို စိတ်ဆိုးမာန်ဆိုးနဲ့ မောင်းထုတ်တယ်။

ဒါပေမယ့် ခွေးကြီးကိုကြည့်ရတာ တော်တော် အစာငတ်နေပုံရတယ်။ သူဟာ ပြန်ထွက်မသွားဘဲ ဟိန်းဟောက်ပြီး အမြီးတနံ့နံ့နဲ့ လှုပ်နေတယ်။

ဒီအခါ တံငါသည်ကြီးက ထပ်ပြီးမောင်းထုတ်ပြန်တယ်။

'ဟော့ကောင် ငါပြောနေတာ မကြားဘူးလား၊ ထွက်သွားပါဆိုနေမှ'

ဒါပေမယ့် ခွေးကြီးက ထွက်မသွားဘူး၊ တံငါသည်ကြီးကို သွားဖြဲပြီး မာန်တဖီဖီနဲ့ အာခံနေတယ်။

အဲဒီအချိန်မှာ လေသံလောက်သာကြားရတဲ့ အသံကလေးတစ်သံ ပေါ်ထွက်လာတယ်။

'ကျွန်တော့်ကို ကယ်ပါဦး အလီဒိုရို၊ ခင်ဗျားမကယ်ရင် ကျွန်တော် ဆီကြော်ခံရပါတော့မယ်'

ဒီအသံလည်းကြားလိုက်ရော ပီနိုချီယိုရဲ့အသံပဲဆိုတာ ခွေးကြီး အလီဒိုရိုက ချက်ချင်းမှတ်မိသွားသတဲ့။ စကားပြောသံက တံငါသည်ကြီး လက်ထဲက ဂျုံမှုန့်လူးထားတဲ့အထုပ်ထဲက ပေါ်ထွက်လာတာကြောင့် ခွေးကြီး တော်တော်အံ့သြသွားတယ်။

ဒါနဲ့ ခွေးကြီးက ဘယ်လိုလုပ်တယ်မှတ်သလဲ။ ဘယ်ပြောကောင်းမလဲ။ တစ်ခါတည်း ခုန်အုပ်ပြီး ဂျုံမှုန့်သုတ်ထားတဲ့အထုပ်ကို အတင်းဆွဲဟပ်ပြီးတော့ လိုဏ်ခေါင်းထဲက အတင်းထွက်ပြေးသွားတော့သတဲ့။

ဒီအခါ တံငါသည်ကြီးဟာ အကြီးအကျယ်ဒေါကန်ပြီး ခွေးနက်ကြီးနောက်က အတင်းပြေးလိုက်လာခဲ့တယ်။ ဒါပေမယ့် အတော်ကလေး ပြေးလာတဲ့နောက် ချောင်းတဟွတ်ဟွတ်ဆိုးလာတာကြောင့် ခွေးကြီးကို လက်လျှော့ပြီး အိမ်ကိုပြန်လာခဲ့တော့သတဲ့။

ခွေးကြီး အလီဒိုရိုဟာ ရွာအဝင် လမ်းမကြီးပေါ်ကို ရောက်လာတဲ့အခါ ပီနိုချီယိုကို မြေကြီးပေါ်မှာ အသာချလိုက်တယ်။

အဲဒီအခါ ပီနိုချီယိုက...

'ခင်ဗျားကို ကျွန်တော် ဘယ်လိုကျေးဇူးတင်ရမှန်းတောင် မသိတော့ပါဘူးဗျာ'လို့ ပြောလိုက်တယ်။





'ငါ့ကို ကျေးဇူးတင်စရာမလိုပါဘူးကွာ၊ မင်းက ငါ့အသက်ကို ကယ်ခဲ့ဖူးလို့ ကျေးဇူးပြန်ဆပ်တာပါ၊ မင်းသိတဲ့အတိုင်း လူဆိုတာ တစ်ဦးကျေးဇူး တစ်ဦးသိတတ်ရတယ်ကွ'လို့ ခွေးကြီးက ပြန်ပြောတယ်။

'ဒါနဲ့ လိုဏ်ခေါင်းထဲ ခင်ဗျား ဘယ်လိုရောက်လာတာလဲ'

'ငါ့ကို ရေထဲက မင်းဆယ်ထားခဲ့ပြီးနောက် ငါ ခြေကုန်လက်ပန်းကျပြီး သောင်ပြင်မှာ လှဲနေတယ်။ အဲဒီအချိန်မှာ လေကြောင်းသင့်ပြီး ငါးကြော်တဲ့အနံ့ရတော့ ငါ သိပ်ပြီးဆာလောင်မိတယ်။ အဲဒါနဲ့ အနံ့လာရာကို ခြေရာခံပြီး လိုက်လာခဲ့တာ၊ တကယ်လို့ ငါသာ နည်းနည်းကလေး နောက်ကျသွားမယ်ဆိုရင်တော့...'

'အံမယ်လေး အဲဒါဆက်မပြောပါနဲ့တော့ဗျာ၊ အခု ပြန်တွေးကြည့်တာတောင် ကြက်သီးထမိသေးတယ်။ ခင်ဗျားသာ နည်းနည်းကလေး နောက်ကျသွားရင်တော့ ကျွန်တော်တော့ ဒီအချိန်ဆိုရင် တံငါသည်ကြီး စားပြီးလို့ အရိုးတောင်ကျန်မှာ မဟုတ်တော့ပါဘူး။ အံမယ်လေး တွေးပြီး ကြောက်လိုက်တာ'

ခွေးကြီးက သဘောကျပြီး တဟီးဟီးနဲ့ ရယ်နေတယ်။ ဒီနောက်တော့ သူက လက်တစ်ဖက် ကမ်းပေးလိုက်တယ်။ ချစ်ခင်ရင်းနှီးမှု သင်္ကေတအဖြစ် လက်ဆွဲနှုတ်ဆက်ကြတယ်။

ပြီးတော့ လူချင်းခွဲပြီး ကိုယ့်လမ်း ကိုယ်ပြန်ကြတော့တယ်။

ခွေးကြီးက သူ့အိမ် သူပြန်သွားတယ်။ ပီနိုချီယိုကတော့ အနားက အိမ်ကလေးတစ်အိမ်ဆီကို လျှောက်လာခဲ့တယ်။ အိမ်ရှေ့မှာ အဘိုးကြီးတစ်ယောက် နေဆာလှုံနေတာတွေ့ရတယ်။

ပီနိုချီယိုက အဘိုးကြီးကို မေးလိုက်တယ်။

'အဘိုး အဘိုး၊ တစ်ခုလောက်စုံစမ်းပါရစေ၊ ခေါင်းမှာ ဒဏ်ရာရသွားတဲ့ ယူဂျင်ဆိုတဲ့ ကောင်လေးတစ်ယောက်အကြောင်း ဘာများကြားသိပါသလဲ'

'အဲဒီကောင်လေးကို တံငါသည်တွေက ငါးဆီယူလာပြီး ပြုစုကြတယ်။ ဒါပေမယ့် ခုတော့'

'ဟင် အခု သူသေသွားပြီပေါ့ ဟုတ်လား'

ပိနိချိယိုက အလန့်တကြားနဲ့ မေးလိုက်တယ်။

ဒီအခါ အဘိုးကြီးက လေသံအေးအေးနဲ့ ပြန်ပြောတယ်။

'ဟင့်အင်း သူမသေပါဘူး၊ အခုဆို အိမ်ပြန်ရောက်နေပါပြီ'

'ဟာ တကယ်ပြောတာလား အဘိုး၊ တကယ်ပြောတာလားဟင်၊ ဒါဆို သူ့ဒဏ်ရာက သိပ်မပြင်းထန်ဘူးပေါ့နော်'

'ဒဏ်ရာက တော်တော်ပြင်းတယ်၊ သေလောက်တဲ့ဒဏ်ရာ၊ ကတ္တူဖုံးစာအုပ်ကြီးနဲ့ တအားကိုင်ပေါက်ကိတာကိုး'

'အဲဒါ...အဲဒါ ဘယ်သူက ပေါက်တာတဲ့လဲ အဘိုး'

'သူ့အပေါင်းအသင်း တစ်ယောက်ဆိုပဲ၊ ပိနိချိယိုဆိုတဲ့ ကောင်လေး တစ်ယောက်တဲ့'

'အဲဒီပိနိချိယိုဆိုတဲ့ကောင်လေးက ဘယ်သူဖြစ်ပါလိမ့်နော်'

'သူတို့ပြောတော့ တော်တော်ဆိုးတဲ့ ကောင်လေးဆိုပဲ၊ ခြေသလုံးအိမ်တိုင် လျှောက်သွားနေတဲ့ လူပေလူတေကလေးတဲ့'

'ဟာ ဒါတော့မဖြစ်နိုင်ဘူး၊ လုံးဝမဖြစ်နိုင်ဘူး၊ သူတို့က တမင်သိက္ခာချတာပဲ'

'မင်းက အဲဒီ ပိနိချိယိုကို သိလို့လား'

'ကျွန်တော်နဲ့ ရင်းတော့ မရင်းနှီးပါဘူး၊ ဒါပေမယ့် သူ့ကို ကျွန်တော်တွေ့ဖူးတယ်'

'အဲဒီတော့ မင်းက သူ့ကို ဘယ်လိုသဘောရသလဲ'

'ကျွန်တော့်အထင်တော့ ဒီကောင်လေးဟာ သိပ်ပြီး လိမ္မာပုံရတယ်၊ စာကြိုးစားတယ်၊ မိဘဆရာစကား နားထောင်တယ်၊ သူ့အဖေကိုလည်း သိပ်ပြီးချစ်တယ်'





ပိနိချိယိုက အဲဒီလို မျက်နှာပြောင်တိုက်ပြီး လိမ်ပြောလိုက်ပြီးတဲ့နောက် သူ့နှာခေါင်းကို အမှတ်မထင် စမ်းကြည့်လိုက်တော့ နှာခေါင်းကြီးဟာ မူလထက် ပိုပြီးရှည်ထွက်လာတာ တွေ့လိုက်ရသတဲ့။

ဒါနဲ့ သူက အလန့်တကြား အော်ပြောလိုက်တယ်။

'အို...မဟုတ်ဘူး၊ ကျွန်တော်ပြောတာတွေ ဘာမှမဟုတ်ဘူး၊ ကျွန်တော်ဟာ အလကား လိမ်ပြောမိတာပါ အဘိုး၊ တကယ်တော့ ပိနိချိယိုကို ကျွန်တော်ကောင်းကောင်းသိပါတယ်။ ဒီကောင်က တကယ့်လူဆိုးကလေးပါ၊ စာလည်းကောင်းကောင်းမသင်ဘဲ အပေါင်းအသင်းတွေနဲ့ လျှောက်ပြီး ပေတေနေတဲ့အကောင်'

သူက အဲဒီလို ပြောလိုက်တော့ သူ့နှာခေါင်းဟာ ပြန်တိုသွားပြီး နဂိုအတိုင်း ပြန်ဖြစ်သွားသတဲ့။

ဒီနောက် အဘိုးကြီးက ရုတ်တရက် မေးလိုက်တယ်။

'ဒါနဲ့ မင်းက ဘာဖြစ်လို့ တစ်ကိုယ်လုံး ဆွတ်ဆွတ်ဖြူနေရတာလဲ'

'သြော်...အဲဒါလား၊ အဲဒါက ဆေးဖြူသုတ်ခါစ နံရံမှာ အမှတ်မထင် သွားမှီမိလို့ ဆေးဖြူတွေ ပေကျန်ကုန်တာပါ'

'ဒီတော့ မင်းအဝတ်အစားတွေကရော ဘယ်ရောက်ကုန်ပြီလဲ'

'လမ်းမှာ ဓားပြတွေနဲ့တွေ့လို့ လုယူထားကြတယ် အဘိုး၊ အဘိုးမှာ အပိုအလျှံရှိရင် ကျွန်တော့်ကို တစ်စုံလောက်မျှပါလား။ ဒါမှ ကျွန်တော် အိမ်ပြန်လို့ဖြစ်မယ် အဘိုး'

'ငါ့မှာလည်း အပိုအလျှံတော့ မရှိဘူးကွယ်၊ ဒါပေမယ့် ဟောဟိုမှာ ပဲစေ့ထည့်တဲ့ အိတ်တစ်လုံးတော့ရှိတယ်၊ ကြိုက်ရင် ယူသွားပေါ့'

ပိနိချိယိုက ဘာမှစဉ်းစားမနေတော့ဘဲ အိတ်ခွံကိုယူပြီး အောက်က ကတ်ကျေးနဲ့ အပေါက်တစ်ပေါက် ဖောက်တယ်။ ပြီးတော့ ဘေးတစ်ဖက် တစ်ချက်က တစ်ပေါက်စီဖောက်ပြီး ရုပ်အင်္ကျီဝတ်သလို ဝတ်လိုက်တယ်။

သူဟာ အဝတ်အစားရပြီးတာနဲ့တစ်ပြိုင်နက် အချိန်ဖြုန်းမနေတော့ဘဲ အိမ်ကိုတန်းပြန်လာခဲ့တယ်။

ဒါပေမယ့် သူဟာ လမ်းလျှောက်လာရင်းနဲ့ စိတ်ထဲက မလုံမလဲဖြစ်လာမိတယ်။ ရှေ့ကို တစ်လှမ်းလှမ်းပြီးတိုင်း နောက်ကို တစ်လှမ်းပြန်ဆုတ်နေမိတယ်။

'ဒီအခြေအနေနဲ့ နတ်သမီးလေးဆီ ငါဘယ်လိုလုပ် သွားရပါ့မလဲ၊ ငါ့ကိုမြင်ရင် သူ ဘယ်လိုပြောမှာလဲ။ ငါဟာ တစ်ကြိမ်မက နှစ်ကြိမ်တိတိ ကတိဖျက်ခဲ့ပြီ။ ဒီတစ်ကြိမ်တော့ သူဟာ ဘယ်နည်းနဲ့မှ ငါ့ကို ခွင့်လွှတ်နိုင်တော့မှာမဟုတ်ဘူး။ တကယ်တော့ ငါဟာ တော်တော် မိုက်တဲ့အကောင်ပဲ။ လိမ်လိမ်မာမာနေပါတော့မယ်လို့ ကတိပေးပြီးတိုင်း ကတိကို ပြန်ဖျက်ခဲ့တာချည်းပဲ'

အဲဒီလိုစဉ်းစားမိပြီး ခြေလှမ်းလေးလေးနဲ့ လျှောက်လာခဲ့တာ နောက်ဆုံး နေဝင်ချိန်မှာ ရွာကို ရောက်လာခဲ့သတဲ့။ အဲဒီအချိန်မှာ မိုးကြီးလေကြီးကျနေတာကြောင့် တခြား ဘယ်မှသွားစရာမရှိတာနဲ့ နတ်သမီးကလေးရဲ့အိမ်ကိုပဲ လာခဲ့တယ်။ ရည်ရွယ်ချက်ကတော့ အိမ်ရောက်တဲ့အခါ တံခါးခေါက်ဝင်ပြီး တောင်းတောင်းပန်ပန်နဲ့ တစ်ညတာတည်းခိုခွင့် တောင်းမယ်ပေါ့။

ဒါပေမယ့် အိမ်တံခါးဝရောက်တော့ သူက တံခါးမခေါက်ရဲဘူး။ အလိုလိုကြောက်နေမိတယ်။ လိပ်ပြာမလုံဖြစ်နေမိတယ်။ ဒါနဲ့ နောက်ပြန်လှည့်ပြီး ခပ်လှမ်းလှမ်းကို ပြေးလာခဲ့တယ်။ ပြီးတော့ ရဲစိတ်သွင်းပြီး တံခါးနားကို ထပ်လာပြန်တယ်။ ဒီတစ်ကြိမ်မှာလည်း တံခါးမခေါက်ရဲဘူး။ ဒါနဲ့ နောက်ကိုပြန်လှည့်လာခဲ့ပြန်တယ်။ ပြီးတော့ တံခါးနားကို ပြန်လာပြန်တယ်။ တံခါးမခေါက်ရဲတာနဲ့ နောက်ကို ပြန်ဆုတ်သွားပြန်တယ်။ ဒီလိုနဲ့ လေးကြိမ်မြောက်ကျတော့မှ တံခါးခေါက်သံချောင်းကိုကိုင်ပြီး တုန်တုန်ရီရီနဲ့ အသာကလေးထုလိုက်တယ်။

ပြီးတော့ သူ ရပ်စောင့်နေတယ်။ ဘာမှ ထူးခြားမလာဘူး။ ထပ်ပြီး ရပ်စောင့်နေတယ်။ နောက်ဆုံး နာရီဝက်လောက် စောင့်နေ





ပြီးတော့မှ အပေါ်ဆုံး လေးထပ်က ပြတင်းတစ်ပေါက် ပွင့်လာတယ်။ အဲဒီနောက် ခေါင်းက အလင်းရောင်သေးသေးကလေးထွက်နေတဲ့ ပက်ကျိကြီးတစ်ကောင် ပြတင်းပေါက်က ထွက်ကြည့်ပြီး...

'ဟေ့...ညကြီးမင်းကြီး အချိန်မတော် ဘယ်သူလဲ'

'နတ်သမီးကလေးရှိပါသလား ခင်ဗျား'

'ရှိတယ်၊ ဒါပေမယ့် အိပ်နေတယ်၊ သူ့ကို သွားနှိုးလို့မဖြစ်ဘူး၊ ဒါနဲ့ မင်းက ဘယ်သူလဲ'

'ကျွန်တော်ပါ ခင်ဗျား'

'ဘာ ကျွန်တော်လဲကွ'

'ပီနိုချီယိုပါ ခင်ဗျား'

'ဘယ်က ပီနိုချီယိုလဲ'

'နတ်သမီးကလေးနဲ့ အတူနေတဲ့ ရုပ်သေးရုပ်ကလေးပါ'

'အို...ဟုတ်ပြီ၊ ခဏစောင့်ဦး၊ ငါခုချက်ချင်းဆင်းလာပြီး တံခါးဖွင့်ပေးမယ်'

'မြန်မြန်လုပ်ပါ ခင်ဗျား၊ ချမ်းလွန်းလို့ ကျွန်တော် သေရပါတော့မယ်'

'ငါက ပက်ကျိပါကွ၊ ပက်ကျိတွေဟာ မြန်မြန်လာလို့မရဘူးဆိုတာ မင်း မသိဘူးလား'

ဒီလိုနဲ့ တစ်နာရီ ကြာသွားတယ်။ နောက် နှစ်နာရီကြာသွားတယ်။ ဒီအချိန်အထိ တံခါးက ပွင့်မလာသေးဘူး။ အဲဒီအချိန်မှာ ပီနိုချီယိုဟာ အအေးဒဏ်ကြောင့် ခိုက်ခိုက်တုန်ပြီး သေလုမတတ် ဖြစ်နေတာကြောင့် သူ့ကိုယ်သူ ရဲဆေးသွင်းပြီး တံခါးကို ခပ်ပြင်းပြင်းကလေး ထုလိုက်ပြန်တယ်။

ဒီအခါ တတိယထပ်က ပြတင်းတစ်ပေါက် ပွင့်လာပြီး စောစောက ပက်ကျိက ခေါင်းပြူကြည့်သတဲ့။ ဒါနဲ့ ပီနိုချီယိုက လမ်းပေါ်က ရပ်ပြီး အော်ပြောလိုက်တယ်။

'ကျွန်တော့်ကို သနားပါဦးခင်ဗျား၊ ကျွန်တော် ဒီနေရာမှာ ရပ်နေတာ နှစ်နာရီတောင် ရှိသွားပါပြီ။ ဆက်ပြီးရပ်နေရင် ကျွန်တော် အအေးပတ်ပြီး သေရပါတော့မယ်။ ကျွန်တော့်ကို သနားပါ ခင်ဗျား'

ဒီတော့ ပက်ကျိကြီးက လေသံအေးအေးနဲ့...

'လူကလေး ငါက ပက်ကျိပါကွ၊ ပက်ကျိတွေဟာ အမြဲတမ်း နေးကွေးကြတယ်ဆိုတာ မင်းမသိဘူးလား' လို့ ပြောပြန်သတဲ့။

အဲဒီလိုပြောပြီး ပြတင်းပေါက်လည်း ပြန်ပိတ်သွားတော့တယ်။

မကြာခင်မှာပဲ ရွာထဲက နာရီကြီးက ည ဆယ့်နှစ်နာရီထိုးသံ ပေါ်ထွက်လာတယ်။ ပြီးတော့ တစ်နာရီ၊ နောက် နှစ်နာရီ၊ ဒါလည်း တံခါးက ဖွင့်မလာသေးဘူး။ ပိတ်လျက် ပိတ်လျက်ပဲ။

နောက်ဆုံးတော့ ပီနိုချီယိုက စိတ်မရှည်တော့ဘူး။ ဒါနဲ့ သူက စိတ်ပေါက်လာပြီး တံခါးခေါက် သံချောင်းနဲ့ တံခါးကို တအားထုမယ်လို့ ရွယ်လိုက်တော့ သံချောင်းဟာ ငါးရှဉ့်ဖြစ်သွားတော့သတဲ့။ ဒီလိုနဲ့ ငါးရှဉ့်ဟာ သူ့လက်ထဲက ချောခနဲထွက်သွားပြီး လမ်းဘေးက ရေမြောင်းထဲ ခုန်ဆင်းပျောက်ကွယ်သွားသတဲ့။

'အံမယ်...အံမယ် တယ်ဟုတ်ပါလား၊ သံချောင်း ထွက်ပြေးတယ်ပေါ့လေ၊ ဒါဆို တံခါးကို ခြေနဲ့ပိတ်ကန်မယ်'

သူက အဲဒီလိုပြောပြီး နောက်ကို ခပ်လှမ်းလှမ်းပြန်ဆုတ်လိုက်တယ်။ ပြီးတော့ တံခါးဆီကို တအားပြေးသွားပြီး ခြေထောက်နဲ့ ပစ်ကန်လိုက်တယ်။ အဲဒီအခါ ခြေထောက်တစ်ဘက် တံခါးကြားထဲ ဝင်သွားပြီး ပြန်နုတ်လို့မရတော့ဘူးတဲ့။ ခြေထောက်ဟာ တံခါးကြားထဲမှာ သံနဲ့ရိုက်ထားသလို စွဲနေပြီ။

ပီနိုချီယိုကလေးခမျာ ဘယ်လောက်စိတ်ဆင်းရဲလိမ့်မလဲ။ သူ့ခြေတစ်ဖက်က မြေကြီးပေါ်မှာ၊ နောက်တစ်ဖက်က တံခါးကြားထဲမှာ ညပ်ပြီး မိုးလင်းတဲ့အထိ ဒီလိုပဲနေရရှာတော့တယ်။ နောက်ဆုံး မိုးလင်းတော့မှ တံခါးပွင့်လာတယ်။ ပက်ကျိကြီးဟာ လေးထပ်တိုက်





ပေါ်ကနေပြီး တံခါးဝအထိ ကိုးနာရီတိတိ ဆင်းလာခဲ့ရသတဲ့။ တံခါးဝရောက်တော့ တစ်ကိုယ်လုံး ချွေးတွေပြန်နေပြီ။

'ဟေ့ကောင်လေး မင်းခြေထောက်တစ်ဖက် တံခါးကြားမှာ ထိုးပြီး ဘယ်လိုလုပ်နေတာလဲ'

ပက်ကျိကြီးက ရယ်ပြီး မေးလိုက်တယ်။

'ကျွန်တော့်ခြေထောက် တံခါးကြားမှာ မတော်တဆ ညပ်နေတာ ကျေးဇူးပြုပြီး ဖြုတ်ပေးပါဦး'

'လူကလေး ဒါက ငါ့အလုပ်မဟုတ်ဘူး၊ လက်သမားအလုပ် ငါက ဘယ်တုန်းကမှ လက်သမား မလုပ်ခဲ့ဖူးဘူးကွယ့်'

'ဒါဆို နတ်သမီးကလေးဆီမှာ အကူအညီတောင်းပါဦး'

'နတ်သမီးကလေး အိပ်နေတယ်၊ သွားနှိုးလို့မဖြစ်ဘူး'

'ဒါဖြင့် ကျွန်တော် တစ်နေ့လုံး ဒီလိုပဲနေရတော့မှာပေါ့'

'နေရတော့မှာပေါ့၊ မင်း ပျင်းရင် မြေကြီးပေါ်သွားနေကြတဲ့ ပုရွက်ဆိတ်တွေကို တစ်ကောင်စီ လျှောက်ပြီး ရေတွက်နေပေါ့'

'ကျွန်တော့်ကို တစ်ခုခုတော့ ကျွေးပါဦး၊ ကျွန်တော် ဆာလွန်းလို့ သေရပါတော့မယ်'

'ကောင်းပြီ၊ ငါချက်ချင်းယူလာခဲ့မယ်'

ပက်ကျိကြီးက အဲဒီလိုပြောပြီး ပြန်ဝင်သွားလိုက်တာ နောက်သုံးနာရီတိတိကြာတဲ့အခါမှ ခေါင်းပေါ်မှာ ဗန်းတစ်ချပ်တင်ပြီး ပြန်ထွက်လာခဲ့သတဲ့။ ဗန်းထဲမှာကတော့ ပေါင်မုန့်ရယ်၊ ကြက်သားကြော်ရယ်၊ ပြီးတော့ ဆီးသီးရယ် ပါလာတယ်။

'ကဲ... ဒါ မင်းအတွက် နတ်သမီးကလေးက ပေးလိုက်တာ'

စားစရာတွေမြင်လိုက်တော့ ပီနိုချီယိုကလေး သိပ်ပြီးဝမ်းသာသွားဘာပေါ့။ ဒါပေမယ့် စားစရာတွေကို တစ်ခုစီယူကြည့်လိုက်တဲ့အခါကျတော့ သူအကြီးအကျယ် စိတ်ပျက်သွားရတော့တယ်။ ဘာဖြစ်

လို့လည်းဆိုတော့ စားစရာတွေက တကယ့်စားစရာတွေမှမဟုတ်ဘဲ ကိုး။ ပေါင်မုန့်က ပလတ်စတာဖြစ်နေတယ်။ ကြက်ကြော်က စက္ကူဖြစ်နေတယ်။ ပြီးတော့ ဆီးသီးကလည်း ကျောက်ခဲတွေဖြစ်နေတယ်တဲ့။

ဒါနဲ့ သူဟာ စိတ်လည်းပျက် ဒေါသလည်းထွက်ပြီး လင်ဗန်းကိုရော အစားအစာတွေကိုပါ လွှင့်ပစ်မလို့ စိတ်ကူးလိုက်တယ်။ ဒါပေမယ့် စိတ်သာရှိပြီး ကိုယ်က မပါတော့ဘူး။ သူဟာ အဆာလွန်ပြီး သိပ်ကို အားနည်းနေတာကြောင့် နေရာမှာပဲ မိုက်ခနဲ ခွေယိုင်လဲကျသွားတော့သတဲ့။ သူ သတိရလာတော့ ဆိုဖာကုလားထိုင်ရှည်ပေါ်မှာ လှဲနေတာ တွေ့ရတယ်။ နတ်သမီးကလေးက သူ့အပေါ်က ကိုယ်ကို ကိုင်းပြီး ပြောနေတယ်။

'ဒီတစ်ကြိမ်တော့ မင်းကို ငါ ခွင့်လွှတ်ဦးမယ်။ နောက်တစ်ကြိမ်ဆိုရင်တော့ မင်းထိုက်နဲ့ မင်းကံ ခံပေတော့'

ပီနိုချီယိုက သူ့အမှားကို ဝန်ချတောင်းပန်တယ်။ ဒီနေ့ကစပြီး ကောင်းကောင်းမွန်မွန်နေထိုင်ပါတော့မယ်။ ကျောင်းလည်း မှန်မှန်တက်ပါတော့မယ်ဆိုပြီး အကြိမ်ကြိမ်ကတိပေးတယ်။ ဒါနဲ့ နတ်သမီးကလေးက သူ့ကို ပြန်လက်ခံလိုက်တယ်။

ဒီလိုနဲ့ ပီနိုချီယိုဟာ သူ့ကတိအတိုင်း တစ်နှစ်ပတ်လုံး ကျောင်းမှန်မှန်တက်ပြီး စာကို ကြိုးစားသင်တယ်။ စာမေးပွဲတိုင်းမှာ ပထမစွဲပြီး တစ်ကျောင်းလုံးမှာ အတော်ဆုံးကျောင်းသားအဖြစ် နာမည်ထွက်လာတယ်။ အကျင့်စာရိတ္တလည်း ကျေနပ်စရာကောင်းလောက်အောင် ကောင်းမွန်လာပြီး လူတိုင်းကချီးကျူးရတဲ့ လူလိမ္မာကလေး တစ်ယောက် ဖြစ်လာခဲ့တယ်။

ပီနိုချီယိုကလေး လိမ္မာလာတဲ့အတွက် နတ်သမီးကလေးအနေနဲ့ ဘယ်လောက်ဝမ်းသာလိမ့်မယ်ဆိုတာ တွေးလို့သာကြည့်ကြပေတော့။

တစ်နေ့တော့ နတ်သမီးကလေးက ပီနိုချီယိုကိုပြောတယ်။

'မနက်ဖြန်ကျရင် မင်းဆန္ဒပြည့်တော့မယ် လူကလေး'

'အမေ ဘာကိုဆိုလိုတာလဲဟင်'





'သြော်...တခြားမဟုတ်ပါဘူး၊ မင်းက အခုလို ရုပ်သေးရုပ်လေးဘဝနဲ့ နေရတာကို မကြိုက်ဘူးမဟုတ်လား၊ ဒါကြောင့် မနက်ဖြန်ဆိုရင် မင်းဟာ တကယ့်လူသားကလေးဘဝကို ကူးပြောင်းရတော့မယ်လို့ ပြောတာ'

ဒီစကားကို ကြားလိုက်ရတဲ့အခါ ပီနိုချီယိုကလေးဟာ ဝမ်းသာလွန်းလို့ ထခုန်မိသတဲ့။ သူဘယ်လောက်ပျော်လိမ့်မယ်ဆိုတာ တွေးကြည့်ရင် သိနိုင်ပါတယ်။ ဒါနဲ့ မနက်ဖြန်မှာ သူ့ရဲ့ ဘဝအပြောင်းအထိမ်းအမှတ်အတွက် ညှော်ခံပွဲကြီးတစ်ခုလုပ်မှာမို့ သူ့မိတ်ဆွေကျောင်းသူကျောင်းသားကလေးတွေအားလုံးကို ဖိတ်ဖို့ စီစဉ်ကြတာပေါ့။ ညှော်ခံပွဲကို လာရောက်ကြတဲ့ ကလေးတွေကို ကျွေးမွေးဖို့အတွက် မလိုင်အပြည့်နဲ့ ကော်ဖီခွက်နှစ်ရာ၊ နှစ်ဖက်ထောပတ်သုတ်ပေါင်မုန့် လေးရာကိုလည်း အဆင်သင့်ပြုလုပ်ထားဖို့ နတ်သမီးကလေးက စီစဉ်ထားတယ်။

မနက်ဖြန်ဟာဖြင့် ပီနိုချီယိုရဲ့ တစ်သက်တာမှာ ပျော်စရာအကောင်းဆုံး နေ့ထူးနေ့မြတ်ကြီးဖြစ်တော့မှာ သေချာနေပြီပေါ့။

ဒါပေမယ့် သူ့ခမျာ ကံဆိုးချင်တော့ မျှော်လင့်ထားသလို ဖြစ်မလာခဲ့ရှာပါဘူး ကလေးတို့ရယ်။

## [၃၀]

# ဖြားယောင်းခံရပြန်ခြင်း

ဖန်လာပုံကတော့...

ပီနိုချီယိုက ရွာထဲလျှောက်ပြီး သူ့သူငယ်ချင်းတွေကို သွားဖိတ်ပါရစေလို့ နတ်သမီးကလေးဆီမှာ ခွင့်တောင်းတယ်။

ဒီတော့ နတ်သမီးကလေးက...

'အေး...သွားတော့သွားပေါ့ လူကလေး၊ ဒါပေမယ့် မိုးမချုပ်ခင်တော့ ပြန်လာခဲ့ပါ၊ အဲဒါတော့ မမေ့ပါနဲ့'

'စိတ်ချပါ မေမေ၊ ကျွန်တော် တစ်နာရီအတွင်း ဆက်ဆက်ပြန်လာခဲ့ပါ့မယ်'

'ဒါပေမယ့် အမေတစ်ခု သတိပေးပါရစေ လူကလေး၊ ကလေးတွေဟာ ကတိပေးလွယ်ကူသလောက် ကတိမတည်ကြဘူးဆိုတာကိုတော့ သတိရပါ'





'ကျွန်တော်က တခြားကလေးတွေနဲ့မတူပါဘူး မေမေ၊ ကျွန်တော်က ပြောတဲ့အတိုင်း လုပ်တဲ့လူပါ'

'အေးလေ ကြည့်ရသေးတာပေါ့၊ ငါ့စကား နားမထောင်ရင်တော့ မင်း ဒုက္ခတွေ့ဦးမှာပဲ'

'ဘာဖြစ်လို့လဲ'

'ဘာဖြစ်လို့လဲဆိုတော့ လူကြီးတွေစကားနားမထောင်တဲ့ ကလေးတိုင်း ဒုက္ခတွေ့ရတတ်လို့ပေါ့'

'ဟုတ်ပါတယ်၊ ကျွန်တော် အများကြီးတွေ့ခဲ့ဖူးပါပြီ။ စိတ်ချပါ မေမေ၊ နောင်ဆိုရင် ကျွန်တော် ဘယ်တော့မှ အဲဒီလို မဖြစ်စေရတော့ပါဘူး'

'ကောင်းပါပြီ၊ စောင့်ကြည့်ကြသေးတာပေါ့ကွယ်'

ပီနိုချီယိုဟာ နောက်ထပ် ဘာမှပြောမနေတော့ဘဲ နတ်သမီးကလေးကို နမ်းရှုပ် နှုတ်ဆက်ပြီး အိမ်ထဲက ပြေးထွက်လာခဲ့တော့တယ်။ သူဟာ ဝမ်းသာလွန်းလို့ တစ်လမ်းလုံး သီချင်းတကျော်ကျော်နဲ့ မြူးတူးခုန်ပေါက်လာခဲ့တယ်။

ဒီလိုနဲ့ တစ်နာရီအတွင်းမှာပဲ သူ့မိတ်ဆွေတွေအားလုံး ဖိတ်ပြီးသွားတယ်။ အများစုက ဝမ်းမြောက်ဝမ်းသာနဲ့ ချက်ချင်းပဲ လက်ခံကြတယ်။ တချို့ကတော့ သိပ်မလာချင်သလို အင်တင်တင် လုပ်နေကြတယ်။ ဒါပေမယ့် ပေါင်မုန့်ထောပတ်သုတ် ကျွေးမယ်၊ မလိုင်ပြည့်ကော်ဖီတိုက်မယ် ဆိုတော့မှ သူတို့က 'စိတ်ချပါ၊ တို့ ဆက်ဆက်လာပါ့မယ်'လို့ ရှောရှောရှူရှူလက်ခံကြတယ်။

ဩော်...ဒါနဲ့ တစ်ခုပြောဖို့ကျန်သေးတယ်။ ပီနိုချီယိုမှာ အရင်းနှီးဆုံး ကျောင်းနေဘက်မိတ်ဆွေတစ်ယောက် ရှိသေးတယ်။ သူ့နာမည်က ရိုမီယိုတဲ့။ ဒါပေမယ့် သူက အရပ်ရှည်ရှည် ပိန်ပိန်သွယ်သွယ်မို့လို့ လူတိုင်းက သူ့ကို 'မီးစာ'လို့ နောက်ပြောင်ပြီး ခေါ်ကြသတဲ့။

မီးစာက ကျောင်းမှာဆိုရင် အပျင်းဆုံး အပြောင်အနောက်အသန်ဆုံး ကျောင်းသားကလေးအဖြစ် နာမည်ကြီးတယ်။ ဒါပေမယ့် ပီနိချီယိုကတော့ မီးစာကို တစ်နေ့မမြင်ရ မနေနိုင်လောက်အောင် ခင်တယ်။

ဒါကြောင့် ပီနိချီယိုဟာ မီးစာကို အရင်သွားဖိတ်မယ်ဆိုပြီး သူ့အိမ်သွားတော့ မီးစာက အိမ်မှာမရှိဘူး။ ဒါနဲ့ ဒုတိယအကြိမ် ထပ်သွားတယ်။ မီးစာ မရောက်သေးဘူး။ နောက် တတိယအကြိမ် ထပ်သွားလည်း အလကားပဲ။ မီးစာ ဘယ်များသွားပါလိမ့်။ ပီနိချီယိုဟာ သူ့မိတ်ဆွေကို နေရာအနှံ့ လိုက်ရှာတယ်။ နောက်ဆုံးတော့ လယ်သမားကြီးတစ်ယောက်ရဲ့ ယာထဲမှာ ပုန်းနေတာကို သွားတွေ့ရတယ်။

'ဟေ့ကောင် မင်း ဒီမှာ ဘာလာလုပ်နေတာလဲ'

'ငါ ဒီမှာ သန်းခေါင်လောက်ရောက်အောင် စောင့်နေတာကွ၊ သန်းခေါင်လောက်ရောက်ရင် ခရီးထွက်မလို့'

'ဘယ်ကို ထွက်မလဲ'

'ဟိုအဝေးကြီးကို'

'ငါ မင်းကို လိုက်ရှာနေတာ ကြာလှပြီ၊ မင်းတို့အိမ်ကိုလည်း သုံးခေါက်တိတိ ရောက်ခဲ့ပြီ'

'မင်းက ငါ့ကို ဘာလုပ်မလို့ လိုက်ရှာနေတာလဲ'

'ဟင် မင်းမသိသေးဘူးလား၊ ငါ့ရဲ့ မင်္ဂလာသတင်းကြီးကိုလေ'

'ဘယ်လို မင်္ဂလာသတင်းကြီးလဲကွ'

'မနက်ဖြန်ဆိုရင် ငါဟာ တကယ့်လူသားကလေး ဖြစ်လာတော့မယ်ကွ၊ ရုပ်သေးရုပ်ကလေးဘဝမှာ မနေရတော့ဘူး'

'ဟင် မင်းတကယ်ပြောတာလား၊ ငါဝမ်းသာလိုက်တာ သူငယ်ချင်းရာ'

'အဲဒါ မနက်ဖြန်မနက်မှာ ဝမ်းသာခြင်းအထိမ်းအမှတ်နဲ့ မိတ်ဆွေတွေ ဖိတ်ပြီး မနက်စာ ကျွေးမွေးမလို့ကွ၊ အခု မင်းကို ငါလာဖိတ်တာပဲ'

'ဒါပေမယ့် ငါက အခုည ခရီးထွက်ရမယ်ကွ'





'ဘယ်အချိန်လဲ'

'သန်းခေါင်လောက်မှာလေ'

'ဘယ်ကိုသွားမလို့လဲ သူငယ်ချင်းရ၊ ပြောစမ်းပါဦး'

'ငါ တစ်နေရာမှာ သွားနေတော့မလို့ကွာ၊ အဲဒီနေရာက သိပ်ပြီး သာယာတယ်၊ လှလည်းသိပ်လှတယ်၊ ပျော်စရာအကောင်းဆုံး ဗိမာန် ဆိုပါတော့ကွာ'

'ဒါနဲ့ အဲဒီနေရာကို ဘယ်လိုခေါ်သလဲဟင်'

'အဲဒီနေရာကို "ချမ်းမြေ့ရိပ်မြုံ"လို့ခေါ်တယ်ကွ။ မင်းပါ လိုက်ခဲ့ပါလားဟင်'

'ငါ မလိုက်ချင်ပါဘူးကွာ'

'ဟ မင်းက တော်တော်ညံ့တဲ့အကောင်ပဲ၊ ငါပြောတာ ယုံစမ်းပါကွ၊ နောက်တော့မှ လိုက်မသွားမိတာ မှားလိုက်လေခြင်းဆိုပြီး နောင်တရနေဦးမယ်။ ဒီကမ္ဘာမှာ တို့လိုကလေးတွေအတွက် အဲဒီနေရာထက် ပျော်စရာကောင်းတဲ့နေရာ မရှိတော့ဘူးကွ။ အဲဒီမှာ စာသင်ကျောင်းလည်းမရှိဘူး၊ ကျောင်းဆရာလည်းမရှိဘူး။ ကျောင်းသုံးစာအုပ်လည်းမရှိဘူး။ တကယ့်ထူးခြားတဲ့နေရာ၊ ဘယ်သူမှ စာမသင်ကြဘူး။ တစ်ပတ်မှာ ခုနစ်ရက်လုံးလုံး ကျောင်းတက်စရာမလိုဘူး။ အားလုံး ရက်အားချည်းပဲတဲ့ကွ။ မင်းတွေးကြည့်စမ်းပါ၊ ဘယ်လောက် ပျော်စရာကောင်းလိုက်မလဲ၊ အဲဒီနေရာမှာ ငါသိပ်ပြီးနေချင်တာကွ၊ အဲဒါမှ တကယ့်တိုးတက်ယဉ်ကျေးတဲ့နိုင်ငံကွ'

'ဒါဖြင့် မင်းပြောတဲ့ အဲဒီ "ချမ်းမြေ့ရိပ်မြုံ"မှာ လူတွေ ဘယ်လို အချိန်ဖြုန်းကြသလဲကွာ'

'ဟာ… ဒါလား၊ ဘယ်လိုအချိန်ဖြုန်းမလဲကွ၊ မနက် မိုးလင်းကတည်းက နေဝင်မိုးချုပ်တဲ့အထိ တစ်နေ့လုံး ကစားနေကြတာပေါ့။ သူတို့က ညကျတော့ အိပ်ကြတယ်၊ အိပ်ရာကထတော့ တစ်ခါ

ကစားကြပြန်တယ်။ မင်း တွေးကြည့်စမ်းပါဦး၊ ဘယ်လောက် ဟန်ကျသလဲလို့'

'အေးကွာ မင်းပြောသလိုသာဆိုရင်တော့ သိပ်ပျော်စရာကောင်းမယ့် နေရာပဲ။ ငါနဲ့ဆို သိပ်ဟန်ကျမယ့်နေရာပဲကွ'

'ဒါပေါ့ကွ၊ သိပ်ဟန်ကျတာပေါ့၊ ကဲ…ဒီတော့ မင်းလိုက်ခဲ့မလား၊ မလိုက်ဘူးလား၊ မြန်မြန်ဆုံးဖြတ်ကွာ'

'မဖြစ်သေးပါဘူး မီးစာရာ၊ ငါက နတ်သမီးကလေးဆီမှာ လိမ်လိမ်မာမာနေပါတော့မယ်လို့ ကတိခံထားတာကွ၊ အဲဒီတော့ကတိဖျက်လို့ မဖြစ်သေးပါဘူးကွ၊ ကဲ…နေတောင်ဝင်တော့မယ်၊ ငါပြန်တော့မယ်ကွာ၊ ကောင်းသောခရီးဖြစ်ပါစေ သူငယ်ချင်း'

'ဟ မင်းက ဒီလောက်တောင် ဘာဖြစ်လို့ အလျင်လိုနေရတာလဲ သူငယ်ချင်းရ'

'အလျင်မလိုလို့ မဖြစ်ဘူးကွ၊ နေမဝင်ခင် ပြန်လာဖို့ နတ်သမီးကလေးက မှာလိုက်တယ်၊ ဒါကြောင့် အမြန်ပြန်လစ်ရမှာ'

'ခဏတော့ နေပါဦးကွာ'

'နောက်ကျနေလိမ့်မယ်ကွ'

'နှစ်မိနစ်လောက်ကလေးတော့နေပါဦး သူငယ်ချင်းရာ'

'အဲဒါဆို ငါ့ကို နတ်သမီးကလေးက ဆူနေတော့မှာပဲ'

'ဆူပါစေကွာ၊ သူဆူရင် ငြိမ်နေလိုက်ပေါ့၊ ပြီးတော့လည်း ပြီးသွားမှာပေါ့'

'ဒါနဲ့ မင်းက တစ်ယောက်တည်း သွားမှာလား၊ အဖော်ပါသေးသလား'

'အဖော်ပါတာပေါ့ကွ၊ အဖော်မှ နည်းတာမဟုတ်ဘူး၊ လူတစ်ရာလောက်တောင် ပါမှာ'

'မင်းတို့က ခြေကျင်သွားကြမှာလား'





'ဘယ်ဟုတ်ရမှာလဲကွ၊ တို့က မြင်းရထားနဲ့သွားကြမှာ။ သန်းခေါင်လောက်ကျတော့ မြင်းရထားရောက်လာလိမ့်မယ်။ ဒီတော့မှ တို့အားလုံး မြင်းရထားပေါ်တက်ပြီး 'ချမ်းမြေ့ရိပ်မြုံ'ကို တပျော်တပါးကြီး သွားကြမှာ'

'ဟာ… ဒါဆို အခုပဲ သန်းခေါင်လောက်ရောက်သွားရင် သိပ်ကောင်း မှာပဲကွာ'

'ဘာဖြစ်လို့လဲကွ'

'မင်းတို့သွားကြတာကို ကြည့်ချင်လို့ပါ'

'ဒါဆို ခဏစောင့်နေလိုက်ပေါ့ကွ၊ ဒါမှ တို့ခရီးထွက်တာ မင်းမြင်ရမှာပေါ့'

'မဖြစ်သေးပါဘူးကွာ၊ ငါက အိမ်ပြန်ရဦးမှာ'

'နောက် နှစ်မိနစ်လောက်တော့ နေလိုက်ပါဦး သူငယ်ချင်းရာ'

'ဒီမှာငါ တော်တော်ကြာသွားပြီကွ၊ နတ်သမီးကလေးက စိုးရိမ်နေတော့မယ်'

'တော်တော်သနားစရာကောင်းတဲ့ နတ်သမီးကလေးပါလား၊ ဘာလဲ သူက မင်းကို လင်းနို့တွေ ကိုက်စားမှာ ကြောက်နေလို့လားကွ'

'ဒါနဲ့ မင်းပြောတာ တကယ်ကောဟုတ်ရဲ့လား၊ မီးစာရာ၊ အဲဒီ "ချမ်းမြေ့ရိပ်မြုံ"မှာ စာသင်ကျောင်းတွေ မရှိဘူးဆိုတာလေ'

'ဟာ… ငါက မင်းကို အလကားလိမ်ပြောမှာလားကွ၊ မရှိသမှ တကယ်မရှိတာပါကွာ၊ ငါပြောတာယုံစမ်းပါ သူငယ်ချင်းရာ'

'ဒါနဲ့ ကျောင်းဆရာတွေလည်း မရှိဘူးနော်'

'ဟုတ်တယ်၊ တစ်ယောက်ဆို တစ်ယောက်မှ မရှိဘူး'

'ဒါဆို ဘယ်သူမှ ကျောင်းတက်စရာမလိုတော့ဘူးပေါ့'

'ဒါပေါ့၊ ဘယ်သူမှ ဘယ်တော့မှ ကျောင်းတက်စရာမလိုတော့ဘူး'

'အေးကွာ၊ ကြားရသလောက်တော့ တကယ်ကောင်းတဲ့ နိုင်ငံပဲ။ တကယ်အံ့သြလောက်ပါတယ်။ ဒီနိုင်ငံမျိုး ငါ ကြားတောင်မကြားဖူးပါဘူး။ ဒါပေမယ့် တွေးကြည့်ရင် သဘောပေါက်ပါတယ်။ သိပ်ကောင်းတဲ့ နိုင်ငံပဲ'

'ဒါကြောင့်မို့လို့ ငါ မင်းကို ခေါ်နေတာပေါ့ကွ။ လိုက်ခဲ့စမ်းပါ သူငယ်ချင်းရာ။ လိုက်ခဲ့စမ်းပါ ဟုတ်လား'

'မင်းခေါ်လည်း အလကားပါကွာ၊ ငါ ဘယ်နည်းနဲ့မှ မလိုက်နိုင်ပါဘူး၊ ငါက နတ်သမီးကလေးကို ကတိပေးထားတာကွ၊ သူက ငါ့အပေါ်မှာ သိပ်ပြီး ကောင်းရှာတယ်၊ သူ့စကားကို နားမထောင်လို့ မဖြစ်ဘူး မီးစာ'

'ကဲ ဒါဆိုလည်း ပြီးရောပေါ့ကွာ၊ မင်းပြန်ချင်ရင် ပြန်ပါတော့၊ ဒါနဲ့ လမ်းမှာ အတန်းကျောင်းက ကျောင်းသားတွေနဲ့တွေ့ရင် ငါ နှုတ်ဆက်သွားတယ်လို့ ပြောလိုက်စမ်းပါ ဟုတ်လား'

'ကောင်းပြီ သူငယ်ချင်း၊ မင်းပဲသွားပါတော့၊ ကောင်းသောခရီး ဖြစ်ပါစေကွာ၊ မင်း ဟိုရောက်ရင် ငါ့ကိုတော့ မမေ့ပါနဲ့ကွာ'

ပီနိုချီယိုဟာ အဲဒီလိုနှုတ်ဆက်ပြီးနောက် ထွက်သွားတော့မလို့ ခြေလှမ်းပြင်လိုက်ပြီးမှ နောက်ကို ပြန်လှည့်လာပြီး မီးစာကို မေးလိုက်ပြန်တယ်။

'ဒါနဲ့ ဟေ့ မီးစာ၊ အဲဒီမင်းပြောတဲ့နိုင်ငံမှာ တစ်ပတ်မှာ ခုနစ်ရက်လုံးလုံး အားလပ်ရက်ချည်းပဲဆိုတာ တကယ်ပဲလားကွ'

'တကယ်ပါကွ'

'ပြီးတော့ ဇန်နဝါရီလ တစ်ရက်နေ့ကနေပြီး ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ တစ်နှစ်လုံး အားလပ်ရက်ချည်းပဲဆိုတာကော'

'အဲဒါလည်း တကယ်ပဲကွ'

'အေးကွာ၊ တကယ့်စံပြနိုင်ငံပဲ၊ တကယ့်ကို အံ့သြလောက်ပါရဲ့'





ပီနိုချီယိုက သွားရည်တမြားမြားနဲ့ ပြောလိုက်တယ်။ ပြီးတော့ သူ့စိတ်ကို အပြီးအပိုင် ဆုံးဖြတ်လိုက်ပြီးတော့...

'ကဲ...သူငယ်ချင်း။ နောက်ဆုံးအကြိမ် နှုတ်ဆက်ခဲ့ပါတယ်၊ မင်းအတွက် ကောင်းသောခရီးဖြစ်ပါစေကွာ'

'ကျေးဇူးတင်ပါတယ် သူငယ်ချင်း'

'ဒါနဲ့ မင်းတို့ခရီးထွက်ဖို့ ဘယ်လောက်ကြာဦးမှာလဲကွ'

'သိပ်မကြာတော့ပါဘူး၊ နှစ်နာရီလောက်ပဲ လိုတော့တယ်'

'အဲဒါ နှာတာပဲကွာ၊ တကယ်လို့ တစ်နာရီလောက်သာဆိုရင်တော့ ငါ မပြန်သေးဘဲ စောင့်ကြည့်နေဦးမလို့'

'ဒါဆို မင်းကို နတ်သမီးကလေး ဆူနေတော့မှာပေါ့'

'ဒီလောက်စောင့်နေပြီးမှတော့ မထူးတော့ပါဘူးကွာ၊ နောက်ထပ် တစ်နာရီလောက် နောက်ကျသွားတာ အရေးမဟုတ်တော့ပါဘူး'

'အေးကွာ၊ မင်းအဖြစ်ကလည်း ဆိုးကိုဆိုးပါတယ်၊ နတ်သမီးကလေးက မင်းကို ဆူလိမ့်မယ်ကွ'

'ဆူ ဆူပါစေကွာ၊ ဆူပြီးတော့လည်း ပြီးသွားမှာပါ'

ဒီလိုနဲ့ အချိန်က တော်တော်လေး မှောင်သွားခဲ့ပြီ၊ အဲဒီအချိန်မှာ အလင်းရောင်တစ်ခု သူတို့ဆီလာနေတာကို ရုတ်တရက် လှမ်းမြင်လိုက်ကြရသတဲ့။ တစ်ချိန်းတည်းမှာ ခေါင်းလောင်းတီးသံ၊ ခရာမှုတ်သံ သဲ့သဲ့ကိုလည်း ကြားကြရသတဲ့။

'ဟော...ပြောရင်းဆိုရင်း လာနေပြီ'

မီးစာက နေရာက ထခုန်ပြီး ပြောလိုက်တယ်။

'ဘာလာနေပြီလဲကွ'

ပီနိုချီယိုက ခပ်တိုးတိုး ပြန်မေးလိုက်တယ်။

'ငါပြောတဲ့မြင်းရထားပေါ့ကွ၊ ဒီတော့ မင်း လိုက်မလား၊ မလိုက်ဘူးလား၊ မြန်မြန်ဆုံးဖြတ်ကွာ'

'ဒါနဲ့ အဲဒီမှာ ကလေးတွေ ကျောင်းတက်စရာမလိုဘူးဆိုတာ တကယ်ကောဟုတ်ရဲ့လား မီးစာ'

'အို:...တကယ်ဟုတ်လို့ ပြောတာပေါ့ ပီနိချီယိုရ၊ မတက်ရသမျှ တစ်သက်လုံး မတက်ရတာကွ'

'အေးကွာ၊ တကယ့်ကို ကောင်းတဲ့နိုင်ငံပဲ၊ သိပ်အံ့ဩစရာကောင်းတာပဲ၊ သိပ်အံ့ဩစရာကောင်းတာပဲ'

## [၃၁]

# ပျော်လို့မဆုံး တပြုံးပြုံး

ဒီလိုနဲ့ နောက်ဆုံးမှာ မြင်းရထား ဆိုက်ရောက်လာတော့တယ်။ ရထားဘီးတွေကို အဝတ်နဲ့ ပတ်ထားတာကြောင့် ဘာမှမကြားရဘဲ ညင်ညင်သာသာနဲ့ ဝင်လာသတဲ့။

ရထားကို အရွယ်တူအရောင်ကွဲ မြည်း ၂၄ ကောင် ဆွဲလာခဲ့တယ်။ မြည်း ၂၄ ကောင်အနက် တချို့က မွဲပြာပြာ၊ တချို့က အဖြူ၊ တချို့က ကွက်ကျား၊ တချို့က အဝါ၊ တချို့က အပြာစင်းအရောင်တွေ ရှိကြတယ်။

ထူးခြားတာကတော့ အဲဒီမြည်း ၂၄ ကောင်မှာ အခြားတိရစ္ဆာန်တွေလို ခွာတွေမပါဘဲ သိုးသားရေအဖြူကိုလုပ်တဲ့ ဖိနပ်တွေ စီးထားကြသတဲ့။ ပြီးတော့ ရထားထိန်းလို့ခေါ်တဲ့ ရထားမောင်းသမားကိုလည်း ကြည့်ပါဦး။ သူ့ခန္ဓာကိုယ်က ပုပုသေးသေးကလေး၊ မျက်နှာကလေးက

ခရမ်းချဉ်သီးအမှည့်ပုံ၊ ပါးစပ်သေးသေးကလေးကလည်း အမြဲတမ်း ရယ်လို့၊ စကားပြောတော့လည်း ကြောင်မြည်သံလို ညောင်ညက်ညက် ကလေးရယ်။

ကလေးတွေက ရထားထိန်းကို မြင်မြင်ချင်း သဘောကျသွားကြ တယ်။ သူတို့ဟာ "ချမ်းမြေ့ရိပ်မြုံ"ကို သွားချင်လွန်းအားကြီးလို့ ရထားပေါ်ကို သူ့ထက်ငါ အလုအယက် ပြေးတက်ကြတယ်။

တကယ်တော့ ရထားပေါ်မှာ အစကတည်းက ကလေးတွေ အပြည့်ပါလာကြတယ်။ သူတို့အားလုံး ရှစ်နှစ်က ဆယ့်နှစ်အရွယ် တွေချည်းပဲ။ သူတို့ဟာ ရထားပေါ်မှာ ငါးပိသိပ် ငါးချဉ်သိပ် ပြည့် ကျပ်နေတယ်။ အသက်ရှူလို့တောင် မရသလောက်ပဲ။ ဒါပေမယ့် သူတို့က စိတ်ဓာတ်မကျကြပါဘူး။ ဘယ်ကျပါမလဲ။ မကြာမီ သူတို့ သိပ်ပြီး ရောက်ချင်နေကြတဲ့ ကျောင်းစာအုပ်၊ ကျောင်းဆရာ၊ စာသင် ကျောင်းဆိုတာ လုံးဝမရှိတဲ့ တိုင်းပြည်ကို နာရီပိုင်းအတွင်းမှာ ရောက် ကြရတော့မယ်ဆိုတော့ သိပ်ပြီးပျော်နေကြတာကိုး။ ပျော်လွန်းလို့ ဘယ်သူမှ စိတ်ဓာတ်လည်းမကျဘူး၊ ထမင်းလည်းမဆာဘူး၊ အိပ် လည်း မအိပ်ချင်ဘူး။

ရထားထိုးရပ်လိုက်လိုက်ချင်းပဲ ရထားထိန်းဟာ မီးစာဘက်ကို လှည့်ပြီး ခေါင်းတညိတ်ညိတ်နဲ့ အရိအသေပေးရင်း အချိုသာဆုံး ပြုံးပြီး မေးလိုက်တယ်။

'ဘယ့်နှယ် လူကလေး၊ အလွန်ပျော်စရာကောင်းတဲ့ ချမ်းမြေ့ ရိပ်မြုံကို လိုက်မယ်မဟုတ်လား'

'ဟုတ်ကဲ့ လိုက်ပါ့မယ်ခင်ဗျား'

'ဒါပေမယ့် မင်းမြင်တဲ့အတိုင်း ရထားပေါ်မှာ ထိုင်စရာနေရာ တော့ မရှိတော့ဘူးကွယ့်'

'ကိစ္စမရှိပါဘူး၊ ရထားပေါ်မှာ နေရာမရှိရင် ထမ်းပိုးပေါ်က တက်ပြီး လိုက်ပါ့မယ်'





ဒါနဲ့ သူက ချက်ချင်းပဲ ထမ်းပိုးပေါ် ခုန်တက်လိုက်တယ်။ ပြီး တော့ ရထားထိန်းက ပိနိချီယိုဘက်လှည့်ပြီး မေးလိုက်ပြန်တယ်။

'ဒါနဲ့ ဟိုကလေးက ဘာလုပ်နေတာလဲ၊ တို့နဲ့ လိုက်မလား၊ ကျန်ရစ်မှာလား'

'ဟုတ်ကဲ့၊ ကျွန်တော် ကျန်ရစ်ပါမယ် ခင်ဗျား၊ ကျွန်တော်က အိမ်ပြန်ပြီး ကျောင်းတက်ရဦးမယ်၊ စာတွေတတ်လာတဲ့အခါ တခြား လိမ္မာတဲ့ကလေးတွေလို ပညာရှင်လုပ်မလို့ပါ'

'ဩော်...အေး ကောင်းပါလေ့ကွယ်၊ ကောင်းပါလေ့'

အဲဒီအခါ မီးစာက ကြားဖြတ်ပြီး...

'ဟော့... သူငယ်ချင်း၊ မင်းစိတ်ကူးမလွဲစမ်းပါနဲ့ကွာ၊ ငါ့စကား နားထောင်စမ်းပါ၊ လိုက်ခဲ့စမ်းပါကွ၊ မင်း သိပ်ပျော်ရမှာပဲ'

'နေပါစေကွာ၊ ငါမလိုက်တော့ပါဘူး'

'လိုက်ခဲ့စမ်းပါကွ၊ ပျော်စရာသိပ်ကောင်းမှာ'

ရထားပေါ်က တခြားကလေးတွေကလည်း ခေါ်ကြပြန်တယ်။

'ဟုတ်ပါတယ်ကွ၊ တကယ်ပျော်ရမှာပါ၊ လာပါ တက်စမ်းပါ'

'မင်းတို့နဲ့လိုက်ရင် နတ်သမီးကလေး ဘယ်လိုလုပ်မလဲ'

'အဲဒီအတွက် ဘာမှပူမနေနဲ့၊ တို့သွားမယ့်နေရာကိုသာ အမိက ထားစမ်းပါ၊ ဘယ်နေရာနဲ့မှမတူတဲ့ နေရာပါကွ'

ဒီအခါ ပိနိချီယိုက ဘာမှပြန်မပြောဘဲ တွေပြီးစဉ်းစားနေတယ် ပြီးတော့ သူက သက်မတစ်ချက်ချလိုက်ပြီး...

'ကဲကွာ ငါ့ကို နေရာနည်းနည်း ဖယ်ပေးကြ၊ ငါ လိုက်တော့မယ်'

'နေရာကတော့ ပြည့်နေပြီကွ၊ လုံးဝမရှိတော့ဘူး၊ ဒါပေမယ့် မင်းလိုက်တာကို ဝမ်းသာတဲ့အနေနဲ့ ငါ့နေရာ မင်းကို ပေးပါ့မယ်'လို့ ရထားထိန်းက ပြောလိုက်တယ်။

'ဒါဖြင့် ခင်ဗျားက ဘယ်မှာထိုင်မှာလဲ'

'ငါ လမ်းလျှောက်လာမယ်၊ ရပါတယ်'

'ဟာ ဒါတော့မလုပ်ပါနဲ့ဗျာ၊ ကျွန်တော် မြည်းပေါ်က စီးပြီးပဲ လိုက်ပါ့မယ်'

ပီနိုချီယိုဟာ ပြောပြောဆိုဆို ရထားဘီးပေါ်ကတစ်ဆင့် မြည်းကျောပေါ် ခုန်တက်မလို့အလုပ်မှာ မြည်းက ကိုယ်ကို တစ်ချက်လှည့်ပြီး ပီနိုချီယိုရဲ့ဝမ်းဗိုက်ကို ကန်လိုက်တာ ပီနိုချီယိုလည်း အပေါ်မြောက်သွားပြီးမှ မြေကြီးပေါ် ခွေခနဲကျသွားရှာတယ်။

တခြားကလေးတွေကတော့ ပီနိုချီယိုရဲ့အဖြစ်ကိုကြည့်ပြီး ဟားတိုက် ရယ်နေကြတာပေါ့။ ပီနိုချီယိုဟာ ရှက်လည်းရှက် ဒေါသလည်းထွက်ထွက်နဲ့ မြေကြီးပေါ်က လူးလဲထပြီး မြည်းပေါ်ကို လွှားခနဲ ခုန်တက်လိုက်ပြန်တယ်။ အဲဒီမှာ ကလေးတွေက သဘောကျပြီး 'ပီနိုချီယိုကွ ဒါမှ ပီနိုချီယိုကွ'လို့ လက်ခုပ်သြဘာပေးပြီး အော်လိုက်ကြတယ်။

ဒါပေမယ့် မြည်းက ခြေထောက်နှစ်ဖက် ခုန်ပေါက်ပြီး ကိုယ်ကို လှည့်ခါလိုက်ပြန်တဲ့အတွက် ပီနိုချီယိုဟာ မြည်းပေါ်က လွင့်စင်ပြီး ကျောက်တုံးတွေပေါ် ကျသွားပြန်တယ်။

ဒီအခါ ရထားပေါ်က ကလေးတွေက တဝါးဝါးနဲ့ ရယ်ကြပြန်တယ်။ ဒါပေမယ့် ရထားထိန်းကတော့ မရယ်ဘူးတဲ့။ သူဟာ မြည်းရဲ့အနားကို သွားပြီး ဘယ်ဘက်နားရွက်ကို အသာလေး ကိုက်လိုက်တယ်။ ပြီးတော့ ပီနိုချီယိုဘက်ကို လှည့်ပြီး ပြောတယ်။

'ကဲ…ဒီတစ်ခါ ပြန်တက်ကြည့်ပါဦး၊ မကြောက်ပါနဲ့၊ တက်သာတက်ပါ၊ ဒီမြည်းက လားလိုပဲ နည်းနည်းတော့ ပေကတ်ကတ် လုပ်ချင်တယ်။ ဒါပေမယ့် ကိစ္စမရှိပါဘူး၊ ငါ သူ့နားရွက်ထဲ သန်း တစ်ကောင် ထည့်ထားလိုက်ပြီးပြီ၊ ဒီတစ်ခါတော့ သူကောင်းကောင်း ဆက်ဆံပါလိမ့်မယ်'





ဒါနဲ့ ပီနိုချီယိုက မြည်းပေါ် ခုန်တက်လိုက်ပြန်တယ်။ ချက်ချင်းပဲ ရထားလည်း ထွက်ခွာလာခဲ့တော့တယ်။

မြည်းတွေက ကျောက်ခဲလမ်းပေါ်မှာ ကဆုန်ချပြီး ပြေးကြတော့ ရထားတစ်ခုလုံး လှုပ်ခါနေတော့တာပေါ့။ အဲဒီအချိန်မှာ ပီနိုချီယိုရဲ့ နားထဲမှာ စကားပြောတစ်ခုကို တိုးတိုးကြားယောင်လာသတဲ့။

'ဟေ့… လူမိုက်ကလေး၊ မင်းဟာ ကိုယ်လုပ်ချင်တာတွေကိုပဲ လျှောက်လုပ်နေတယ်၊ မင်း ဒုက္ခကောင်းကောင်းတွေ့မယ်'

အဲဒီအသံကြားရတော့ ပီနိုချီယို ကြောက်လန့်သွားပါတယ်။ ဘယ်ကလာတဲ့အသံပါလိမ့်ဆိုပြီး ဘေးပတ်ပတ်လည်ကို လှည့်ကြည့်လိုက်တယ်။ ဘာမှလည်း မတွေ့ရဘူး။

မြည်းတွေက အရှိန်ကောင်းကောင်းနဲ့ ဒုန်းစိုင်းမြဲ ဒုန်းစိုင်းလာခဲ့ကြတယ်။ ရထားကတော့ ကျောက်ခဲတွေပေါ်မှာ လှုပ်ခါယိမ်းထိုးရင်း ပါလာခဲ့တာပေါ့။ ရထားပေါ်က ကလေးတွေအားလုံး အိပ်ပျော်သွားကြပြီ။ မီးစာလည်း တခေါခေါနဲ့ ဟောက်နေပြီ။ ရထားထိန်းကတော့ လေသံတိုးတိုးနဲ့ သီချင်းညည်းပြီး ပါလာခဲ့တယ်။

'သူတို့တစ်တွေ တစ်ညလုံး အတုံးအရုန်း အိပ်လို့နေ…ငါကတော့ လုံးဝမအိပ်ပေ…လုံးဝမအိပ်ပေ…'

နောက် အတော်ကလေးကြာတော့ ပီနိုချီယိုဟာ စောစောက စကားပြောသံတိုးတိုးလေး ကြားရပြန်တယ်။

'ဟေ့ လူပေကလေး၊ ကျောင်းစာအုပ်နဲ့ ဆရာကို ကျောခိုင်းပြီး ကိုယ်လုပ်ချင်တာ လုပ်တဲ့ကလေးတွေဟာ တစ်နေ့မှာ စိတ်ဆင်းရဲရ တတ်တယ်ဆိုတာ သတိရစမ်းပါ၊ အဲဒီအဖြစ်တွေကို ငါကိုယ်တိုင် ကြုံခဲ့ရပြီ၊ ဒါကြောင့် ငါ့ကိုယ်တွေ့ကို မင်းကို ပြောပြနေတာ၊ ငါ အခု ငိုနေရသလို မင်းလည်း ငိုရလိမ့်မယ်၊ အဲဒီအချိန်ကျတော့ ပြန်ပြင်လို့မရတော့ဘူး၊ နောက်ကျသွားပြီ'

ပီနိချီယိုကလေးဟာ စောစောကထက်ပိုပြီး ကြောက်လာမိတယ်။ ဒါနဲ့ သူဟာ မြည်းပေါ်က ရုတ်တရက် ခုန်ချပြီး ဖက်ကြိုးကို ကိုင်ထားလိုက်တယ်။

ဒီအခါ မြည်းဟာ ကလေးငယ်တစ်ယောက်လို ကြူကြူပါအောင် ငိုတော့တယ်။ မြည်းငိုနေတာကြည့်ပြီး ပီနိချီယိုက သိပ်ပြီး အံ့သြနေမိတယ်။ ဒါနဲ့ သူက ရထားထိန်းကို လှမ်းပြောလိုက်တယ်။

'ဒီမှာဗျို့ ရထားထိန်းကြီး၊ ဘာတွေဖြစ်နေတယ်ဆိုတာ သိရဲ့လား၊ ခင်ဗျားမြည်းက ဒီမှာ ချုံးပွဲချပြီး ငိုနေတယ်ဗျ'

'ငိုပါစေ၊ ကိစ္စမရှိဘူး၊ ဒီကောင်က ဒီလိုပဲ အမြဲတမ်း မူရာမာယာလုပ်တတ်တာ'

'ဒါနဲ့ သူ့ကို စကားသင်ပေးထားသလား'

'မသင်ပေးပါဘူး၊ ဒါပေမယ့် သူ့ဘာသာသူ ထမင်းစား ရေသောက်လောက်တော့ ပြောတတ်တယ်၊ သူက ခွေးလိမ္မာတွေနဲ့ သုံးနှစ်လောက် အတူနေခဲ့ဖူးတယ်'

'အင်း...ငိုနေလိုက်တာ သနားစရာပါပဲဗျာ'

'လာစမ်းပါ၊ အဲဒီကောင် ငိုတာကြည့်ပြီး အချိန်ဖြုန်းမနေစမ်းပါနဲ့၊ ကဲ...ပြန်တက်၊ ပြန်တက်၊ ခရီးဆက်ထွက်မယ်၊ ညဦးနက်လာပြီ၊ ချမ်းကလည်း ချမ်းသနဲ့၊ ခရီးက အဝေးကြီးကျန်သေးတယ်'

ဒါနဲ့ ပီနိချီယိုက ဆက်မပြောတော့ဘဲ မြည်းပေါ် ပြန်တက်လိုက်တယ်။ အဲဒီနောက် ရထားလည်း ဆက်ထွက်လာခဲ့ပြန်တယ်။

နောက်တစ်နေ့ အရုဏ်တက်အချိန်မှာ ချမ်းမြေ့ရိပ်မြုံကို ချောချောမောမော ရောက်ရှိလာခဲ့ကြတော့တယ်။

ချမ်းမြေ့ရိပ်မြုံက တခြားဘယ်တိုင်းပြည်နဲ့မှ မတူဘူး။ လူတွေအားလုံးက ကလေးတွေချည်းပဲ။ အသက်အရွယ်တွေကလည်း အကြီးဆုံး ဆယ့်လေးနှစ်၊ အငယ်ဆုံး ရှစ်နှစ်သားတွေချည်းပဲ။ သူတို့





တစ်တွေဟာ လမ်းမပေါ် လျှောက်ပြီး အော်ကြဟစ်ကြ ကခုန်မြူးထူးကြနဲ့ ပွက်ပွက်ဆူညံနေတာပဲတဲ့။

ဘယ်နေရာပဲ ကြည့်လိုက်ကြည့်လိုက် ကလေးတွေနဲ့ တင်းကျမ်းပြည့်။ တချို့က ဂေါ်လီရိုက်လို့၊ တချို့က ဘောလုံးကစားလို့၊ တချို့စက်ဘီးစီးလို့၊ တချို့က သစ်သားမြင်းရုပ်တွေစီးလို့၊ တချို့က ပြေးတမ်းလိုက်တမ်း ကစားလို့၊ တချို့လည်း လူပြက်တွေလိုဝတ်ပြီး မျက်လှည့်ပြလို့၊ တချို့က ကခုန်သီဆိုလို့၊ တချို့က ကျွမ်းဘားကစားလို့၊ တချို့က ခွေးလိုမှဲ့လို့၊ တချို့က စက္ကူဦးထုပ်တွေဆောင်းပြီး စစ်ဗိုလ်လုပ်တမ်း ကစားလို့...။

ရယ်မောသံ၊ အော်ဟစ်သံ၊ လက်ခုပ်တီးသံ၊ လေချွန်သံတွေနဲ့ တစ်လမ်းလုံး သောသောညံနေတယ်။ တချို့လည်း ဥကျင်းဝပ်နေတဲ့ ကြက်မလို ကတော်တိုက် အော်နေကြတယ်။ တိုတိုပြောရရင်တော့ လမ်းပေါ်မှာ ကလေးပေါင်းစုံ အမျိုးမျိုး ကစားမြူးတူးပြီး ဆူညံနေလိုက်ကြတာ နားကွဲမတတ်ပါဘဲ။

ပြီးတော့ ကွက်လပ်တိုင်းမှာလည်း ဇာတ်ရုံကလေးတွေ ပြည့်နေကြတယ်။ ဇာတ်ရုံတိုင်းလိုလိုမှာလည်း ကလေးတွေ ကြိတ်ကြိတ်တိုးလို့။ ခြံစည်းရိုး နံရံတွေမှာလည်း 'ခြမ်းမြေ့ရိပ်မြုံက လှိုက်လှဲစွာကျိုဆိုပါတယ်'၊ 'စာသင်ကျောင်းတွေ အလိုမရှိ'၊ 'သင်ခြာဘာသာကြစုံးပါစေ'စတဲ့ စာလုံးပေါင်းအမှားတွေနဲ့ စာတန်းမျိုးစုံကို ရေးထားကြတယ်။

မြို့ထဲရောက်တယ်ဆိုရင်ပဲ မီးစာအပါအဝင် ကလေးတွေအားလုံး ရထားပေါ်က ဆင်းပြီး တခြားကလေးတွေအုပ်ထဲ ပြေးဝင်သွားကြတယ်။ ဒီလိုနဲ့ မိနစ်ပိုင်းအတွင်းမှာပဲ သူတို့အားလုံး မိတ်ဆွေရင်းချာတွေလို ဖြစ်သွားကြတော့တယ်။ သူတို့တစ်တွေ ဘယ်လောက်ပျော်ကြမလဲဆိုတာ တွေးလို့သာ ကြည့်ကြပါတော့။

ဒီလိုနဲ့ ပျော်စရာ ရွှင်စရာ မျိုးစုံနဲ့ ပျော်လိုက်ကြတာ နာရီတွေ နေ့ရက်တွေ ကုန်လွန်သွားတာကိုတောင် သတိမရကြတော့ဘူးတဲ့။

ပိနိချိယိုကလေးလည်း ပျော်လွန်းအားကြီးလို့ မီးစာနဲ့ ဆုံမိတိုင်း 'တကယ်ပါပဲကွာ၊ ဒီလိုပျော်စရာကောင်းတဲ့ဘဝမျိုးကို တခြား ဘယ်မှာမှ ရနိုင်မှာ မဟုတ်ပါဘူး'လို့ အားရဝမ်းသာ ပြောတတ်တယ်။ ဒီအခါ မီးစာက ဂုဏ်ယူဟန်နဲ့...

'ဒါပေါ့ကွ၊ ငါပြောတာ မှန်တယ်ဆိုတာ မင်းအခု ကိုယ်တွေ့ ကြုံရပြီ မဟုတ်လား၊ တကယ်လို့ နတ်သမီးကလေးဆီ မင်းပြန်သွားပြီး ကျောင်းတက်နေရင် ဒီလိုပျော်ရပါ့မလား၊ အခုတော့ ငါက မင်းကို စေတနာရှိလို့ ခေါ်လာခဲ့တဲ့အတွက် ပျင်းစရာကောင်းတဲ့ ကျောင်းစာအုပ်တွေရဲ့ အန္တရာယ်က လွတ်ကင်းရပြီမဟုတ်လား၊ ငါက တကယ် စေတနာရှိတဲ့ မိတ်ဆွေကောင်းတစ်ယောက်မို့ မင်းကို ဒီလို အကျိုး ဆောင်ပေးတာပေါ့၊ ဒါကြောင့် မင်းက ငါ့ကို ကျေးဇူးအများကြီး တင်ရမှာ'

'မင်းပြောတာ တကယ်ပဲ မီးစာ၊ မင်းကျေးဇူးကြောင့် အခုလို ငါ သိပ်ပျော်ရတာအမှန်ပဲ၊ ဒါနဲ့ဆရာက မင်းအကြောင်း ဘာပြော တယ် မှတ်သလဲ၊ ဒီကောင်က လူပေလူတေကလေးကွယ့်၊ သူနဲ့ ပေါင်း ရင် မင်းဒုက္ခရောက်လိမ့်မယ်၊ သတိထား ဆိုပြီး ငါ့ကို အမြဲတမ်း ပြောတယ်ကွ'

'အလကားဆရာပါကွာ၊ သူက ငါ့ကို အလိုလို မုန်းနေတာ။ သူက ငါ့အကြောင်း မကောင်းပြောရရင် ကျေနပ်နေတဲ့လူပဲ၊ ဒါပေ မယ့် ငါက သူ့အပေါ် ဇွေမယူပါဘူးကွာ၊ သဘောထားကြီးပါတယ်။ ခွင့်လွှတ်ပါတယ်'

'မင်းဟာ တကယ့်ကို စိတ်ထားမြင့်မြတ်တဲ့သူပဲ မီးစာ၊ ငါ လေးစားပါတယ်ကွာ'

ပိနိချိယိုက အဲဒီလိုပြောပြီး မီးစာကို လေးလေးစားစားနဲ့ နမ်းရှုပ် ဂုဏ်ပြုလိုက်တယ်။ ဒီလိုနဲ့ ကျောင်းလည်း မတက်ရ၊ စာလည်း





မကျက်ရဘဲ နေထွက်က နေဝင်အထိ တစ်နေကုန် ပျော် လိုက်ပါးလိုက်၊ ကစားလိုက်နဲ့ ငါးလတာ အချိန်ကုန်သွားခဲ့တယ်။ တစ်နေ့မနက်မှာ ပိနိချိယို အိပ်ရာကနိုးလာတဲ့အခါ ဝမ်းနည်းစရာအကောင်းဆုံးဖြစ်ရပ် တစ်ခုကို အလန့်တကြား ကြုံတွေ့ရတော့သတဲ့။

[၃၂]

## မြည်းဘဝ ရောက်သွားခြင်း

ပီနိုချီယိုကလေး ဘယ်လိုဝမ်းနည်းစရာများ ကြုံရပါလိမ့်။

ဖြစ်ပုံက ဒီလိုတဲ့ ကလေးတို့ရေ။

တစ်နေ့မနက် သူ အိပ်ရာကထလာတော့ ထုံးစံအတိုင်း အပျင်းဆန့်ပြီး ခေါင်းကို လက်နဲ့ ပွတ်သပ်လိုက်တဲ့အခါ သူ့နားရွက်တွေဟာ မူလထက် အများကြီး ရှည်ထွက်နေတာကို အလန့်တကြားတွေ့ရတော့သတဲ့။

ကလေးတို့ သိကြတဲ့အတိုင်း ရုပ်သေးရုပ်တွေမှာ မွေးကတည်းက နားရွက်သေးသေးကလေးတွေပဲ ပါလာကြတာကလား။ သေးလွန်းလို့ သာမန်မျက်စိနဲ့တောင် မမြင်နိုင်သလောက်ပဲ။ ဒါကြောင့်မို့ သူ့နားရွက် နှစ်ချပ် အဆမတန် ရှည်ထွက်လာတာတွေ့ရတော့ ပီနိုချီယိုကလေးက သိပ်ပြီး ကြောက်လန့်သွားမိတာပေါ့။





ဒါနဲ့ သူ့ကိုယ်သူမှန်ထဲမှာ ကြည့်မယ်ဆိုပြီး ကမန်းကတန်း မှန်လိုက်ရှာတယ်။ ဒါပေမယ့် ဘယ်မှာမှ မတွေ့ရဘူး။ အဲဒီအခါ ရေဇလုံမှာ ရေဖြည့်ပြီး သူ့ကိုယ်သူ ရေထဲမှာ ကြည့်လိုက်တယ်။ သူ့နားရွက်တွေဟာ မြည်းနားရွက်တွေ ဖြစ်နေတာကို တွေ့ရတော့တယ်။ သူဘယ်လောက် ဝမ်းနည်းသွားမလဲ၊ ဘယ်လောက် ရှက်လိမ့်မလဲ၊ ဘယ်လောက် စိတ်ဓာတ်ကျသွားမလဲ တွေးလို့သာ ကြည့်ကြပေတော့။

ဒါနဲ့ သူဟာ သူ့ခေါင်းကို နံရံနဲ့ဆောင့်ပြီး ဝမ်းနည်းပက်လက် ငိုကြွေးရှာတယ်။ အဲဒီလို ငိုလေ နားရွက်က ရှည်ထွက်လာလေပဲတဲ့။ အပေါ်ဘက်ကလည်း အမွေးတွေ ပေါက်လာကြသတဲ့။ အဲဒီအချိန်မှာ သူ့အပေါ်ထပ်မှာနေတဲ့ ရှဥ့်ကလေးက ငိုသံကြားတာနဲ့ ဘာများပါလိမ့်ဆိုပြီး အောက်ကိုဆင်းကြည့်တဲ့အခါ ပီနိုချီယိုငိုနေတာကို တွေ့ရတယ်။

ဒီအခါ ရှဥ့်ကလေးက စိုးရိမ်တကြီးနဲ့ မေးလိုက်တယ်။

'ဘယ်လိုများ ဖြစ်နေတာလဲ မိတ်ဆွေ'

'ကျွန်တော် ဖျားနေလို့ပါ၊ အဖျားက တော်တော်ပြင်းတယ်၊ မိတ်ဆွေ အဖျားများ စမ်းတတ်ပါသလား'

'ဟုတ်ကဲ့၊ ဖြစ်ပါလိမ့်မယ်'

'ဒါဖြင့် ကျွန်တော့်ကို ကျေးဇူးပြုပြီး စမ်းကြည့်ပါလား'

ရှဥ့်ကလေးက ပီနိုချီယိုရဲ့ လက်ကောက်ဝတ်ကို ဆုပ်ကိုင်ပြီး သက်မတစ်ချက် ချလိုက်တယ်။

'မိတ်ဆွေ ပြောရမှာတောင် စိတ်မကောင်းပါဘူး'

'ဘာဖြစ်လို့လဲ'

'မိတ်ဆွေ အဖျားက တော်တော်ကြီးတယ်'

'ဘယ်လိုအဖျားမျိုးပါလဲ'

'မြည်းဖျား'

'ဟင် မြည်းဖျားဟုတ်လား၊ ကျွန်တော် တစ်ခါမှ မကြားဖူးပါဘူး'

'ဒါဖြင့် ကျုပ်ပြောပြမယ်၊ ဒီအဖျားမျိုး ဖျားလာရင် မိတ်ဆွေဟာ နောက်နှစ်နာရီ သုံးနာရီအတွင်းမှာ ဒီဘဝနဲ့ မနေရတော့ဘူး'

'ဘယ်လိုဖြစ်မှာလဲဟင်'

'နှစ်နာရီ သုံးနာရီအတွင်းမှာ မြည်းဘဝ ရောက်သွားလိမ့်မယ်၊ လှည်းဆွဲ၊ အမှိုက်သယ်၊ ကုန်စိမ်းသယ်တဲ့ မြည်းတွေလို ဖြစ်လာလိမ့်မယ်'

'အံမယ်လေး၊ ဘုရားဘုရား ငါ့အဖြစ်က ဆိုးလှပါကလား'

ပီနိုချီယိုဟာ သူ့နှာခေါင်းကို လက်နှစ်ဘက်နဲ့ ဆွဲလိမ်ကုတ်ဖဲ့ပြီး ညည်းလိုက်တယ်။ ဒီအခါ ရှဉ့်ကလေးက နှစ်သိမ့်စကား ပြောရှာတယ်။

'မိတ်ဆွေ အခုလိုလာဖြစ်တာဟာ ကံတရားအတိုင်း ဖြစ်လာတာပါ၊ စာသင်ကျောင်းတို့၊ ကျောင်းဆရာတို့၊ ကျောင်းစာအုပ်တို့ကို ကျောခိုင်းပြီး အပျော်အပါးနဲ့ ကစားဖို့သာ မက်နေကြတဲ့ လူပျင်းကလေးတွေကို ဘုရားသခင်က ဒဏ်ခတ်တာပါ။ အဲဒီလို အပျင်းကြီးတဲ့ ကလေးတွေဟာ နောက်ဆုံးမှာ အနေးနဲ့အမြန် မြည်းတွေ ဖြစ်သွားကြရမှာပဲ'

'ဒါ တကယ်အမှန်ပဲလား'

'တကယ်အမှန်ပဲ၊ မလွဲမသွေ ဖြစ်လာရမယ့် အမှန်တရားပဲ၊ ဒီတော့ ငိုနေလို့ အလကားပဲ၊ တစ်နေ့ ဒီလိုဖြစ်လာတတ်တယ်ဆိုတာ မိတ်ဆွေ အစောကြီးကတည်းက စဉ်းစားခဲ့ဖို့ကောင်းတာ၊ ခုတော့ ဘယ်လိုမှ လုပ်လို့မရတော့ဘူး၊ သိပ်ပြီး နောက်ကျသွားပြီ'

'ဒါပေမယ့် ဒီလိုဖြစ်ရတာ ကျွန်တော့်အပြစ် မဟုတ်ပါဘူး၊ မီးစာလုပ်လို့ ဖြစ်ရတာပါ'

'မီးစာဆိုတာက ဘယ်သူလဲ'

'ကျွန်တော့်ရဲ့ ကျောင်းနေဘက် သူငယ်ချင်းတစ်ယောက်ပါ၊ ကျွန်တော်က အိမ်ပြန်ပြီး ကျောင်းတက်သွားမယ်လို့ စိတ်ကူးထားတာ၊ ဒါပေမယ့် သူက အလကား ပင်ပန်းခံပြီး စာသင်မနေပါနဲ့ကွာ၊





ကျောင်းတက်ရတာ ပျင်းစရာကောင်းပါတယ်၊ ချမ်းမြေ့ရိပ်မြုံကိုသာ ငါနဲ့လိုက်ခဲ့စမ်းပါ၊ အဲဒီမှာက ဘာကျောင်းမှလည်း မရှိဘူး၊ ဘာစာမှလည်း သင်စရာမလိုဘူး၊ တစ်နေ့လုံး ပျော်ပျော်ပါးပါး ကစားနေရုံပဲလို့ ပြောတာနဲ့ ဒီကိုလိုက်လာခဲ့မိတာပါ'

'အင်း...မိတ်ဆွေက သူများပြောတာ နားထောင်ပြီး လိုက်လာမိတာကိုး၊ အယောင်ဆောင် မိတ်ဆွေတုတွေရဲ့ စကားကို မယုံသင့်ဘူး မိတ်ဆွေ'

'ဟုတ်ပါတယ်၊ ကျွန်တော်မိုက်လို့ ဖြစ်ရတာပါ၊ ကျွန်တော်သာ လိမ္မာခဲ့ရင် ဒီလိုဖြစ်မှာ မဟုတ်ဘူး၊ အခုတော့ ကျွန်တော့်ကို သားအရင်းလိုချစ်တဲ့ နတ်သမီးကလေးရဲ့စကားကို နားမထောင်ဘဲ လိုက်လာခဲ့လို့ ဒုက္ခတွေ့နေရပြီ။ နတ်သမီးကလေးရဲ့စကားကိုသာ နားထောင်ခဲ့ရင် ကျွန်တော်ဟာ ဒီအချိန်မှာ ရုပ်သေးရုပ်ကလေး မဟုတ်တော့ဘဲ တကယ့်လူသားကလေးတစ်ယောက် ဖြစ်နေပြီ။ ဒီလိုဖြစ်ရတာ မီးစာကြောင့်၊ မီးစာကြောင့်၊ ဒီကောင့်ကို မတွေ့တွေ့အောင် လိုက်ရှာမယ်၊ တွေ့ရင်တော့လား မလွယ်ဘူးသာ မှတ်ပေတော့'

သူ အဲဒီလိုပြောပြီး လှည့်ထွက်လာတယ်။ ဒါပေမယ့် တံခါးဝရောက်တော့ သူ့နားရွက်ကို သွားပြီး သတိရတယ်။ မြည်းနားရွက်ကြီးနဲ့ အပြင်ထွက်ရင် ရှက်စရာကြီး။ အဲဒီတော့ သူက ဘာလုပ်တယ်မှတ်သလဲ။ ဂွမ်းဦးထုပ်ကြီးတစ်လုံးယူပြီး နှာခေါင်းဖုံးလုနီးပါး ခေါင်းပေါ်က ဆောင်းချလိုက်သတဲ့။

အဲဒီနောက် အပြင်ထွက်လာခဲ့ပြီး မီးစာကို လိုက်ရှာတယ်။ လမ်းထဲ ပန်းခြံထဲ ပြပွဲရုံထဲ နေရာအနှံ့လိုက်ရှာတယ်။ ဒါပေမယ့် ဘယ်နေရာမှ မတွေ့ဘူး။ တွေ့သမျှ လူတွေကို မေးကြည့်တော့လည်း ဘယ်သူမှ မီးစာနဲ့ မတွေ့ကြဘူး။ နောက်ဆုံးတော့ သူ အိမ်ကို လိုက်သွားတယ်။ အပြင်က တံခါးခေါက်လိုက်တယ်။

'ဒေါက် ဒေါက်'

'ဘယ်သူလဲ'

မီးစာက အိမ်ထဲက လှမ်းမေးတယ်။

'ငါပါကွ၊ ပီနိချီယိုပါ'

'အေး...ခဏစောင့်ပါဦးကွာ'

ခဏဆိုပြီး စောင့်နေလိုက်တာ နာရီဝက်လောက်ကြာတော့မှ တံခါးပွင့်လာတယ်။ ပီနိချီယို အိမ်ထဲဝင်လာခဲ့တယ်။

မီးစာလည်း သူ့လိုပဲ နားခေါင်းဖုံးတဲ့အထိ ဂွမ်းဦးထုပ်ကြီး ဆောင်းထားတာ တွေ့လိုက်ရတော့ ပီနိချီယို သိပ်ပြီး အံ့အားသင့်သွားတာပေါ့။ အင်း သူလည်း ငါ့လိုပဲ မြည်းဖျား ဖျားနေပြီနဲ့ တူတယ် လို့ တွေးမိပြီး သူ့စိတ်ထဲမှာ တော်တော်ကလေး ကျေနပ်သွားမိတယ်။ ဒါပေမယ့် သူက မသိချင်ယောင်ဆောင်ပြီး ခပ်ပြုံးပြုံးနဲ့ မေးလိုက်တယ်။

'ဘယ့်နှယ် သူငယ်ချင်း နေကောင်းတယ်နော်'

'ကောင်းပါ့ကွာ၊ ကောင်းသမှ ဒေါင်ဒေါင်မြည်အောင် ကောင်းပါတယ်'

'ဟုတ်မှဟုတ်ရဲ့လား ကိုယ့်လူရာ'

'ဟုတ်ပါတယ်ကွ၊ ငါက မင်းကို ညာပြောရမှာလား'

'အေးကွာ၊ ဒါပေမယ့် စိတ်တော့မရှိပါနဲ့၊ မင်း ဒီဦးထုပ်ကြီးက ဘာဖြစ်လို့ ဆောင်းထားရတာလဲ၊ နားရွက်တွေတောင် ဖုံးလို့ပါလား'

'ဩော် ဒါက ငါ ဒူးခေါင်းနာလို့ ဆရာဝန်က လုပ်ပေးထားတာပါ။ ဒါနဲ့ မင်းမှာလည်း ဦးထုပ်ကြီးနဲ့ပါလား'

'အို...အင်း ငါလည်း ညို့သကျည်း ဒဏ်ရာနည်းနည်းရသွားလို့ ဆရာဝန်က လုပ်ပေးထားတာကွ'

'ဖြစ်မှဖြစ်ရလေ ပီနိချီယိုရယ်'

'ဖြစ်မှဖြစ်ရလေ မီးစာရယ်'

အဲဒီနောက် နှစ်ယောက်စလုံး စကားမပြောဘဲ တစ်ယောက်မျက်နှာတစ်ယောက် စေ့စေ့ကြည့်ရင်း ငြိမ်နေကြတယ်။ အတော်ကလေး





ကြာတော့မှ ပီနိချီယိုက မျက်နှာချိုသွေးပြီး အသံချိုချိုကလေးနဲ့ မေးလိုက်တယ်။

'စိတ်တော့မရှိပါနဲ့ သူငယ်ချင်းရာ၊ ငါ သိပ်ပြီးသိချင်လို့ မေးကြည့်တာပါ၊ မင်းနားရွက်မှာ ရောဂါတစ်ခုခုများ ဖြစ်နေတာလားဟင်'

'ဟင့်အင်း မဖြစ်ပါဘူး၊ ဘာရောဂါမှ မဖြစ်ပါဘူးကွ။ ဒါနဲ့ မင်းကရော ဖြစ်နေလို့လား'

'အေးကွာ၊ ဒီနေ့မနက် အိပ်ရာကထလာတော့ ငါ့နားထဲက ကိုက်ချင်သလိုလို ခံစားရတယ်ကွာ'

'အေး ဟုတ်တယ်၊ ငါလဲပဲ မင်းလိုပဲ ခံစားရတယ်ကွ'

'ဟင် ဟုတ်လား၊ ဒါနဲ့ ဘယ်နားရွက်က ဖြစ်တာလဲဟင်'

'နှစ်ဖက်စလုံးပဲကွ၊ မင်းမှာရော'

'ငါ့မှာလည်း နှစ်ဖက်စလုံးပဲကွ၊ တို့နှစ်ယောက်ဖြစ်တာ ရောဂါတစ်မျိုးတည်းများလားကွာ'

'ဟုတ်လိမ့်မယ်ကွ'

'ဒါဖြင့် မင့် ငါ့ကို တစ်ခုလောက် ကူညီစမ်းပါ သူငယ်ချင်းရာ'

'ဘာများလဲကွာ၊ ပြောသာပြောစမ်းပါ၊ ငါအတတ်နိုင်ဆုံး ကူညီပါ့မယ်ကွာ'

'တခြားတော့မဟုတ်ပါဘူးကွာ၊ မင်းနားရွက်ကို ငါကြည့်ချင်လို့ပါ'

'ဟာ ဒါများကွာ၊ သိပ်ရတာပေါ့၊ ဒါပေမယ့် ဒီလိုလုပ်ကွာ၊ မင်းနားရွက်ကို အရင်ပြ၊ ပြီးတော့မှ ငါ့နားရွက်ပြမယ် ဟုတ်လား'

'အို မင်းဟာ အရင်ပြကွာ'

'မလုပ်ပါနဲ့၊ မင်းပဲအရင်ပြစမ်းပါ၊ ပြီးတော့ ငါ့နားရွက်ပြပါ့မယ်'

'ကဲ ဒါဆို တို့နှစ်ယောက် သဘောတူ သူမနှာ ကိုယ်မနှာ လုပ်ကြမယ်ကွာ'

'ဘယ်လိုလုပ်မလဲ ပြောပါ'

'တို့နှစ်ယောက်စလုံး ဦးထုပ်တွေကို တစ်ပြိုင်တည်း ချွတ်ပြကြမယ်၊ သဘောတူသလား'

'တူတယ်'

'ကဲ ဒါဖြင့် အသင့်ပြင်'

ပီနိုချိုယိုက အသံကျယ်ကျယ်နဲ့ 'တစ်၊ နှစ်၊ သုံး' 'သုံး'လည်း ရောက်ရော နှစ်ယောက်စလုံး ဦးထုပ်တွေ ပြိုင်တူချွတ်ပြီး အပေါ် မြှောက်ပြလိုက်ကြတယ်။ အဲဒီမှာ မယုံကြည်နိုင်လောက်တဲ့ အခြေအနေတစ်ရပ် ဖြစ်ပေါ်လာခဲ့တယ်။ ဘယ်လိုဖြစ်သလဲဆိုတော့ အဲဒီလို နှစ်ယောက်စလုံး ဦးထုပ်တွေ ချွတ်လိုက်တော့ နှစ်ယောက်စလုံးပဲ တူညီတဲ့ ကြမ္မာဆိုးကို ခံစားနေရကြောင်း သိလိုက်ကြရတော့တာပေါ့။ ဒီအခါ သူတို့နှစ်ယောက်စလုံး ဘာမှ ရှက်မနေကြတော့ဘဲ နားရွက်တွေကို ရှုံ့လိုက်ကားလိုက် လုပ်ပြပြီး တစ်ယောက်ကိုတစ်ယောက် ကြည့်ရင်း ဟားတိုက် ရယ်နေကြတော့သတဲ့။

နှစ်ယောက်သား ရယ်ပြီးရင်း ရယ်ရင်း ရယ်နေလိုက်ကြတာ အူနာလွန်းလို့ ဗိုက်ကိုတောင် နှိပ်ထားကြရသတဲ့။ အဲဒီလို ဟားတိုက် ရယ်နေကြတုန်း ဖြုန်းဆို ဆိုင်းမဆင့် ဗုံမဆင့်ဘဲ မီးစာဟာ ရုတ်တရက် အရယ်ရပ်လိုက်တယ်။ လူလည်း ကယိုင်ကပါးဖြစ်သွားတယ်။ ပြီးတော့ သူက မျက်နှာ ဖြူဖပ်ဖြူရော်နဲ့ 'ဟာ ပီနိုချိုယို လုပ်ပါဦး လုပ်ပါဦး'လို့ အော်ပြောလိုက်တယ်။

'ဟင် ဘာဖြစ်သွားတာလဲဟင်'

'ဘာဖြစ်သွားမှန်းမသိဘူး၊ ငါ ရပ်လို့မရတော့ဘူး'

'ဟာ ငါလည်း မင်းလိုပဲကွာ၊ ရပ်လို့မရတော့ဘူး'

ပီနိုချိုယိုကလည်း ယိုင်တီယိုင်တိုင်နဲ့ ပြန်ပြောလိုက်တယ်။

ဒီလိုနဲ့ နှစ်ယောက်သား ပြောနေရင်း ဆိုနေရင်းကပဲ ကြမ်းပြင်ပေါ် ခွေယိုင်လဲကျသွားကြတော့သတဲ့။ အဲဒီနောက်တော့ လက်ရော ခြေရော





လေးဖက်ထောက်ပြီး အခန်းထဲ လှည့်ပတ်ပြေးနေကြတော့တယ်။ အဲဒီလို အခန်းထဲ လေးဖက်ထောက်ပြီး ပြေးနေတုန်းမှာပဲ သူတို့လက်တွေဟာ ခြေထောက်တွေ ဖြစ်သွားကြတယ်။ မျက်နှာတွေက ရှည်မျောမျောနဲ့ မြည်းမျက်နှာလို အမွေးတွေပေါက်ပြီး အနက်ကွက်တွေ ပေါ်လာကြတယ်။

ဒါပေမယ့် ကံဆိုးလှတဲ့ ဒီကလေးနှစ်ယောက်အဖို့ အဆိုးဆုံးနဲ့ ရှက်စရာအကောင်းဆုံး ဖြစ်ရပ်တစ်ခု ထပ်ပြီး ပေါ်လာပြန်တယ်။ အဲဒါကတော့ အမြီးတွေ ပေါက်လာခြင်းပါပဲ။

သူတို့ကိုယ်က အမြီးပေါက်လာတာ တွေ့ရတော့ နှစ်ယောက်သား ရှက်ရှက်နဲ့ ချုံးပွဲချပြီး ငိုယိုကြသတဲ့။

ဒါနဲ့ မပြီးသေးဘူး၊ သူတို့နှစ်ယောက်ဟာ ပါးစပ်ကလည်း မြည်းလို ဟီးဟော ဟီးဟောနဲ့ ဟီကြသေးသတဲ့။ အဲဒီလို အခြေအနေ ရှိနေတုန်း တံခါးခေါက်သံနဲ့အတူ အသံတစ်သံ ထွက်ပေါ်လာတယ်။

'တံခါးဖွင့်စမ်းပါဟေ့၊ ငါ ရထားထိန်းပါ၊ မြန်မြန်ဖွင့်စမ်းပါ၊ နို့မဟုတ်ရင် မင်းတို့အတွက် ပိုဆိုးသွားလိမ့်မယ်'

[၃၃]

## ပင်လယ်ထဲပစ်ချခံရခြင်း

တံခါးပွင့်မလာတာနဲ့ ရထားထိန်းက စိတ်မရှည်တော့ဘဲ ခြေထောက်နဲ့ ကန်ဖွင့်လိုက်တယ်။ ပြီးတော့ သူ့စရိုက်အတိုင်း တဟဲဟဲနဲ့ ရယ်ပြီး ပြောလိုက်တယ်။

'ဟဲ…ဟဲ မင်းတို့ မဆိုးဘူး၊ တော်တော် အဟီကောင်းသားပဲ၊ မင်းတို့ဟီသံ ငါ ချက်ချင်းမှတ်မိပါတယ်။ မင်းတို့ ဘယ်မှ ပြေးမလွတ်နိုင်ပါဘူး။ ဟဲ…ဟဲ'

ရထားထိန်းရဲ့စကားကို ကြားလိုက်တာနဲ့ တစ်ပြိုင်နက် မြည်းကလေး နှစ်ကောင် အမြီးကုပ်ပြီး ခေါင်းငိုက်စိုက်နဲ့ ငြိမ်နေကြတော့တယ်။ ရထားထိန်းက သူတို့ကို တယုတယ လက်နဲ့ ပွတ်သပ်ပေးနေတယ်။ ပြီးတော့ အမွေးတွေကို ဝက်မှင်ဘီးနဲ့ သေသေချာချာ ဖြီးပေးပြီး ဇက်ကြိုးတပ်ပေးသတဲ့။





အဲဒီနောက်တော့ သူတို့နှစ်ယောက်ကို ဈေးမှာရောင်းဖို့ ဆွဲခေါ်လာခဲ့တယ်။ ဈေးထဲမှာ မြည်းဝယ်မဲ့လူတွေ အမြဲတမ်းရှိသတဲ့။ ဈေးရောက်တော့ အဆင်သင့်ပဲ ဝယ်သူတွေ့ရတယ်။ မီးစာကို လယ်သမားကြီးတစ်ယောက်က ဝယ်လိုက်တယ်။ အရင် သူ့မှာရှိတဲ့ မြည်းကမနေ့ကပဲ သေသွားသတဲ့။ ပီနိုချီယိုကိုတော့ ဆပ်ကပ်ဆရာ တစ်ယောက်က ဝယ်လိုက်တယ်။ ဆပ်ကပ်ထဲမှာ တခြားတိရစ္ဆာန်တွေနဲ့ အတူ အကမျိုးစုံ သင်ပေးမလို့တဲ့။

ဒါနဲ့ ရထားထိန်းအကြောင်းကို ဖြတ်ပြီး ပြောရဦးမယ်။ သူဘာတွေလုပ်နေတယ်မှတ်သလဲ။ တကယ်တော့ ဒီလူက တကယ့်လူလည် လူယုတ်မာကြီးတစ်ယောက်ပဲ။ သူဟာ မြည်းရထားတစ်စီးနဲ့ တစ်ပြည်လုံးလျှောက်ပြီး လည်နေတယ်။ ပြီးတော့ ကျောင်းမတက်ချင် စာမသင်ချင်တဲ့ ကလေးတွေကို အမျိုးမျိုး မြူဆွယ်ဖြားယောင်းပြီး 'ချမ်းမြေ့ရိပ်မြုံ'ကို သူ့ရထားနဲ့ တင်ခေါ် လာတယ်။ ကလေးတွေဟာ ချမ်းမြေ့ရိပ်မြုံရောက်တော့ တစ်နေကုန် မြူးတူးကစားရင်း အပျော်ကြီးပျော်ပြီး ဘဝကို မေ့နေကြတော့တာပေါ့။ ဒီလိုနဲ့ သူတို့တစ်တွေဟာ မြည်းဘဝကို ရောက်သွားကြတဲ့အခါ ရထားထိန်းက သူတို့ကို ဈေးမှာ ရောင်းတယ်။ ဒီနည်းနဲ့ပဲ မကြာခင်မှာ ရထားထိန်းဟာ အလွန်ချမ်းသာတဲ့ သူဌေးကြီး ဖြစ်လာခဲ့တော့တာပေါ့။

ကဲ…မီးစာနဲ့ ပီနိုချီယိုတို့အကြောင်း ဆက်ကြဦးစို့။

မီးစာတစ်ယောက် လယ်သမားကြီးဆီ ရောက်သွားပြီး ဘယ်လိုဖြစ်နေတယ် ဆိုတာတော့ မသိတော့ဘူး။ ဒါပေမယ့် ပီနိုချီယိုကလေးရဲ့ ဘဝကတော့ ငရဲကိုရောက်တာနဲ့ ဘာမှမခြားဘူးလို့တောင် ပြောရလိမ့်မယ်။ သူ့ကို ဆပ်ကပ်ဆရာက မြင်းဇောင်းထဲ ဆွဲခေါ်လာခဲ့ပြီး ကောက်ရိုးတွေ ကျွေးတယ်။ ပီနိုချီယိုက တစ်လုတ်မြည်းကြည့်ပြီး ပြန်ထွေးပစ်လိုက်တယ်။

ဒါနဲ့ ဆပ်ကပ်ဆရာက ဆဲဆိုကြိမ်းမောင်းပြီး အစာခွက်ထဲမှာ မြက်ခြောက်ထည့်ပြီး ကျွေးပြန်တယ်။ မြက်ခြောက်ကိုလည်း ပီနိုချီယိုက မစားဘူး။ ပြန်ထွေးပစ်လိုက်တယ်။ ဒီအခါ ဆပ်ကပ်ဆရာက စိတ်ဆိုးဆိုးနဲ့…

'အိုး…မင်းက မြက်ခြောက်ကိုတောင် မစားဘဲကိုး၊ တယ်လာတဲ့ အကောင်ပါလား၊ မင်းက သူများထက် ထူးချင်တယ်ပေါ့လေ၊ ဒီလိုဆိုတော့ မင်းကို သူများထက် ထူးထူးခြားခြားဆက်ဆံရမှာပေါ့ ဟုတ်လား'

ဒီအခါ ဆပ်ကပ်ဆရာက ပီနိုချီယိုရဲ့ ခြေထောက်ကို ကျာပွတ်နဲ့ ခပ်ဆတ်ဆတ်ကလေး ရိုက်လိုက်တယ်။

'ဟီး ဟောဟော၊ ဟီး ဟော ဟော၊ ကောက်ရိုးစားရင် ကျွန်တော် အစာမကျေလို့ပါ'

ပီနိုချီယိုက နာလွန်းလို့ ငိုပြီး ပြောရှာတယ်။

'ဒါဖြင့် မြက်ခြောက်စား'

မြည်းစကား နားလည်တဲ့ ဆပ်ကပ်ဆရာက ပြန်ပြောလိုက်တယ်။

'ဟီး ဟော ဟော မြက်ခြောက်စားရင်လည်း ဗိုက်နာလို့ပါ'

'အံမယ် မင်းက ကြီးကျယ်လိုက်တာ၊ ငါက မင်းကို ကြက်သားကြော် ကျွေးမယ် မှတ်လို့လားကွ၊ ကဲ…ဒါဖြင့် ရှော့စား'

သူက အဲဒီလိုပြောပြီး ကျာပွတ်နဲ့ ရိုက်လိုက်ပြန်တယ်။

အဲဒီလို ဒုတိယအကြိမ် အရိုက်ခံရတဲ့အခါ ငြိမ်နေတာက သက်သာလိမ့်မယ်လို့ တွေးမိပြီး ပီနိုချီယိုက ဘာမှပြန်မပြောတော့ဘူးတဲ့။

ဒီနောက် မြင်းဇောင်းတံခါးတွေ ပိတ်သွားတယ်။ မြင်းဇောင်းထဲမှာ ပီနိုချီယိုတစ်ယောက်တည်း ကျန်ရစ်တော့တယ်။ သူဟာ ဘာအစာမှ မစားဘဲ တော်တော်ကြာကြာ တင်းခံနေသေးတယ်။ နောက်တော့ ဆာလွန်းလို့ မနေနိုင်တော့တာနဲ့ မျက်လုံးမှိတ်ပြီး ရှိတာကိုပဲ ကြိတ်မှိတ် စားရတော့တာပေါ့။





'အင်း မြက်ခြောက်က ဆိုးတော့ မဆိုးပါဘူး၊ ဒါပေမယ့် ငါသာ ကျောင်းမပြေးဘဲ အေးအေးဆေးဆေး စာသင်နေခဲ့ရင် ဒီအဖြစ်မျိုးနဲ့ ကြုံရမှာ မဟုတ်ဘူး။ အစားကောင်း အသောက်ကောင်းတွေစားပြီး ဇိမ်နဲ့နေရမှာပဲ'

ဒီလိုနဲ့ပဲ တစ်ညတာ ကုန်လွန်သွားခဲ့သတဲ့။ မနက်မိုးလင်းလာတော့ ဆာလာပြန်တယ်။ ဒါနဲ့ မြက်ခြောက်ရှာကြည့်တော့ ဘာမှ မရှိတော့ဘူး။ ရှိသမျှ မြက်ခြောက်တွေကို ညတုန်းက အကုန်စားပစ်ခဲ့တာကိုး။

ဒါနဲ့ ကောက်ရိုးတစ်လုတ် စားကြည့်လိုက်တယ်။ ဒီတော့မှ မီလန်က ထမင်း၊ နေပယ်က ခေါက်ဆွဲတို့နဲ့ ကောက်ရိုး အကွာကြီး ကွာခြားတာကို သိရတော့တယ်။ သူက ကောက်ရိုးကို တမြုံ့မြုံ့စားရင်း ကိုယ့်ကိုယ်ကို နှစ်သိမ့်နေမိတယ်။

'အင်း…ကံတရားအတိုင်းပဲပေါ့၊ ဖြစ်လာတဲ့ဘဝကို ခါးစည်းခံရမှာပဲ၊ ဘာပဲဖြစ်ဖြစ် ငါ့အတွေ့အကြုံတွေဟာ စာသင်ဖို့ ပျင်းကြတဲ့ ဘခြားကလေးတွေအတွက်တော့ သင်ခန်းစာကောင်းကြီး ဖြစ်ပါလိမ့်မယ်။ သည်းခံ ပီနိုချီယို၊ သည်းခံ သည်းခံ'

'ဟေ့…ဘာတွေ ပြောနေတာလဲ' အဲဒီအချိန်မှာ မြင်းဇောင်းထဲ ဝင်လာတဲ့ ဆပ်ကပ်ဆရာက အော်ပြီး မေးလိုက်တယ်။ 'မင်းကို ငါ ဝယ်လာတာ အစာကျွေးဖို့သက်သက် ဝယ်လာတာ မဟုတ်ဘူးကွ၊ ဝက်ဆံရအောင် အလုပ်ခိုင်းဖို့ ဝယ်ရတာ။ ဒီတော့ ကဲ…လာ၊ မင်းကို ဆပ်ကပ်ပညာတွေ အစုံသင်ပေးရမယ်'

ဒီလိုနဲ့ ပီနိုချီယိုကလေးဟာ တခြားတိရစ္ဆာန်တွေနဲ့အတူ ဆပ်ကပ်ပညာမျိုးစုံကို သုံးလတိတိ သင်ယူရတယ်။ အဲဒီသုံးလအတွင်း ကျာပွတ်နဲ့ အရိုက်ခံရတာလည်း အကြိမ်ပေါင်းမနည်းဘူးတဲ့။

နောက်ဆုံးတော့ ဆပ်ကပ်ပွဲကြီး ကျင်းပမယ့်နေ့ကို ရောက်လာခဲ့တယ်။ လမ်းထောင့်တွေမှာ ရောင်စုံ ကြော်ငြာကားချပ်ကြီးတွေ ကပ်ထားတယ်။

**အံ့ဖွယ် ဆပ်ကပ်ပွဲတော်ကြီး**

ယနေ့ည

*ဆပ်ကပ်ပညာရှင်များနှင့် တိရစ္ဆာန်မျိုးစုံတို့၏*

*သည်းထိတ်ရင်ဖို အံ့ဖွယ်လုပ်ရှားမှုများကို*

*ရင်သပ်ရှုမော ကြည့်ရှုကြရပါမည်။*

**အထူး**

*'အကဆူပါစတား' မြည်းကလေး ပီနိုချီယို၏ ပွဲဦးထွက်*

*လှုပ်ရှားမှုများကိုလည်း အထူးတလည်*

*ရှုစားကြရပါမည်*

*ပွဲရုံကြီးအတွင်း မီးရောင်စုံများ တခမ်းတနား ထွန်းထားပါမည်။*

ဆပ်ကပ်ပွဲကို လူတွေ လာလိုက်ကြတာ ပွဲမစခင် တစ်နာရီကတည်းက ရုံပြည့်သွားတယ်။ ကုလားထိုင် တစ်နေရာရဖို့အတွက် ရွှေနဲ့ဝယ်တောင် မရနိုင်တော့ဘူးတဲ့။ မြည်းကလေးပီနိုချီယိုရဲ့ အကကို ကြည့်ချင်ကြတဲ့ ကလေးတွေဟာ ပွဲခင်းထဲမှာ တင်းကျမ်း ပြည့်ကျပ်နေသတဲ့။

ဒါနဲ့ ပထမအခန်း ပြီးသွားတဲ့အခါ ဆပ်ကပ်ဆရာဟာ ပရိသတ်ရှေ့ကို ထွက်လာတယ်။ သူဟာ အနက်ရောင်ကုတ်အင်္ကျီနဲ့ အဖြူရောင်ကိုယ်ကျပ်အင်္ကျီတို့ကို ဝတ်ပြီး ဒူးဆစ်အထိရောက်တဲ့ ဘွတ်ဖိနပ်ကို စီးထားတယ်။ သူက ပရိသတ်ကို ဦးညွတ်အလေးပြုပြီး မိတ်ဆက်စကား ပြောတယ်။

'ဂုဏ်သရေရှိ လူကြီးမင်းများ၊ အမျိုးသမီးများနဲ့ ရွှေပွဲလာ ပရိသတ်များ ခင်ဗျား...





အခုအချိန်ကစပြီး လေးစားအပ်တဲ့ ဂုဏ်သရေရှိ ပရိသတ်များရှေ့မှောက်မှာ နာမည်ကျော် မြည်းကလေးရဲ့ အဆန်းတကြယ် ကကွက်များကို တခမ်းတနား တင်ဆက်ပါတော့မယ်။ ဒီမြည်းကလေးဟာ ဆိုရင် ဥရောပတိုက်ရဲ့ နိုင်ငံအသီးသီးက ဧကရာဇ်ဘုရင်မင်းမြတ်များရဲ့ ရှေ့တော်မှောက်မှာ ကပြအသုံးတော်ခံခဲ့ပြီးတဲ့ ကမ္ဘာကျော် မြည်းကလေး ဖြစ်ပါတယ် ခင်ဗျား။

ကျွန်တော်တို့ ဆပ်ကပ်ပွဲကို အခုလို လာရောက်အားပေးတဲ့အတွက် အထူးပဲ ကျေးဇူးတင်ကြောင်း ပြောကြားလိုပါတယ်။

တစ်ချိန်တည်းမှာ ကျွန်တော်တို့အပေါ် စေတနာထားပြီး စိတ်ဝင်စားမှုနဲ့ ငြိမ်ငြိမ်သက်သက် ရှုစားတော်မူကြပါရန်လည်း အထူးတလည် မေတ္တာရပ်ခံလိုပါတယ် ခင်ဗျား။ ပြီးတော့ ကျွန်တော်တို့ဘက်က လစ်ဟင်းမှုများ၊ ဟာကွက်များ တွေ့ရှိခဲ့ပါလျှင် အပြစ်မမြင်ဘဲ မေတ္တာဖြင့် ခွင့်လွှတ်ကြပါလို့ အနူးအညွတ်တောင်းပန်ပါတယ် ခင်ဗျား'

မိတ်ဆက်စကား ဆုံးသွားတဲ့အခါ ပရိသတ်က လက်ခုပ်တီးပြီး တစ်ခဲနက်သြဘာပေးကြတယ်။ ဇာတ်ခုံပေါ်ကို မြည်းကလေး ပီနိုချီယို ရောက်လာတဲ့အချိန်မှာတော့ ပရိသတ်ရဲ့ လက်ခုပ်သြဘာသံဟာ ရုံကွဲမတတ် ဆူညံသွားတော့တယ်။

မြည်းကလေးကို အရောင်တလက်လက် တောက်နေတဲ့ သားရေဇက်ကြိုး၊ ကြေးခါးပတ်၊ ကြေးလည်ပတ်တွေနဲ့ တခမ်းတနား အလှဆင်ထားပြီး နားရွက် တစ်ဖက်စီရဲ့ နောက်မှာလည်း အဖြူရောင် ဖယောင်းပန်းတစ်ပွင့်စီ ပန်ထားတယ်။

ပြီးတော့ ရွှေရောင်နဲ့ ငွေရောင် ပိုးသားအပြားပေါ်မှာ သူ့နာမည် စာလုံးတွေကို အဖြူရောင် ပိုးသားတွန့် ပန်းပွားတွေနဲ့ လုပ်ထားပြီး သူ့ကိုယ်ပေါ်မှာ ပတ်စည်းထားတယ်။ အမြီးကိုတော့ အနီနဲ့ အပြာရောင် ကတ္တီပါစတွေနဲ့ အလှဆင်ထားတယ်။ တိုတိုပြောရရင်တော့ မြည်းကလေးကို ပွဲထုတ်ဖို့အတွက် အစွမ်းကုန်အလှဆင်

ထားတယ် ဆိုပါတော့။ ဆပ်ကပ်ဆရာဟာ မြည်းကလေးကို ပရိတ်ရှေ့သို့ ပွဲထုတ်လာပြီး...

'လေးစားအပ်တဲ့ ဂုဏ်သရေရှိ ရွှေပွဲလာမင်းပရိသတ်များ ခင်ဗျား၊ ဒီမြည်းကလေးနဲ့ပတ်သက်ပြီး ကျွန်တော် စကားနည်းနည်း ပြောပါရစေ၊ ဒီမြည်းကလေးဟာ လူကြီးမင်းများသိထားဖို့က အရိုင်းတိရစ္ဆာန်တစ်ကောင် ဖြစ်ပါတယ်။ သူဟာ ပူပြင်းခြောက်သွေ့တဲ့ ဒေသကတောထဲတောင်ထဲမှာ အရိုင်းအစိုင်းအဖြစ်နဲ့ ပေါက်လွှတ်ပဲစား နေလာခဲ့တဲ့ တိရစ္ဆာန်ဖြစ်ပါတယ်။ အဲဒီအရိုင်းတိရစ္ဆာန်ကို ဖမ်းယူပြီး အမျိုးမျိုး လေ့ကျင့်သင်ကြားပေးပြီးတော့မှ အခုလို လူကြီးမင်းများ ရှေ့မှောက်မှာ တင်ဆက်နိုင်တဲ့အဆင့်အထိရောက်လာအောင် လုပ်ဆောင်ရာမှာ အခက်အခဲပေါင်း မြောက်မြားစွာနဲ့ ရင်ဆိုင်ခဲ့ရပါတယ်ဆိုတာကို ကျွန်တော် အပိုမပြောလိုပါဘူး။ အမှန်အတိုင်းပဲ ရိုးရိုးသားသား တင်ပြ အစီရင်ခံလိုပါတယ် ခင်ဗျား။

ကျေးဇူးပြုပြီး သူ့မျက်လုံးကို ကြည့်ကြပါခင်ဗျား၊ ရိုင်းစိုင်းတဲ့ လက္ခဏာတွေ ပေါ်နေတယ်ဆိုတာ အထင်အရှား မြင်ကြရပါတယ်။ ဒါကြောင့်မို့ သူ့ကို ယဉ်ကျေးအောင် သင်ပြတဲ့အခါ ကျွန်တော့်အနေနဲ့ မလုပ်ချင်တဲ့အလုပ်ကို မျက်စိမှိတ်ပြီး ဇွတ်လုပ်ခဲ့ရပါတယ်။ မရိုက်ချင်ဘဲ ရိုက်နှက်ဆုံးမခဲ့ရပါတယ် ခင်ဗျား။

ကျွန်တော်က သူ့အပေါ်မှာ မေတ္တာထားပြီး သင်ကြားဆုံးမခဲ့ပေမယ့် သူဟာ အရိုင်းအစိုင်းတို့ရဲ့ စရိုက်အတိုင်း တစ်နေ့ထက်တစ်နေ့ ပိုလို့သာ ရိုင်းစိုင်းလာခဲ့ပါတယ်။ ဒါပေမယ့် ရှေးဟောင်း ဂေါလလူမျိုးများရဲ့ နည်းစနစ်တစ်ရပ်ကို အသုံးပြုပြီး သူ့ကို ယဉ်ကျေးအောင် သင်ပြနိုင်ခဲ့ပါတယ်။ အဲဒီနည်းကတော့ သူ့ရဲ့ ဦးထိပ်ခွံထဲမှာရှိတဲ့ အဖုအကြိတ်ကလေးဟာ သက်ရှိတွေရဲ့ စိတ်ဓာတ်ကို ပြောင်းလဲအောင် လုပ်တဲ့ အဓိက ကိရိယာဖြစ်တယ်လို့ ပြင်သစ်ပြည်သမားတော်များ အဖွဲ့က တွေ့ရှိချက်ပဲ ဖြစ်ပါတယ်။





ဒါကြောင့်မို့ ကျွန်တော်ဟာ အဲဒီနည်းလမ်းကို အသုံးပြုပြီး ဒီမြင်းရိုင်းကလေးကို ကတတ် ခုန်တတ်၊ ကျွမ်းထိုးတတ်အောင် သင်ပြနိုင်ခဲ့ခြင်း ဖြစ်ပါတယ်။

အခုအချိန်ကစပြီး မြည်းလိမ်မာကလေးရဲ့ အနုပညာတွေကို ရှုစားကြပါ၊ သုံးသပ်ကြပါခင်ဗျား၊ တစ်ဆက်တည်းနဲ့ အစီရင်ခံချင်တာကတော့ မနက်ဖြန်မှာလည်း ဆပ်ကပ်ပွဲရှိတာမို့ ဆက်ဆက်လာရောက် ရှုစားအားပေးကြပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ် ခင်ဗျား။ သို့သော်လည်း မနက်ဖြန်ညပိုင်းမှာ မိုးရွာမယ့်အခြေအနေရှိရင်တော့ ဆပ်ကပ်ပွဲကို နေ့လယ် ဆယ့်နှစ်နာရီမှာ ပြသမှာ ဖြစ်ပါတယ် ခင်ဗျား'

ဒီနောက်တော့ ဆပ်ကပ်ဆရာက ပရိသတ်ကို ဦးညွှတ်အလေးပြုလိုက်ပြီးတော့ ပီနိုချီယိုဘက်သို့ လှမ်းပြောလိုက်တယ်။

'ကဲ...ပီနိုချီယို မင်းရဲ့အနုပညာတွေနဲ့ မဖြေဖျော်ခင် လေးစားအပ်တဲ့ ပရိသတ်ကို ဦးညွှတ်ပြီး အရိုအသေပြုလုပ်စမ်း၊ ဂုဏ်သရေရှိ လူကြီးမင်းများ၊ အမျိုးသမီးများနဲ့ ကလေးများ ရှုစားကြပါ ခင်ဗျား'

ဒီအခါ ပီနိုချီယိုဟာ ရှေ့ခြေနှစ်ချောင်းကိုကွေးပြီး ပရိသတ်ကို ဒူးထောက် အလေးပြုလိုက်တယ်။ အဲဒီနောက် ဆပ်ကပ်ဆရာက ကျာပွတ်ကို တစ်ချက်ဝှေ့ပြီး အမိန့်ပေးလိုက်တယ်။

'လမ်းလျှောက်ပြစမ်း'

မြည်းကလေးဟာ ဒူးထောက်နေရာက ပြန်ထပြီး ဇာတ်ခုံပေါ်မှာ တစ်ပတ် လမ်းလျှောက်ပြတယ်။

'ခုန်ဆွခုန်ဆွ လျှောက်ပြစမ်း'

ပီနိုချီယိုဟာ ခိုင်းတဲ့အတိုင်း ခုန်ဆွခုန်ဆွ လျှောက်ပြလိုက်ပြန်တယ်။

'ကိုင်း ဒုန်းစိုင်းပြလိုက်ပါဦး'

ပီနိုချီယိုက ဒုန်းစိုင်းပြီး ပြေးပြလိုက်ပြန်တယ်။

'ရိုးရိုးအမြန်ပြေးပြပါဦး'

ပီနိချီယိုက အားသွန်ပြီး စွတ်ပြေးတယ်။

ဒီအချိန်မှာ ဆပ်ကပ်ဆရာက သူ့လက်ကို အပေါ်မြှောက်ပြီး သေနတ်တစ်ချက် ပစ်ဖောက်လိုက်တယ်၊ ဒီအခါ မြည်းကလေးဟာ သူ့ကို သေနတ်မှန်သွားဟန်နဲ့ ဇာတ်ခုံပေါ် ပစ်လှဲပြီး သေဟန်ဆောင်နေလိုက်တယ်။

ပရိသတ်ရဲ့ လက်ခုပ်သံဟာ တစ်ရုံလုံး ပွက်ပွက်ညံသွားတော့တယ်။ လက်ခုပ်သံမစဲခင်မှာပဲ မြည်းကလေးဟာ လဲနေရာက ပြန်ထလာတယ်။ ပြီးတော့ ခေါင်းမော့ပြီး ပရိသတ်ကို လှမ်းကြည့်လိုက်တယ်။

ဒီအခါ သူဟာ ပရိသတ်ထဲက ထိုင်ခုံတစ်ခုမှာ ထိုင်နေတဲ့ လှပတဲ့ အမျိုးသမီးတစ်ယောက်ကို ရုတ်တရက် လှမ်းမြင်လိုက်ရသတဲ့။ အမျိုးသမီးရဲ့ လည်ပင်းမှာ ရွှေဆွဲကြိုးကြီး ဆွဲထားတယ်။ ဆွဲကြိုးက ရွှေပြားပေါ်မှာ ရုပ်သေးရုပ်ကလေးရဲ့ ပုံတူရုပ်ပုံပါသတဲ့။

ဒါနဲ့ ပီနိချီယိုရဲ့ စိတ်ထဲမှာ 'အဲဒီပုံဟာ ငါ့ရုပ်ပုံပဲ၊ အမျိုးသမီးဟာလည်း နတ်သမီးကလေးပဲ၊'လို့ တွေးလိုက်ပြီး 'အို နတ်သမီးကလေး၊ နတ်သမီးကလေး'ဆိုပြီး အော်ခေါ်လိုက်မိတယ်။

ဒါပေမယ့် သူ့ပါးစပ်ကတော့ 'ဟီး ဟော ဟော ဟီး ဟော ဟော'ဆိုတဲ့ မြည်းဟည်သံပဲ ထွက်ပေါ်လာသတဲ့။ ဒီအခါ ပွဲကြည့်ပရိသတ်တွေက ဝါးခနဲ ရယ်လိုက်ကြတယ်။ အထူးသဖြင့် ကလေးတွေက ပိုပြီး ရယ်ကြသတဲ့။ အဲဒီနောက် ပရိသတ်ရှေ့မှာ ဒီလိုဟီးပြတာ ရိုင်းရာကျတယ်ဆိုပြီး ဆပ်ကပ်ဆရာက မြည်းကလေးရဲ့ နှာခေါင်းကို ကျာပွတ်ရိုးနဲ့ ခပ်ဆတ်ဆတ်ကလေး တစ်ချက် ခေါက်လိုက်သတဲ့။

မြည်းကလေးဟာ နာလွန်းလို့ လျှာကို အရှည်ကြီးထုတ်ပြီး သူ့နှာခေါင်းကို လေးငါးချက်လောက် ပွတ်နေရှာတယ်။

အဲဒီနောက် စောစောကထိုင်ခုံကို ပြန်ကြည့်လိုက်တဲ့အခါ ထိုင်ခုံပေါ်မှာ နတ်သမီးကလေးကို မတွေ့ရတော့ဘူးတဲ့။ နတ်သမီးကလေးဟာ ပီနိချီယိုရဲ့ သနားစရာအဖြစ်ကိုကြည့်ပြီး စိတ်မချမ်းသာတာနဲ့





ပြန်သွားရှာတာ ဖြစ်မှာပေါ့။ ဒါနဲ့ ပီနိချီယိုဟာ ဝမ်းနည်းလွန်းလို့ ကျိတ်ပြီး ငိုရှာတယ်။ ဒါပေမယ့် သူငိုတာကို ဘယ်သူမှ မရိပ်မိကြဘူးတဲ့။ ဆပ်ကပ်ဆရာက ကျာပွတ်ကို တစ်ချက်ဝှေ့ယမ်းပြီး အမိန့်ပေးလိုက်ပြန်တယ်။

'ကဲ...ယောကျ်ားဘသား၊ နောက်တစ်မျိုး လုပ်ပြလိုက်ပါဦး၊ လိမ့်နေတဲ့ သံကွင်းကို ခုန်ပြလိုက်စမ်း'

ပီနိချီယိုဟာ နှစ်ကြိမ်သုံးကြိမ် ကြိုးစားပြီး ခုန်တယ်။ ဒါပေမယ့် အကြိမ်တိုင်း သံကွင်းထဲကချည်း ဝင်ဝင်သွားတယ်။ ဒါနဲ့ နောက်တစ်ကြိမ် ကြိုးစားပြီးခုန်လိုက်တဲ့အခါ သံကွင်းနဲ့ခြေထောက်နဲ့ ငြိပြီး ဇာတ်ခုံပေါ် လဲကျသွားရှာတော့တယ်။

သူ ပြန်ထလိုက်တော့ ခြေထောက်တစ်ဖက် နာသွားတာကို တွေ့ရတယ်။ သူ့ခမျာ ဇာတ်ခုံနောက်က မြင်းဇောင်းကို ထော့နင်းထော့နင်းနဲ့ ကြိုးစားပြီး လာခဲ့ရရှာတယ်။

ဒီအခါ မြည်းကလေးကို သနားသွားကြတဲ့ ကလေးတွေက...

'ပီနိချီယိုကို ပြန်ပြီး ပွဲထုတ်ပါ၊ မြည်းကလေးကို ပြန်ထုတ်ပါ' လို့ အော်ဟစ်ပြီး တောင်းဆိုကြတယ်။

ဒါပေမယ့် အဲဒီညမှာတော့ မြည်းကလေးဟာ ဇာတ်ခုံပေါ်ကို လုံးဝ ထွက်မလာတော့ပါဘူး။ နောက်နေ့မနက်ကျတော့ တိရစ္ဆာန်ဆေးကုဆရာဝန်ရောက်လာပြီး ပီနိချီယိုကို စမ်းသပ်စစ်ဆေးကြည့်တယ်။ သူ့ခြေထောက်က ဘယ်တော့မှ ပြန်မကောင်းနိုင်တော့ဘူး၊ တစ်သက်လုံး ခြေတစ်ဖက် ထော့နင်း ထော့နင်းနဲ့ လမ်းလျှောက်ရတော့မယ်လို့ ဆရာဝန်က မှတ်ချက်ချလိုက်တယ်။

အဲဒီအခါ ဆပ်ကပ်ဆရာက မြင်းဇောင်းထိန်း လူငယ်ကလေးကို ခေါ်ပြီး ပြောတယ်။

'ဒီခြေကျိုးနေတဲ့မြင်းကို ငါ ဘာလုပ်ရမှာလဲ၊ သူ့ကို အလကားကျွေးမထားနိုင်ဘူး၊ ဒီတော့ ဈေးယူသွားပြီး ရောင်းသာပစ်လိုက်တော့'

ဒါနဲ့ မြည်းထိန်းလူငယ်ကလေးက ပီနိချီယိုကို ဈေးကို ဆွဲခေါ်လာခဲ့တယ်။ ဝယ်မယ့်လူနဲ့ အဆင်သင့်ပဲတွေ့ရတယ်။ ဝယ်မယ့်သူက...


'ဒီခြေကျိုးမြည်းကို ဘယ်လောက်နဲ့ရောင်းမှာလဲ' လို့ မေးတဲ့အခါ မြည်းထိန်းလူငယ်က 'ငါးကျပ်ရရင် ရောင်းမယ်' လို့ ပြန်ပြောလိုက်တယ်။

'ငါးကျပ်တော့ မပေးနိုင်ဘူး၊ ငါးပြားပဲပေးမယ်၊ သူ့ကိုဝယ်လည်း ဘာမှ သိပ်ပြီး အသုံးမဝင်ပါဘူး၊ ကျုပ်က သူ့အရေခွံကို လိုချင်လို့ ဝယ်တာပါ၊ သူ့အရေခွံက တော်တော်ထူတယ်၊ အဲဒါ ရပ်ကွက်ထဲက တီးဝိုင်းအတွက် အိုးစည်တစ်လုံးလုပ်ချင်လို့ ဝယ်တာပါ'

သူ့အရေခွံခွာပြီး၊ အိုးစည်လုပ်တော့မယ်လို့ သိရတဲ့အခါ ပီနိချီယိုကလေး ဘယ်လောက်ကြောက်ရွံ့လိမ့်မလဲဆိုတာ တွေးလို့သာကြည့်ကြပေတော့။ ဒါနဲ့ ရောင်းသူဝယ်သူ သဘောတူ ပိုက်ဆံချေပြီးတဲ့နောက်မှာ ပိုင်ရှင်သစ်ဟာ ပီနိချီယိုကလေးကို ပင်လယ်ကမ်းခြေက ကျောက်ဆောင်တစ်ခုပေါ်ကို ခေါ်လာခဲ့သတဲ့။ ပြီးတော့ သူ့လည်ပင်းမှာ ကျောက်ခဲတစ်လုံးဆွဲပြီး ခြေတစ်ဘက်ကိုတော့ ကြိုးနဲ့ချည်လိုက်တယ်။

အဲဒီနောက်တော့ ပီနိချီယိုကို ပယ်လယ်ထဲ တွန်းချလိုက်တယ်။ ဒီအခါမှာ ပီနိချီယိုဟာ လည်ပင်းက ကျောက်ခဲဆွဲထားတာကြောင့် ရေအောက်ကြမ်းပြင်အထိ စုပ်ခနဲမြုပ်သွားရှာတယ်။

အဲဒီအခါမှာ ပိုင်ရှင်သစ်ကတော့ ကျောက်ဆောင်ပေါ်မှာ ထိုင်ပြီး ကြိုးစကို ကိုင်ထားရင်း ပီနိချီယိုကလေး ပြန်ပေါ်လာမယ့်အချိန်ကို စိမ်ပြေနပြေ စောင့်ထိုင်နေတော့တာပေါ့ကွယ်။



[၃၄]

## ငါးမန်းကြီး အမျိုခံရခြင်း

မြည်းကလေးဟာ ရေထဲမှာ တစ်နာရီလောက် ကြာသွားတဲ့အခါ ပိုင်ရှင်သစ်က...

'ဒီလောက်ဆိုရင် ဒီမြည်းကလေးတော့ ရေနစ်ပြီး သေလောက်ပြီ၊ သူ့ကို ပြန်ဆွဲတင်မှပဲ' လို့ တွေးမိသတဲ့။

ဒါနဲ့ သူဟာ မြည်းခြေထောက်မှာချည်ထားတဲ့ ကြိုးကို ဆွဲတင်တယ်။ ဆွဲပြီးရင်း ဆွဲရင်း ဆွဲတော့ နောက်ဆုံးမှာ ရေမျက်နှာပြင်ပေါ်ကို ဘာပေါ်လာတယ်ထင်သလဲ မှန်းကြည့်ကြပါ။

မြည်းသေကောင်ကလေး ပေါ်လာမယ်လို့ ထင်ကြမှာပေါ့။ အဲဒီလို မဟုတ်ပါဘူး။ မြည်းသေကောင်ကလေး မပေါ်လာဘဲ အသက်ရှင်နေသေးတဲ့ ရုပ်သေးရုပ်ကလေးသာ ငါးရှဉ့်တစ်ကောင်လို ထွန့်ထွန့်လူးပြီး ကြိုးတန်းလန်းနဲ့ ပေါ်လာသတဲ့။

ရုပ်သေးရုပ်ကလေးကို တွေ့လိုက်ရတော့ ပိုင်ရှင်သစ်ဟာ သူ့မျက်စိ သူမယုံနိုင်အောင်ဖြစ်ပြီး အိပ်မက်များ မက်နေသလားလို့တောင် ထင်သွားမိသတဲ့။ သူဟာ မျက်စိမျက်ဆံပွတ်ပြီး ပါးစပ်အဟောင်းသားနဲ့ အံ့သြနေရာက သတိပြန်ဝင်လာပြီး...

'ဘုရားရေ ငါ ရေထဲပစ်ချလိုက်တဲ့ မြည်းကလေး ဘယ်ရောက်သွားပါလိမ့်၊ မြည်းကလေး ဘယ်ရောက်သွားပါလိမ့်'လို့ တိုးတိုးညည်းလိုက်တယ်။

အဲဒီအခါ ပီနိုချီယိုက ရယ်မောပြီး...

'အဲဒီမြည်းကလေးဟာ ကျွန်တော်ပဲပေါ့'

'ဟင်...မင်း'

'ဟုတ်ပါတယ်၊ ကျွန်တော်ပါပဲ'

'ဟေ့...လူမိုက်ကလေး၊ မင့် ငါ့ကို နောက်ပြောင်နေတာလား'

'ကျွန်တော် မနောက်ပါဘူးခင်ဗျာ၊ တကယ်ပြောနေတာပါ'

'ဒါဆို စောစောကပဲ မြည်းကလေးဖြစ်နေသေးတာ၊ အခု ဘယ်လိုလုပ်ပြီး သစ်သားရုပ်ကလေး ဖြစ်သွားရတာလဲ'

'ဒါက ပင်လယ်ရေကြောင့် ဖြစ်သွားတာပါ၊ တစ်ခါတလေ ဒီလိုပဲဖြစ်တတ်ပါတယ်'

'ဟေ့...အရုပ်ကလေး၊ စကားပြောတာ ကြည့်ပြောစမ်းပါ၊ ငါ့ကို မနောက်စမ်းပါနဲ့၊ ငါစိတ်ဆိုးလာရင် မင်းဒုက္ခရောက်သွားလိမ့်မယ်'

'ကျွန်တော် တကယ်မနောက်ပါဘူးခင်ဗျာ၊ လူကြီးမင်းမယုံရင် ကျွန်တော့်အဖြစ်အပျက်ကို အမှန်အတိုင်း ပြောပြပါ့မယ်၊ ကျွန်တော့်ခြေထောက်မှာချည်ထားတဲ့ ကြိုးကိုသာ မြန်မြန်ဖြေပေးပါ'

ပိုင်ရှင်က အဖြစ်ဆန်းကို သိပ်ပြီးသိချင်တာနဲ့ ကြိုးကို မြန်မြန်ဆန်ဆန် ဖြေပေးလိုက်တယ်။ ဒီအခါ ပီနိုချီယိုက သူ့အဖြစ်အပျက်ကို စီကာပတ်ကုံး ပြန်လည်ပြောပြတယ်။

'ကျွန်တော်ဟာ အခုလိုပဲ အရင်ကတည်းက ရုပ်သေးရုပ်ကလေးပါ။ တခြားကလေးတွေလိုပဲ လူသားစစ်စစ် ပြန်ဖြစ်တော့မယ့်ဆဲဆဲပါ။





ဒါပေမယ့် ကျွန်တော်က စာမသင်ချင်ဘူး၊ မကောင်းတဲ့ အပေါင်းအသင်းတွေပြောတာ ယုံကြည်ပြီး အိမ်က ထွက်ပြေးတယ်၊ တစ်နေ့မှာ အိပ်ရာက နိုးလာတော့ ကျွန်တော့်မှာ မြည်းနားရွက်နဲ့ မြည်းအမြီးတွေ ပေါက်နေတာ တွေ့ရတယ်။ ကျွန်တော် ရှက်လိုက်တာ မပြောပါနဲ့တော့၊ ဒါနဲ့ ကျွန်တော့်ပိုင်ရှင်က ကျွန်တော့်ကို ဈေးခေါ်သွားပြီး ဆပ်ကပ်ဆရာကို ရောင်းလိုက်တယ်။ ဆပ်ကပ်ဆရာက ကျွန်တော့်ကို အခုန်အကတွေ သင်ပေးတယ်။ ဒါပေမယ့် တစ်ညမှာ ခုန်ပေါက်ကပြနေတုန်း ချော်လဲပြီး ခြေတစ်ဖက်ကျိုးသွားပါတယ်။ ဒါနဲ့ ခြေကျိုးနေတဲ့ မြည်းဟာ ဘာမှအသုံးမဝင်တော့ဘူးဆိုပြီး ကျွန်တော့်ကို ပြန်ရောင်းလိုက်လို့ အခုလို လူကြီးမင်းဆီ ရောက်လာခဲ့ရတာဖြစ်ပါတယ်'

'ဟုတ်ပြီ၊ ငါ သဘောပေါက်ပြီ၊ မင်းကို ငါ ပိုက်ဆံငါးပြားနဲ့ ဝယ်ခဲ့ရတာ၊ ဒီတော့ အဲဒီပိုက်ဆံ ငါ့ကို ဘယ်သူက ပြန်ပေးမှာလဲ'

'လူကြီးမင်းက ကျွန်တော့်ကို ဘာလုပ်ဖို့ဝယ်တာလဲ၊ ကျွန်တော့်အရေကို အိုးစည်လုပ်ဖို့ ဝယ်တာမဟုတ်လား'

'ဟုတ်တယ်၊ အိုးစည်လုပ်ဖို့ဝယ်တာ၊ အခု ငါ ဘယ်လိုလုပ်ရတော့မှာလဲ။ နောက်ထပ် မြည်းသားရေ ဘယ်ကလာရနိုင်မှာလဲ'

'စိတ်မပျက်ပါနဲ့ခင်ဗျာ၊ တခြားမြည်းတွေ အများကြီး ရှိပါသေးတယ်'

'ဒါနဲ့ မင်းဇာတ်လမ်းက ဒါပဲလား'

'မဟုတ်ပါဘူးခင်ဗျာ၊ နောက်ထပ်နည်းနည်း ပြောစရာကျန်ပါသေးတယ်။ စောစောကပြောခဲ့သလို လူကြီးမင်းက ကျွန်တော့်ကို ဝယ်ပြီးတဲ့နောက် ကျွန်တော့်ကို သတ်မလို့ ဒီနေရာကို ခေါ်လာခဲ့တယ်။ အဲဒီနောက် လူကြီးမင်းက ကျွန်တော့်ကို သနားတာနဲ့ လည်ပင်းမှာ ခဲဆွဲပြီး ရေထဲပစ်ချလိုက်တယ်။ ကျွန်တော့်ကို လူကြီးမင်းကိုယ်တိုင် မသတ်ဘဲ အခုလို သက်ညှာတာကို ကျွန်တော် အများကြီးကျေးဇူး

တင်ပါတယ်။ ဒါပေမယ့် နတ်သမီးကလေး မကူညီရင်တော့ ဒီလိုဖြစ်လာမှာ မဟုတ်ပါဘူး'

'နတ်သမီးကလေးဆိုတာက ဘယ်သူလဲ'

'ကျွန်တော့်မေမေပါ၊ မေမေဟာ တခြားမေမေတွေအားလုံးလိုပဲ ကလေးတွေကို သိပ်ပြီး ချစ်ပါတယ်။ ကလေးတွေကို မျက်ခြည်မပြတ်စောင့်ကြည့်နေပြီး ဒုက္ခရောက်တိုင်းလည်း အမြဲတမ်းကူညီတတ်ပါတယ်။ အိမ်ပြေးလိုက်၊ ကျောင်းပြေးလိုက်နဲ့ ပေတေဆိုးသွမ်းနေတဲ့ကလေးတွေကိုတောင် မေတ္တာစိတ်နဲ့ ကူညီတတ်ပါတယ်။ အခုလည်းပဲ ကျွန်တော်ဟာ ရေထဲနစ်သွားပြီး သေတော့မယ်ဆိုတာကို နတ်သမီးကလေး မြင်တာနဲ့ တစ်ပြိုင်နက် ထောင်နဲ့ချီပြီး ပါဝင်တဲ့ ငါးတစ်အုပ်ကို ကျွန်တော့်ဆီ ချက်ချင်းလွှတ်လိုက်ပါတယ်။

ဒီအခါ ငါးတွေက ကျွန်တော်ဟာ မြည်းသေတစ်ကောင်ပဲ ဆိုပြီး အလုအယက် ဝိုင်းတွတ်ကြပါတော့တယ်။ ကျွန်တော့်အနေနဲ့ ဘယ်လောက် အခံရခက်လိမ့်မယ်ဆိုတာ တွေးသာကြည့်ပေတော့။ ကျွန်တော်ကတော့ ဒီငါးတွေဟာ ကလေးဆိုးတွေလောက် ကြောက်စရာကောင်းလိမ့်မယ်လို့ ဘယ်တော့မှမထင်ခဲ့ဘူး။ အခုတော့ ဆိုးလိုက်တာ မပြောနဲ့တော့။ တချို့ ငါးတွေက ကျွန်တော့်နားရွက်ကို ကိုက်စားကြပါတယ်၊ တချို့က မျက်နှာတစ်ပြင်လုံး ဝိုင်းဟပ်ပြီး အလုအယက်စားကြတယ်။ တချို့က လည်ပင်း၊ တချို့က လည်ဆံမွေး၊ တချို့က ခြေထောက်တွေ စားကြတယ်၊ တချို့က အရေခွံကို ခွာစားကြတယ်၊ ငါးတစ်ကောင်ကဆိုရင် အမြီးကိုတောင် စားပါတယ်'

ပီနိုချီယိုရဲ့စကားကို ကြားရတော့ ပိုင်ရှင်သစ်ဟာ အံ့အားကြီးသင့်သွားတယ်။

'ဟာ ဒီလိုဆို ငါတော့ တစ်သက်လုံး ဘယ်ငါးမှ မစားတော့ဘူး။ အဆင်မသင့်ရင် ငါးတစ်ကောင်ကောင်ရဲ့ဝမ်းထဲမှာ မင်းအမြီးကို တွေ့ချင်တွေ့နိုင်တယ်'

ဒီအခါ ပီနိုချီယိုက ရယ်ပြီး...





'အဲဒါ မှန်ပါတယ်၊ ဒါနဲ့ ဆက်ပြောရင် ငါးတွေက အဲဒီလို ကျွန်တော့်တစ်ကိုယ်လုံးမှာရှိတဲ့ မြည်းရဲ့ အင်္ဂါအစိတ်အပိုင်းတွေကို ဝိုင်းပြီး စားပစ်လိုက်ကြတော့ နောက်ဆုံး အရိုးပဲကျန်တော့တယ် ဆိုပါတော့။ တကယ်တော့ အဲဒီအရိုးဆိုတာကလည်း သစ်သားပါပဲ။ ဘာဖြစ်လို့လည်းဆိုတော့ ကျွန်တော်က သစ်မာသားနဲ့ လုပ်ထားတဲ့ အရုပ်ကလေးကိုး၊ ဒီလိုနဲ့ ငါးတွေက သစ်သားစားကြည့်ကြတော့ စားစရာမဟုတ်မှန်း သိသွားကြတဲ့အခါ ကျွန်တော့်အနားက အားလုံး ပြန်ထွက်သွားကြတော့တာပေါ့။ ကျေးဇူးတင်စကားတောင် တစ်ကောင်မှ မပြောသွားကြပါဘူး။ ဒါကြောင့်မို့ လူကြီးမင်းက ကြိုးကိုဆွဲတင်လိုက်တဲ့အခါ မြင်းသေကောင်ပါမလာဘဲ ရုပ်သေးရုပ်ကလေးပဲ ပါလာတာပေါ့။

အဲဒီအခါ ပိုင်ရှင်သစ်က စိတ်ဆိုးဆိုးနဲ့ ပြန်ပြောလိုက်တယ်။

'ဖွတ်သရိုး မင်းဇာတ်လမ်းက အလကား ယုံတမ်းစကားပဲ၊ ဒါပေမယ့် ဘာပဲဖြစ်ဖြစ် ငါက မင်းကို ငါးပြားနဲ့ဝယ်ခဲ့ရတာ၊ ငါ့ပိုက်ဆံ ပြန်ရမှဖြစ်မယ်။ ဟုတ်ပြီ၊ ငါသိပြီ၊ မင်းကို ဈေးခေါ်သွားပြီး ပြန်ရောင်းရမယ်။ ထင်းဆိုက်ချင်တဲ့လူတွေ ဝယ်ကြလိမ့်မယ်'

'ဟုတ်ကဲ့၊ ကြိုက်သလိုသာလုပ်ပါ၊ ကျွန်တော် ဂရုမစိုက်ပါဘူး'

ပီနိုချီယိုက အဲဒီလိုပြောပြီး ရေထဲကို စုပ်ခနဲ ပြန်ပြီးခုန်ချလိုက်သတဲ့။ ပြီးတော့ သူဟာ တအားကူးခတ်သွားရင်း ပိုင်ရှင်သစ်ဘက်ကို လှည့်ပြီး အော်ပြောလိုက်တယ်။

'ကဲ သွားလိုက်ပါဦးမယ် ခင်ဗျား၊ လူကြီးမင်း အိုးစည်လုပ်ချင်တဲ့အခါမှာသာ ကျွန်တော့်ကိုမမေ့ပါနဲ့'

သူဟာ ရယ်မောပြီး ဆက်ကူးခတ်လာခဲ့တယ်။ တော်တော်လှမ်းလှမ်း ရောက်တဲ့အခါ တစ်ခါပြန်လှည့်ပြီး အော်ပြောလိုက်ပြန်တယ်။

'နှုတ်ဆက်ခဲ့ပါတယ် ခင်ဗျား၊ လူကြီးမင်း မီးဆိုက်ဖို့ ထင်းလိုချင်တဲ့အခါမှာသာ ကျွန်တော့်ကိုမမေ့ပါနဲ့ ခင်ဗျား'

မျက်တောင်တစ်ခတ်အတွင်းမှာပဲ ပီနိချီယိုဟာ ပင်လယ်ပြင် အဝေးကြီးကို ရောက်လာခဲ့တယ်။ ကမ်းပေါ်ကလှမ်းကြည့်ရင် သူ့ကို အမည်းစက်ကလေး တစ်စက်လောက်သာ မြင်နိုင်တော့တယ်။ တစ်ခါ တလေတော့ ခြေထောက်ကလေးပေါ်လာလိုက် လက်ကလေး ပေါ်လာ လိုက်နဲ့ ရေထဲမှာကူးခတ်နေတာတွေ့ရတယ်။

ဒီလိုနဲ့ သူဟာ ဘာရည်မှန်းချက်မှမရှိဘဲ ဦးတည်ရာကို ကူးခတ် လာခဲ့တယ်။ အတော်ကလေးကြာတော့ ရေထဲမှာ ကျောက်ဖြူတုံး ကြီးနဲ့တူတဲ့ ကျောက်ဆောင်တစ်ဆောင်ကို ရုတ်တရက် လှမ်းမြင် လိုက်ရသတဲ့။ ကျောက်ဆောင်ထက်မှာတော့ ဆိတ်ကလေးတစ်ကောင် တပက်ပက်နဲ့ အော်မြည်ရင်း ပီနိချီယိုကို အချက်ပြ ခေါ်နေသတဲ့။

ဆိတ်ကလေးရဲ့ အမွေးတွေဟာ တခြား ဆိတ်တွေလို အဖြူနဲ့ အမည်း မဟုတ်ဘဲ အပြာရောင် ဖြစ်နေသတဲ့။

ဆိတ်ကလေးကို ရုတ်တရက်မြင်လိုက်တော့ ပီနိချီယိုဟာ ရင် တွေတောင် ခုန်လာမိတယ်။ ဒါနဲ့ သူက စိတ်ကိုတင်းပြီး ကျောက် ဆောင်ဆီကို ကူးခတ်လာခဲ့တယ်။ ခရီးတစ်ဝက်လောက် ရောက်လာတဲ့ အခါ ရေမျက်နှာပြင်ပေါ်မှာ ခေါင်းဖော်ပြီး သူ့ဆီကို အပြင်းကူးခတ် လာတဲ့ သတ္တဝါကြီးတစ်ကောင်ကို ဖြုန်းခနဲတွေ့လိုက်ရတော့သတဲ့။ အဲဒီသတ္တဝါကြီးဟာ သွားကြီးတွေပေါ်အောင် ပါးစပ်ကြီးကို တအား ဖြဲပြီး သွေးရူးသွေးတန်းနဲ့ အလျင်အမြန်ကူးခတ်လာတယ်။

အဲဒီသတ္တဝါကြီးဟာ ဘာကောင်ဖြစ်မယ်လို့ ထင်ကြသလဲ။ တခြားသတ္တဝါမဟုတ်ပါဘူး။ ဒီပုံပြင်ထဲမှာ ရှေ့ပိုင်းက မကြာခဏ ပြောပြခဲ့ပြီးတဲ့ ရေမငါးမန်းကြီးပါပဲ။ အဲဒီငါးမန်းကြီးဟာ တွေ့သမျှ ကို အငမ်းမရ လိုက်စားတယ်။ ဒါကြောင့် တံငါသည်တွေက 'ငါး ဘီလူးကြီး'လို့ နာမည်ပေးထားကြသတဲ့။

ပီနိချီယိုကလေးဟာ ငါးမန်းကြီးကို မြင်လိုက်တော့ ရုတ်တရက် အသက်ထွက်သွားတော့မတတ် ကြောက်သွားမိတယ်။ ဒါနဲ့ သူဟာ သူ့ဆီ ငါးမန်းကြီး မလာနိုင်အောင် လမ်းလွှဲပြီး ကြောက်အားလန့်အား





နဲ့ ကူးခတ်နေတယ်။ ငါးမန်းကြီးကလည်း သူ့ပါးစပ်ကြီး အစွမ်းကုန် ဟပြီး မြားတစ်စင်းလို တစ်ဟုန်ထိုး လိုက်လာတယ်။ အဲဒီအချိန်မှာ ဆိတ်ကလေးက . . .

'ပီနိချီယို မြန်မြန်ကူး မြန်မြန်ကူး'လို့ လှမ်းပြီး အော်လိုက်တယ်။

ပီနိချီယိုကလည်း ရှိသမျှအားကိုစုပြီး လက်ကုန် ကူးခတ်နေ တယ်။

'ပီနိချီယို မြန်မြန်၊ မြန်မြန်၊ ငါးမန်းကြီး နီးလာပြီ၊ နီးလာပြီ'

ပီနိချီယိုက တအားကျုံးပြီး ကူးခတ်နေတယ်။

'မြန်မြန် မြန်မြန် ငါးမန်းကြီး မီတော့မယ်၊ မီတော့မယ်၊ ဟာ မီလာပြီ မီလာပြီ မြန်မြန် . . .မြန်မြန်'

ပီနိချီယိုဟာ ကြောက်အားလန့်အားနဲ့ အားသွန်ကူးခတ်နေတယ်။ ဒီလိုနဲ့ ကျောက်ဆောင်ကို ရောက်လုရောက်ခင်ဖြစ်လာတယ်။ ဆိတ် ကလေးက ပီနိချီယို လှမ်းဆွဲနိုင်အောင်လို့ သူ့လက်နှစ်ချောင်းကို ရှေ့ကို ကမ်းပေးလိုက်တယ်။ ဒါပေမယ့် မရတော့ပါဘူး၊ နောက်ကျ သွားပြီ။ ငါးမန်းကြီးက ပီနိချီယိုကို မီလာပြီး ကြက်ဥကလေးတစ်လုံးလို သူ့ပါးစပ်ကြီးထဲ မျိုသွင်းလိုက်တော့တယ်။

ငါးမန်းကြီးက ပီနိချီယိုကို အငမ်းမရ မျိုချလိုက်တော့ ပီနိချီယို ဟာ ငါးမန်းကြီးဝမ်းထဲ ရောက်သွားတယ်။ ဒါနဲ့ သူဟာ အသက်ရှူ ကျပ်ပြီး မေ့မျောသွားတော့တယ်။

နောက် တစ်နာရီလောက်ကြာတော့မှ ပီနိချီယို သတိပြန်ရလာ တယ်။ ဒါပေမယ့် သူ ဘယ်နေရာရောက်နေမှန်း မသိဘူး။ ပတ်ဝန်း ကျင် တစ်ခုလုံး မှောင်မည်းနေတယ်။ သူဟာ မင်အိုးထဲရောက်နေသလို သူ့ကို အမှောင်ထုကြီးကသာ လွှမ်းခြုံထားတယ်။ သူ နားစွင့်ကြည့် လိုက်တယ်။ ဘာသံမှမကြားရဘူး။ တစ်ခါတစ်ခါတော့ သူ့မျက်နှာ ကို လေပြင်းက လာလာတိုးတယ်။ ပထမတော့ ဒီလေပြင်းက ဘယ်ကဝင်လာမှန်းမသိဘူး။ နောက်တော့မှ ငါးမန်းကြီးရဲ့အဆုတ်က လာတဲ့ လေမှန်း သတိပြုမိတော့တယ်။ ငါးမန်းကြီးက ပန်းနာရောဂါ

အပြင်းအထန်ခံစားနေရတဲ့အတွက် သူ အသက်ရှူလိုက်ရင် လေပြင်းတိုက်သလို ပြင်းထန်သတဲ့။

ပထမတော့ ပီနိချီယို အားတင်းပါသေးတယ်။ ဒါပေမယ့် သူဟာ ဘယ်လိုမှလွတ်ပေါက်မရှိတော့တဲ့ ငါးမန်းကြီးဝမ်းဗိုက်ထဲ ရောက်နေပြီဆိုတာ သတိရတော့ ဝမ်းနည်းပက်လက်နဲ့ ချုံးပွဲချပြီး ငိုတော့သတဲ့။

'ကျွန်တော့်ကို ကယ်ကြပါ၊ ကယ်ကြပါဦး ကျွန်တော် သေရပါတော့မယ်။ ဟီး...ဟီး...ဟီး'

သူက အဲဒီလို ငိုပြောလိုက်တော့...

'ဟေ့ လူမိုက်ကလေး ခုတော့မှ မင်းကို ဘယ်သူက လာကယ်နိုင်မှာလဲ'လို့ အမှောင်ထဲက အသံတစ်သံ ပေါ်ထွက်လာသတဲ့။

ဒီအခါ ပီနိချီယိုက ကြောက်ကြောက်လန့်လန့်နဲ့...

'ခု စကားပြောနေတာ ဘယ်သူလဲ'လို့ ပြန်မေးလိုက်တယ်။

ဒီတော့ အဲဒီအသံက ပြန်ပြီး...

'ငါပါ တန်းနီးငါးပါ၊ ငါလည်း မင်းလိုပဲရောက်လာတာပဲ၊ ဒါနဲ့ မင်းက ဘာငါးမျိုးလဲ'

'ကျွန်တော်က ငါးမဟုတ်ဘူး၊ ရုပ်သေးကလေးပါ'

'မင်းက ငါးမဟုတ်ရင် ဒီကောင်ကြီးဝမ်းထဲ ဘာဖြစ်လို့ ဝင်လာတာလဲ'

'ကျွန်တော် ဝင်လာတာမဟုတ်ပါဘူး၊ သူကမျိုလို့ ရောက်လာတာပါ။ ဒါနဲ့ ဒီနေရာက တို့ဘယ်လိုပြန်ထွက်ကြမလဲ။ အထဲမှာလည်း မှောင်မည်းနေတာပဲ၊ ဘာမှမမြင်ရဘူး'

'ပြန်ထွက်ဖို့ စိတ်မကူးနဲ့မိတ်ဆွေ၊ ဘယ်လိုမှ မဖြစ်နိုင်ဘူး။ ဒီတော့ ငါးမန်းကြီး အစာချေမယ့်အချိန်ကိုသာ စောင့်ရုံပဲ'

'ဒါပေမယ့် ကျွန်တော်တော့ သူ့အစားမခံချင်ဘူး'

ပီနိချီယိုက အဲဒီလိုပြောပြီး ငိုပြန်တယ်။

ဒီအခါ တန်းနီးငါးက...





'ငါလည်း မင်းလိုပဲပေါ့၊ ဘယ်အစားခံချင်ပါ့မလဲ။ ဒါပေမယ့် ငါကတော့ သေချင်းသေရင် ဆီအိုးထဲမှာ သေရတာထက် အခုလိုရေထဲမှာ သေရတာက ပိုပြီးဂုဏ်ရှိတယ်လို့ထင်တယ်'

'ခင်ဗျားပြောတာ အရူးစကားပဲ'

'ဒါကတော့ ငါ့အယူအဆကိုပြောတာပါ၊ တို့တန်းနီးငါး နိုင်ငံရေးသမားတွေပြောသလို အယူအဆတစ်ခုဆိုတာ လေးစားဖို့တော့ သင့်တယ်'

'ခင်ဗျားအယူအဆ ဘေးချိတ်ထားလိုက်စမ်းပါ။ လောလောဆယ် ဘယ်လိုထွက်ပြေးရမလဲဆိုတာက ပိုအရေးကြီးတယ်။ ကျွန်တော်တော့ ဘယ်နည်းနဲ့ဖြစ်ဖြစ် ထွက်ပြေးမှာပဲ'

'အေးလေ ဒါတော့ မင်းသဘောပေါ့၊ ပြေးနိုင်ရင် ပြေးပေါ့'

'ဒါနဲ့ ဒီငါးကြီးဟာ ဘယ်လောက်ကြီးသလဲကွ'

'သူ့ခန္ဓာကိုယ်ဟာ မိုင်ဝက်မကရှည်တယ်၊ ဒါတောင် အမြီးမပါသေးဘူး'

အဲဒီလို သူတို့ စကားပြောနေတုန်းမှာပဲ ပီနိချီယိုဟာ အဝေးကြီးမှာ အလင်းရောင်တစ်ခုကို ရုတ်တရက်မြင်လိုက်ရသတဲ့၊ ဒါနဲ့ သူက...

'ဟိုအဝေးကြီးမှာ အလင်းရောင်တစ်ခု မြင်တယ်ကွ၊ ဘာများလည်း မသိဘူး'

'တို့လိုပဲ ငါးမန်းကြီး အမျိုခံရတဲ့ အကောင်တစ်ကောင် ဖြစ်မှာပေါ့'

'ငါ သွားကြည့်မယ်ကွာ၊ ကံကောင်းရင် ထွက်ပေါက်ကို သူသိချင် သိနိုင်တယ်'

'ဟုတ်ပါတယ်၊ သွားကြည့်တာ မမှားပါဘူး'

'ကဲ...သွားမယ် တန်းနီး'

'သွားတော့ မိတ်ဆွေ၊ ကံကောင်းပါစေ'

'ဒါနဲ့ ကျွန်တော်တို့ ဘယ်လိုပြန်ဆုံကြမှာလဲ'

'မေးမနေနဲ့၊ ဘယ်သူမှ မပြောနိုင်ဘူး၊ အဲဒီအကြောင်း မစဉ်းစားတာ အကောင်းဆုံးပဲ'

[၃၅]

## ဖခင်နှင့် ပြန်လည်တွေ့ဆုံခြင်း

ပီနိုချီယိုက တန်နီးငါးကလေးကို နှုတ်ဆက်ပြီးလျှင်ပြီးချင်း ငါးမန်းကြီး ဝမ်းဗိုက်ထဲက အမှောင်ထဲမှာ စမ်းပြီး လျှောက်လာခဲ့တယ်။ သူဟာ အဝေးဆီက မှိတ်တုတ်မှိတ်တုတ် လက်နေတဲ့ မီးရောင်ကလေးဆီကို ဦးတည်ပြီး တစ်လှမ်းချင်း လျှောက်လာတယ်။

အဲဒီလို လျှောက်လာရင်း ငါးမန်းကြီး ဗိုက်ထဲက အဆီပြားတွေ၊ အချွဲအကျိတွေကို နင်းမိပြီး မကြာခဏ ချော်လဲတယ်။ ဒီကြားထဲ ငါးကြော်နံ့ကလည်း တထောင်းထောင်းထွက်နေသတဲ့။

သတိနဲ့ ဖြည်းဖြည်းလျှောက်လာရင်း မီးရောင်နဲ့ နီးသည်ထက် နီးလာတယ်။ ဆက်ပြီး လျှောက်လာတယ်။ ဒီလိုနဲ့ နောက်ဆုံးတော့ မီးရောင်အနီးကို ရောက်လာခဲ့တယ်။ သူဘာတွေတွေ့ရတယ်ထင်သလဲ။ တွေးကြည့်ကြစမ်းပါ။





သူဟာ စားပွဲကလေးတစ်လုံး တွေ့ရသတဲ့။ ဖယောင်းတိုင် တစ်ချောင်းကို အစိမ်းရောင်ပုလင်းထဲမှာ စိုက်ပြီး ထွန်းထားသတဲ့။ စားပွဲမှာတော့ အဘိုးအိုတစ်ယောက် ထိုင်နေတယ်။ သူ့ဆံပင်တွေက ဆီးနှင်းလို ဆွတ်ဆွတ်ဖြူနေသတဲ့။ အဘိုးအိုဟာ စားပွဲမှာထိုင်ပြီး ငါးအရှင်တွေကို ကိုက်စားနေသတဲ့။ တစ်ခါတစ်ခါ ငါးတွေဟာ သူ့ ပါးစပ်ထဲက ရုန်းထွက်ပြီး အောက်ကို ကျသွားကြသတဲ့။

ဒီမြင်ကွင်းကို မြင်လိုက်ရတော့ ပီနိုချီယိုဟာ ဝမ်းသာလွန်းလို့ မူးမေ့သွားတော့မလောက်အောင် ဖြစ်သွားသတဲ့။ သူဟာ ရယ်လည်း ရယ်ချင်၊ ငိုလည်းငိုချင်၊ စကားတွေလည်း ဖောင်လောက်အောင် ပြောလိုက်ချင်သတဲ့။ ဒါပေမယ့် စိတ်လှုပ်ရှားလွန်းလို့ ဘာစကားမှ ပီပီသသ မပြောနိုင်တာနဲ့ ဝမ်းသာအားရ အော်ဟစ်ပြီး အဘိုးအိုရဲ့ လည်ပင်းကိုသာ အားရပါးရ ပြေးဖက်လိုက်တော့တယ်။

ပြီးတော့မှ...

'အို ဖေဖေ၊ ဖေဖေနဲ့ပြန်တွေ့ရတာ ဝမ်းသာလိုက်တာ ဖေဖေရယ်၊ နောက်ဆိုရင် ဖေဖေ့ကိုပစ်ပြီး သား ဘယ်ကိုမှ မသွားတော့ပါဘူး၊ တစ်သက်လုံး ဘယ်ကိုမှ မသွားတော့ပါဘူး'

အဲဒီအခါ အဘိုးအိုက မျက်လုံးတွေကို လက်နဲ့ပွတ်ပြီး...

'ဟင်...ငါ့မျက်လုံးတွေက တကယ်မြင်တာမှဟုတ်ရဲ့လား၊ လူကလေး မင်းဟာ ငါ့သားလေး ပီနိုချီယိုမှ တကယ်ဟုတ်ပါရဲ့လား' လို့ ပြန်မေးလိုက်သတဲ့။

ဒီတော့ ပီနိုချီယိုက...

'အို...ကျွန်တော် ပီနိုချီယိုအစစ်ပါ ဖေဖေ၊ ကျွန်တော့်ကို ဖေဖေ စိတ်မဆိုးပါဘူးနော်၊ အို...ဖေဖေရယ်၊ ဖေဖေဟာ ကျွန်တော့်ကို ဒီလောက်တောင် ချစ်ပါလားနော်၊ ကျွန်တော်ဟာ ဖေဖေ့စကားကို နားမထောင်ခဲ့လို့ ဒုက္ခဆင်းရဲတွေ မျိုးစုံကြုံတွေ့ခဲ့ရပါတယ် ဖေဖေ။ ကျွန်တော် အမှားတွေ အများကြီးလုပ်ခဲ့မိပါတယ် ဖေဖေ။ ဖေဖေ့ အင်္ကျီကိုရောင်းပြီး ကျွန်တော့်အတွက် စာအုပ်ဝယ်ပေးတဲ့နေ့မှာပဲ

ကျွန်တော်ဟာ ကျောင်းကိုမသွားဘဲ ရုပ်သေးပွဲ သွားကြည့်မိခဲ့ပါတယ်။ ရုပ်သေးဆရာက ကျွန်တော့်ကို မီးဖိုထဲထည့်မလို့လုပ်ပြီးမှ ရွှေဒင်္ဂါးငါးပြားပေးပြီး ပြန်လွှတ်လိုက်ပါတယ်။

'ကျွန်တော် အိမ်ပြန်လာတော့ လမ်းမှာ မြေခွေးနဲ့ကြောင်တို့ကို တွေ့ပါတယ်၊ ဒါနဲ့ ကဏန်းနီတည်းခိုရိပ်သာမှာ တည်းပြီး ထမင်းဝယ်စားကြပါတယ်။ သူတို့က တဝတပြဲစားသောက်ပြီး ကျွန်တော့်ကို မခေါ်ဘဲ တိတ်တိတ်ကလေး ထွက်သွားကြပါတယ်။ကျွန်တော် သူတို့နောက် ဆက်လိုက်သွားတော့ လမ်းမှာ လူဆိုးတွေနဲ့တွေ့ရပါတယ်။ လူဆိုးတွေက ကျွန်တော့်ကို ကြိုးနဲ့ချည်ပြီး ဝက်သစ်ချပင်ကြီးမှာ တွဲလောင်းကြီး ထားပစ်ခဲ့ကြပါတယ်။

အဲဒီအချိန်မှာ ဆံပင်ပြာနဲ့ မိန်းကလေးက မြင်းရထားလွှတ်ပြီး ကျွန်တော့်ကို ခေါ်ခိုင်းပါတယ်။ ကျွန်တော့်ကို ဆရာဝန်တွေနဲ့ ခေါ်ပြတဲ့အခါ သူဟာ မသေဘူးဆိုရင် အသက်ရှင်နေသေးတဲ့ လက္ခဏာပဲလို့ သူတို့က ပြောကြပါတယ်။ အဲဒီနောက် ကျွန်တော်က လိမ်ပြောမိလို့ ကျွန်တော့်နှာခေါင်း ရှည်ထွက်လာပါတယ်။ ဒါနဲ့ ကျွန်တော်ဟာ အခန်းထဲက မထွက်နိုင်ဘဲ ဖြစ်နေပါတယ်။

နောက်ပိုင်း ရွှေဒင်္ဂါးတွေကို မြေကြီးမှာမြှုပ်ပြီး အပင်စိုက်ဖို့ မြေခွေးနဲ့ ကြောင်တို့နဲ့ လိုက်သွားပါတယ်။ ကြက်တူရွေးက ကျွန်တော့်ကို ကြည့်ပြီး သရော်ပါတယ်။ မြေခွေးနဲ့ ကြောင်တို့က ရွှေဒင်္ဂါးအပြားနှစ်ထောင်ဖြစ်အောင် လုပ်ပေးမယ်လို့ ပြောပေမယ့် တစ်ပြားမှ မရတဲ့အပြင် အရင်းပါ အားလုံးပြောင်သွားပါတယ်။ နောက်ပိုင်း တရားသူကြီးက သူခိုးတွေ ကျေနပ်အောင်ဆိုပြီး ကျွန်တော့်ကို ထောင်ဒဏ် အပြစ်ပေးပါတယ်။

ထောင်က လွှတ်လာပြီးတော့ ဆာလွန်းတာနဲ့ စပျစ်ခင်းအဝင်မှာ ထောင်ချောက်မိပါတယ်။ လယ်သမားကြီးက ကျွန်တော့်လည်ပင်းမှာ ခွေးလည်ပတ် စွပ်ပေးပြီး ကြက်ခြံကို စောင့်ခိုင်းပါတယ်။ နောက်ဆုံး သူက ပြန်လွှတ်လိုက်လို့ မြွေကြီးနဲ့ တွေ့ပါတယ်၊ မြွေကြီးသေသွား





ပြီးတဲ့နောက် ဆံပင်ပြာနဲ့ မိန်းကလေးအိမ်ကို လာခဲ့ပါတယ်၊ သူလည်း သေသွားပြီ။

ချိုးငှက်နဲ့တွေ့တော့ မင်းအဖေ လှေစပ်ပြီး မင်းကို လိုက်ရှာမလို့ လုပ်နေတယ် ပြောတာနဲ့ သူ့ကျောကုန်းပေါ်စီးပြီး တစ်ညလုံး မိုးပေါ်က ပျံလာကြပါတယ်၊ မနက်ကျတော့ ပင်လယ်ကမ်းခြေ ရောက်လာပြီး တံငါသည်တွေနဲ့ တွေ့ရပါတယ်။ သူတို့က လှေတစ်စင်းနဲ့ လူတစ်ယောက် ရေနစ်သေတော့မယ်လို့ ပြောကြပါတယ်၊ ဒီအခါ ဒါဟာ ဖေဖေပဲဖြစ်မယ်လို့ ကျွန်တော်က အတပ်သိလိုက်ပြီး ဖေဖေ့ကို လက်ယမ်းပြီး လှမ်းခေါ်တော့'

ဒီအခါ အဘဂက်ပက်တိုက ကြားဖြတ်ပြီး…

'ငါလည်း မင်းကို ချက်ချင်းမှတ်မိပါတယ်။ ဒါပေမယ့် မင်းဆီလာလို့ လုံးဝမရတော့ဘူး။ လှိုင်းလုံးကြီးတွေကြားထဲ ရောက်နေပြီ။ အဲဒီအချိန်မှာ ငါးမန်းကြီးတစ်ကောင်ပေါ်လာပြီး ငါ့ကို တစ်ခါတည်း မျိုလိုက်တော့တယ်'

'ဒါနဲ့ ဖေဖေ ဒီရောက်နေတာ ဘယ်လောက်ကြာသွားပြီလဲ'

'နှစ်နှစ်တိတိရှိသွားပြီ၊ ငါကတော့ နှစ်ပေါင်း နှစ်ရာလောက်တောင် ကြာသွားပြီလို့ ထင်မိတယ် သားရယ်'

'အဲဒီတော့၊ အဲဒီနှစ်နှစ်အတွင်းမှာ ဖေဖေ ဘာတွေစားနေသလဲ၊ ဒီဖယောင်းတိုင်က ဘယ်ကရတာလဲ၊ မီးခြစ်ကရော ဘယ်သူပေးတာလဲ'

'အကြောင်းစုံကို ငါပြောပြမယ်၊ အဲဒီနေ့က လေပြင်းတိုက်လို့ ငါ့လှေကလေးနဲ့အတူ ကုန်သင်္ဘောကြီးတစ်စင်းလည်း နစ်မြုပ်သွားတယ်။ သင်္ဘောသားတွေ တစ်ယောက်မှ မသေကြပေမယ့် သင်္ဘောကတော့ လုံးဝပျက်စီးသွားတယ်။ အဲဒီမှာ ငါးမန်းကြီးဟာ တစ်နေ့လုံး ပွဲတော်ကြီးနဲ့ ဝင်တိုးတော့တာပေါ့၊ ငါးမန်းကြီးက ငါ့ကိုမျိုပြီးတော့ သင်္ဘောကိုပါမျိုလိုက်တယ်'

'ဟာ…ငါးမန်းက သင်္ဘောကိုတောင် မျိုနိုင်သတဲ့လား'

'မျိုနိုင်သမျှ တစ်လုတ်တည်းနဲ့ တစ်ခါတည်း မျိုချလိုက်တာ။ သူက ရွက်တိုင်လောက်ပဲ ပြန်အန်ထုတ်ပစ်ပြီး တခြားဟာတွေ တစ်ခု မကျန် မျိုချလိုက်တယ်။ ရွက်တိုင်တောင် သူ့သွားကြားမှာ ငါးရိုးစူး သလို စူးနေလို့ ပြန်ပြီး ထွေးထုတ်ပစ်တာ၊ ဒါနဲ့ ငါ့အတွက် ကံ ကောင်းချင်တော့ သင်္ဘောပေါ်မှာ စားနပ်ရိက္ခာတွေ အပြည့်ပါလာ တာကလား။ အသားဘူး၊ ဘီစကွတ်မုန့်၊ ဒိန်ခဲဘူး၊ ကော်ဖီ၊ သကြား၊ ဖယောင်းတိုင်၊ မီးခြစ် အားလုံးအစုံပါတယ်။ အဲဒါတွေကြောင့် အခု လို ငါ နှစ်နှစ်လုံးလုံး မပူမပင်နေနိုင်ခဲ့တာပေါ့။ ဒါပေမယ့် အခုတော့ ဘာမှမကျန်တော့ဘူး၊ ဒီဖယောင်းတိုင်ဟာ နောက်ဆုံးလက်ကျန်ပဲ'

'ဟင် ဒါဖြင့် ဘယ်လိုလုပ်ကြမလဲ'

'ဘယ်လိုလုပ်မလဲ၊ အမှောင်ထဲမှာနေကြရုံပဲပေါ့'

'ဒီလိုဆို အချိန်ဖြုန်းနေလို့မဖြစ်တော့ဘူး ဖေဖေ၊ ဒီနေရာက အမြန်ဆုံးထွက်ပြေးမှ ဖြစ်တော့မယ်'

'ထွက်ပြေးမယ်ဟုတ်လား၊ ဘယ်လိုထွက်ပြေးမှာလဲ'

'ငါးမန်းကြီး ပါးစပ်ပေါက်က ထွက်ပြေးမှာပေါ့၊ ပင်လယ်ထဲ ခုန်ချပြီး ကူးပြေးရမှာပေါ့'

'မင်း စိတ်ကူး မဆိုးပါဘူး၊ ဒါပေမယ့် ငါမှ ရေမကူးတတ်တာဘဲ'

'ကိစ္စမရှိဘူး၊ ကျွန်တော်ကောင်းကောင်းကူးတတ်ပါတယ်၊ ဖေဖေ့ ကို ကျွန်တော် ကျောပေါ်တင်ပြီး ကူးသွားပါ့မယ်'

ဒီအခါ အဘဂက်ပက်တိုက ခေါင်းကို တွင်တွင်ခါယမ်းလိုက်ပြီး ငြိုးငယ်စွာနဲ့ ပြန်ပြောတယ်။

'လုံးဝမဖြစ်နိုင်ဘူး လူကလေး၊ မင်းလို သုံးပေသာရှိတဲ့ အရုပ် ကလေးက ငါ့ကိုယ်ကြီးကို ကုန်းပိုးပြီး ကူးမယ်ဆိုတာ ဘယ့်နှယ် ဖြစ် နိုင်ပါ့မလဲ'

'ဖြစ်ပါတယ် ဖေဖေ၊ ကျွန်တော် ကြိုးစားပြီးကူးပါ့မယ်၊ တကယ် လို့ ကျွန်တော်တို့ သေနေ့စေ့ရင်လည်း သားအဖနှစ်ယောက် ဖက်ပြီး သေကြတာပေါ့'





ဒီနောက်တော့ ပီနိုချိုယိုက ဘာမှပြောမနေတော့ဘဲ ဖယောင်း တိုင်ကို လှမ်းယူလိုက်ပြီး...

'ကဲ... လာ၊ ကျွန်တော့်နောက်သာ လိုက်ခဲ့ပေတော့။ ဘာမှ မကြောက်နဲ့'

ဒီလိုနဲ့ ပီနိုချိုယိုက ရှေ့က မီးပြပြီး သားအဖနှစ်ယောက် ငါးမန်း ကြီး ဝမ်းဗိုက်တစ်လျှောက် အချိန်တော်တော်ကြာကြာ ဖြည်းဖြည်း လျှောက်လာခဲ့ကြတယ်။ လည်ချောင်းထဲကို ရောက်လာတဲ့အခါ ရပ် လိုက်ပြီး ပတ်ပတ်လည်ကို မျက်လုံးကစားကြည့်လိုက်ကြတယ်။ ဘယ်လိုထွက်ပြေးရမလဲဆိုတာ နည်းလမ်းကြံဆနေကြတာပေါ့။

ကံကောင်းချင်တော့ ငါးမန်းကြီးက တော်တော်အသက်ကြီးနေပြီ၊ ဒီကြားထဲ ပန်းနာရောဂါဖြစ်နေလို့ နှလုံးကလည်း တဒိန်းဒိန်းနဲ့ ခုန် နေသတဲ့။ ဒါကြောင့်မို့ ငါးမန်းကြီးဟာ အိပ်တဲ့အခါမှာလည်း ပါးစပ် ကြီးဟပြီး အိပ်ရသတဲ့။

ပီနိုချိုယိုဟာ ငါးမန်းကြီးရဲ့လည်ချောင်းထဲမှာရပ်ပြီး ရှေ့ကို မော့ကြည့်လိုက်တဲ့အခါ မိုးကောင်းကင်ကို မြင်ရသတဲ့။ မိုးပေါ်မှာ ကြယ်တွေ တလက်လက်နဲ့ လမင်းကြီးကလည်း ထိန်ထိန်သာနေသတဲ့။

'ထွက်ပြေးဖို့ အချိန်ကောင်းပဲ ဖေဖေ'

ပီနိုချိုယိုက လေသံကလေးနဲ့ ပြောလိုက်တယ်။ ငါးမန်းကြီး တော့ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေပြီ။ ပင်လယ်ပြင်ကလည်းငြိမ်ပြီး နေ့ခင်းလို လင်းထိန်နေတာပဲ၊

'ကဲ... ကျွန်တော့်နောက်ကလိုက်ခဲ့၊ ကျွန်တော်တို့ မကြာခင် လွတ်ကြတော့မှာပါ'

ချက်ချင်းပဲ သူတို့သားအဖဟာ ငါးမန်းကြီးရဲ့ လည်ချောင်းထဲ ကနေပြီး ပါးစပ်ပေါက်ဝဆီကို လျှောက်လာကြတယ်။ သူတို့ဟာ ငါးမန်းကြီးရဲ့ ရှည်မျောမျောလျှာကြီးပေါ်မှာ ခြေဖျားထောက်ပြီး ဖွဖွ ကလေး လျှောက်လာကြတယ်။ ငါးမန်းလျှာကြီးက လမ်းမရှည်ကြီး လို တပြန့်တပြောကြီးပဲတဲ့။

သူတို့ ပါးစပ်ဝရောက်လို့ ရေထဲခုန်ချမလို့ လုပ်နေတုန်းမှာပဲ ငါးမန်းကြီးက 'ဟပ်ချိုး ဟပ်ချိုး' ဆိုပြီး တအားနှာချေလိုက်တာကြောင့် သူတို့နှစ်ယောက် နောက်ကျွမ်းပြန်ပြီး ငါးမန်းကြီးဝမ်းဗိုက်ထဲ ပြန်ရောက်သွားကြပါလေရောတဲ့။ အဲဒီအချိန်မှာ ဖယောင်းတိုင်မီးလည်း သေသွားတော့ အမှောင်တိုက်ကြီးထဲ ရောက်သွားတော့တာပေါ့။

'ကဲ...ကျွန်တော်တို့ ဘယ်လိုလုပ်ကြမလဲ ဖေဖေ'

ပီနိုချီယိုက စိုးရိမ်တကြီး မေးလိုက်တယ်။

'ဘာလုပ်စရာရှိသေးသလဲ သားရယ်၊ သေဖို့ပဲရှိတော့တာပေါ့'

'ဟာ...ဘာလို့သေရမှာလဲ၊ ပေးစမ်း ဖေဖေ့လက်၊ ကဲ...လာ ဖြည်းဖြည်းလျှောက်၊ ခြေမချော်စေနဲ့'

'ဒါနဲ့ ဘယ်သွားဦးမလို့လဲ'

'ဆက်ထွက်မှာပေါ့၊ လာပါ၊ လိုက်ခဲ့စမ်းပါ၊ ဘာမှ မကြောက်ပါနဲ့'

ပီနိုချီယိုက သူ့အဖေလက်ကိုဆွဲပြီး ခြေဖျားထောက်ရင်း ဆက်ထွက်လာခဲ့ကြတယ်။ ပထမအကြိမ်ကလိုပဲ အမှောင်ထဲမှာ သတိနဲ့ ဖြည်းဖြည်း ဖြည်းဖြည်း စမ်းပြီး လျှောက်လာခဲ့ကြတယ်။ ဒီလိုနဲ့ နောက်ဆုံးတော့ ငါးမန်းကြီးရဲ့ပါးစပ်ဝကို ရောရောရှူရှူရောက်လာခဲ့ကြတယ်။ နောက်ဆုံး ငါးမန်းကြီးရဲ့ သွားတန်းပေါ်တက်ပြီး ရပ်လိုက်ကြတယ်။

ဒီအခါ ပီနိုချီယိုက ကိုယ်ကို ကုန်းပေးပြီး...

'ကဲ...ကျွန်တော့်ကို ကုန်းပိုး၊ လက်ကို တင်းတင်းဖက်ထား၊ ဘာမှမကြောက်နဲ့၊ ကျွန်တော် အစွမ်းကုန်ကြိုးစားမယ်' လို့ ပြောလိုက်တယ်။

ဒါနဲ့ သူ့အဖေ ကျောကုန်းပေါ်မှာ နေသားတကျဖြစ်တာနဲ့ တစ်ပြိုင်နက် ပီနိုချီယိုဟာ တအားကုန်ကျုံးပြီး ရေထဲခုန်ချလိုက်တော့တယ်။

စိတ်ကူးချိုချို



ပြီးတော့ မနားတမ်း ဆက်ကူးလာခဲ့တယ်။ ပင်လယ်ပြင်က ငြိမ်သက်နေတယ်။ လှိုင်းတွေ လေတွေ လုံးဝမရှိဘူး၊ လမင်းကြီးက လည်း ထိန်ထိန်သာလို့။ အဲဒီအချိန်မှာ ငါးမန်းကြီးကတော့ တရှူးရှူးနဲ့ အိပ်ကောင်းတုန်းပဲ။ အမြောက်နဲ့ထုတောင်မှ နိုးမှာမဟုတ်ဘူးတဲ့။

## [၃၆]

# လူသားကလေးဘဝသို့

ပီနိုချိုယိုဟာ ကမ်းခြေဆီကို အလျင်အမြန် ကူးခတ်လာရင်းက သူ့အဖေရဲ့အခြေအနေကို အကဲခတ်မိတယ်။ သူ့အဖေဟာ ခြေထောက်တွေ ရေထဲမှာနစ်ပြီး ငှက်ဖျားတက်သလို တစ်ကိုယ်လုံး ခိုက်ခိုက်တုန်နေတယ်။

သူဟာ ချမ်းလို့တုန်တာလား၊ ကြောက်လို့တုန်တာလား၊ ဘယ်သူမှ မပြောနိုင်ဘူး။ တကယ်တော့ နှစ်မျိုးစလုံးကြောင့် ဖြစ်မှာပါပဲ။ ပီနိုချိုယိုကတော့ သူ့အဖေဟာ သိပ်ကြောက်နေလို့ထင်ပြီး နှစ်သိမ့်စကားပြောတယ်။

'အားတင်းစမ်းပါ ဖေဖေ၊ မကြာခင် ကမ်းခြေကို ရောက်တော့မှာပါ'

'ဒါပေမယ့် မင်း ကမ်းခြေက ဘယ်မှာလဲ၊ အရုပ်လေးမျက်မှာ ငါကြည့်တာ ပင်လယ်ပြင်နဲ့ ကောင်းကင်ပဲ မြင်နေရပါလား'





'ဖေဖေ မမြင်ရပေမယ့် ကျွန်တော် မြင်ရပါတယ်၊ ကျွန်တော်က ကြောင်လိုပဲ၊ နေ့ခင်းထက် ညမှာ ပိုမြင်ရတယ်'

အမှန်တော့ သူလည်း ဘာမှ မမြင်ရပါဘူး။

သူ့အဖေ စိတ်ချမ်းသာအောင်လို့ တမင်သက်သက် ညာပြောတာပါ။ တကယ်တော့ သူကိုယ်တိုင်လည်း စိတ်ဓာတ်တွေ ကျချင်ချင်ဖြစ်နေပြီ။ အားအင်ကုန်ခမ်းပြီး လက်ပန်းကျလာပြီ။ အသက်ကိုလည်း တအားရှူနေရတယ်။ တိုတိုပြောရရင်တော့ ပီနိုချိုယိုဟာ ခြေကုန်လက်ပန်းကျခါနီး အခြေအနေကို ရောက်နေပြီ။ ကမ်းကိုရောက်ဖို့က အဝေးကြီး ကျန်သေးတယ်။ ဒီလိုနဲ့ ကူးရင်းကူးရင်းက အသက်ရှူမရအောင် ဖြစ်လာတယ်။ ဒီအခါ သူ့အဖေဘက်ကိုလှည့်ပြီး ပြောလိုက်တယ်။

'ဖေဖေ လုပ်ပါဦး၊ လုပ်ပါဦး၊ ကျွန်တော် သေရတော့မယ်'

အဲဒီလို သားရော အဖေပါ ရေနစ်ပြီး သေတော့မယ့်ဆဲဆဲမှာ ဂီတသံလို အသံတစ်သံ ထွက်ပေါ်လာတယ်။

'သေတော့မယ်ဆိုတာ ဘယ်သူတွေလဲ'

'ကျွန်တော်နဲ့ ကျွန်တော့်ဖေဖေပါ ခင်ဗျာ'

'ဒီအသံကို ငါမှတ်မိပြီ၊ မင်းဟာ ပီနိုချိုယိုမဟုတ်လား'

'ဟုတ်...ဟုတ်ပါတယ် ခင်ဗျား'

'ငါက တန်းနီးငါးကြီးပါကွ၊ ငါးမန်းကြီးဝမ်းထဲမှာ မင်းနဲ့အတူတူ နေခဲ့တဲ့သူပါ'

'ဟင်...ဟုတ်လား၊ ဒါနဲ့ ခင်ဗျား ဘယ်လို လွတ်လာတာလဲဟင်'

'မင်းနည်းလမ်းအတိုင်းပဲပေါ့၊ မင်းက လမ်းပြခဲ့တော့ အဲဒီလမ်းအတိုင်း ငါလည်းထွက်ပြေးလာခဲ့တာပေါ့'

'ဝမ်းသာပါတယ်ဗျာ၊ ခင်ဗျားရောက်လာတာ ကံကောင်းတာပဲ၊ ကျွန်တော်တို့ကိုကယ်ပါဦး ခင်ဗျား... ခင်ဗျားမှ မကယ်ရင်တော့ ကျွန်တော်တို့သားအဖ သေရပါတော့တယ်'

'စိတ်ချ ငါကယ်ပါ့မယ်၊ ငါ့အမြီးကို ဆွဲပြီးလိုက်၊ လေးမိနစ်အတွင်း ကမ်းခြေရောက်ရစေမယ်'

ဒါပေမယ့် လက်တွေ့ကျတော့ အမြီးဆွဲပြီးလိုက်ရတာထက် တန်းနီးငါးကြီးရဲ့ကျောကုန်းပေါ်စီးပြီး လိုက်လာတာက ပိုပြီး အဆင်ပြေတာ တွေ့ရတယ်။

'ကျွန်တော်တို့ တော်တော်လေးသလား' ပီနိုချီယိုက မေးလိုက်တယ်။

'အံမယ်လေး...ငှက်တောင်ကလေးလောက်တောင် မလေးပါဘူး၊ ခရုခွံနှစ်ခု ကျောပေါ်တင်ထားသလောက်ပဲ'

ဟုတ်မှာပေါ့၊ တန်းနီးငါးကြီးက တော်တော်ကြီးတာကိုး။ နှစ်နှစ်သား မြင်းကလေးလောက်ကို သန်သတဲ့။ ဒီလိုနဲ့ သူတို့ ကမ်းခြေရောက်လာကြတယ်။ ပီနိုချီယိုက အရင်ခုန်ဆင်းပြီး သူ့အဖေကို ဖေးမချပေးတယ်။ အဲဒီနောက် သူက တန်းနီးငါးကြီးဘက် လှည့်ပြီး အသံတုန်တုန်နဲ့ ပြောလိုက်တယ်။

'ကျွန်တော်တို့အသက်ကိုကယ်တာ အများကြီးကျေးဇူးတင်ပါတယ် မိတ်ဆွေကြီး၊ ကျွန်တော် ဘယ်လိုပြောရမှန်းတောင်မသိတော့သလောက်ပါပဲ။ ဒါနဲ့ တစ်သက်လုံးကျေးဇူးတင်နေမယ်ဆိုတဲ့ အထိမ်းအမှတ်နဲ့ နမ်းပြီး နှုတ်ဆက်ပါရစေ ခင်ဗျာ'

ဒီအခါ တန်းနီးငါးကြီးက သူ့နှာခေါင်းကို ရေပေါ်ကို ဖော်ပေးလိုက်တယ်။ ပီနိုချီယိုက မြေကြီးပေါ် ဒူးထောက်ပြီး ငါးကြီးပါးစပ်ကို လေးလေးစားစား နမ်းလိုက်တယ်။ တန်းနီးငါးကြီးဟာ ဒီလိုနမ်းပြီးနှုတ်ဆက်တာမျိုးကို တစ်ခါမှ မကြုံဘူးတော့ ရှက်တာနဲ့ ရေထဲကို စုပ်ခနဲ ပြန်ငုပ်ပြီး ပျောက်ကွယ်သွားတော့သတဲ့။

အဲဒီအချိန်မှာ နေကလည်းထွက်လာခဲ့ပြီ။ ပီနိုချီယိုဟာ သူ့အဖေ လက်ကို ဆွဲကိုင်လိုက်တယ်။ အဘိုးကြီးဟာ အင်းအင်ကုန်ခမ်းပြီး ရပ်လို့တောင် ကောင်းကောင်းမရရှာဘူး။





'ကဲ...ဖေဖေ၊ ကျွန်တော်တို့ သွားကြမယ်၊ ဖြည်းဖြည်းပဲလျှောက်သွားပြီး ညောင်းလာတဲ့အခါ နားကြတာပေါ့'

'တို့က ဘယ်သွားမှာမို့လဲ'

'ဒီလိုပဲလျှောက်သွားပြီး တစ်အိမ်အိမ်မှာ စားစရာ ဝင်တောင်းကြရမှာပေါ့၊ ပြီးတော့ တစ်ညတာအိပ်ခွင့်လည်းတောင်းရမယ်'

ဒီလိုနဲ့ သူတို့ဟာ ခြေလှမ်းတစ်ရာလောက် လျှောက်လာခဲ့ပြီးတဲ့နောက် လမ်းဘေးမှာ ထိုင်တောင်းနေတဲ့ မျက်နှာပေါက်ဆိုးဆိုးနဲ့ သူတောင်းစားနှစ်ယောက်ကို တွေ့ကြရသတဲ့။

အဲဒီသူတောင်းစားတွေက တခြားသူတွေမဟုတ်ဘူး။ ပီနိုချီယိုဆီက ရွှေဒင်္ဂါးတွေကို လိမ်ယူသွားကြတဲ့ မြေခွေးနဲ့ ကြောင်တိုပဲကွဲ့။ သူတို့နှစ်ကောင်ဟာ ရုပ်ပျက်ဆင်းပျက်ဖြစ်ပြီး မှတ်တောင်မမှတ်မိသလောက်ပဲတဲ့။ ဟိုတုန်းက ခြေကျိုးယောင်ဆောင်ခဲ့တဲ့ ကြောင်ဟာ အခုကျတော့ တကယ်ပဲ ခြေကျိုးကြီးဖြစ်နေပြီတဲ့။ မြေခွေးကလည်း သိပ်ပြီးအိုနေပြီ။ အမွေးတွေကိုလည်း သန်းကိုက်ထားလို့ ဘေးတစ်ဖက်ပြောင်နေပြီတဲ့။

ပြီးတော့ အမြီးကလည်း မရှိတော့ဘူးတဲ့။ ဒီလိုပဲဖြစ်ရမှာပေါ့လေ၊ အဲဒီမြေခွေးဟာ အကြွေးတွေ လည်ပင်းခိုက်ပြီး နောက်ပိတ်ဆုံး ဘယ်လိုမှမတတ်သာတော့ အမြီးဖြတ်ပြီး နယ်လှည့်ဈေးသည် တစ်ယောက်ကို ရောင်းလိုက်ရသတဲ့။ နယ်လှည့်ဈေးသည်က အဲဒီအမြီးကို ခြင်မောင်းတဲ့ယပ်တောင်လုပ်မလို့ဆိုပဲ။

'အို...ပီနိုချီယို၊ ဒုက္ခိတနှစ်ယောက်ကို နည်းများမဆို စွန့်ကြဲခဲ့ပါ'လို့ မြေခွေးက တောင်းလိုက်တယ်။

ကြောင်ကလည်း သံယောင်လိုက်ပြီး...

'ဟုတ်ပါတယ်၊ ဘာမှလုပ်ကိုင်မစားတတ်တဲ့ ဒုက္ခိတနှစ်ယောက်ပါ'

ဒီအခါ ပီနိုချီယိုက ပြန်ပြောလိုက်တယ်။

'အလကား လူလိမ်တွေ၊ ခင်ဗျားတို့ ကျုပ်ကို တစ်ခါလိမ်ခဲ့ပြီးပြီ၊ နောက်ထပ် ဘယ်တော့မှလိမ်လို့မရတော့ဘူး၊ သိရဲ့လား'

'တို့ကို သနားပါကွာ၊ တို့နှစ်ယောက် တကယ်ဒုက္ခရောက်နေလို့ပါ'

'ဟုတ်ပါတယ်၊ တကယ်ဒုက္ခရောက်နေလို့ပါ'

'ခင်ဗျားတို့ ဒုက္ခရောက်ထိုက်လို့ရောက်တာ ဘာမှ သနားစရာမရှိဘူး၊ **ခိုးလို့ရတဲ့ပိုက်ဆံဟာ တာရှည်မခံဘူး**ဆိုတဲ့ စကားပုံကို အမြဲတမ်းမှတ်ထားပါ'

'တို့ကို သနားပါဦး ပီနိုချီယိုရယ်'

'ဟုတ်ပါတယ်၊ တို့ကို သနားပါဦး ပီနိုချီယိုရယ်'

'လူလိမ်တွေကို သနားနေလို့ အလကားပဲ၊ **လူမိုက် လက်ထဲက ဆန်ဟာ ဖွဲပဲ** ဆိုတဲ့ စကားပုံကို အမြဲတမ်းသတိရပါ'

'တို့ကို ပစ်မသွားပါနဲ့ ပီနိုချီယိုရယ်'

'ဟုတ်ပါတယ်၊ တို့ကို ပစ်မထားပါနဲ့ ပီနိုချီယိုရယ်'

'လူလိမ်တွေကို ပစ်မသွားလို့ ဘာလုပ်ရမှာလဲ၊ **အိမ်နီးချင်းဆီက ကုတ်အင်္ကျီခိုးတဲ့လူဟာ စွပ်ကျယ်တောင်မပါဘဲ သေရတတ်တယ်** ဆိုတဲ့ စကားပုံကို အမြဲတမ်းမှတ်ထားပါ'

အဲဒီလိုပြောပြီး သားအဖနှစ်ယောက် ဆက်လက်ထွက်ခွာကြတော့တယ်။ ခြေလှမ်းတစ်ရာလောက် လျှောက်လာပြီးတဲ့နောက် လမ်းထိပ်က မြက်ခင်းပေါ်မှာ ကောက်ရိုးနဲ့ ဆောက်ထားပြီး အုတ်ကြွပ်မိုးထားတဲ့ အိမ်ကလေးတစ်ဆောင်ကို လှမ်းမြင်ကြရသတဲ့။

'ဒီအိမ်ကလေးမှာ တစ်ယောက်ယောက်တော့ နေမှာပဲ။ ကျွန်တော် တံခါးခေါက်ကြည့်မယ်'လို့ ပီနိုချီယိုက ပြောလိုက်တယ်။

ဒါနဲ့ အိမ်ရှေ့ရောက်တော့ တံခါးခေါက်လိုက်တယ်။

'ဘယ်သူလဲ၊ အထဲကအသံက ပြန်မေးတယ်။





'ထမင်းငတ်နေတဲ့ သားအဖနှစ်ယောက်ပါ ခင်ဗျာ၊ တစ်လုတ်တစ်ဆုပ် ကျွေးပြီး တစ်ညလောက်အိပ်ခွင့်ပြုပါ ခင်ဗျာ'

'သော့ကိုလှည့်လိုက်၊ တံခါးပွင့်လာလိမ့်မယ်'

ဒါနဲ့ ပီနိုချီယိုက သော့ကိုလှည့်လိုက်တော့ တံခါးပွင့်လာတယ်။ အဲဒီနောက် သူတို့ဟာ အိမ်ထဲဝင်လာကြတယ်။ အခန်းထဲ လှည့်ပတ်ကြည့်ပေမယ့် ဘယ်သူ့ကိုမှမတွေ့ကြရဘူး။

'ဒီအိမ်ရှင် ဘယ်မှာရှိပါသလဲ ခင်ဗျာ'

ပီနိုချီယိုက ပြန်မေးလိုက်တယ်။

အဲဒီအခါ အသံက...

'ငါ ဒီမှာရှိတယ်'လို့ ပြန်ပြောတယ်။

ပီနိုချီယိုတို့ သားအဖ မျက်နှာကြက်ကို မော့ကြည့်လိုက်တော့ ခေါင်မိုးထုပ်တန်းမှာကပ်နေတဲ့ ပုရစ်ကလေးကို တွေ့ကြရသတဲ့။

'ဟင် ပုရစ်ကလေးပါလား'

ပီနိုချီယိုက တအံ့တသြပြောလိုက်တယ်။

'ဟုတ်ပါတယ်၊ မင်းက တင်းပုတ်နဲ့ရိုက်ပြီး မင်းအိမ်က နှင်ထုတ်လိုက်တဲ့ ပုရစ်ကလေးပေါ့'

'ဟုတ်ပါတယ်၊ ကျွန်တော်မှားခဲ့ပါတယ်ခင်ဗျာ၊ ကျွန်တော့်ကို လုပ်ချင်သလိုလုပ်ပါ၊ တင်းပုတ်နဲ့ရိုက်ပြီး နှင်ထုတ်ပါ၊ ဒါပေမယ့် ကျွန်တော့်အဖေ အဘိုးကြီးကိုတော့ သနားပါဗျာ'

'ငါက နှစ်ယောက်စလုံးကိုသနားပါတယ်။ ဒါပေမယ့် မင်းကို တစ်ခုတော့ ပြောချင်တယ်။ တို့ဟာ ဒုက္ခရောက်နေတဲ့လူတိုင်းကို စေတနာနဲ့ကူညီသင့်တယ်။ ဒါမှ တို့ဒုက္ခရောက်တဲ့အခါ ပြန်ပြီး ကူညီမယ့်သူ ပေါ်လာမယ်။ ဒါကိုတော့ မင်းတစ်သက်လုံး မှတ်ထားစေချင်တယ်'

'ဟုတ်ကဲ့၊ ကျွန်တော်တစ်သက်လုံးမှတ်ထားပါတော့မယ်ခင်ဗျာ၊ ဒါနဲ့ ခင်ဗျား ဒီအိမ်ကလေးကို ဘယ်လိုရောက်လာတာလဲဟင်'

'အပြာရောင် အမွေးလုလုလေးနဲ့ ဆိတ်မကလေးက ငါ့ကိုမနေ့ကပဲ ပေးသွားတာ'

'ဒါနဲ့ အဲဒီဆိတ်မကလေး ဘယ်မှာလဲဟင်'

'အဲဒါတော့ ငါလည်းမသိဘူး'

'သူဒီကိုရော ပြန်လာဦးမှာလား'

'ဟင့်အင်း ဘယ်တော့မှပြန်မလာတော့ဘူး၊ သူမနေ့ကပဲ အပြီးအပိုင် ထွက်သွားတာ၊ သူ့ပါးစပ်ကလည်း ဩော်...ငါတော့ ပီနိုချီယိုကလေးကို ဘယ်တော့မှ တွေ့ရတော့မှာမဟုတ်ဘူး။ ဒီလောက်ဆိုရင် သူ့ခမျာ ငါးမန်းကြီးဝါးစားလို့ အရိုးတောင်ကျန်ရှာတော့မှာမဟုတ်ဘူးလို့ ပြောပြီး ငိုသွားတယ်'

'ဟင် သူက အဲဒီလို ပြောသွားတယ် ဟုတ်လား၊ ဒါဆို သူဟာ နတ်သမီးကလေးဖြစ်ရမယ်၊ ဟုတ်တယ်၊ နတ်သမီးကလေးမှ နတ်သမီးကလေးအစစ်ပဲ။ ဩော်...နတ်သမီးကလေးရယ်'

ပီနိုချီယိုဟာ အဲဒီလိုပြောရင်း ဝမ်းနည်းပက်လက် ငိုရှာသတဲ့။ သူဟာ အားရအောင်ငိုပြီးတော့မှ သူ့အဖေအတွက် ကောက်ရိုးတွေခင်းပြီး အိပ်ရာပြင်ပေးတယ်။ ပြီးတော့ ပုရစ်ကလေးကို မေးလိုက်တယ်။

'ကျွန်တော် ဖေဖေ့ကို နွားနို့တိုက်ချင်ပါတယ်၊ ဘယ်မှာရနိုင်ပါ့မလဲ ခင်ဗျာ'

ဒီအခါ ပုရစ်ကလေးက...

ဥယျာဉ်မှူးကြီး ဂီယံဂျီဆီကိုသွား၊ ဒီက လယ်သုံးကွက်ကျော်မှာနေတယ်၊ သူက နွားတွေမွေးတယ်'

ဒါနဲ့ ပီနိုချီယိုဟာ ဥယျာဉ်မှူးကြီးဆီကို ပြေးလာခဲ့သတဲ့။ ဥယျာဉ်မှူးကြီးက မေးတယ်။

'မင်းက နွားနို့ဘယ်လောက်လိုချင်လို့လဲ'

'တစ်ခွက်တည်းပါခင်ဗျာ'

'ဒါဆို တစ်ခွက်ကို တစ်ပြားကျတယ်၊ ပိုက်ဆံတစ်ပြားပေးပါ'

'ကျွန်တော့်မှာ တစ်ပြားမှမရှိပါဘူးခင်ဗျား'





'အဲဒါဆိုရင် ပြန်သွား၊ ပိုက်ဆံမပေးရင် နွားနို့မပေးနိုင်ဘူး'

'ဟာ... အဲဒါမှဒုက္ခပဲ'

ပီနိုချီယိုက အဲဒီလိုပြောပြီး ပြန်လှည့်ထွက်မလို့အလုပ်မှာ ဥယျာဉ်မှူးက ပြန်ခေါ်ပြီး...

'ဟေ့...ခဏနေပါဦး၊ နွားနို့လိုချင်ရင် ဒီလိုလုပ်ပါလား၊ မင်းစက်လှည့်နိုင်မလား'

'ဘာစက်လဲ ခင်ဗျာ'

'ရေလှောင်ကန်ကနေပြီး သစ်ခွခြ်ကို ရေလှည့်ဖို့ပြောတာ'

'ဟုတ်ကဲ့၊ ဒီလိုဆို ကျွန်တော် ကြိုးစားကြည့်ပါ့မယ် ခင်ဗျား'

'ကောင်းပြီ၊ ရေပုံးတစ်ရာပြည့်အောင်လှည့်နိုင်ရင် မင်းကို နွားနို့တစ်ခွက်ပေးမယ်'

'ကောင်းပါပြီ ခင်ဗျာ'

အဲဒီနောက်ဥယျာဉ်မှူးကြီးက ပီနိုချီယိုကို သစ်ခွခြ်ထဲခေါ်လာခဲ့တယ်။ ရေစက်လှည့်နည်းကိုပြတယ်။ ပီနိုချီယိုက ချက်ချင်းပဲ ရေစက်ကို ဝင်လှည့်တော့တယ်။

သူ့တစ်သက်မှာ လက်ကြောတင်းအောင် တစ်ခါမှအလုပ်မလုပ်ခဲ့ဖူးတဲ့အတွက် ရေပုံးတစ်ရာမပြည့်ခင်မှာပဲ ချွေးတွေထွက်ပြီး တစ်ကိုယ်လုံး ရွှဲရွှဲစိုကုန်သတဲ့။

'ဟိုတုန်းကတော့ ဒီအလုပ်ကို ငါ့မြည်းကလေးက လုပ်တာကွ၊ ဒါပေမယ့် ခုတော့ ဒီအကောင် သေတော့မလို့ အသက်ငင်နေပြီ'

'ကျွန်တော် ခဏသွားကြည့်လို့ရမလား ခင်ဗျာ'

'ရပါတယ်၊ ရပါတယ်'

ဒါနဲ့ ပီနိုချီယိုဟာ မြည်းဖောင်းထဲကို ဝင်လာခဲ့တယ်။

မြည်းကလေးဟာ ကောက်ရိုးခင်းပေါ်မှာ စန့်စန့်ကြီး လဲနေရှာတယ်။ သူ့ခမျာ အစာလည်း ကောင်းကောင်းမစားတဲ့အပြင် အလုပ်ကလည်း ပင်ပန်းလွန်းလို့ ဒီလိုဖြစ်သွားရတာပဲ။ ပီနိုချီယိုက မြည်းကလေးနား ကပ်ကြည့်ပြီး...

'ဒီမြည်းကလေးကို ငါမြင်ဖူးသလိုပဲ၊ သူ့အသွင်အပြင်ကို ငါ ကောင်းကောင်း မှတ်မိနေတယ်'လို့ တွေးလိုက်မိတယ်။

ပြီးတော့ သူက ကိုယ်ကို ကုန်းပြီး မြည်းဘာသာစကားနဲ့ မေးလိုက်တယ်။

'မင်းဘယ်သူလဲ'

မြည်းကလေးက မျက်လုံးဖွင့်ကြည့်ပြီး ထစ်ထစ်ငေါ့ငေါ့နဲ့...

'ငါ...ငါ...မီးစာ...မီးစာ'

သူ့ခမျာ စကားတောင် ဆုံးအောင်မပြောခဲ့နိုင်တော့ဘဲ အသက်ထွက်သွားရှာတော့တယ်။

'သြော်...မီးစာရယ်၊ ကံဆိုးလှချည်လား သူငယ်ချင်းရယ်'

ပီနိုချိယိုက အဲဒီလိုပြောပြီး ဝမ်းနည်းပက်လက်ငိုရှာတယ်။ ပြီးတော့ ကောက်ရိုးတစ်ဆုပ် ကောက်ယူပြီး မျက်ရည်သုတ်လိုက်တယ်။

ဒီအခါ ဥယျာဉ်မှူးက ပြောသတဲ့။

'မင်းက သူ့အတွက် တစ်ပြားမှမကုန်ဘဲ ငိုနေရသလား၊ ဒီလိုဆို ပိုက်ဆံပေးပြီး ဝယ်ထားရတဲ့ ငါက ဘာလုပ်ရမှာလဲ'

'သူ သူက ကျွန်တော့်သူငယ်ချင်းမို့လို့ ငိုမိတာပါ ခင်ဗျာ'

'ဟင် မင်းသူငယ်ချင်းဟုတ်လား'

'ဟုတ်ပါတယ် ခင်ဗျား၊ ကျောင်းနေဖက် သူငယ်ချင်းပါ'

'ဘယ့်နှယ်၊ မြည်းတစ်ကောင်က မင်းရဲ့ကျောင်းနေဖက် သူငယ်ချင်း ဖြစ်ရတယ်လို့ ဟား...ဟား...ဟား။ အေး ဘာပဲဖြစ်ဖြစ် ဒါဟာ မင်းအတွက် တန်ဖိုးမဖြတ်နိုင်တဲ့ သင်ခန်းစာတစ်ရပ်ပေါ့ကွာ'

ဒီအခါ ပီနိုချိယိုကလေးဟာ ရှက်လွန်းလို့ ဘာမှပြန်မပြောနိုင်တော့ဘဲ နွားနို့ခွက်ကို ကောက်ယူပြီး ကမန်းကတန်း ပြန်ထွက်လာခဲ့သတဲ့။

ပီနိုချိယိုဟာ အဲဒီနေ့ကစပြီး ငါးလလုံးလုံး နေ့တိုင်း မနက်အစောကြီးထပြီး ရေစက်လှည့်သတဲ့။ ရေစက်လှည့်လို့ လုပ်ခအဖြစ်ရတဲ့ နွားနို့ကို သူ့အဖေကို နေ့တိုင်းတိုက်ပြီး ဂရုတစိုက် လုပ်ကျွေးတယ်။





သူဟာ ဒီအလုပ်လောက်နဲ့ မကျေနပ်သေးဘဲ အားလပ်ချိန်မှာ မြက်ခြင်းတောင်းလည်း ယက်သတဲ့။ ခြင်းတောင်းတွေရောင်းလို့ ပိုက်ဆံအတော်ကလေး စုမိတဲ့အခါ မြင်းလှည်းတစ်စီး ဝယ်လိုက်တယ်။

ပြီးတော့ အားအင်နည်းပြီး နာမကျန်းဖြစ်နေတဲ့ သူ့အဖေကို မြင်းလှည်းပေါ်တင်ပြီး လေကောင်းလေသန့်ရအောင် ရှုခင်းသာယာတဲ့ နေရာတွေ လျှောက်ပြတယ်။

ညပိုင်းကျတော့လည်း အလကားမနေဘဲ စာရေးစာဖတ် သင်တယ်။ ပိုက်ဆံကို ချွေချွေတာတာစုပြီး လိုအပ်တဲ့ စာအုပ်တွေဝယ်တယ်။ စာအုပ်တွေက အဖုံးတွေစုပ်ပြဲနေတဲ့ အဟောင်းတွေတဲ့။ ဒါပေမယ့် အတွင်းက စာသားကောင်းရင် ပြီးတာပဲဆိုပြီး သူများလို ဈေးကြီးတဲ့ စာအုပ်သစ်တွေမဝယ်ဘဲ စာအုပ်ဟောင်းနဲ့ပဲ စာသင်တယ်။ စာရေးမယ့် ကလောင်တံကိုလည်း သူများလို ဈေးမှာမဝယ်ဘူး။ သစ်ခက်ကလေးကို ကိုယ်တိုင်လုပ်တယ်။ မင်ကျတော့လည်း ချယ်ရီသီး အရည်ဖျော်ပြီး ရေးတယ်။

အဲဒီလို သူ့သားလေးက လိမ်လိမ်မာမာနဲ့ အလုပ်လည်း ကြိုးစားလုပ်၊ စာလည်းကြိုးစားသင်တာကို မြင်ရတော့ အဖေကြီးမှာ အလွန်စိတ်ချမ်းသာပြီး လူလည်း တစ်နေ့ထက်တစ်နေ့ ကျန်းမာလာခဲ့သတဲ့။

ပီနိုချိယိုဟာ အလုပ်လုပ်လို့ရတဲ့ ပိုက်ဆံတွေကို သုံးသင့်တာသုံးပြီး ချွေချွေတာတာနဲ့ စုလာလိုက်တာ နောက်ဆုံးတော့ ပိုက်ဆံနှစ်ပြား စုမိသတဲ့။ ဒီလိုနဲ့ တစ်နေ့မနက်မှာ သူက သူ့အဖေကို ပြောသတဲ့။

'ဖေဖေ ကျွန်တော် ဈေးကိုသွားလိုက်ဦးမယ်၊ ဂျက်ကက်ရယ်၊ ဦးထုပ်ရယ်၊ ဖိနပ်ရယ် ဝယ်မလို့၊ ဈေးက ပြန်လာရင်တော့ ကျွန်တော့်ကို လူချောကလေးတစ်ယောက်အဖြစ် ဖေဖေမြင်ရလိမ့်မယ်။ ဟဲ...ဟဲ'

သူက အဲဒီလို ရယ်ရယ်မောမောပြောပြီးတော့ ဈေးကို ပြေးလာခဲ့တယ်။

တစ်နေရာရောက်တော့ တစ်ယောက်ယောက်က လှမ်းခေါ်သံလိုလို ကြားလိုက်ရသတဲ့။

ဒါနဲ့ သူက အသံလာရာကို လှည့်ကြည့်လိုက်တော့ ခြံစည်းရိုးပေါ်မှာ ထိုင်နေတဲ့ ပက်ကျိတစ်ကောင်ကို တွေ့ရတယ်။

'မင်း ငါ့ကို မှတ်မိသလား'

'ကျွန်တော် သိပ်မမှတ်မိဘူး ခင်ဗျ'

'ဆံပင်ပြာနဲ့ နတ်သမီးဆီမှာ အိမ်စေလုပ်နေတဲ့ ပက်ကျိမကလေးကို မမှတ်မိတော့ဘူးလား၊ ငါက အောက်ထပ်ဆင်းလာပြီး တံခါးလာဖွင့်ပေးတော့ မင်းက တံခါးကြားမှာ ခြေထောက်ညပ်နေတာကိုရော မမှတ်မိတော့ဘူးလား'

'သြော်… ဟုတ်ကဲ့၊ ဟုတ်ကဲ့၊ ကျွန်တော် ကောင်းကောင်းမှတ်မိပါပြီ။ ဒါနဲ့ နတ်သမီး ဘယ်မှာရှိသလဲ၊ သူအခု ဘာဖြစ်နေသလဲ၊ သူ ကျွန်တော့်ကို မေ့သွားပြီလား၊ ကျွန်တော့်ကို သတိရနေတုန်းပဲလား၊ ကျွန်တော့်ကိုရော အရင်ကလိုချစ်သေးရဲ့လား၊ သူအခု ဘယ်မှာနေသလဲ၊ တော်တော်ဝေးသလားဟင်၊ ကျွန်တော် အခုသွားတွေ့လို့ ဖြစ်ပါ့မလား၊ ပြောပါဦး မြန်မြန်ပြောပါဦးခင်ဗျား'

ပီနိုချိယိုက အသက်တောင်မရှူနိုင်ဘဲ အဲဒီလို မေးခွန်းတွေ တစ်ခုပြီးတစ်ခု ဆက်တိုက်ကြီးမေးလိုက်တယ်။

ဒါပေမယ့် ပက်ကျိမကလေးကတော့ ခါတိုင်းလိုပဲ တည်တည်ငြိမ်ငြိမ် အေးအေးဆေးဆေး အမူအရာနဲ့…

'ပြောရတာ စိတ်မကောင်းပါဘူး ပီနိုချိယို၊ နတ်သမီးကလေးမကျန်းမာလို့ ဆေးရုံတက်နေရရှာတယ်ကွယ်'

'ဟင်…ဆေးရုံတက်နေရတယ်ဟုတ်လား'

'ဟုတ်ပါတယ်၊ သူလည်း ဒုက္ခမျိုးစုံကြုံတွေ့နေရလို့ စိတ်ဆင်းရဲပြီး မကျန်းမမာဖြစ်နေရှာတယ်၊ ဒီကြားထဲ စားစရာဝယ်ဖို့ကလည်းပိုက်ဆံတစ်ပြားမှ မရှိရှာဘူးကွယ်'

'ဘုရား ဘုရား၊ မယုံကြည်နိုင်စရာပါလား၊ ကြားရတာ စိတ်မချမ်းသာစရာ ကောင်းလိုက်တာ။ နတ်သမီးကလေး သနားပါတယ်။ ခုနေခါ ကျွန်တော့်မှာ သန်းချီပြီး ချမ်းသာရင်တော့ ပိုက်ဆံတွေ ပုံပေး





လိုက်ချင်ပါရဲ့။ အခုတော့ ကျွန်တော့်မှာ ပိုက်ဆံဆိုလို့ ဒီနှစ်ပြားပဲရှိပါတယ်။ အဲဒါ အခု အဝတ်အစားဝယ်မလို့ ထွက်လာခဲ့တာ၊ ရော့ဒီပိုက်ဆံကိုယူသွားပါခင်ဗျာ၊ ပြီးတော့ နတ်သမီးကလေးအတွက်အစားအစာတွေ ဝယ်ကျွေးလိုက်ပါ'

'ဒီလိုဆို မင်းအဝတ်အစားဝယ်ဖို့ရော'

'နေပါစေ၊ မဝယ်တော့ပါဘူး၊ နတ်သမီးကလေးအတွက်က ပိုအရေးကြီးပါတယ်၊ လိုအပ်ရင် ကျွန်တော့်ကိုယ်မှာဝတ်ထားတဲ့ အဝတ်ဟောင်းတွေကိုပါ ရောင်းရမှာပဲ။ မြန်မြန်သာပြန်သွားပါဗျာ၊ နောက်နှစ်ရက်ကြာရင် ကျွန်တော်ပြန်လာခဲ့ပါဦးမယ်။ အဲဒီအခါကျတော့ ဒီထက်ပိုပြီး ပေးနိုင်ပါလိမ့်မယ်။ ကျွန်တော် အလုပ်ကြိုးစားလုပ်ပြီး လူမမာ ဖေဖေ့ကို ပြုစုနေရပါတယ်။ ဒီနေ့ကစပြီး ပိုက်ဆံပိုရအောင် ကျွန်တော် အချိန်ပိုလုပ်ပါ့မယ်၊ ရတဲ့ပိုက်ဆံနဲ့ ကျွန်တော့်ကျေးဇူးရှင်အမေဖြစ်တဲ့ နတ်သမီးကလေးကို ကျန်းမာလာအောင် ပြုစုပါ့မယ်၊ ကဲ…သွားပါတော့၊ နောက်နှစ်ရက်မှ ပြန်တွေ့ကြမယ်'

ပီနိုချိယိုက အဲဒီလိုလည်း ပြောပြီးရော ခါတိုင်း အလွန်နှေးကွေးလှတဲ့ ပက်ကျိမကလေးဟာ ဒီတစ်ခါတော့ မြန်လိုက်တာ ကင်းလိပ်ချောကလေး ကျနေတာပဲတဲ့။ ပီနိုချိယို အိမ်ပြန်ရောက်သွားတဲ့အခါ သူ့အဖေက မေးတယ်။

'ဘယ်မှာလဲ၊ မင်းဝယ်လာတဲ့ အဝတ်အစားတွေ'

'ကျွန်တော်နဲ့တော်တာမတွေ့ခဲ့လို့ပါ ဖေဖေ၊ ကိစ္စမရှိပါဘူး၊ နောက်မှပဲဝယ်တော့မယ်'

အဲဒီညကျတော့ ပီနိုချိယိုဟာ ခါတိုင်းလုပ်နေကျ ဆယ်နာရီအစားဆယ့်နှစ်နာရီအထိ အလုပ်လုပ်သတဲ့။ ဒါကြောင့်မို့ ခါတိုင်း ခြင်းတောင်းရှစ်လုံးသာပြီးပေမယ့် ဒီတစ်ကြိမ်တော့ ဆယ့်ခြောက်လုံးတောင် ပြီးသတဲ့။

အလုပ်ပြီးတော့ သူဟာ အိပ်ရာထဲကို တန်းဝင်လာခဲ့ပြီး မောမောပန်းပန်းနဲ့ ချက်ချင်းပဲအိပ်ပျော်သွားတယ်။ သူ အိပ်ပျော်နေတုန်း

အိပ်မက်ထဲမှာ နတ်သမီးကလေးကိုတွေ့ရသတဲ့။ နတ်သမီးကလေးက သူ့ကို နမ်းရှုပ်နှုတ်ဆက်ပြီးတဲ့နောက် ပြုံးပြုံးကလေးနဲ့ပြောသတဲ့။

'ဂုဏ်ယူပါတယ် ပီနိုချီယို၊ မင်းဟာ ငါ့အပေါ်မှာ စိတ်စေတနာ ကောင်းကောင်းနဲ့ ပြုစုခဲ့တဲ့အတွက် မင်းရဲ့မိုက်မဲမှုတွေအားလုံးကို ငါ ခွင့်လွှတ်လိုက်ပါတယ်။ မိဘတွေ မကျန်းမာတဲ့အခါ၊ ဆင်းရဲနေတဲ့အခါ ရိုရိုသေသေ ကြင်ကြင်နာနာနဲ့ ပြုစုလုပ်ကျွေးတဲ့ကလေးတွေဟာ လူလိမ္မာကလေးတွေဖြစ်တယ်။ သူတို့ကို လူတိုင်းကလည်း ချစ်ခင်ကြတယ်၊ ချီးကျူးကြတယ်။ ရှေ့ဆက်ပြီး ဒီလိုပဲ လိမ်လိမ်မာမာနဲ့ တစ်သက်လုံး နေသွားပါတော့ သား၊ သားဘဝတစ်လျှောက်လုံး ဘာမှမပူမပင်ရဘဲ လိုချင်တာတွေဟူသမျှ တစ်ခုမကျန်ရလာလိမ့်မယ်၊ ပျော်ရွှင်ချမ်းမြေ့ရလိမ့်မယ်'

ဒီစကားပြောပြီးတာနဲ့ တစ်ပြိုင်တည်း နတ်သမီးကလေးလည်း ပျောက်ကွယ်သွားပါရော။ ပီနိုချီယိုလည်း အိပ်ရာက လန့်နိုးလာပါလေရောတဲ့။

အံ့သြစရာအကောင်းဆုံးကတော့ ပီနိုချီယိုဟာ သူ့ကိုယ်သူ ပြန်ကြည့်လိုက်တဲ့အခါမှာ ရုပ်သေးရုပ်ကလေးမဟုတ်တော့ဘဲ တကယ့်လူသားကလေးတစ်ယောက် ဖြစ်နေတာကို တွေ့ရသတဲ့။ ဘေးဘီကို လှည့်ပတ်ကြည့်လိုက်ပြန်တော့လည်း သူဟာ ကောက်ရိုးခန်းထဲမှာ မဟုတ်တော့ဘဲ စားပွဲ ကုလားထိုင်တွေနဲ့ သေသေသပ်သပ် အလှဆင်ထားတဲ့ အခန်းကလေးထဲ ရောက်နေသတဲ့။

ခုတင်ပေါ်က ဖြုန်းခနဲခုန်ဆင်းလိုက်တော့ လှပတဲ့ဝတ်စုံနဲ့ဦးထုပ်သစ်၊ ဖိနပ်အသစ်တွေ အရံသင့်ရောက်နေတာ တွေ့ရပြန်သတဲ့။

ဒါနဲ့ အဝတ်အစားတွေကို အချိုးကျကျဝတ်ပြီးတော့ လက်နှစ်ဖက်ကို အင်္ကျီအိတ်ထဲနှိုက်လိုက်တဲ့ခါ အင်္ကျီအိတ်ထဲမှာ ဆင်စွယ်နဲ့လုပ်ထားတဲ့ ပိုက်ဆံအိတ်ကလေးတစ်ခုတွေ့ရတယ်။ အဲဒီအိတ်ကလေး အပေါ်မှာလည်း 'ဆံပင်ပြာနဲ့နတ်သမီးကလေးက ပီနိုချီယိုရဲ့ ပိုက်ဆံ





နှစ်ပြားကို ပြန်ပေးလိုက်ပါတယ်။ စေတနာကို ကျေးဇူးတင်ပါတယ်' လို့ စာတန်းထိုးထားသတဲ့။ ပိုက်ဆံအိတ်ကို ဖွင့်ကြည့်လိုက်တဲ့အခါမှာတော့ ပိုက်ဆံနှစ်ပြားမဟုတ်ဘဲ အသစ်ကျပ်ချွတ် ရွှေဒင်္ဂါးအပြားနှစ်ဆယ်ကို တွေ့ရသတဲ့။

အဲဒီနောက် မှန်ရှေ့မှာသွားရပ်ပြီး သူ့ရုပ်သူ ကြည့်ပြန်တယ်။ သူ့ကိုယ်သူ လုံးဝမမှတ်မိတော့ဘူး။ သူဟာ သစ်သားနဲ့လုပ်ထားတဲ့ ခါတိုင်းမြင်နေကျ ရုပ်သေးရုပ်ကလေးမဟုတ်တော့ဘဲ အညိုရောင်ဆံပင်၊ အပြာရောင်မျက်လုံးတွေနဲ့ ပြုံးပြုံးရွှင်ရွှင် ချောမောလှပတဲ့ လူသားကလေးတစ်ယောက် ဖြစ်လာခဲ့ပြီ။

အဲဒီလို အံ့သြစရာတွေ တစ်ခုပြီးတစ်ခု ဆက်တိုက်တွေ့လိုက်ရတော့ သူ့ကိုယ်သူ တကယ်မှဟုတ်ပါရဲ့လား၊ အိပ်မက်များ မက်နေတာလား၊ ငါ မျက်လုံးဖွင့်ပြီး တကယ်နိုးနေတာကော ဟုတ်ပါရဲ့လား လို့ တွေးနေမိသတဲ့။

'ဒါနဲ့ ဖေဖေရော ဘယ်မှာလဲ၊ သူဘာဖြစ်သွားပြီလဲ'

သူက အဲဒီလိုအော်ပြောလိုက်ပြီး ကပ်လျက်အခန်းထဲ ဝင်လာခဲ့တယ်။ အဘဂက်ပက်တိုကို အရင်ကလို မြူးမြူးရွှင်ရွှင် တက်တက်ကြွကြွနဲ့ အခန်းထဲမှာတွေ့ရတယ်။ သူဟာ မူလအလုပ်ဖြစ်တဲ့ ပန်းပုထုတဲ့အလုပ်ကို ဆက်လက်လုပ်ကိုင်နေတယ်။ ပီနိုချီယို ဝင်ရောက်သွားတဲ့အချိန်မှာ အဘဂက်ပက်တိုဟာ အရွက်အပွင့်တွေ၊ တိရစ္ဆာန်ဦးခေါင်းတွေနဲ့အလှဆင်ထားတဲ့ ပန်းကလပ်တစ်ခုကို ထုလုပ်နေသတဲ့။

'ဖေဖေ၊ ကျွန်တော် အခုလို ရုတ်တရက် ဘာကြောင့်ပြောင်းလဲသွားတာလဲဟင်၊ ကျွန်တော့်ကိုပြောပြပါဦး'

ပီနိုချီယိုက သူ့အဖေရဲ့ လည်ပင်းကိုဖက်ပြီး နမ်းရှုပ်ရင်း အဲဒီလို မေးလိုက်တယ်။

ဒီအခါ အဘဂက်ပက်တိုက ...

'အခုလိုပြောင်းလဲလာတာတွေအားလုံးဟာ မင်းအပေါ်မှာ တည်နေတယ် သားရဲ့'

'ဘယ်လိုတည်နေတာလဲ ဖေဖေ'

'ဘယ်လိုလည်းဆိုတော့ ဆိုးတေနေတဲ့ကလေးတွေ လိမ်မာလာတဲ့အခါမှာ အခုလိုပဲ မိသားစုတစ်ခုလုံး စိတ်ချမ်းသာစရာ ဖြစ်ရပ်တွေပေါ်ပေါက်လာတတ်တယ်ကွယ့်'

'ဒါနဲ့ ရုပ်သေးရုပ်ကလေးရော ဘယ်ရောက်သွားသလဲဟင်'

'ဘယ်မှမရောက်ပါဘူး၊ ဟောဟိုမှာမတွေ့ဘူးလား'

အဘဂက်ပက်တိုက ကုလားထိုင်တစ်လုံးဘေးမှာ မှီထားတဲ့ အရုပ်ကလေးကို လက်ညှိုးထိုးပြလိုက်တယ်။ အရုပ်ကလေးဟာ ခေါင်းကို ဘေးစောင်းချပြီး လက်နှစ်ဖက် တွဲလောင်းနဲ့ ရုပ်နေရှာတယ်။

ပီနိုချီယိုက ရုပ်သေးရုပ်ကလေးကို လှည့်ကြည့်လိုက်တယ်။ ပြီးတော့ သူ့ကိုယ်သူ ကျေနပ်အားရစွာနဲ့ ပြောလိုက်တာကတော့...

'အင်း...ကျွန်တော် ရုပ်သေးရုပ်ကလေးဖြစ်ခဲ့ရတာ ရယ်စရာကောင်းသလောက် အခုလို တကယ့်လူသားကလေး ဖြစ်လာပြန်တော့လည်း ပျော်စရာကောင်းလိုက်တာနော်'တဲ့။ ။

မောင်ပေါ်ထွန်း

■